
http://www.dhammadownload.com



# ရဟန္တာ နှင့် ပုဂ္ဂိုလ်ထူးများ

ဟောကြားရေးပြပေးခဲ့သည့်


## နိဗ္ဗာန်ပို့မည့်တရားတော်များ





ဦးကံညွန့်
စုစည်းမှုဖော်သည်

http://www.dhammadownload.com



## ဦးကံညွန့် ပူဇော်ထားသော တရားစာအုပ်များ

- မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော နိဗ္ဗာန်ရောက်ကြောင်း တရားတော် (အနှစ်ချုပ်)။
- ဒုက္ခမြင်မှ နိဗ္ဗာန်ရပုံတရားတော်များ။
- မိုးကုတ် ဝိပဿနာ၊ အခြေခံ၊ တရား၊ အနှစ်သာရ နှင့် ရှုပွားနည်း။
- သတိပဋ္ဌာန်တရားနှင့် ဝိပဿနာတရား အားထုတ်နည်း။
- ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ ဟောကြားရေးပြပေးခဲ့သည့် နိဗ္ဗာန်ပို့မည့် တရားတော်များ။

http://www.dhammadownload.com

# ရဟန္တာ
နှင့်
# ပုဂ္ဂိုလ်ထူးများ

## ဟောကြား ရေးပြပေးခဲ့သည့်

## နိဗ္ဗာန် ဗိုမည့် တရားတော်များ

**ဦးကံညွန့်**
စုစည်းပူဇော်သည်

**"အင်ကြင်းညွန့်" စာပေ**
တိုက် (၂၉၁/၅)၊ ရန်ကင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့၊ ☎ ၅၅၂၄၉၉

http://www.dhammadownload.com


ဘာသာရေးဆိုင်ရာ

| | |
|---|---|
| ခွင့်ပြုချက်အမှတ် | - ၁/၉၉ (၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၁၁/၉၉ (၁) |
| ပုံနှိပ်ခြင်း | - ၁၉၉၉-ခုနှစ်၊ ဇန်နဝါရီလ (ပထမ) အကြိမ် |
| အုပ်ရေ | - ၂၀၀၀ |
| တန်ဘိုး | - ၂၆၀ ကျပ် |
| ထုတ်ဝေသူ | - ဦးဝင်းမြင့် (၁၉၉၀) ဝင်းမြင့်အောင် စာပေ ၃၁၅/၂-ခ၊ ထောက်ကြန့် တိုးချဲ့၊ မင်္ဂလာဒုံ။ |
| ပုံနှိပ်သူ | - ဆုလာဘ်ပြည့်၊ ၇/၁၀၆ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| မျက်နှာဖုံးရိုက် | - ဆယ်သန်းပုံနှိပ်တိုက်၊ (၁၆၅) ဗိုလ်ချုပ်အောင်ဆန်းလမ်း။ ဖုန်း - ၂၉၉၂၂၈ |
| ကွန်ပျူတာ | - "ဆန်း" အမှတ် (၃၃)၊ မဟာဗန္ဓုလပန်းခြံလမ်း။ |
| ဖလင် | - ဖူဂျီကို၊ ၄၈ လမ်း၊ ရန်ကုန်မြို့။ |
| ဘလောက် | - အဝင်း၊ ၃၈-လမ်း၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | - ဦးအေးမြင့် (၁၁၄)၊ ၉၂ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | (က) - (ဇ) |

## နိဗ္ဗာန်ပို့မည့်အမှန်မြင်တရား

| | | |
|---|---|---|
| ၂။ | နိဗ္ဗာန်ပို့မည့် အမှန်မြင်တရား | ၁ |
| ၃။ | အမှန်မြင် (သစ္စာ)တရားရရှိပုံ | ၃ |
| ၄။ | ဘုရားဖြစ်တော်မူပုံ | ၄ |
| ၅။ | ပဋိစ္စသမုပ္ပါဒ်ကို ဥဒါန်းကျူးတော်မူပုံ | ၅ |
| ၆။ | ပဋိစ္စသမုပ္ပါဒ် အဓိပ္ပါယ် | ၇ |
| ၇။ | ပဋိစ္စသမုပ္ပါဒ် သဘောတရား | ၈ |
| ၈။ | ပဋိစ္စသမုပ္ပါဒ် သံသရာလည်ကြောင်း (အနုလုံ) | ၁၄ |
| ၉။ | အကြောင်းအကျိုးတရားဖြင့် သံသရာလည်ခြင်း (အနက်အဓိပ္ပါယ်) | ၁၅ |
| ၁၀။ | ပဋိစ္စသမုပ္ပါဒ် သံသရာပြတ်ကြောင်း (ပဋိလုံ) | ၂၀ |
| ၁၁။ | သံသရာပြတ်ကြောင်းအနက် (အဓိပ္ပါယ်) | ၂၁ |
| ၁၂။ | ကံ ကံ၏ တရားသာဖြစ်ခြင်း | ၂၂ |
| ၁၃။ | အမှန်မြင်တရားမရှိလျှင် (ဒိဋ္ဌိ)ဖြစ်၍ အပါယ်ကျ၏ | ၂၅ |

http://www.dhammadownload.com

# မာတိကာ




၁၄။ အမှားမြင် (ဒိဋ္ဌိ) ၂၇
၁၅။ လူသတ္တဝါတို့အား ကယ်ချွတ်ရန်ခက်ခဲပုံ ၂၈
၁၆။ (ဒိဋ္ဌိ) ခွါတရားများ ၃၂
၁၇။ လူတွေ၌ (ငါ)အားကြီးသော (ဒိဋ္ဌိ)ဖြစ်နေကြပုံ ၃၂
၁၈။ ဘဝပြောင်းရာမှာလည်း အတ္တ(ငါ)စွဲ (ဒိဋ္ဌိ)ပါနေပုံ ၃၄
၁၉။ ငါ (ဒိဋ္ဌိ) ဖြစ်ပေါ်လာပုံ ၃၇
၂၀။ ငါ(ဒိဋ္ဌိ)သည် အကုသိုလ်ဒုစရိုက်တို့၏
ခေါင်းဆောင်ဖြစ်ပုံ ၄၁
၂၁။ (ဒိဋ္ဌိ)တို့၏ စားကျက်များ ၄၃
၂၂။ ကိလေသာသုံးမျိုး ၄၄
၂၃။ ဒိဋ္ဌိ(ငါ)သုံးမျိုး ၄၈
၂၄။ (ငါ)တဏှာ၊ မာန၊ ဒိဋ္ဌိဝင်ပုံ ၄၉
၂၅။ တဏှာ (ငါ) ဝင်ပုံ ၅၀
၂၆။ မာန (ငါ) ဝင်ပုံ ၅၂
၂၇။ ဒိဋ္ဌိ (ငါ) ဝင်ပုံ ၅၃
၂၈။ ဒိဋ္ဌိ (ငါ) သုံးမျိုးမှ လွတ်နည်း (ငါ) ဒိဋ္ဌိခွာနည်း ၅၅
၂၉။ (ငါ) ဒိဋ္ဌိသည် အပါယ်လားရာဖြစ်ပုံ ၆၀
၃၀။ သက္ကာယဒိဋ္ဌိမှ သမ္မာဒိဋ္ဌိရဖို့အရေးကြီးပုံ ၆၂
၃၁။ အမှန်မြင်တရားကို (အဘိဓမ္မာ)တရားနှင့် ပြပုံ
အတ္တ (ငါ) ကောင်အဟုတ် (ခန္ဓာငါးပါး) သာ ၆၃
၃၂။ (ခန္ဓာငါးပါး) အကြောင်းအကျိုးပြပုံ ၆၇
၃၃။ (ငါ) ကောင်ဟူ၍မရှိ၊ ရုပ်သက်၊
နာမ်သက်သာရှိ၏ ၇၇

http://www.dhammadownload.com

# မာတိကာ

၃


၃၄။ စိတ်၊ စေတသိက်၊ ရုပ်တို့ အလိုအတိုင်းဖြစ်နေခြင်း ၇၈
၃၅။ အဘိဓမ္မာတရားနှင့် (ဒိဋ္ဌိ) ခွာခြင်း ၈၄
၃၆။ ပရမတ္ထတရားလေးပါး ၈၄
၃၇။ စိတ်အကြောင်း ၈၅
၃၈။ ဝိထိမုတ်စိတ်များ ၈၆
၃၉။ စိတ်အကျဉ်း (၈၉) အကျယ် (၁၂၁) ၈၆
၄၀။ စိတ်အမျိုးအစားမှတ်သားပုံ ၈၈
၄၁။ ဝီထိစိတ် ၉၀
၄၂။ ဘဝင်စိတ် ၉၁
၄၃။ စေတသိက်အကြောင်း ၉၅
၄၄။ စေတသိက်၌ အညသမာန်း(၁၃)ပါးဖြစ်သော
သဗ္ဗစိတ္တသာ ဓာရဏစေတသိက် (၇)ပါး၊
(အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသော
စေတသိက်) ၉၇
၄၅။ ပဏ်ိဏ်းစေတသိက် (၆)ပါး ၁၀၀
၄၆။ (စိတ်) ကို မကောင်းအောင်ချယ်လှယ်သော
အကုသိုလ် စေတသိက် (၁၄)ပါး ၁၀၁
၄၇။ လူတို့၏ ဘဝကိုကောင်းမြတ်တင့်တယ်ချမ်းသာ
စေတတ်သည့် သောဘဏစေတသိက် (၂၅)ပါး ၁၀၅
၄၈။ သင်္ခါရက္ခန္ဓာ (သင်္ခါရ)အကြောင်း ၁၀၈
၄၉။ (ရုပ်)အကြောင်း ၁၁၂
၅၀။ မဟာဘုတ်ရုပ် (၄)ပါး ၁၁၃
၅၁။ ပသာဒရုပ် (၅)ပါး ၁၁၃

http://www.dhammadownload.com

# မာတိကာ




၅၂။ ဂေါစရရုပ် (၄)ပါး ၁၁၄

၅၃။ ဘာဝရုပ် (၂)ပါး ၁၁၄

၅၄။ ဟဒယဝတ္ထုရုပ် (၁)ပါး ၁၁၅

၅၅။ ဇီဝိတရုပ်၊ ဇီဝိတိန္ဒြေ (၁)ပါး ၁၁၅

၅၆။ အဟာရရုပ် (၁)ပါး ၁၁၅

၅၇။ အနိပ္ဖန္နရုပ် (၁၀)ပါး ၁၁၆

၅၈။ နိဗ္ဗာန်တရား ၁၁၇

**နိဗ္ဗာန်ပို့မည့်(သတိ)နှင့်(အသိ)တရား** ၁၂၃

၅၉။ နိဗ္ဗာန်ပို့မည့် (သတိ)နှင့်(အသိ)တရား ၁၂၅

၆၀။ ဓမ္မဟူသောတရား ၁၂၆

၆၁။ ဗောဓိပက္ခိယ (၃၇)ပါး ၁၂၈

၆၂။ နိဗ္ဗာန်ရောက်ကြောင်း (မဂ္ဂင်ရှစ်ပါး) ၁၂၉

၆၃။ မဂ္ဂင်ရှစ်ပါးကို သုံးအုပ်စုဖွဲ့ခြင်း ၁၃၂

၆၄။ မဂ္ဂင်ရှစ်ပါး သုံးအုပ်စုကို အနှစ်ချုပ်ခြင်း ၁၃၃

၆၅။ ရှုဉာဏ်တရားငါးပါး ၁၃၅

၆၆။ ဗိုလ်ငါးပါးတွင်လည်း အကျုံးဝင်ပုံ ၁၃၅

၆၇။ ဝိဇ္ဇာ၊ စရဏ ၁၃၆

၆၈။ (သတိပဋ္ဌာန်)မှာလည်း (သတိ)နှင့်(အသိ) ၁၃၆

၆၉။ သံသရာပြတ်ကြောင်း အနုသယသနီတရား ၁၃၇

၇၀။ အလုံးစုံကို (သတိ)လေးဖြင့် သိနေပါ ၁၃၈

၇၁။ မြတ်စွာဘုရား၏ နောက်ဆုံးမိန့်ကြားချက် ၁၃၈

http://www.dhammadownload.com

# မာတိကာ




| | | |
|---|---|---|
| ၇၂။ | သမာဓိနှင့်ပညာက (သတိ)နှင့်(အသိ) | ၁၃၉ |
| ၇၃။ | (သတိ)နှင့်(အသိ)တရား | ၁၄၀ |
| ၇၄။ | (သတိ)တရား | ၁၄၂ |
| ၇၅။ | ဘုရားဟောပါဠိတော်အလို | ၁၄၅ |
| ၇၆။ | (သတိ)တစ်လုံး၏ စွမ်းအား | ၁၄၇ |
| ၇၇။ | (သတိ)ဟူသည် လူ့ဘဝ၏ အသက် | ၁၄၇ |
| ၇၈။ | အသက်ကြီးငယ်ကို (သတိ)နှင့်သာ တိုင်းရာ၏ | ၁၄၇ |
| ၇၉။ | (သတိ)သည် အရာရာကို ဦးစီး၏ | ၁၄၈ |
| ၈၀။ | (သတိ)ကို အကျိုးရှိရှိသုံး | ၁၄၉ |
| ၈၁။ | (သတိ)သည် ပိုသည်မရှိ | ၁၅၁ |
| ၈၂။ | (သတိ) မပြဋ္ဌာန်းသော ကမ္မဋ္ဌာန်းမရှိ | ၁၅၁ |
| ၈၃။ | (သတိ)သည် (နိဗ္ဗာန်)သို့ ပို့ဆောင်၏ | ၁၅၂ |
| ၈၄။ | (သတိ)သည် စိတ်ပျံ့လွင့်မှုကို သိနိုင်၏ | ၁၅၃ |
| ၈၅။ | (သတိ)ဖြင့် (စိတ်)ကို သိလျှင် (နိဗ္ဗာန်)နှင့်နီး၏ | ၁၅၃ |
| ၈၆။ | (အသိ)တရား | ၁၅၄ |
| ၈၇။ | သိမှု | ၁၅၄ |
| ၈၈။ | (သိမှု)အစ ဝိညာဏ်က | ၁၅၅ |
| ၈၉။ | (ဝိညာဏ်) သိခေါ် (စိတ်သိ) | ၁၅၅ |
| ၉၀။ | သတ္တဝါအားလုံး (ဝိညာဏ်သိ)က စရ၏ | ၁၅၆ |
| ၉၁။ | ဝိညာဏ်သိ (၆)မျိုး | ၁၅၇ |
| ၉၂။ | ပဉ္စဒွါရ ဝိညာဏ်သိ (၅)မျိုး | ၁၅၈ |
| ၉၃။ | မနောဝိညာဏ်သိ | ၁၅၉ |
| ၉၄။ | မနောဝိညာဏ်သိ (၂)မျိုးဖြစ်ပုံ | ၁၅၉ |

http://www.dhammadownload.com

# မာတိကာ




| | | |
|---|---|---|
| ၉၅။ | အဝိဇ္ဇာနယ်သိ | ၁၅၉ |
| ၉၆။ | ဝိဇ္ဇာနယ်ဆိုင်ရာသိမှုများ | ၁၆၀ |
| ၉၇။ | မဂ္ဂင် (၈)ပါး အသိ | ၁၆၁ |
| ၉၈။ | (မဂ္ဂင်) အသိ အမြစ်တွယ်ပုံ | ၁၆၂ |
| ၉၉။ | (မဂ္ဂင်) အသိ အစ (သတိ)က | ၁၆၂ |
| ၁၀၀။ | ဘာဝနာသိပေါ်ပုံ ဓမ္မအစဉ် | ၁၆၃ |
| ၁၀၁။ | (သိ) စဉ် ရှင်းလင်းချက် | ၁၆၄ |
| ၁၀၂။ | ဗုဒ္ဓအလိုတော်သည် (သိမှု) ဖြစ်ခြင်း | ၁၆၄ |
| ၁၀၃။ | (မောဟ)ကို သတ်သည်မှာ (သိမှု) | ၁၆၅ |


## နိဗ္ဗာန်ပို့မည့် ကျင့်စဉ်များ ၁၆၇


| | | |
|---|---|---|
| ၁၀၄။ | နိဗ္ဗာန်ရောက်ကြောင်း (၅)မျိုး | ၁၆၉ |
| ၁၀၅။ | ဝိပဿနာမဂ္ဂ | ၁၇၀ |
| ၁၀၆။ | သမထဝိပဿနာ ယုဂလမဂ္ဂ | ၁၇၃ |
| ၁၀၇။ | မဂ္ဂင် မဂ္ဂ | ၁၇၄ |
| ၁၀၈။ | ခန္ဓတ္တမဂ္ဂ | ၁၇၄ |
| ၁၀၉။ | သတိပဋ္ဌာနမဂ္ဂ | ၁၇၅ |
| ၁၁၀။ | (သတိပဋ္ဌာန်) တရားတော်ဖြစ်ပေါ်လာပုံ | ၁၇၇ |
| ၁၁၁။ | အနက်အဓိပ္ပါယ် | ၁၇၇ |
| ၁၁၂။ | ဗြဟ္မာကြီး ဖူးမြင်လာပုံ | ၁၇၉ |
| ၁၁၃။ | အနက်အဓိပ္ပါယ်အချုပ် | ၁၈၀ |
| ၁၁၄။ | ရှင်းလင်းချက် | ၁၈၀ |

http://www.dhammadownload.com

# မာတိကာ

၇


၁၁၅။ အနုဿသတိ ခေါ် ဘုရားအဆုံးအမ ၁၈၂

၁၁၆။ အနက်အဓိပ္ပါယ် ၁၈၂

၁၁၇။ ရှင်းလင်းချက် ၁၈၃

၁၁၈။ ဘုရားရှင်၏ တိုက်တွန်းချက် ၁၈၄

၁၁၉။ အနက်အဓိပ္ပါယ် ၁၈၄

၁၂၀။ ပုဏ္ဏားကြီးတစ်ဦးအား မြတ်စွာဘုရားမိန့်ကြားပုံ ၁၈၅

၁၂၁။ အနက်အဓိပ္ပါယ် ၁၈၅

၁၂၂။ ပရိနိဗ္ဗာန်စံဝင်ခါနီး မိန့်ကြားချက် ၁၈၆

၁၂၃။ အနက်အဓိပ္ပါယ် ၁၈၆

၁၂၄။ လိုအပ်ချက် ၁၈၇

၁၂၅။ သတိပဋ္ဌာန် ၁၈၇

၁၂၆။ သတိပဋ္ဌာန်တရား (၄)ပါး ၁၈၈

၁၂၇။ ကာယနုပဿနာ သတိပဋ္ဌာန် ၁၈၉

၁၂၈။ စိတ္တာနုပဿနာ သတိပဋ္ဌာန် ၁၉၁

၁၂၉။ ဝေဒနာနုပဿနာ သတိပဋ္ဌာန် ၁၉၂

၁၃၀။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ၁၉၂

၁၃၁။ ဓမ္မဟူသော တရား ၁၉၃

၁၃၂။ (အာနာပါန) ကျင့်စဉ် ၁၉၄

၁၃၃။ (အာနာပါန) တရားရှုံး ၂၀၄

၁၃၄။ (အာနာပါန)မှ လိုရာ (ဝိပဿနာ) သို့ ၂၀၅

၁၃၅။ (ကာယနုပဿနာ) ကျင့်စဉ် ၂၀၅

၁၃၆။ ဝိပဿနာ အဆင့် ၂၀၈

၁၃၇။ (စိတ္တာနုပဿနာ) ကျင့်စဉ် ၂၀၉

http://www.dhammadownload.com

# မာတိကာ

ဂ


| | | |
|---|---|---|
| ၁၃၈။ | ခန္ဓာမရှိတာကို သိရမယ် | ၂၁၄ |
| ၁၃၉။ | ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်ကူးပုံ | ၂၁၆ |
| ၁၄၀။ | (ဉာဏ်)က (နိဗ္ဗာန်) ဘက်လှည့်တယ် | ၂၁၇ |
| ၁၄၁။ | (ဒုက္ခနိရောဓ) ကို ရုပ်ရှင်ကြည့်သလို မှတ်ပါ | ၂၁၈ |
| ၁၄၂။ | (သတိပဋ္ဌာန်) ကျင့်စဉ် | ၂၁၉ |
| ၁၄၃။ | ဣရိယာပထ ကျင့်စဉ် | ၂၂၀ |
| ၁၄၄။ | သမ္ပဇည ကျင့်စဉ် | ၂၂၂ |
| ၁၄၅။ | နိုးနိုးခြင်း အားထုတ်ပါ | ၂၂၆ |
| ၁၄၆။ | (ဝိပဿနာ) ကျင့်စဉ် | ၂၃၁ |
| ၁၄၇။ | ဝိပဿနာ ဉာဏ်စဉ်များ | ၂၃၄ |
| ၁၄၈။ | လေ့ကျင့်ခန်း (၃)မျိုး | ၂၃၇ |
| ၁၄၉။ | (ဝိဝေက) ဆိတ်ငြိမ်ခြင်း (၃)မျိုး | ၂၃၈ |
| ၁၅၀။ | ဗလိဗေါဓကို ဖြတ်တောက်ပါ | ၂၃၉ |
| ၁၅၁။ | တရားအားထုတ်ချိန် | ၂၄၀ |
| ၁၅၂။ | သတိနှင့်အသိအား | ၂၄၂ |
| ၁၅၃။ | ဗိုလ်ငါးပါးနှင့် ပြည့်စုံခြင်း | ၂၄၃ |
| ၁၅၄။ | (သတိ) မြဲပြီး (အသိ) စွဲမှ ဖြစ်ပျက်မြင်နိုင်ပုံ | ၂၄၅ |
| ၁၅၅။ | တရားအားထုတ်ခြင်းဟူသည် | ၂၄၆ |
| ၁၅၆။ | သတိပဋ္ဌာန်တရား၏ အကျိုးကျေးဇူး | ၂၄၆ |
| ၁၅၇။ | အပျော်ဆုံးဘဝ | ၂၄၇ |
| ၁၅၈။ | ပင်ကိုယ်စိတ်၏ သဘာဝ | ၂၄၇ |
| ၁၅၉။ | ကျမ်းကိုးစာရင်း | ၂၅၃ |

http://www.dhammadownload.com

# နိဒါန်း

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

မြတ်စွာဘုရားထားရှိခဲ့သော ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ သာသနာဟု ဆိုအပ်သော သာသနာတော်သုံးရပ် သာလျှင် ဗုဒ္ဓဘာသာဝင် ရဟန်း၊ ရှင်၊ လူ၊ အများပြည်သူတို့ အတွက် သံသရာဝဲဩဃကြီးမှ လွတ်မြောက်ရာ အားကိုးအားထားပြုရာ အထွဋ်အမြတ်ဆုံး ရတနာပင်ဖြစ်ပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီးနောက်၊ မြတ်စွာဘုရား၏ သားတော် ရဟန်းတော်များသည် (တရားရတနာ)ဟု ဆိုအပ်သော ဤသာသနာတော် သုံးရပ်ကို စည်ပင်တိုးတက်အောင် သာသနာတော်ကြီး အဓွန့် ရှည်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့ကြပါသည်။

(ရဟန္တာ) မဆိတ်သုဉ်းရန် မြတ်စွာဘုရားထားရှိခဲ့သော (ပဋိပတ္တိ) သာသနာတော်ကို စောင့်ရှောက်ရန် (ပဋိပတ္တိ) ကျင့်စဉ်များကိုကျင့်ကြံအားထုတ်ကြရင်း မဂ်လေးတန်၊ ဖိုလ်လေးတန် ရရှိသွားကြသော ရဟန်းပုဂ္ဂိုလ်များသည် **"ရဟန္တာ"** ကြီးများပင် ဖြစ်ကြပါသည်။

http://www.dhammadownload.com

# (ခ) နိဒါန်း

မြတ်စွာဘုရားထားရှိခဲ့သော(ပရိယတ္တိ)သာသနာတော်ကို စောင့်ရှောက်တော်မူကြရာ၌ (ပိဋကတ်) သုံးပုံ တရားတော်စာပေ၊ ပရိယတ္တိများကို လေ့လာဆည်းပူး သင်ယူကျက်မှတ် အာဂုံ ဆောင်ကြရင်း ဆရာတစ်ဆူဖြစ်လာကြကုန်သော၊ သာသနာ့အာဇာနည် ပရိယတ္တိအကျော် ရဟန်းပုဂ္ဂိုလ်များသည် ပါရမီအလျောက် အခြားရဟန်းသံဃာတော်များထက် သာသနာမှာ ထူးခြားတော်မူကြသည့် **"ပုဂ္ဂိုလ်ထူး"** များဖြစ်ကြပါသည်။

(နိဗ္ဗာန်) ရောက်ကြောင်းတရားတော်များကို ဟောပြ ရေးပြနိုင်ကြသည်မှာ ကိုယ်တိုင် (နိဗ္ဗာန်)ကို မျက်မှောက်ပြုနိုင်ကြပြီး မဂ်လေးတန်၊ ဖိုလ်လေးတန် တရားများကို လက်တွေ့ ရရှိသွားကြသော (ရဟန္တာ)ကြီးများနှင့် မြတ်စွာဘုရား ဟောပြသော (နိဗ္ဗာန်)ရောက်ကြောင်း စာတွေ့ တရားအမှန်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိတော်မူကြသည့် သာသနာ့အာဇာနည် ပရိယတ္တိအကျော် ရဟန်း (ပုဂ္ဂိုလ်ထူး)များသာ **"(နိဗ္ဗာန်)ပို့မည့် တရားတော်များ"** ကိုသိရှိနိုင်ကြပါသည်။ ဟောပြ၊ ရေးပြနိုင်ကြပါသည်။

(နိဗ္ဗာန်) ရောက်ကြောင်းတရားအနေဖြင့် "ဝေးသောအကြောင်းတရား" "နီးသောအကြောင်းတရား" ဟူ၍ ဆရာတော်ကြီးများ ဟောကြားခဲ့ကြရာ၊ (သီလ၊ သမာဓိ) ကိုပဲ ကျင့်နိုင်ကြရသော ခေတ်က ဆိုလျှင် (နိဗ္ဗာန်)ရောက်ကြောင်း အတွက် ဝေးသောအကြောင်းတရားများသာ ဖြစ်ခဲ့ပါသည်။

လယ်တီဆရာတော်ဘုရားကြီး ပေါ်ထွန်းလာသောခေတ်နှင့် နောက်ပိုင်းခေတ်ရောက်မှ (ပညာ) ပိုင်းဆိုင်ရာ (နိဗ္ဗာန်)

http://www.dhammadownload.com



ရောက်ကြောင်းတရားများကို ပိုမိုသိရှိလာကြသောကြောင့် (ပဋိပတ္တိ) သာသနာတော်ကြီး ပိုမိုစည်ပင်တိုးတက် လာခဲ့ပါသည်။ (ရဟန္တာ)များသည်လည်း ပိုမိုဖြစ်ထွန်းတော်မူခဲ့ကြပါသည်။

ဤစာအုပ်၌ဖော်ပြထားသော **"နိဗ္ဗာန်ပို့မည့်တရားတော်"** (သုံး)ပုဒ်သည် **"ရဟန္တာနှင့်ပုဂ္ဂိုလ်ထူး"** များ အထူး အလေးထားပြီး ဟောကြားညွှန်ပြပေးခဲ့ကြသည့် တရားတော်များ ဖြစ်ပါသည်။ (နိဗ္ဗာန်)ရောက်ကြောင်းတွင် **"နီးသောအကြောင်းတရားများ"**သာ ဖြစ်သည့် အပြင်၊ (နိဗ္ဗာန်)ရောက်ကြောင်း အတွက် အလိုအပ်ဆုံးနှင့် အဓိကအကျဆုံး တရားတော်များလည်း ဖြစ်ပါသည်။ **"(နိဗ္ဗာန်)ပို့မည့် တရားတော်များ"** အနေဖြင့် အဓိကအကျဆုံးနှင့် အလိုအပ်ဆုံး တရားတော် (သုံး)ပုဒ်သည်-

(၁) (ဒိဋ္ဌိ) ခွာတရား ဖြစ်သည့် **"အမှန်မြင်တရား"** (Right View)

(၂) (မဂ်ဉာဏ်)ကြီးရအောင် ရှုကျင့်ရမည့် (မဂ္ဂင်ငါးပါး ရှုဉာဏ်တရား) ဖြစ်သည့် **"သတိနှင့်အသိ"** တရား။

(၃) လက်တွေ့ကျပြီး ထိရောက် မှန်ကန်သော **"ကျင့်စဉ်တရားများ"** သာ ဖြစ်ကြပါသည်။

တနည်းဆိုသော် အင်္ဂုတ္တရနိကာယ်၊ တိက နိပါတ်လာ ပါဠိတော်မြတ်ကို အရင်းတည်ထားသော ကျမ်းများအရ တကာယ်တမ်း သံသရာဘေးဆိုးကြီးမှ လွတ်မြောက်နိုင်သည့် (နိဗ္ဗာန်) ပို့မည့် တရားတော်တို့မှာ (သမ္မာဒိဋ္ဌိ) ဟုခေါ်ဆိုသော အယူမှန်၊ အမြင်မှန်စေသည့် **"အမှန်မြင်တရား"** များသာ ဖြစ်ကြပါသော

http://www.dhammadownload.com



ကြောင့် (နိဗ္ဗာန်) ပို့မည့် **"အနီးဆုံး အကြောင်းတရား"** တို့မှာ အောက် ဖော်ပြပါ အဓိကကျသည့် (သမ္မာဒိဋ္ဌိ) တို့ပင်ဖြစ်ပါ သည်။

(၁) **ကမ္မဿကတာသမ္မာဒိဋ္ဌိ** = ကံ ကံ၏တရား၊ အကြောင်း အကျိုးအမှန်ကို သိမြင်နိုင်သော **"အမှန်မြင်တရား"**။(သမ္မာဒိဋ္ဌိ)

(၂) **ဝိပဿနာဉာဏဒဿန သမ္မာဒိဋ္ဌိ (ခေါ်) ဝိပဿနာသမ္မာဒိဋ္ဌိ** = (ဝိပဿနာဉာဏ်) ဝိပဿနာ အမှန်မြင်မှု တရား (သမာဒိဋ္ဌိ) ရအောင် ရှုကျင့်ရမည် (ရှုဉာဏ် တရားငါးပါး) ဖြစ်သည့် **(သတိ နှင့် အသိတရား)** နှင့် **(ကျင့်စဉ် တရား)** တို့ ဖြစ်ကြပါသည်။

(၃) **သောတာပတ္တိ မဂ္ဂဖလ သမ္မာဒိဋ္ဌိ (ခေါ်) မဂ်သမ္မာဒိဋ္ဌိ** = (နိဗ္ဗာန်) မြင်သော အမှန်မြင် တရား (မဂ်သမ္မာဒိဋ္ဌိ)သည် (မဂ်ဉာဏ်) ဖြစ်ပါ၍ (သမ္မာဒိဋ္ဌိ) သည်(သုံးဆင့်) လိုအပ်ပါသည်။

တတိယအဆင့် (ပန်းတိုင်) ဖြစ်သော (မဂ်သမ္မာဒိဋ္ဌိ) ခေါ် (မဂ်ဉာဏ်)ကြီးရဖို့ (မဂ်ဉာဏ်)ကြီး၏ (အာရုံ)ဖြစ်သော (နိဗ္ဗာန်)ကို မျက်မှောက်ပြုနိုင်ဖို့ လိုအပ်သည်မှာ-

ပထမဦးဆုံး ပထမအဆင့်အနေဖြင့် (ကမ္မဿကတ သမ္မာဒိဋ္ဌိ) ခေါ် ကံ ကံ၏တရား (ဝါ) အကြောင်းအကျိုးတရား

http://www.dhammadownload.com



(ဝါ)ပဋိစ္စသမုပ္ပါဒ်တရား (ဝါ)သစ္စာတရား (ဝါ) **အမှန်မြင်တရား** သိဖို့လိုအပ်ပါသည်။ အမှန်မြင်မှ (တရား)မည်ပါသည်။ အမှန်မြင်မှ (နိဗ္ဗာန်) ပို့နိုင်ပါသည်။ (ဒိဋ္ဌိ) ခွာခြင်းသည် (အမှန်မြင်ခြင်း) ပင်ဖြစ်ပါသည်။ ထို့ကြောင့် **"နိဗ္ဗာန်ပို့မည့် အမှန်မြင်တရား"** ကိုသိမှသာ (နိဗ္ဗာန်)ဝင်ပေါက်သို့ ရောက်နိုင်ပါသည်။

(နိဗ္ဗာန်) တရားသည် လောကရှိ (ပုထုဇဉ်) လူသားတို့၏ အသိဖြစ်သော (အမှားမြင်) (ဒိဋ္ဌိ)အသိနှင့် မရနိုင်ပါ၊ တလွဲစီ ဖြစ်ပါသည်။ (နိဗ္ဗာန်) တရားသည် လောကထက်လွန်သော (လောကုတ္တရာ) တရားဖြစ်၍ အလွန်သိမ်မွေ့ပြီး နက်နဲလှပါသည်။ (နိဗ္ဗာန်) ပို့သည့် သဘောတရားအမှန်ကို သိမြင်သော **"အမှန်မြင်တရား"** (Right View)နှင့် သူ့လမ်းကြောင်း၊ သူ့ (Channel)နှင့်သူသွားမှ ရနိုင်ပါသည်။

(နိဗ္ဗာန်)ပို့မည့်တရားသဘော၌ ပထမအဆင့်အနေဖြင့် (သစ္စာ)တရား(ဝါ) သမ္မာဒိဋ္ဌိတရား(ဝါ) အကြောင်းအကျိုးအမှန်ကို သိမြင်နိုင်သော **"အမှန်မြင်တရား"** သိဖို့ မြင်ဖို့ လိုအပ်ပါသည်။ **အမှန်မြင်** မရှိပဲ (ပုထုဇဉ်) လူသားတို့ သိနေကျ (အမှားမြင်) ဒိဋ္ဌိ အသိဖြင့် (နိဗ္ဗာန်) ကို တက်လှမ်း၍ မရနိုင်ပါ။ အမှန်တရား (ဝ)မရှိပဲ (ဝိ)မဖြစ်နိုင်သလို (Unscientific) လက်တွေ့မကျပါ။ လမ်းမှန်မကျနိုင်ပါ။ အကြောင်းမှာ (သစ္စာ)တရား(ဝါ) **"အမှန်မြင်တရား"** မသိပဲ ဖြစ်ပွင့်လာသော ဘုရား၊ ရဟန္တာ၊ သောတာပန်ရယ်လို့ မရှိကောင်းသောကြောင့် ဖြစ်ပါသည်။

ဒုတိယအဆင့်သည် (ဝိပဿနာသမ္မာဒိဋ္ဌိ) ဟုခေါ်ဆို

http://www.dhammadownload.com



သော အမှန်မြင် (ဝိပဿနာ) တရားသဘောဟု ခေါ်ဆိုအပ်သော ခန္ဓာကိုယ်ကြီး၌ (ဖြစ်ပျက်) နေသော (ခန္ဓာဖြစ်စဉ်) အမှန်ကို လက်တွေ့သိမြင်သော (ဝိပဿနာဉာဏ်) အမှန်မြင်မှု ရရှိနိုင်ရေးပင် ဖြစ်ပါသည်။

(ခန္ဓာဖြစ်စဉ်) လက်တွေ့သိမြင်အောင် ရှုပွားခြင်းသည် (ဝိပဿနာရှုပွားခြင်း) ဖြစ်ရာ၊ ခန္ဓာမှာ (ဖြစ်ပျက်)နေမှုကို မြင်သော (ဉာဏ်)သည် (ဝိပဿနာဉာဏ်)ခေါ် (ဝိပဿနာသမာဒိဋ္ဌိ) ပင်ဖြစ်ပါသည်။ ဝိပဿနာဉာဏ်ရလျှင် (ဝိပဿနာဉာဏ်)၏ ကျေးဇူးပြုမှုကြောင့် (ဝါ) ဝိပဿနာဉာဏ်၏ အမြင်သန်လာမှုကြောင့် (မဂ်ဉာဏ်)ကြီးကို ရတော့မည်ဖြစ်ရာ၊ ဤ (ဝိပဿနာဉာဏ်) ရဘို့အရေးသည် (မဂ္ဂင်ရှစ်ပါး) သိမှုအရေးပင် ဖြစ်ပါသည်။

(နိဗ္ဗာန်) ရောက်ကြောင်းတရား (မဂ္ဂင်ရှစ်ပါး) ဟူသည် ပညာမဂ္ဂင် (၂)ပါး၊ သမ္မာဓိမဂ္ဂင် (၃)ပါးနှင့် သီလမဂ္ဂင် (၃)ပါးကို ခေါ်ဆိုပါသည်။ (မဂ္ဂင်ရှစ်ပါး)ပြည့်မှုသည် (မဂ်ဉာဏ်) ကြီး ရပြီး (သောတာပန်) ဖြစ်လာမှ (မဂ္ဂင်ရှစ်ပါး) လုံးပြည့်မှုကို ရရှိသည်ဟု ခေါ်ဆိုပါသည်။

(မဂ္ဂင်ရှစ်ပါး) ပြည့်သော (မဂ်ဉာဏ်) ကြီးကို ရသော (သောတာပန်)ဖြစ်ဖို့ရာ၊ ကျင့်ကြံ အားထုတ်ရသည့် လုပ်ထုံးလုပ်နည်းသည် (ဝိပဿနာသမ္မာဒိဋ္ဌိ) ခေါ် (ဝိပဿနာဉာဏ်) ရဖို့ အရင်ဆုံး လိုအပ်ပါသည်။ (ဝိပဿနာဉာဏ်) ရဖို့ (ရှုဉာဏ်)သည် ပုဗ္ဗဘာဂ ပဋိပဒါမဂ် (ခေါ်)ရှေ့ပြေး မဂ် (ခေါ်) လောကီမဂ်ကို ခေါ်သည့် (ရှုဉာဏ်တရားငါးပါး)သာ ဖြစ်ပါသည်။

http://www.dhammadownload.com



(ဝိပဿနာသမ္မာဒိဋ္ဌိ) ခေါ် (ဝိပဿနာဉာဏ်) ရအောင် ရှုရမည့်၊ ကျင့်ရမည့်၊ လုပ်ထုံးလုပ်နည်းသည် ထို(ရှုဉာဏ်တရားငါးပါး)နှင့် ရှုရ၏။ (ရှုဉာဏ်တရားငါးပါး)တွင် (သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ) ဟူသော သမ္မာဓိမဂ္ဂင်(၃)ပါးနှင့် (သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ)တို့ ဖြစ်သော ပညာမဂ္ဂင် (၂)ပါးတို့ ဖြစ်ရာ၊ ထိုသမ္မာဓိမဂ္ဂင် (၃)ပါး၊ ပညာမဂ္ဂင်(၂)ပါးတို့ဖြင့် ရှုကျင့် ပါဆိုလျှင် ရှုကျင့်ရမည့်ယောဂီသည် ဉာဏ်မမှီသော် ထို (မဂ္ဂင်ငါးပါး ရှုဉာဏ်တရား) ကိုသဲသဲကွဲကွဲ သိမည်မဟုတ်ပေ။

(ဝိပဿနာဉာဏ်) ရအောင် (ဝိပဿနာ) ရှုရမည် (ရှုဉာဏ်တရားငါးပါး) ဆိုသည် ဘာကိုခေါ်သနည်း ဆိုသည်ကို ကောင်းစွာ သိရှိသဘောပေါက် နိုင်ကြစေရန် ဒုတိယအဆင့် လိုအပ်နေပါသည်။ ဤဒုတိယအဆင့်ကို ကောင်းစွာသိရှိ နိုင်ကြစေရန် (ရဟန္တာနှင့် ပုဂ္ဂိုလ်ထူး) များဟောကြားပြသပေးခဲ့သည့် အတိုင်းကျင့်ကြံ အားထုတ်တတ်စေသည့် (ရှုဉာဏ်တရားငါးပါး)ကို ရှင်းပြသည့် **"သတိနှင့်အသိ"** တရား ကို ဒုတိယတရား အဖြစ် ဖော်ပြထားခြင်း ဖြစ်ပါသည်။

**"သတိနှင့်အသိ"** တရားသည် (သမ္မာဓိမဂ္ဂင်)ကို ပိုင်းခြားစိတ်ဖြာ၍ ဖော်ပြသော (**သတိ**)တရားနှင့် (ပညာမဂ္ဂင်) ကို ပိုင်းခြားစိတ်ဖြာ၍ ဖော်ပြသော (**အသိ**) တရားဟူ၍ **"နိဗ္ဗာန်ပို့မည့် "သတိနှင့်အသိ"** တရားဟူသည် (ဝိပဿနာ) ရှုရမည့် (ရှုဉာဏ်တရားငါးပါး)ကို သဘောပေါက်အောင်၊ မြတ်စွာဘုရား ဟောကြားခဲ့သည့် (ကျမ်းများ)နှင့် ဟပ်၍ **"ရဟန္တာနှင့် ပုဂ္ဂိုလ်ထူး"**များ ဟောကြားပြသပေးခဲ့ကြသည့် အတိုင်း ရဟန်း၊ ရှင်၊ လူ အများ

http://www.dhammadownload.com



ပြည်သူတို့ နားလည် သဘောပေါက်ကြအောင် စုစည်းပူဇော်ထားခြင်းဖြစ်ပါသည်။

(တတိယအဆင့်) သည် (သောတာပန်) ပန်းတိုင်ကြီး ဖြစ်သော (မဂ်သမ္မာဒိဋ္ဌိ) (မဂ်ဉာဏ်)ကြီးရဖို့ရာ (ဝိပဿနာသမ္မာဒိဋ္ဌိ) (ဝါ) (ဝိပဿနာ ဉာဏ်) ကိုရအောင် ကြိုးစားဖို့ရာ တတိယအဆင့်အနေမြင့် ကျင့်ရမည်၊ ကျင့်ကြံ ကြိုးကုတ် အားထုတ်ရမည် ဖြစ်ပါသည်။

ကျင့်ကြံအားထုတ်ကြရမည့် တတိယအဆင့် (ကျင့်စဉ်) သည် (သတိပဋ္ဌာန်)တရားနှင့် (ဝိပဿနာ)တရား တို့ကို **ရဟန္တာ** နှင့် **ပုဂ္ဂိုလ်ထူး** များ ဟောကြားပြသပေးခဲ့ကြသည့် **နည်းများ၊ ကျင့်စဉ်များ** အတိုင်း**"နိဗ္ဗာန်ပို့မည့် ကျင့်စဉ်များ"** ဟူ၍ တတိယတရားအဖြစ် ဖော်ပြထားခြင်းဖြစ်ရာ၊ နိဗ္ဗာန်ပို့မည့် အဓိကတရားသုံးပုဒ်သည် **"ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ"** ဟောပြချက်၊ ရေးပြချက်များကိုသာ အခြေခံ၍ ဖော်ပြခြင်း၊ ဟောပြချက်၊ ရေးပြချက်များအတိုင်း ဖော်ပြထားသော **"နိဗ္ဗာန်ပို့မည့် တရားတော်များ"** စာအုပ်ကို စုစည်းပူဇော် လိုက်ရပါတော့သည်။

**ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ**

ဦးကံညွန့်
(အငြိမ်းစား ဗိုလ်မှူး)
၁၉၉၈-ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်၊
ရန်ကုန်မြို့။

http://www.dhammadownload.com

# နိဗ္ဗာန်ပို့မည့်အမှန်မြင်တရား

ဗြဟ္မာ၊ နတ်၊ လူ၊ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံယူတော်မူသော မြတ်စွာ ဘုရားသည် ဘုရားမဖြစ်မီက သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီး လေးပါးကို မြင်တော်မူပြီး၊ ထိတ်လန့်သော (သံဝေဂ) ဉာဏ်ဖြင့် ဘုရားအဖြစ်ကို ရရှိရန် သက်တော် (၂၉) နှစ် အရွယ်က တောထွက်တော်မူခဲ့ပါသည်။

ဘုရားအလောင်းတော်သည် နေရဉ္စရာမြစ်အနီး ဥရုဝေလ တောအုပ်၌ ရဟန်းပြု၍ အစာရေစာ ချို့တဲ့စွာဖြင့် ခန္ဓာကိုယ် ပိန်ခြောက်သွေ့ပြီး၊ အရိုးအပြိုင်းပြိုင်း ထနေသည် အထိ (၆) နှစ်ပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူခဲ့ရပါသည်။

ဒုက္ကရစရိယာအကျင့်သည် သာမန်လူတို့၏ အသိဉာဏ်ထက် လွန်သော၊ မြတ်သော၊ အရိယာမဂ်ဉာဏ်ကို ရနိုင်သော အကျင့်မှန် ဖြစ်စေသည့် **"အမှန်မြင်တရား"** မဟုတ်ကြောင်း၊ အစွန်းရောက်ကြောင်း သိမြင်တော်မူသည့်နေ့ဝယ် ဒုက္ကရစရိယာ အကျင့်ကို စွန့်လွှတ်တော်မူပြီး အနီးအပါးရှိ ရွာများ၌ တစ်လ ခန့်မျှ ဆွမ်းခံကြွတော်မူပြီး ချို့တဲ့ခဲ့သည့်အစာ၊ အဟာရကို ဖြည့်ဆည်းခဲ့ပါသည်။

http://www.dhammadownload.com



သက်တော် (၃၅) နှစ် အရွယ်သို့ရောက်တော်မူသည့် ကဆုန်လပြည့်နေ့ဝယ် ဘုရားအလောင်းတော်သည် နေရဉ္စရာမြစ်ကမ်း၌ ရေချိုးသန့်စင်တော်မူပါသည်။ ထို့နောက်သေနာနိဂုံးရွာသို့ ဆွမ်းခံဝင်ရန်အချိန်စောသေး၍ ရွာဦးထိပ်ရှိ ညောင်ပိန္နဲပင်ကြီးအောက်၌ ထိုင်နေတော်မူပြီး ငယ်စဉ်က ပါရမီအရ အားထုတ်တတ်ခဲ့သည့် (အာနာပါန)ကမ္မဋ္ဌာန်းကို အားထုတ်ပြီး စျာန်ဝင်စားခါ နေတော်မူပါသည်။

ထို့နောက် သုဇာတာသူဌေးသမီး လာရောက်ကပ်လှူသော နို့ဃနာဆွမ်းကို ဘုန်းပေးတော်မူပြီး ဘုရားအလောင်းတော်သည် နေရဉ္စရာမြစ်ကမ်း အင်ကြင်း ဥယျာဉ်တော်ဝယ် နေ့ဘက်သီတင်းသုံးနေတော်မူပါသည်။

ညနေချမ်းအချိန်ဝယ် ထိုမြစ်ကမ်းအနီးရှိ ဗောဓိညောင်ပင်အောက်သို့ ကြွတော်မူ၍ ဗောဓိညောင်ပင်ရင်း၌ ထိုင်တော်မူပြီး ဘုရားမဖြစ်သမျှ ဤထက်ဝယ်တင်ပလ္လင်ကို မဖျက်တော့အံ့ဟု အဓိဋ္ဌာန်ပြုတော်မူပါသည်။ ယခင်က ကျင့်ခဲ့သော အကျင့်တရား အစွန်းနှစ်ပါးကို ရှောင်တော်မူပြီး မဇ္ဈိမပဋိပဒါ (အလယ်အလတ်) နည်းဖြစ်သော (အာနာပါန ကမ္မဋ္ဌာန်း) နှင့်ပင် စတင်၍ တရားတော်ကို ဆင်ခြင်အားထုတ်တော်မူပါသည်။

တရားတော်ကို ဆင်ခြင်နေသည့်အချိန်ဝယ် မာရ်နတ်နှောက်ယှက်လာသည့်အတွက် ဘုရားအလောင်းတော်သည် (ဒေဝပုတ္တမာရ်) ဟုခေါ်သော မာရ်နတ်ရန်ကို နေမဝင်မီ အောင်တော်မူပါသည်။ တရားတော်ကို ဆက်လက်ဆင်ခြင်တော်မူရာ၊

http://www.dhammadownload.com



ညဉ့်ဦးယံ၌ ရှေးရှေးဘဝကို ပြန်လည်သိမြင်တော်မူသည့် (ပုဗ္ဗေနိဝါသနုဿတိ) ဉာဏ်တော်ကို ရတော်မူပါသည်။

ထို့နောက် သန်းခေါင်းယံအချိန်ဝယ် တစ်လောကလုံး၌ ရှိသော အနီး အဝေး၊ အကြီး အသေး၊ အရာခပ်သိမ်းတို့ကို မျက်ဝါးထင်ထင် သိမြင်နိုင်သည့် (ဒိဗ္ဗစက္ခုဉာဏ်)တော်ကို ရတော်မူပါသည်။

## အမှန်မြင် (သစ္စာ) တရားရရှိပုံ

ဘုရားအလောင်းတော်သည် ပုဗ္ဗေနိဝါသဉာဏ်တော်၊ ဒိဗ္ဗစက္ခုဉာဏ်တော် တို့ကို အခြေခံ၍ တောမထွက်မီက တွေ့မြင်ခဲ့ရသော နိမိတ်ကြီးလေးပါးမှ သူအို၊ သူနာ၊ သူသေတို့၏ အိုခြင်း၊ နာခြင်း၊ သေခြင်းဟု ဆိုအပ်သော ဒုက္ခဆင်းရဲခြင်း၏ အစကို ဆင်ခြင်တော် မူရာ **"ဇာတိ"** အကြောင်းကို ထိုးထွင်းသိမြင်တော်မူ၏။

အိုခြင်း၊ နာခြင်း၊ သေခြင်း၏အစ (ဇာတိ)မှ လွတ်မြောက်နိုင်သည့်တရားကို ထပ်မံဆင်ခြင်တော်မူရာ၌ (ဇာတိ) မှ ပဋိလောမ (နောက်ကြောင်းပြန်) အားဖြင့် ဆင်ခြင်တော်မူ၏။ တစ်ဖန် အနုလောမ (ရှေ့တစ်ဆင့်ပြီး တစ်ဆင့်) ဆင်ခြင်တော်မူရာ၌ **ရုပ်နာမ် (ခန္ဓာ)** ဖြစ်ကြောင်းများကို သိမြင်တော်မူ၏။

ထို့နောက် အနုလောမ၊ ပဋိလောမအားဖြင့် ရှေ့ပြန်၊ နောက်ပြန်၊ အပြန်အလှန် ဆင်ခြင်သုံးသပ် နှလုံးသွင်းတော်

http://www.dhammadownload.com



မူသည့် အစွမ်းကြောင့် (ခန္ဓာ) ဖြစ်ကြောင်း (ဝါ) (ခန္ဓာဖြစ်စဉ်) အစသည် **“အဝိဇ္ဇာ”** ဖြစ်ကြောင်းကို ကောင်းစွာ သိမြင်တော်မူပါသည်။

**(အဝိဇ္ဇာ)** ကြောင့် (သင်္ခါရ) ဖြစ်ပုံ (ခန္ဓာငါးပါး) ရပုံ၊ (တဏှာ၊ ဥပါဒါန်၊ ဘဝ) ဖြစ်ပုံ၊ (ဇာတိ) ရပုံ၊ (ဝိညာဏ်၊ နာမ်ရုပ်) ခန္ဓာငါးပါးပြန်ရပုံ၊ (ဇရာမရဏ) ဖြစ်ပုံ (ဇရာ၊ မရဏ) မှ တဖန် (ဇာတိ) ပြန်ရပုံ၊ ဇရာ၊ မရဏ ဖြစ်ပုံ၊ တဖန် (ဇာတိ) ပြန်ရပုံ စသော သံသရာလည်မှု ခန္ဓာဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်) **“အကြောင်း အကျိုး”** ဖြစ်စဉ် **“အမှန်မြင်တရား”** (သစ္စာ)တရား၊ (သမ္မာဒိဋ္ဌိ) ကို သိမြင်တော်မူပါသည်။

## ဘုရားဖြစ်တော်မူပုံ

သမ္မာဒိဋ္ဌိ (အမှန်မြင်တရား) ဖြစ်သော (ပဋိစ္စသမုပ္ပါဒ်) တရား၏ အစကိုလည်းကောင်း၊ အဆုံးကိုလည်းကောင်း၊ ထိုးထွင်း သိမြင်၍ ဆင်ခြင်တော်မူရာ၌ (ခန္ဓာဖြစ်စဉ်) ၏အစဖြစ်သော (အဝိဇ္ဇာ) ကို ပါယ်တော်မူသည့်အတွက် (အဝိဇ္ဇာနိရောဓါ၊ အာသဝနိရောဓေါ) ဖြစ်သည့်အတိုင်း (အဝိဇ္ဇာ)ချုပ်၍ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတည်း ဟူသော (အာသဝေါတရား) လေးပါးတို့မှ ကုန်ရာကင်းရာ ဖြစ်သော (အာသဝက္ခယ) ဉာဏ်တော် (ဝါ) (အရဟတ္တမဂ်) ဉာဏ်တော်ကို ရတော်မူပြီးနောက်၊ မိုးသောက်ယံတွင် သစ္စာလေးပါးကို မဖောက်မပြန် သယမ္ဘူဉာဏ် ဖြင့် သိမြင်တော်မူသည့် တစ်ဆက်တည်းမှာပင် (သဗ္ဗညုတ

http://www.dhammadownload.com



ဉာဏ်) တော်ကြီးကို ရတော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ဘုရားအလောင်းတော်သည် **"အမှန်မြင်တရား"** (ပဋိစ္စသမုပ္ပါဒ်)ကို အနုလုံ၊ ပဋိလုံ၊ တစ်ဖန် အနုလုံ၊ ပဋိလုံ ဆင်ခြင်တော် မူပြီးမှ ဘုရားအဖြစ်သို့ ရောက်တော်မူကြောင်းကို (ဗုဒ္ဓဝင်) ထဲ၌ ပါရှိပြီး ဖြစ်ပါသည်။ မြတ်စွာဘုရားသည် အမှန်မြင်တရား၊ (ပဋိစ္စသမုပ္ပါဒ်)ကို ဆင်ခြင်သောကြောင့် ဘုရားအဖြစ်သို့ ရောက်တော်မူပုံကို၊ ဝိနည်းငါးကျမ်းထဲမှ ဝိနည်းမဟာဝါ၌လည်း ဟောကြားတော်မူခဲ့ပါသည်။

ဘုရားအဖြစ်သို့ ရောက်စေသော ဝိပဿနာသည် (ပဋိစ္စသမုပ္ပါဒ်)ဟူ၍လည်း အချို့ကျမ်းများ၌ ဖော်ပြထားပါသည်။ ထို့ကြောင့် ဘုရားဖြစ်စဉ်အစ ပဋိစ္စသမုပ္ပါဒ် (အမှန်မြင်တရား)က ဟူ၍ ခေါ်ဆိုနိုင်လောက်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်ကို ဉဒါန်းကျူးတော်မူပုံ

မြတ်စွာဘုရားရှင်သည် (သဗ္ဗညုတဉာဏ်တော်)ကြီးကို ရ၍ ဘုရားဖြစ်တော်မူသည့် နေ့ဝယ် (ပဋိစ္စသမုပ္ပါဒ်)အကြောင်း အကျိုးအဆက်ဆက်ဖြစ်ဟန်၊ ပျက်ဟန်၊ ချုပ်ဆုံးဟန်တို့ကို အဖန်ဖန် ဉာဏ်ဖြင့် မြင်တော်မူရာ၌ အကြောင်းတရားတို့၏ ကုန်ဆုံးရာဖြစ်သော (နိဗ္ဗာန်)ကို သိမြင်တော်မူသည့်အတွက် စိတ်နှလုံးတော် ချမ်းမြေ့တော်မူရာတွင် ခံစားမှုမပါသော ဉာဏ်နှင့်ယှဉ်သော ဝမ်း

http://www.dhammadownload.com



မြောက်ခြင်းဖြင့်"အနေကဇာတိသံသာရံ..ပ.. ပုနပ္ပုနံအစရှိသည့် ဥဒါန်းဂါထာကို ဘုရားဖြစ်သောနေ့၌ ကျူးရင့်တော်မူပါသည်။

ထို့နောက် ဘုရားဖြစ်တော်မူပြီးသည့် ကဆုန်လပြည့်ကျော်တစ်ရက်နေ့ဝယ်၊ ဘုရားရှင်သည် ထိုင်ရာမှ မထသေးပဲ၊ အမှန်မြင်တရား (ပဋိစ္စသမုပ္ပါဒ်)ဖြင့် ဘုရားဖြစ်တော်မူလာသည်ကို ဆင်ခြင်တော်မူမိ၍၊ ပထမ (၇)ရက်ပါတ်လုံး၊ (ပဋိစ္စသမုပ္ပါဒ်)ကို (အနုလုံ) ဆင်ခြင်ပြီးမှ ဥဒါန်းတစ်ဂါထာ၊ ဒုတိယအကြိမ် (ပဋိလုံ) ဆင်ခြင်ပြီးမှ ဥဒါန်းတစ်ဂါထာ၊ တတိယအကြိမ် (အနုလုံ ပဋိလုံ) ဆင်ခြင်ပြီးမှ ဥဒါန်းတစ်ဂါထာ ကျူးရင့်ပါသည်။ ပထမ ဗောဓိဝဂ်၊ ဒုတိယ ဗောဓိဝဂ်၊ တတိယ ဗောဓိဝဂ်တို့၌ လာသော ဥဒါန်းပါဠိတော် သုံးပုဒ်သည် (ပဋိစ္စသမုပ္ပါဒ်) တရားတော်ကို မြတ်စွာဘုရား ဥဒါန်းကျူးခဲ့သော ပထမဦးဆုံးသော မြတ်စွာဘုရား၏ စကားတော်ပင် ဖြစ်ခဲ့ပါသည်။

ဘုရားဖြစ်ပြီးနောက် ဟောကြားခဲ့သည့် (သမ္မာဒိဋ္ဌိ) အမှန်မြင်တရား (ပဋိစ္စသမုပ္ပါဒ်) တရားတော်ကို သုတ္တန်၊ အဘိဓမ္မာ၊ ဝိနည်းပဋိကတ်တော်များ၌ တွေ့မြင်နိုင်ပါသည်။

**"ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ"** ဟု (မူလပဏ္ဏာသပါဠိတော်ကြီး)တွင် မြတ်စွာဘုရားဟောကြားထားသည့် အဓိပ္ပါယ်မှာ (ပဋိစ္စသမုပ္ပါဒ်) ကို သိသောသူသည် တရားသိတဲ့သူပါပဲဟု ဟောကြားထားတော်မူသည့်အတွက်၊ တရားသိမြင်ခြင်းသည် " **အမှန်မြင်တရား** "ကိုသာ သိမြင်ခြင်းပင် ဖြစ်ပါတော့သည်။

http://www.dhammadownload.com



# ပဋိစ္စသမုပ္ပါဒ်အဓိပ္ပါယ်

ပဋိစ္စသမုပ္ပါဒ်ဆိုသည်မှာ ပဋိစ္စ=စွဲ၍၊ သံ=ကောင်းစွာ၊ ဥပ္ပါဒ=ဖြစ်၏၊ အဓိပ္ပါယ်မှာ အကြောင်းကိုစွဲ၍ ကောင်းစွာဖြစ်ပေါ်ခြင်း၊ (ဝါ) အကြောင်းကိုစွဲ၍ အကျိုးဖြစ်ခြင်း (ဝါ) အကြောင်းကြောင့် အကျိုးဖြစ်ခြင်းကို ခေါ်ပါသည်။ လူ၊ သတ္တဝါ ဟူ၍ မရှိ၊ လူ၊ သတ္တဝါ ဟူသည် အခေါ်အဝေါ်မျှသာရှိ၏၊ (ပဋိစ္စသမုပ္ပါဒ်) ဟူသည် လူ၊ သတ္တဝါဟု ခေါ်နေကြရသော လူ၊ သတ္တဝါတို့၏ (ခန္ဓာဖြစ်စဉ်) သံသရာဖြစ်စဉ်၊ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်စဉ် တွေ အစဉ်တန်းနေသည့် သံသရာလည်နေခြင်းကို ပြသည့် အဓိပ္ပါယ်သာ ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ် "အမှန်မြင်တရား"သည် လူ၊ သတ္တဝါ ဟူ၍ မရှိ၊ အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်သော **"အကြောင်း အကျိုး ဖြစ်စဉ်တန်းကြီး"** သာ ရှိ၏၊ အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်ခြင်းဆိုသည်မှာ အကြောင်း (ခန္ဓာ) ကို စွဲ၍ အကျိုး (ခန္ဓာ) ဖြစ်ပေါ်မှု (ခန္ဓာဖြစ်စဉ်) တန်းကြီးသာ (၃၁) ဘုံ၌ ကျင်လည်နေကြရခြင်းသာ ဖြစ်ကြောင်း ပြဆိုပါသည်။

(ခန္ဓာ) ဆိုသည်မှာ (ရုပ်)ခန္ဓာနှင့် (နာမ်)ခန္ဓာဖြစ်သော (ခန္ဓာကိုယ်) ရှိ အပေါင်းအစုကို ခေါ်ပါသည်။ ခန္ဓာကိုယ်ကြီးသည် (ငါ့) ကိုယ်မဟုတ်၊ (အမှန်မြင်တရား) သည် (ရုပ်နာမ်) နှစ်ပါးဟု ခေါ်ဆိုသော (ခန္ဓာငါးပါး) ဟုခေါ်သော အပေါင်းအစု (ငါး) ခု တို့သာ ဖြစ်ပါသည်။

http://www.dhammadownload.com



ခန္ဓာကိုယ်ကြီး၌ (ခန္ဓာ) ဟုခေါ်သော (အပေါင်းအစု) အနေဖြင့် (ရုပ်) ဟူသော မာမှု၊ ပျော့မှု၊ ပူမှု၊ အေးမှု၊ ယိုစီးမှု၊ တွန်းကန်မှုသဘောဖြစ်သည့် (ရုပ်)၊ ခန္ဓာ (ရုပ်) ဓာတ်အစုကို **(ရူပက္ခန္ဓာ)** ဟုခေါ်၏။ **"(နာမ်) ခန္ဓာ (၄) ပါး"** ရှိရာ၌ (သိမှု) အစု (စိတ်) ကို **(ဝိညာဏက္ခန္ဓာ)** ဟုခေါ်၏။ (စိတ်) နှင့် အမြဲဆက်စပ်နေသော (စိတ်)ကို နှိုးဆွချယ်လှယ်ပေးနေသော အစုကို (စေတသိက်) ခန္ဓာအစု ဟုခေါ်၏။ (စေတသိက်) ခန္ဓာအစု (၃) ပါးရှိရာတွင် (အာရုံ)ကို ခံစားတတ်သော အစုကို **(ဝေဒနာက္ခန္ဓာ)** ဟုခေါ်၏။ ပြုပြင်တတ်သည့်အစုကို **(သင်္ခါရက္ခန္ဓာ)**ဟုခေါ်၏။ မှတ်သား တတ်သည့်အစုကို **(သညာက္ခန္ဓာ)** ဟုခေါ်၏၊ ထို (အစုငါးပါး) ကို (ခန္ဓာငါးပါး) (ရုပ်နာမ်) နှစ်ပါးဟုခေါ်၏။

## ပဋိစ္စသမုပ္ပါဒ်သဘောတရား

ပဋိစ္စသမုပ္ပါဒ် သဘောတရားကို နားမလည်နိုင်လျှင် (ပဋိစ္စသမုပ္ပါဒ်) ကို သိဖို့ခက်ပေမည်၊ ဉာဏ်မမှီနိုင်ဟု ထင်ကြပေမည်။ ပဋိစ္စသမုပ္ပါဒ်သဘောတရား (ဝါ) အကြောင်းအကျိုးဖြစ်စဉ်သဘောတရားကို ဘုရားဟော ပါဠိတော်ဖြင့် မပြမီ (ပဋိစ္စသမုပ္ပါဒ်) သဘောတရားကို ရိပ်စားမိနိုင်ရန်၊ ခန္ဓာငါးပါး (ရုပ်နာမ်) နှစ်ပါး (ခန္ဓာ) ကို ကြိုတင် သဘောပေါက်ထားနိုင်ရန် အတွက် အများသိနေကြသည့် ယခုခေတ် (ဥပမာ) များထဲမှ အနီးစပ်ဆုံး ဖြစ်သည့် (မော်တော်ကား) ဖြင့် သဘောသိအောင် နှိုင်းယှဉ်ပြလိုပါသည်။

http://www.dhammadownload.com



လူဟူ၍ သမုတ်ထားသည့် လူ၌ (ခန္ဓာငါးပါး) ကို ပေါင်း၍ခေါ်သော (ရုပ်နာမ်) နှစ်ပါးသာရှိသလို (မော်တော်ကား)တွင်လည်း ကားဘော်ဒီ (ရုပ်)ပိုင်းနှင့် (စက်)ပိုင်းဟူ၍ (နှစ်ပိုင်း)သာ ရှိ၏။ ကား၌ ကား (ရုပ်)ရှိသလို၊ လူ၌လည်း လူ (ရုပ်)ရှိ၏။ ကား၌ (စက်)ပိုင်း ရှိသလို လူ၌လည်း (နာမ်)ပိုင်း ရှိ၏။

ကားရှိ (စက်) အစိတ်အပိုင်းအစု (ခန္ဓာ) ကို၊ လူ၌ရှိသော (နာမ်ခန္ဓာ ၄ပါး) ခွဲသလို ခွဲကြည့်မည်ဆိုလျှင် ကားလှုပ်ရှားနိုင်သည့် (စက်)အစိတ်အပိုင်း၌ (အင်ဂျင်၊ဂီယာ၊လီဘာ၊ဘရိတ်) စက်အစု (ခန္ဓာ) လေးပါးရ၏။

ကား၏စက်အစိတ်အပိုင်း၊ စက်အစု (ခန္ဓာ)တို့ အလုပ်လုပ်မှမော်တော်ကား (ရုပ်) ကြီးရွေ့ရှားရသလို၊ လူမှာလည်း စက်အစိတ်အပိုင်းနှင့်တူသော (နာမ်) ခန္ဓာ (၄)ပါးတို့ အကြောင်းအကျိုးပြုပြီး အလုပ်လုပ်နေကြသောကြောင့် လူ (ရုပ်)ကြီးလှုပ်ရှားရ၏၊ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ ဖြစ်ပေါ်ကြရ၏။

ကားသည် လူနှင့်ကွဲလွဲသည်မှာ၊ ကားသည် စက်ရုပ်ဖြစ်ခြင်းကြောင့်၊ ကားကို လူတို့သော့ဖွင့် စက်နှိုးပြီး မောင်းနှင် ချုပ်ကိုင်မှ ကားလှုပ်ရှားနိုင်၏။ လူဟုခေါ်ဆိုသည့် (ခန္ဓာငါးပါး)သည် စက်ရုပ် မဟုတ်ခြင်းကြောင့် (ခန္ဓာငါးပါး) အကြောင်း အကျိုးပြုခြင်းကို ခေါ်ဆိုသော (ပဋိစ္စသမုပ္ပါဒ်) သံသရာစက် လည်ပြီး အကြောင်း အကျိုးပြုသည့် သဘောတရား အရ လှုပ်ရှားရ၏၊ သွားလာ နေထိုင်မှု၊ ပြောဆိုမှု၊ ကြံစည်မှုတို့ ဖြစ်ရ၏၊ (လူ) ဟူသည် အကြောင်း အကျိုးဖြစ်စဉ်သာ ဖြစ်၏၊ ချုပ်ကိုင်သူ မရှိပေ။

http://www.dhammadownload.com



ကားသည် လူတို့တီထွင်ဖန်တီးထားသော (စက်ရုပ်)ဖြစ်၏။ (လူ)သည် စက်ရုပ်မဟုတ်ခြင်းကြောင့် လူကို မည်သည့်ဖန်တီးရှင်ကမှ ဖန်တီးတီထွင်ထားခြင်း မဟုတ်ပေ၊ လူကို ကံ ကံ၏တရား(ဝါ) အကြောင်းကံတရား (ဝါ) အကြောင်းအကျိုးတရားကသာ ဖန်တီးခြင်းဖြစ်၏။ လူ၏စိတ်ရင်း (စေတနာ)သည် (ကံ) ဖြစ်ရာ၊ စေတနာကောင်းလျှင် ကံကောင်း၏၊ စေတနာဆိုးလျှင် ကံဆိုးသော စေတနာ (ကံ) အကြောင်းတရားကသာ ဖန်တီးထားရာကံစီမံရာအတိုင်း မသေမီ၌ ဖြစ်စေ၊ သေပြီး အခြားမဲ့၌ ဖြစ်စေ၊ အကောင်းအဆိုး ဖြစ်ရ၏။

ကားကို လူနှင့် နှိုင်းရသည်မှာ အကြောင်းအကျိုး ဖေါ်ပြလို၍ဖြစ်ပါသည်။ ကားသွားနိုင်မှု၊ စက်အစိတ်အပိုင်း လည်မှုတို့သည် အကြောင်းအကျိုးတရားသာ ဖြစ်၏။ ကားကို လူက သော့ဖွင့်စက်နှိုးမှုကြောင့်၊ ဘက္ထရီမှ မီးလာမှုဖြစ်၏။ ထိုမီးနှင့် ဓါတ်ဆီတို့ တွေ့ဆုံပေါက်ကွဲမှုကြောင့် ကားအင်ဂျင်စက်လည်မှု ဖြစ်ရသည်မှာလည်း အကြောင်းအကျိုးပင်ဖြစ်၏။ တဖန် လူက(ဂီယာ) သွင်းပေးပြီး၊ လီဗာနင်းပေးမှုအကြောင်းကြောင့် ကား ထွက်သွားနိုင်သည်မှာလည်း အကြောင်းအကျိုးတရားပင် ဖြစ်၏။ ဘယ်နေရာမဆို **(Cause & Effect)** အကြောင်းနှင့် အကျိုးသာ ရှိ၏၊ တလောကလုံး၌ အကြောင်းအကျိုးကင်းသည် မရှိပေ။

ထို့အတူ လူသည်လည်း လောကနိယာမအတိုင်း၊ အကြောင်းအကျိုးမရှိပဲ ဘာမျှမဖြစ်၊ (လူ)သည် (ကား)ကဲ့သို့ အကြောင်းမရှိပဲ ဘာမှမဖြစ်ပေ။ လူသည် (ရုပ်၊ နာမ်)သာ ဖြစ်၏။

http://www.dhammadownload.com



(ရုပ်၊နာမ်) ၌ ရှိသော မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဒွါရ (၆)ပါးနှင့် ပြင်ပမှ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့ စရာ၊ ကြံတွေးစရာ (အာရုံ) တို့ အကြောင်းအားလျော်စွာ၊ တွေ့ဆုံသည့် အကြောင်းအကျိုးပြုမှုတရားကြောင့်၊ (ခန္ဓာ) ၏အကြောင်း အကျိုး (ပဋိစ္စသမုပ္ပါဒ်) ဒုက္ခသံသရာစက် လည်ပတ်ပြီး မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ ကြံတွေးမှုများ ဖြစ်လာကြမှုကြောင့် သွားမှု၊ လာမှု၊ ပြောမှု၊ ဆိုမှု၊ ပြုလုပ်မှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု စသော ဒုက္ခတွေ ဖြစ်နေကြရ၏။ သေသည်၏ အခြားမဲ့မှာလည်း အကြောင်းကံအတိုင်း ဖြစ်ရသည်မှာ (ပဋိစ္စ သမုပ္ပါဒ်) သဘောတရားဟု မှတ်ပါလေ။

လူတိုင်း ကိုယ့်ကိုကိုယ် (ငါ) ဟု ထင်နေကြ၏၊ (စိတ်)ကိုလည်း (ငါ့) စိတ်ဟု ထင်နေကြ၏၊ (ငါ)နှင့် (ငါ့) စိတ် မဟုတ်ပါ၊ (စိတ်)ဆိုသည်မှာ အကြောင်းနှစ်ခုတိုက်ဆိုင်၍သာ ဖြစ်ပေါ်ရ၏။ (ဥပမာ) မျက်စေ့နှင့် အဆင်း၊ နားနှင့် အသံ၊ နှာခေါင်းနှင့် အနံ့ အစရှိသည့် အကြောင်းနှစ်ခုတို့ တိုက်ဆိုင်မှု ဖြစ်ပေါ်လာသည့် အကြောင်းကြောင့် မြင်စိတ်၊ ကြားစိတ်၊ နံစိတ် အစရှိသည့် (စိတ်) တို့သည် အကြောင်းကြောင့် အကျိုး (စိတ်) ဖြစ်ရ၏။

မြင်စိတ်တစ်ခုပျောက်သွားလိုက်၊ နောက်ထပ်မြင်စိတ် ဖြစ်စေ၊ ကြားစိတ်ဖြစ်စေ ပေါ်လာလိုက်၊ ချုပ်ပျောက်သွားလိုက်၊ တွေးစိတ်တစ်ခုပေါ်လာလိုက်၊ ချုပ်ပျောက်သွားလိုက်၊ နောက် ထပ်အလားတူ ဒွါရ (၆) ပါးမှ အစားထိုး (စိတ်) ကလေးတစ်ခု ပေါ်လာလိုက်၊ ဒီလိုပဲ (ဓမ္မနိယာမ) အတိုင်း ပေါ်လိုက်ချုပ်လိုက်၊

http://www.dhammadownload.com



အစားထိုးသည့် စိတ် လာလိုက်၊ ဒီအာရုံ၊ ဒီစိတ်တွေကြောင့် (ရုပ်) က သွားလာလှုပ်ရှား လုပ်ကိုင် ပြောဆိုနေရ၏။ ဒီလိုနာမ်ဓမ္မ၊ ရုပ်ဓမ္မ (ဝါ) ရုပ်တရား၊ နာမ်တရား (ရုပ်၊ နာမ်)၊ (ဓမ္မ) သဘောတွေ တစ်ခုပြီးတစ်ခု အကြောင်းနှင့်အကျိုးဆက်နေခြင်း သဘောကို (ပဋိစ္စသမုပ္ပါဒ်) တရားဟုခေါ်ပါသည်။ ဤအသိသည် (အမှန်မြင် အသိ) တရားပင် ဖြစ်၏၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမဟူ၍ (အမှားမြင်) (ဒိဋ္ဌိ) အသိမဟုတ်ပါပေ။

လူ၏ (ရုပ်) ခန္ဓာဗေဒကို ဆရာဝန်များ ခွဲစိတ်ပြသ သလို ကြည့်လျှင် လူ၏ (ရုပ်) ခန္ဓာ အစိတ်အပိုင်း၌ (ပညတ်) သဘောအား ဖြင့် နှလုံး၊ အသည်း၊ အဆုတ်၊ အစာအိမ် စသည်တို့ အလုပ်လုပ်ပုံ နှင့် သွေးလည်ပတ်ပုံ (ရုပ်) ခန္ဓာအစု၊ (ရုပ်) ခန္ဓာ တည်နေမှု၊ အလုပ်လုပ်မှုတို့ကိုသာ ခွဲစိတ်ပြနိုင်၏။

မြတ်စွာဘုရား ဟောကြား ပြသသည်မှာ (ရုပ်) ခန္ဓာရှိ ကလီဇာ (ပညတ်)များ အလုပ်လုပ်ပုံ (ရုပ်) သက်သက်မျှ မဟုတ်ပါပေ။ (ရုပ်)နှင့် (နာမ်) အကြောင်းအကျိုးပြုပြီး (ရုပ်) လှုပ်ရှားမှု၊ (စိတ်) လှုပ်ရှားမှု၊ ပြောဆိုမှုတို့ကို ဖြစ်စေသော (စေတသိတ်) အကြောင်းများကိုပါ ပြသနိုင်ပါသည်။ ရုပ် ခန္ဓာ (၂၈)ပါး၊ စိတ် ခန္ဓာ (၈၉)ပါး၊ စေတသိက်ခန္ဓာ (၅၂) ပါးတို့ အကြောင်းအကျိုး ပြုပုံကို ပြသနိုင်ခြင်း ဖြစ်ပါသည်။

လူမှာရှိသော (ရုပ်၊နာမ်) နှစ်ပါးဖြစ်သော (**Mind & Body**) (စိတ်+စေတသိက်+ရုပ်) ခန္ဓာအစုတို့ ပြင်ပအာရုံများနှင့်

http://www.dhammadownload.com



တွေ့တိုက်ရာမှ တစ်ခုနှင့်တစ်ခု အကြောင်း အကျိုးပြုပုံ၊ (ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု) တို့ ဖြစ်ပုံ၊ အလုပ်လုပ်ပုံကို ယနေ့ထိ မည်သည့် သိပ္ပံဆရာ၊ ဆရာဝန်တို့ကမှ ခွဲစိတ်မပြနိုင်ကြပါ။ သဗ္ဗညုတဉာဏ် တော်ရှင် မြတ်စွာဘုရားကသာ ခွဲစိတ်ပြနိုင်ပါသည်၊ သံသရာ လည်ပုံအထိ ပြနိုင်ပါသည်၊ မြတ်စွာဘုရားပြသတော်မူသည့် (ရုပ် နာမ်) သံသရာလည်ပုံ တရား (ပရမတ္တ) တရားတို့ကို (အဘိဓမ္မာ) တရားနှင့် (ပဋိစ္စသမုပ္ပါဒ်) တရားတို့ဖြင့် သိရှိနိုင်ကြပါသည်။

ကား၏စက်အစိတ်အပိုင်း အလုပ်လုပ်မှုနှင့် ကားမောင်း နှင်မှု စသည်တို့ကို လူတို့ရေးသားထားကြသည့် **(Car Operating Manual)**ကားစက်အစိတ် အပိုင်းအစု (ခန္ဓာ) တို့ အလုပ်လုပ်စဉ် စာအုပ်ရှိသလို၊ (လူ)ဟု ခေါ်ဆိုကြသည့် (ခန္ဓာငါးပါး) တို့ မွေးရာ မှ သေသည်အထိ (ရုပ်နာမ်) တို့ အလုပ်လုပ်ပုံ၊ တဖန် (ဇာတိ) ပဋိသန္ဓေနေပြီး မွေးလာမှု၊ ဘဝ ဖြစ်မှု၊ အိုမှု၊ သေမှု၊ တဖန် (၃၁) ဘုံ၌ (ဇာတိ) ပြန်ရမှု စသည်တို့ကို သိရှိနိုင်ရန် မြတ်စွာဘုရား ဟောကြားထားသည့် တရားသည် ပဋိကတ်သုံးပုံ၌ ပါရှိသည့် **"ပဋိစ္စသမုပ္ပါဒ်"** တရားဟူ၍ မှတ်ပါလေ။

ဤမျှလောက်ဆိုလျှင် **"ပဋိစ္စသမုပ္ပါဒ်"** သဘောတရားကို ရိပ်စားမိလောက်ပြီ ဖြစ်သဖြင့် မြတ်စွာဘုရား ဟောကြားခဲ့သည့် ပဋိစ္စသမုပ္ပါဒ် (အနုလုံ)၊ (ပဋိလုံ) ကို ပြန်ဆက်ရ ပေတော့မည်။

http://www.dhammadownload.com



# ပဋိစ္စသမုပ္ပါဒ် သံသရာလည်ကြောင်း (အနုလုံ)

လူ၊ သတ္တဝါ ဟုခေါ်ဆိုနေကြသည့် (ခန္ဓာငါးပါး)ဖြစ်ကြောင်း အစသည် (အဝိဇ္ဇာ) ဖြစ်သည့် (မသိမှု) ကိုခေါ်၏၊ (အဝိဇ္ဇာ)ဟူသည် (သတိ)မကပ်နိုင်ပဲ၊ မသိလိုက်သော မေ့လျော့မှုနှင့် နေလျှင် (အဝိဇ္ဇာ) မသိမှုဖြစ်ရ၏။ (အဝိဇ္ဇာ) မသိမှုကြောင့် (သင်္ခါရ) ပြုပြင်မှု ဖြစ်ရ၏၊ (သင်္ခါရ) ပြုပြင်မှုကြောင့် (ဝိညာဏ်) သိစိတ်ဖြစ်ရ၏၊ (ဝိညာဏ်) သိစိတ်ကြောင့် (နာမ်ရုပ်) ဖြစ်ရခြင်း အစရှိသည့် ပထမဗောဓိဝင် ၌ မြတ်စွာဘုရား ဟောကြားသည့် သံသရာလည်ကြောင်း (အနုလုံ) ကို ပါဠိတော် အားဖြင့် ဖော်ပြရပါလျှင်

ဧဝံမေသုတံ- ဧကံသမ ယံ- ဘဂဝါ ဥရုဝေ လာယံ.. (ပ)... အနုလောမံ သာဓုကံ...က္ကတိ က္ကမသိ... ယဒိဒံ...

အဝိဇ္ဇာ ပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပ ပစ္စယာသဠာယတနံ၊ သဠာယတနပစ္စယာဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာ ပစ္စယာတဏှာ၊ တဏှာ ပစ္စယာဥပါဒါနံ၊ ဥပါဒါန ပစ္စယာဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိ ပစ္စယာဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါ ယာသာ၊ သမ္ဘဝန္တိ၊ ဧဝမေတဿ၊ ကေဝလဿ ဒုက္ခခန္ဓဿ သမုဒယောဟောတိ

http://www.dhammadownload.com



# အကြောင်းအကျိုးတရားဖြင့် သံသရာလည်ခြင်း (အနက်အဓိပ္ပါယ်)

လောကဌ် ခေါ်ဆိုကြသည့် လူ၊ သတ္တဝါတို့သည် (ပဋိသန္ဓေ) နေလိုက်၊ မွေးဖွားလိုက်၊ အိုလိုက်၊ သေလိုက် တဖန် (ပဋိသန္ဓေ) နေလိုက် ဖြစ်ရသော ဘဝသံသရာဖြစ်စဉ်သည် (အဝိဇ္ဇာ) ကြောင့် ဖြစ်ရ၏။ (အဝိဇ္ဇာ) ဆိုသည်မှာ လူတို့နေစဉ် (ကိုယ်) ဖြင့်ပြုသမျှ (နှုတ်) ဖြင့် ပြောသမျှ၊ (စိတ်) ဖြင့်ကြံစည်သမျှတိုင်း၌ (သတိ) ကပ်မထားနိုင်၊ (အသိ) လိုက်မပေးနိုင်ကြသောကြောင့် (အဝိဇ္ဇာ) (မသိမှု) နှင့် နေကြရပြီး (အဝိဇ္ဇာ) (မသိမှု) နှင့်ပဲ သေကြရ၏။ (အဝိဇ္ဇာ) (မသိမှု) နှင့် သေသည့်အခါ၊ (အဝိဇ္ဇာ) မသိမှုနှင့် နေလာမှုကြောင့် ပါဠိတော်အတိုင်း **"အဝိဇ္ဇာပစ္စယာသင်္ခါရာ"** (အဝိဇ္ဇာ) မသိမှုကြောင့် ပြုပြင်မှု (သင်္ခါရ) တရားတို့သည် (ဘဝ) တစ်လျှောက်လုံး၌ ဖြစ်ပေါ်ခဲ့ရာ၊ ပြုလုပ်မှု ကံ (သင်္ခါရ) တရားတွေသည် (ကမ္မသတ္တိ) အနေဖြင့် အရိပ်သဖွယ် ရှိနေကြ၏။ ကာယကံက (ကာယသင်္ခါရ)၊ ဝစီကံက (ဝစီ သင်္ခါရ)၊ မနောကံက (စိတ္တသင်္ခါရ) ကံသုံးပါးသည် (သင်္ခါရ) သုံးမျိုးအတူတူပဲ ဖြစ်၍၊ စေတနာ (ကံ) ကမ္မဘဝသည်လည်း (သင်္ခါရ) ပင် ဖြစ်၏။

ကုသိုလ်ကံက (ပုညာဘိသင်္ခါရ) ကောင်းမှုပြုလုပ်ခဲ့သည့် ကုသိုလ် (သတ္တိ) များ၊ အကုသိုလ်ကံက (အပုညာဘိသင်္ခါရ) မကောင်းမှုပြုလုပ်ခဲ့သည့် အကုသိုလ် (သတ္တိ) များသည် အရိပ်သဖွယ်လိုက်နေကြပါသည်။ လူသေသည့်အခါ ကုသိုလ် (အာရုံ) ဖြစ်စေ၊ အကုသိုလ် (အာရုံ) ဖြစ်စေ သေခါနီး ဝင်လာသည့်

http://www.dhammadownload.com



(အသန္နကံ) အာရုံက ဖြစ်စေ၊ (အာရုံ) တစ်ခုခုသည် သေခါနီးလူ (သတိလစ်နေသည်ဖြစ်စေ၊ သတိမလစ်သည်ဖြစ်စေ) ထို (အာရုံ) စိတ်တစ်ခုခုသည် (စိတ္တသင်္ခါရ) (သင်္ခါရ) ကြောင့် သေမည့်သူ၏ စိတ် (အာရုံ) မှာ ထင်လာပါသည်။ ထို (သင်္ခါရ) ကြောင့် ဖြစ်ပေါ် လာသည့် (ဝိညာဏ်) စိတ်ဖြင့် (ဝါ) စုတိစိတ် (အာရုံ) နှင့် (စုတိ) သေပြီး ဘဝတစ်ခုခုမှာ (သင်္ခါရ) ကြောင့်၊ ပဋိသန္ဓေစိတ် တန်း ဖြစ်သည်ကို **"သင်္ခါရပစ္စယာ ဝိညာဏံ"**၊ သင်္ခါရကြောင့်ပဋိသန္ဓေ (ဝိညာဏ်) ဖြစ်သည်ဟု ခေါ်ပါသည်။

သေခါနီး သတ်ဖြတ်မှု၊ မကောင်းမှုဒုစရိုက် (အာရုံ)၊ မကျေနပ်မှု ဒေါသ (အာရုံ) က အဆွဲသန်သော် ငရဲရောက်၏။ သေခါနီး (မသိမှု) (မောဟ) ကြောင့် ခွေးစိတ် ပေါက်လျှင်၊ ခွေးကို စွဲလျှင် ခွေး ဖြစ်၏။ (မသိမှု) (မောဟ) က ဆွဲအား ကောင်းလျင် တိရစ္ဆာန် ဖြစ်ရ၏။ သား၊ သမီး၊ ပစ္စည်း၊ အိမ် စသည်တို့ကို စွဲ၍ (ကျေနပ်မှု) က အမြူကောင်းသော် လူပြိတ္တာ၊ နတ်ပြိတ္တာ၊ ဝေမာ နိက ပြိတ္တာတို့၌ ဖြစ်ရ၏။ သေခါနီး ကုသိုလ်စိတ်ရှိလျှင် လူဖြစ်ရ ၏။ ဒို့ထက် ပိုသောကောင်းမှုကုသိုလ် ရှိလျှင် နတ်ပြည် (၆)ထပ်၌ ပဋိသန္ဓေစိတ် (ဝိညာဏ်) တန်းဖြစ်ခြင်းကို **"သင်္ခါ ရပစ္စယာဝိညာ ဏံ"** ဟုခေါ်၏။

ပဋိသန္ဓေ လေးမျိုးရှိ၏။ ခန္ဓာကိုယ်အပြည့်အစုံနှင့် မိဘမရှိပဲ ကံသင်္ခါရကြောင့် နတ်၊ ဗြဟ္မာ အထင်အရှားဖြစ်ရသည် ကို ဩပပါတိကပဋိသန္ဓေဟုခေါ်၏၊ မိခင်၏သားအိမ်၌ဖြစ်သော လူနှင့် နို့တိုက်တိရစ္ဆာန်များဖြစ်ကြသည့် ပဋိသန္ဓေကို ဇလာပုဇ

http://www.dhammadownload.com



ပဋိသန္ဓေ ဟုခေါ်၏၊ ဥခွံအတွင်း၌ဖြစ်သော ငှက်၊ လိပ်၊ မိချောင်း စသော တိရစ္ဆာန်များသည် **အဏ္ဍဇပဋိသန္ဓေ** ဟုခေါ်၏၊ ကပ်ညှိ တွယ်ရာအရပ်၌ ဖြစ်တတ်သော လောက်၊ သန်း၊ ပိုးစသော ပဋိသန္ဓေကို **သံသေဒဇပဋိသန္ဓေ** ဟူ၍ ပဋိသန္ဓေ (၄) မျိုးရှိ၏။ (အဝိဇ္ဇာ၊ သင်္ခါရ) နှင့်နေလာပြီး သေလျှင် ဘယ်စိတ်နှင့်သေ၍ ဘယ်မှာ ပဋိသန္ဓေစိတ် ရမည်ကို ကြိုတင်ပြီး မသိနိုင်ကြပေ။

ပဋိသန္ဓေစိတ် (ဝိညာဏ်) အကြောင်းခံကြောင့် (ပဋိသန္ဓေ) နေလာလျှင်၊ (နာမ်၊ ရုပ်) ခန္ဓာငါးပါးဖြစ်လာသည်ကို **"ဝိညာဏပစ္စယာနာမရူပံ"** ဟုခေါ်၏။ ခန္ဓာငါးပါး (နာမ်၊ ရုပ်) ကြောင့် ကိုယ်ဝန်နှစ်လကျော်သုံးလခန့်၌ (သဠာယတန) ဟုခေါ်သော အာယတန (၆) ပါး ဖြစ်သော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဒွါရ (၆) ပါးတို့ ဖြစ်လာခြင်းကို **"နာမရူပ ပစ္စယာ သဠာယတနံ"** ဟုခေါ်၏။ ထိုဒွါရ (၆) ပါးနှင့် မွေးလာခဲ့၏။

မွေးရာ၌ပါလာသော (သဠာယတန) ဟုခေါ်သော ဒွါရ (၆) ပါး အကြောင်းခံကြောင့် (ဖဿ) ဟူသော (အာရုံ) ကို စေ့ဆော်မှု၊ ထိတွေ့မှုဖြစ်ခြင်းကို **"သဠာယတနပစ္စယာဖဿ"** ဟုခေါ်၏။ (အာရုံ) ကို တွေ့ထိပေးသော (ဖဿ) အကြောင်းခံ ကြောင့် ကြိုက်၊ မကြိုက် (အာရုံ) ကို ခံစားတတ်သော (ဝေဒနာ) ဖြစ်လာခြင်းကို **"ဖဿပစ္စယာဝေဒနာ"** ဟု ခေါ်၏။

ကြိုက်၊ မကြိုက် ခံစားမှု (ဝေဒနာ) အကြောင်းခံကြောင့် လိုချင်မှု၊ နှစ်သက်မှု၊ တပ်မက်မှု (တဏှာ) ဖြစ်လာခြင်းကို

http://www.dhammadownload.com



**"ဝေဒနာပစ္စယာတဏှာ"** ဟုခေါ်၏။ လိုချင်တပ်မက် နှစ်သက်မှု (တဏှာ) အကြောင်းခံကြောင့် စွဲလန်းမှု (ဥပါဒါန်) ဖြစ်လာခြင်းကို **"တဏှာပစ္စယာဥပါဒါန်"**ဟုခေါ်၏၊ စွဲလန်းမှု (ဥပါဒါန်) ကြောင့် ပြုလုပ်မှု၏ ဖြစ်ရာ (ဘဝေါ) ဘဝဖြစ်လာခြင်းကို **"ဥပါဒါနပစ္စယာ ဘဝေါ"** ဟုခေါ်၏။

စွန်းလွန်းဆရာတော်ဘုရားကြီး ဟောကြားသည်မှာ ရလာတဲ့ (ဘဝ) ဆိုတာဟာ "ကာမဂုဏ်မွဲ၊ ရာဂစွဲလို့ အားကိုးမှားလို့ဗျ၊ အားကိုးမှားလို့၊ ဘာကြောင့်အားကိုးမှားရတာလဲ ဆိုရင် (မသိ) လို့ အားကိုးမှားရတယ်၊ (မသိ) လို့ လိုချင်၊ လိုချင်လို့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရရှိ၊ ရရှိတော့ ခံရတာပေါ့"

"(မသိ)တာက **(အဝိဇ္ဇာ)**၊ လိုချင်တာက **(တဏှာ)**၊ စွဲလန်းတာက **(ဥပါဒါန်)**၊ ပြုလုပ်တာက **(သင်္ခါရ)**၊ ရရှိတာက **(ဘဝ)** ဖြစ်တယ်၊ **(အဝိဇ္ဇာ)** နဲ့ **(တဏှာ)** နှစ်ပင်ပူးလို့ အကြောင်းပြုလိုက်တော့ (ဇာတိ) တရားကြီးရတယ်၊ (ဇာတိ) တရားကြီးရတော့ ဝဋ် (ခန္ဓာ) ကြီးရတယ်၊ ဝဋ် (ခန္ဓာ) ကြီးရတော့ ခံရတာပေါ့" ဟူ၍ ဟောကြားပြသပေးတော်မူပါသည်။

ပြုလုပ်မှုဖြစ်ရာ (ဘဝ) ၌ ဒီဘဝဒီကံတွေပဲပြုလုပ်လျှင် ဒီ (ဘဝ) ၏ ပြုလုပ်မှုကုသိုလ်၊ အကုသိုလ်ကံတို့ကြောင့် သေလွန်သော် တဖန်ပဋိသန္ဓေ (ဇာတိ) ဖြစ်ခြင်းကို **"ဘဝပစ္စယာဇာတိ"** ဟုခေါ်၏။ (ဇာတိ) ရသော် ထုံးစံအတိုင်း (ဇရာမရဏ) အိုမှု၊

http://www.dhammadownload.com



သေမှုဖြစ်ရ၏။ မသေမီ ဘဝတစ်လျှောက်လုံး၌လည်း (သောက) စိုးရိမ်မှု၊ (ပရိဒေဝ) ငိုကြွေးမှု၊ (ဒုက္ခ) ကိုယ်ဆင်းရဲမှု (ဒေါမနဿ) စိတ်ဆင်းရဲမှု (ဥပါယာသ) ပြင်းစွာပူလောင်မှုစသော (ဒုက္ခခန္ဓ ဿ) ဒုက္ခဆင်းရဲမှု အစုတို့သည်လည်း (သမုဒယော) အကြောင်း ကြောင့် အကျိုးဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်) ခန္ဓာဖြစ်စဉ်တို့ ဘဝ အဆက်ဆက်သံသရာလည်မှု ဖြစ်ပေါ်လာ၏ဟု မြတ်စွာဘုရား သည်ပဋိစ္စသမုပ္ပါဒ်ကို(အနုလုံ) ရှေ့တစ်ဆင့်ပြီး တစ်ဆင့် သံသရာ လည်ကြောင်း (ခန္ဓာဖြစ်စဉ်) ကို ဟောကြားတော်မူခဲ့ပါသည်။

(ခန္ဓာ) မှာ ဓမ္မ (အကြောင်း) သဘောတွေ တိုက်ဆိုင်မှု ကြောင့် (အကျိုး) ဖြစ်လိုက်၊ ပျက်လိုက်၊ တဖန် (အကြောင်း) ဓမ္မ သဘောတွေကြောင့် (အကျိုး) ဖြစ်လိုက်ပျက်လိုက်နှင့် (ခန္ဓာ) မှာ(ဓမ္မ) ဟူသော (သဘော) တွေဖြစ်ပေါ်လိုက်၊ ပျက်သွားလိုက် ဖြစ်နေသည်ကို (သံသရာ) လည်သည်၊ အကြောင်းအကျိုးတွေ တန်းနေသည်။ (ပဋိစ္စသမုပ္ပါဒ်) တန်းနေသည်ဟုခေါ်၏။

ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ လူ၊ သတ္တဝါ ဆိုသည်မှာ လောကီ၊ လူ့လောက၏ အခေါ်အဝေါ်မျှသာဖြစ်၏၊ (အမှန်မြင် တရား)၊ လောကုတ္တရာ (အသိ) တရား၊ ပရမတ္ထ (သစ္စာ) တရား အနေဖြင့် ခန္ဓာငါးပါး (အကြောင်းအကျိုးဆက်ခြင်း) သာဖြစ်၏။ လူ ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ မဟုတ်ချေ။ (ဤစာအုပ်၏ တစ်ဝက်လောက် ဖတ်ရှုမိလျှင် ပို၍သဘောပေါက် လာပေလိမ့်မည်။)

**မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်မှာ လောက၌**

http://www.dhammadownload.com



**အကြောင်းအကျိုးတရား (ဝါ) ကံကံ၏တရားသာ ရှိကြောင်း** ပြဆိုပါသည်၊ အကြောင်းဖြစ်လျှင် အကျိုးဖြစ်၏၊ အကြောင်းမဖြစ်လျှင် အကျိုးမဖြစ်သောကြောင့်၊ အကြောင်းအကျိုး မဖြစ်ရာ မပျက်ရာ၊ ဒုက္ခ ချုပ်ငြိမ်းရာ (နိဗ္ဗာန်) ကို မျက်မှောက် ပြုနိုင်ကြောင်းကိုလည်း ပဋိစ္စသမုပ္ပါဒ် သံသရာပြတ်ကြောင်း (ပဋိလုံ) နောက်ကြောင်းပြန် အားဖြင့် ဟောကြားတော်မူခဲ့ပါသည်။

# ပဋိစ္စသမုပ္ပါဒ် သံသရာပြတ်ကြောင်း (ပဋိလုံ)

(အဝိဇ္ဇာ)သည်ဒုက္ခဖြစ်ကြောင်း (သမုဒယ)ဖြစ်၏။ (အဝိဇ္ဇာ)ဟူသော ဘူးရုံတစ်ရုံ၏ရေသောက်မြစ်ကို ဖြတ်သော် ကိစ္စပြီးနိုင်သကဲ့သို့ သံသရာဝဋ္ဋ်ဆင်းရဲမှ လွတ်မြောက်လိုသော် (အဝိဇ္ဇာ) ချုပ်ကြောင်းဖြစ်ရာ၏ဟု (ပဋိစ္စသမုပ္ပါဒ်) တရားကိုမြတ်စွာဘုရားရှင်သည် သံသရာပြတ်ကြောင်း (ပဋိလုံ) နောက်ကြောင်းပြန်အားဖြင့် ဒုတိယဗောဓိသုတ္တံ၌ ပါဠိတော်အားဖြင့် ဟောကြားရာတွင် -

ဧဝံမေသုတံ၊ ဧကံသမယံ၊ ဘဂဝါ ဥရုဝေလာယံ-ဗောဓိရုက္ခမူလေ. . . ပ. . . ပဋိလောမံ. . . က္ကမသ္သ. . . နိရောဓော က္ကဒံနိရုဇ္ဈတိ. . ယဒိဒံ. . .

အဝိဇ္ဇာနိရောဓါ၊ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓါ၊ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓါ၊ နာမရူပနိရောဓော၊ နာမရူပနိရောဓါ၊ သဠာယတနနိရောဓော၊ သဠာယတနနိရောဓါ၊ ဖဿနိရောဓော၊ ဖဿနိရောဓါ၊ ဝေဒနာနိရောဓော၊ ဝေဒနာ

http://www.dhammadownload.com



နိရောဓ၊ တဏှာနိရောဓေါ၊ တဏှာနိရောဓ၊ ဥပါဒါနနိရောဓေါ၊ ဥပါဒါနနိရောဓ၊ ဘဝနိရောဓေါ၊ ဘဝနိရောဓ၊ ဇာတိနိရောဓေါ၊ ဇာတိနိရောဓ၊ ဇရာမရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခခန္ဓဿနိရောဓေါ၊ ဟောတီတိ၊

## သံသရာပြတ်ကြောင်း အနက် (အဓိပ္ပါယ်)

မသိမှု (အဝိဇ္ဇာ) ချုပ်လျှင် ပြုပြင်မှု (သင်္ခါရ) ချုပ်၏။ ပြုပြင်မှု (သင်္ခါရ) ချုပ်ခြင်းကြောင့် (ဝိညာဏ်) ချုပ်၏။ (ဝိညာဏ်) ချုပ်ခြင်းကြောင့် (နာမ်ရုပ်) ချုပ်၏။ ခန္ဓာငါးပါး (နာမ်ရုပ်) ချုပ်ခြင်းကြောင့် အာယတနခြောက်ပါး (သဠာယတန) ချုပ်၏၊ အာယတန (၆) ပါး (သဠာယတန)ချုပ်ခြင်းကြောင့် တွေ့ထိမှု (ဖဿ) ချုပ်၏။ တွေ့ထိမှု (ဖဿ) ချုပ်ခြင်းကြောင့် အာရုံခံစားမှု (ဝေဒနာ) ချုပ်၏။

ခံစားမှု (ဝေဒနာ) ချုပ်ခြင်းကြောင့် တပ်မက်မှု၊ နှစ်သက်မှု (တဏှာ) ချုပ်၏။ တပ်မက်မှု၊ နှစ်သက်မှု (တဏှာ) ချုပ်ခြင်းကြောင့်၊ စွဲလန်းမှု (ဥပါဒါန်) ချုပ်၏။ စွဲလန်းမှု (ဥပါဒါန်) ချုပ်ခြင်းကြောင့်ဖြစ်ပေါ်မှု (ဘဝ) ချုပ်၏၊ ဖြစ်ပေါ်မှု (ဘဝ) ချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု (ဇာတိ) ချုပ်၏။

(ဇာတိ) ပဋိသန္ဓေနေမှု၊ မွေးဖွားမှုချုပ်ခြင်းကြောင့် အိုမှု (ဇရာ)၊ သေမှု (မရဏ)၊ စိုးရိမ်မှု (သောက)၊ ငိုကြွေးမှု (ပရိဒေဝ)၊

http://www.dhammadownload.com



ကိုယ်ဆင်းရဲမှု (ဒုက္ခ)၊ စိတ်ဆင်းရဲမှု (ဒေါမနဿ)၊ ပြင်းစွာပူပန်မှု (ဥပါယာသ) တို့ချုပ်ကုန်၏။ ဤသို့လျှင် အလုံးစုံသောဒုက္ခဆင်းရဲ အပေါင်းတို့သည် ချုပ်ပျောက်ကုန်ရာ၏ဟု (အဝိဇ္ဇာ) မသိမှုကုန် ရာသာလျှင် (ဒုက္ခ) သံသရာ၏ချုပ်ဆုံးရာ (နိဗ္ဗာန်) ဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။

တောင်ပုလုတောရ ကမ္ဘာအေးဆရာတော် ဘုရားကြီးက သံသရာပြတ်ကြောင်းကို ရှင်းပြရာတွင် ဆရာတော်ဘုရားကြီးက ဒကာကြီးတို့ **"အကြောင်းနှင့်အကျိုး"** ဆိုတာ ကွဲ ခဲတယ်၊ လွယ်လွယ်နဲ့မှတ်ဖို့ကတော့ သစ်ပင်နဲ့ အရိပ်လိုပဲ၊ သစ်ပင်က အရင် ဖြစ်လို့ **(အကြောင်း)**၊ အရိပ်က နောက်မှဖြစ်လို့ **(အကျိုး)**၊ ဒါ့ကြောင့် သစ်ပင်က **(အကြောင်း)** အရိပ်က **(အကျိုး)** ဖြစ်သလို ပဲ၊ (အဝိဇ္ဇာ) နဲ့ (သင်္ခါရ) မှာ (အဝိဇ္ဇာ) က (အကြောင်း)၊ (သင်္ခါရ) က (အကျိုး) ဖြစ်လို့ သစ်ပင်မရှိရင် အရိပ်မရှိနိုင်သလို (အဝိဇ္ဇာ) မရှိရင် (သင်္ခါရ) မရှိနိုင်သောကြောင့် (အဝိဇ္ဇာ နိရောဓါ သင်္ခါရ နိရောဓေါ) အတိုင်း ဒုက္ခခန္ဓသနိရောဓော ဟောတိ၊ ဒုက္ခချုပ်ရ ခြင်း အကြောင်းကို ဟောကြားပြသပေးတော်မူပါသည်။

## ကံကံ၏တရားသာဖြစ်ခြင်း

သတ္တလောက၌ အကြောင်းနှင့်အကျိုးသာရှိ၏၊ အ ကြောင်းကံကြောင့်၊ တူသောအကျိုးပေးကံဖြစ်၏၊ ကံတရားကိုမိမိ ကသာဖန်တီးယူခြင်းဖြစ်၏။ သူတစ်ပါးကဖန်တီးခြင်းမဟုတ်၊ ကံ ဆိုသည်မှာလည်း (ကိုယ့်စိတ်ရင်း စိတ်ထား)ထဲမှ ဖြစ်ပေါ်လာ

http://www.dhammadownload.com



သော (စေတနာ) ပင် ဖြစ်၏။ (စေတနာ) သည်ပင် (ကံ) ဖြစ်ကြောင်း **"စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ"** ဟု မြတ်စွာဘုရား ဟောကြားထားပါ၏။ စေတနာကောင်းလျှင် ကံကောင်း၏၊ စေတနာ ဆိုးလျှင် ကံဆိုးကြောင်း၊ ကံကံ၏တရားသာဖြစ်ကြောင်း ဘုရား တစ်ဆူ၊ တစ်ဆူပွင့်တော်မူမှ အမှန်မြင် (အသိ) တရား (ပရမတ္ထသစ္စာတရား) ကိုသိရှိနိုင်ကြရ၏၊ ဘုရားမပွင့်သည့် ကာလ၊ သာသနာအပကာလတို့၌ သံသရာဝဋ်ဆင်းရဲတို့မှ လွတ်မြောက်သည့် (အမှန်မြင်) တရားကို မသိနိုင်ကြပါပေ။

မြတ်စွာဘုရားဟောကြားခဲ့သည်မှာ၊ စကြာဝဠာအနန္တ၊ သတ္တဝါအနန္တဟုသုံးဆယ်တစ်ဘုံကိုခြုံ၍ ဟောကြားတော်မူခဲ့သည့်အတိုင်း၊ အနန္တစကြာဝဠာထဲက၊ ဂြိုလ်တစ်ခုဖြစ်သော ဤကမ္ဘာဂြိုလ်ထဲမှာပင် လူဦးရေသန်းပေါင်းထောင်နှင့် ချီပြီးရှိ၏၊ ကုန်းနေ၊ ရေနေသတ္တဝါ တို့သည်လည်း အနန္တ မရေမတွက်နိုင် လောက်အောင်များပြားလှ၏။

မြင်အပ်သည့်သတ္တဝါနှင့် မမြင်အပ်သည့်သတ္တဝါ ဟူ၍ရှိ၏၊ မမြင်အပ်သည့်သတ္တဝါသည် မက်ကရိုစကုပ် (Microscope) ခေါ် အနုကြည့်မှန်ပြောင်းဖြင့် ကြည့်မှမြင်နိုင်သည့် သတ္တဝါများ နှင့် (အဘိညာဉ်) ခေါ် အဘိ=အထူး၊ ညာဉ်=သိခြင်း (အသိထူး) ကို ရရှိ ထားကြသည့် (အဘိညာဉ်) ရ ပုဂ္ဂိုလ်များသာမြင်ရသည့် နတ်၊ ပြဟ္မာများသည်လည်း အများအပြားရှိကြ၏။

အပါယ်ဘုံသားများဖြစ်ကြသည့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ သတ္တဝါ တို့သည်လည်းအလွန်များပြားလှ၏၊ ပြိတ္တာ

http://www.dhammadownload.com



လောက၌ပင်၊ ပြိတ္တာတစ္ဆေ အတန်းအစားအမျိုးမျိုး၊ နတ်ပြိတ္တာအမျိုးမျိုး၊ ဝေမာနိကပြိတ္တာအမျိုးမျိုးတို့ရှိကြကုန်၏။ အချို့ပြိတ္တာကြီးများသည် (အသူရကာယ်) တို့ကဲ့သို့ လူနှင့်မနီးသည့် တောကြီး၊ တောင်ကြီးများ၌ နေထိုင်ကြ၏။ လူနှင့်နီးသည့် တောတောင်များ၌လည်း နေထိုင်ကြ၏။ လူကြားထဲ၌နေသည် ပြိတ္တာများလည်း များပြားလှ၏။

လူတို့သည်သေလွန်သောအခါ ကောင်းသောစေတနာဖြင့် ကောင်းမှုကုသိုလ် ပြုသည့် ကောင်းကံလုပ်သူ၊ ကံကောင်းသူများသည် လူ၊ နတ်၊ ဗြဟ္မာဘုံတို့၌ ဖြစ်ကြရ၏။ ပစ္စည်းဥစ္စာချမ်းသာသော လူ ဖြစ်ရခြင်း၊ နတ်ဘုံနှင့် ဗြဟ္မာဘုံတို့၌ ဖြစ်ကြရသူများသည် အလွန် အဖြစ်နည်းသည်ဟုဆိုရ၏။

လောက၌ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ကောင်းကံလုပ်သူထက်၊ မကောင်းကံလုပ်သူတို့က များနေသောကြောင့်၊ ကံကံ၏တရားအတိုင်း သူ့အကြောင်းကံနှင့် သူ့ကံအကျိုးခံစားကြရာ၌၊ မကောင်းကံလုပ်ကြသည့် ကံမကောင်းသူများသည် မကောင်းကံ၏သွားရာ (အပါယ်လေးဘုံ)၌သာ အဖြစ်များကြသည့်အတွက် နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ အဖြစ်နည်းကြရခြင်းဖြစ်၏။

ကောင်းမှုကံ လုပ်သူများသည် ကောင်းမှုကုသိုလ်ကံကြောင့် လူ၊ နတ်၊ ဗြဟ္မာတို့၌ ဖြစ်ကြရ၏၊ ဗြဟ္မာ (၂၀)၊ နတ်ပြည် (၆) ထပ်၊ အပါယ် (၄) ဘုံ၊ လူဘုံ (၁) ဘုံ အစရှိသော (၃၁) ဘုံတို့၌ ကျင်လည်ကြရသူများသည်၊ ထို (၃၁) ဘုံမှ ကျွတ်လွတ်သည့် (နိဗ္ဗာန်) ကို မရမချင်း ထို (၃၁) ဘုံ၌ပင် သံသရာ လည်

http://www.dhammadownload.com



နေကြရ၏။

နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ ဖြစ်ကြသူများသည်လည်း (သက္ကာယဒိဋ္ဌိ) အနည်းအများရှိကြသူများ ဖြစ်ကြရာ၊ လူ့ဘဝက ပြုခဲ့သည့် ကောင်းမှုအရှိန်ကုန်သော နတ်၊ ဗြဟ္မာတို့သည် (စုတေ) သေလွန်သော် လူ့ဘဝအပြင် တိရစ္ဆာန်ဘဝသို့လည်း ရောက်တတ်ကြ၏၊ လူ့ပြည် လူ့ဘုံမှ သေလွန်ကြသူများသည် အကုသိုလ်ကံရှိလျှင်၊ သက္ကာယဒိဋ္ဌိ (အမှားမြင်) ရှိလျှင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်စသော အပါယ်လေးဘုံ၌ အဖြစ်များကြရ၏။

## အမှန်မြင်တရား မရှိလျှင် (ဒိဋ္ဌိ) ဖြစ်၍ အပါယ်ကျ၏

အပါယ်လေးဘုံ၌ ဖြစ်ကြရသောသူများသည် အမှန်မြင် (အသိ) တရားမရှိကြသည့် **အမှားမြင် (ဒိဋ္ဌိ)** တရားရှိနေသောကြောင့် ဖြစ်ကြ၏၊ လူ့လောက၌ (အမှားမြင်) ရှိသည့် ပုထုဇဉ်လူသားများသည် အပါယ်လေးဘုံသို့သာ အရောက်များကြရ၍ **အမှားမြင် (ဒိဋ္ဌိ)** သည် အလွန်ကြောက်စရာကောင်း၏၊ **အမှားမြင် (ဒိဋ္ဌိ)** ရှိသူတို့သည် မိမိတို့ဘဝတစ်လျှောက်လုံး ပြုခဲ့သည့် (အစိဏ္ဏကံ) အာရုံအရသော်လည်းကောင်း၊ သေခါနီးရသည့် (အသန္နကံ) အရ (ကံနိမိတ်) ဖြစ်စေ (ကမ္မနိမိတ်) ဖြစ်စေ (ဂတိနိမိတ်) ဖြစ်စေ၊ သေခါနီး သတိလစ်နေသူ၏ စိတ်မှာ ထင်မြင်လာသည့်အတွက် သေခါနီး၌ အပါယ်ကျမည်ကို သိကြရ၏၊ မီးသည် မလောင်ခင်က တားရာ၏၊ လောင်မှဆိုသော်၊ သေခါနီးအချိန်၊

http://www.dhammadownload.com



သေပေါက် သေဝသို့ ရောက်နေချိန်မှဆိုသော်၊ ဘာမှမတတ်နိုင်တော့ပေ၊ ထို့ကြောင့် မသေခင် (အမှန်မြင်တရား) ကို သိရှိထားမှ၊ ကိုယ်ကလည်း ဘာဝနာတရား နေ့စဉ် ပွားများသော (အစိန္တကာ) ကောင်းအောင်ပြုထားပါမှ အပါယ်ဘေးကို တားနိုင်တော့၏။

**အမှားမြင် (ဒိဋ္ဌိ) ဆိုသည်မှာ (သက္ကာယဒိဋ္ဌိ) ပင်ဖြစ်၏၊** (သက္ကာယဒိဋ္ဌိ) ဆိုသည်မှာ (သက္ကာယ) ဟုခေါ်သော (ခန္ဓာငါးပါး)ကို (ငါ) လို့ယူသော (သူ) လို့ယူသော၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ လို့ ယူသော **အမှားမြင် (ဒိဋ္ဌိ)** ပင်ဖြစ်၏။

(သက္ကာယဒိဋ္ဌိ) ပါယ်နိုင်မှ သောတာပန်ဖြစ်၏၊ သောတာပန်ဖြစ်သော် (သောတာပတ္တိမဂ်) ခဏ၌ ရအပ်သော **"သဉပါဒိ သေသနိဗ္ဗာန်"** ကိုရ၍ အပါယ်ကျစေသည့် အယူမှား၊ အမှတ်မှား (အသိမှား)၊ အတွေးမှား၊ အကြံမှားမှုဖြင့် ပြုလုပ်မိသော မကောင်းမှုဒုစရိုက်တို့ကို မပြုတော့သည့် ဗုဒ္ဓမြတ်စွာဘုရား၏ သားတော် အစစ် ဖြစ်လာပါတော့၏။

(သက္ကာယဒိဋ္ဌိ) ပါယ်နိုင်ရေးသည် (ဒိဋ္ဌိ) ခွါမှုဟု ဆိုအပ်သော (အမှန်မြင်တရား) သဘောပေါက်ရေး (အမှန်မြင်တရား) သိမှုပင်ဖြစ်၏၊ အမှန်မြင် တရား (သစ္စာ) သိမှုမရှိလျှင် ဘဝနေတတ်မှု၊ လောကုတ္တရာတရား ကျင့်မှုလွဲ၏၊ တရားကျင့်ဖို့ထက် တရားကို သဘောပေါက်အောင် (သိ) ဖို့က အရေးကြီး၏၊ (အသိ) မှန်မှ (အကျင့်)မှန်၏၊ (တရား)ဟုဆိုအပ်သော (အမှန်မြင်တရား) သဘောပေါက်အောင်သိဖို့ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ ဖြစ်ကြ

http://www.dhammadownload.com



သော၊ ဆရာတော်ကြီး (၇) ပါး က ပေးသည့် အသိပညာဖြင့် ရဟန်းရှင်လူ၊ အများပြည်သူတို့နှင့် နောင်လာနောက်သားတို့၏ အကျိုးငှါ၊ ပဋိပါတ်သာသနာတော်ကြီး တိုးတက်စေရန် အကျိုးငှါ (အမှား) သိမှ (အမှန်) သိ ဖြစ်အောင်၊ (အမှားမြင်) (ဒိဋ္ဌိ) မှ (အမှန်မြင်) (သမ္မာဒိဋ္ဌိ) ဖြစ်လာအောင် (ဒိဋ္ဌိ) ခွာ တတ်အောင် ပြဆိုပါအံ့။

## အမှားမြင် (ဒိဋ္ဌိ)

အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးက (ဒိဋ္ဌိ)ဆိုသည်မှာ မှားမှားယွင်းယွင်း သိမြင်ခြင်းကို ခေါ်၏။ " **မှားသောအမြင် ဒိဋ္ဌိတွင်သား**" ဟုရေးသားခဲ့၏၊ (ဒိဋ္ဌိ) ကို အသိအမြင်မှားခြင်း၊ အယူ မှားခြင်း၊ အမှားမြင်ခြင်း ဟုခေါ်ဆိုကြ၏။

ဒိဋ္ဌိသည် မရှိသည်ကို အရှိထင်၏၊ ရှိသည်ကို မရှိဟုထင်၏၊ မဟုတ်သည်ကို အဟုတ်ထင်၏၊ ဟုတ်သည်ကို မဟုတ်ဟုသိမြင်၏၊ (ဒိဋ္ဌိ) သည် မြတ်စွာဘုရားဟောကြားသည့် (အမှန်မြင်တရား)ဖြစ်သော (သစ္စာ) တရားကို (မသိ) ခြင်း၊ လောက၌ (သမုတ်)ထားသမျှ၊ အခေါ်အဝေါ် (ပညတ်) များကိုသာ (အမှန်) ဟုသာထင်နေခြင်း။

သတ္တဝါတို့သဏ္ဍာန်ပြုပြုသမျှ ကုသိုလ်ကံ၊ အကုသိုလ်ကံ (မရှိ) ဟုသိမြင်ခြင်း၊ ထိုကံ၏အကျိုးကို မူတည်၍ အကောင်းအဆိုးအမျိုးမျိုးကို ခံစားနေကြပါလျက် "ကံ" ၏ အကျိုးသည် (မရှိ)

http://www.dhammadownload.com



ဟုသိမြင်ခြင်း၊ (ရုပ်) တရား၊ (နာမ်) တရားတို့၏ ချုပ်ငြိမ်းခြင်းဖြစ်သော (နိဗ္ဗာန်) တရားရှိပါလျက်နှင့် (နိဗ္ဗာန်) မရှိဟု ထင်မြင်ခြင်းများသည် အမှားမြင် (ဒိဋ္ဌိ) ပင် ဖြစ်၏။

## လူသတ္တဝါတို့အား ကယ်ချွတ်ရန်ခက်ခဲပုံ

တစ်လောကလုံး၌ လူ၊ သတ္တဝါတို့၏ စိတ်၌ တပ်မက်နှစ်သက်တွယ်တာမှုတွေက များနေကြ၏၊ လူတို့၏အမှားမြင် (ဒိဋ္ဌိ) နှင့် မြတ်စွာဘုရား သိမြင်တော်မူသည့် ဒုက္ခ သံသရာ လွတ်ကြောင်း၊ (နိဗ္ဗာန်) ရောက်ကြောင်း အမှန်မြင် (သမ္မာဒိဋ္ဌိ) သည် ဆန့်ကျင်ဘက်ဖြစ်နေ၏။

မြတ်စွာဘုရား၏ (အမှန်မြင်) နှင့် လူတို့၏ (အမှားမြင်) (ဒိဋ္ဌိ) သည် အရှေ့နှင့် အနောက်ဆိုသလို၊ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဆိုသလို ဆန့်ကျင်ဘက် ကွာခြားနေသောကြောင့် မြတ်စွာဘုရားသည်ပင်လျှင်၊ ဘုရားဖြစ်တော်မူကာစက သတ္တဝါများကို ကယ်ချွတ်ရန် ဆင်ခြင်တော်မူစဉ်က၊ ချွတ်လို့ရနိုင်ပါ့မလားရယ်လို့ အားငယ်တော်မူခဲ့ရ၏၊ တရားမဟောတော့ဟု တစ်ခဏမျှ စိတ်တော်ညွတ်၏၊ အကြောင်းမှာ မြတ်စွာဘုရား၏အလိုနှင့် လူတွေ၏ အလိုတို့သည် ဆန့်ကျင်ဘက် ဖြစ်နေမှုကြောင့် တရားဟောရန် ဆင်ခြင်တော်မူစက ရုတ်တရက်ဖြစ်ခဲ့၏၊ လူ၊ သတ္တဝါ တို့သည် ဘုရားအမြင်နှင့် ဆန့်ကျင်နေသော (ခန္ဓာငါးပါး) (သက္ကာယ) ကို (ငါ) ဟူသော (ဒိဋ္ဌိ) အမှားမြင်မှုများကြောင့် ဖြစ်ကြရ၏။

http://www.dhammadownload.com



လူတို့၏ အမှားမြင် (ဒိဋ္ဌိ) နှင့် မြတ်စွာဘုရား၏ အမှန်မြင်(သမ္မာဒိဋ္ဌိ) (ကမ္မဿကတာသမ္မာဒိဋ္ဌိ)သည် မည်မျှလောက် ကွာခြားပြီး ဆန့်ကျင်ဘက် ဖြစ်နေသနည်းဆိုလျှင်-

ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်သည် သိမ်မွေ့နက်နဲ၏၊ (နိဗ္ဗာန်) ရောက်ကြောင်း တရားတော်၏ အလိုအားဖြင့် (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) တရားသာ ဖြစ်၏၊ ဘုရားရှင်၏ နိဗ္ဗာန်ရောက်ကြောင်း တရားသည် (အနတ္တ) ဖြစ်သော (ငါ) မဟုတ်သော တရားသာဖြစ်ရာ၊ လူတို့အမြင်သည် (အတ္တ) (ငါ) ဟုထင်မြင်နေကြ၏။

ဘုရားရှင်၏ (နိဗ္ဗာန်) ရောက်ကြောင်းတရားသည် သတ္တလောကတစ်ခုလုံး နှစ်သက်တွယ်တာမှု မရှိသည့် (ဒုက္ခ) ဆင်းရဲခြင်း အမှန် (ဒုက္ခသစ္စာ) နှင့် (ဒုက္ခ) ဆင်းရဲမှုဖြစ်ကြောင်း အမှန် (သမုဒယသစ္စာ) တရားဖြစ်၏၊ လူတို့သည် (ဒုက္ခ) ကို နှစ်သက်တွယ်တာပြီး (သုခ) ချမ်းသာခြင်းဟု ထင်မြင်နေကြ၏၊ ကာမဂုဏ်စည်းစိမ်ချမ်းသာမှုကို နှစ်သက်တွယ်တာ ခံစားချင်ကြ၏၊ ခံစားရလျှင် (သုခ) ဟုထင်ကြ၏။

ဗုဒ္ဓရှင်တော်ဘုရား၏ အမြင်တွင် လူတို့သည် ပိုးဖလံမျိုးမီးကို တိုးသည့်ပမာ အာရုံ (၆)ပါးနှင့် ခံစားနေကြရသည့် လောကီကာမဂုဏ် စည်းစိမ်ချမ်းသာမှုသည် စိုးရိမ်မှု (သောက)၊ ငိုကြွေးမှု (ပရိဒေဝ)၊ ကိုယ်ဆင်းရဲမှု (ဒုက္ခ)၊ စိတ်ဆင်းရဲမှု (ဒေါမနဿ) စသော (ဒုက္ခ) အစုတို့နှင့် (ကိလေသာ) ပူလောင်မှု အပြည့်ရှိနေသည့် (ဒုက္ခ) ဆင်းရဲခြင်းဟု မြင်၏၊ လူတို့သည် ဒုက္ခကို ခံစားနေ

http://www.dhammadownload.com



ကြရသော်လည်း ဒုက္ခဟု မထင်မြင်ကြပေ။

မြတ်စွာဘုရား၏ တရားတော်သည် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ ဟူ၍ တကယ်မရှိ၊ ခန္ဓာငါးပါး (ဝါ) (ရုပ်နာမ်) နှစ်ပါး တို့သာ ရှိ၏၊ ရုပ်နာမ်ခန္ဓာငါးပါးတို့သည် (အနိစ္စ) မမြဲခြင်း၊ (ဒုက္ခ) ဆင်းရဲခြင်း (အနတ္တ) ကိုယ့်အလို မပါခြင်း (ငါ) မဟုတ်ခြင်း တရားပင်ဖြစ်၏။

ပုထုဇဉ်လူတို့၏ သိပုံမှာ (ရုပ်နာမ်) ဟုမသိ၊ (အတ္တ) (ငါ) ကောင်ဟုထင်မြင်ကြ၏၊ ငါနှင့်၊ ငါဉစ္စာမြဲသည် (နိစ္စ) ဟုထင်မြင် ကြ၏၊ ငွေရှိလျှင် ချမ်းသာသည်၊ ငွေနှင့် ချမ်းသာခြင်းကို (သုခ) ဟုထင်ကြ၏၊ ငွေရှိလျှင် ဘာမဆို လိုတာဖြစ်သည်၊ (အနတ္တ) ဟု မမြင် (အတ္တ) ငါ့အလို ပြည့်၏ဟု မြင်ကြ၏။

မြတ်စွာဘုရားက ကောင်းမှု (ကုသိုလ်) ဖြစ်စေချင်သည် (သီလ၊ သမာဓိ၊ ပညာ) ဖြစ်သော (နိဗ္ဗာန်) ရောက်ကြောင်း တရားကို မြင်စေလို၏၊ ပုထုဇဉ် လူတို့၏ စိတ်သည်၊ မကောင်းမှု၌ သာ မွေ့လျော်၍၊ မကောင်းမှု (အကုသိုလ်) ကိုသာ အပြုများကြ ၏၊ အူမတောင့်ဖို့သာ အဓိက ဟုပြောသော်လည်း အူမတောင့် လာသည့်အခါ၌ ချမ်းသာဖို့က အဓိက ဖြစ်လာပြီး လူ့အလို နတ်မ လိုက်နိုင်သည့် (လောဘ၊ ဒေါသ၊ မောဟ) စိတ်များသာ ဖြစ်ကြ၍ ပုထုဇဉ်တို့၏ (လောဘ၊ ဒေါသ၊ မောဟ) တို့သည် (သီလ၊ သမာဓိ၊ ပညာ) ဖြစ်သော (နိဗ္ဗာန်) ရောက်ကြောင်း တရားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသောကြောင့် (နိဗ္ဗာန်) ၏ ဆန့်ကျင်ဘက် သည် လူတို့ ပြုလုပ်ကြသည့် သံသရာလည်မှု (အပါယ်ဇာတိ) ရမှု

http://www.dhammadownload.com



သာ ဖြစ်နေကြပါတော့သည်။

ဗုဒ္ဓဘုရားရှင်တော်က လူ၊ သတ္တဝါ တို့အား (နိဗ္ဗာန်) ရောက်ကြောင်း အမြင် ဖြစ်ပေါ်လာစေသည့် မိမိတို့၏ အဇ္ဈတ္တ သန္တာန်အတွင်းရှိ ခန္ဓာငါးပါးကိုသာ ရှုကြည့်စေချင်၏၊ လူတို့သည် ကား လူလူချင်းကြည့်ကြ၏၊ အပြင်အာရုံများကိုသာ ကြည့်ကြ၏၊ လူတို့ သည် ပြင်ပ (အာရုံ) များကိုသာကြည့်ပြီး၊ အာရုံငါးပါးတို့၏ သာယာမှု၌ တပ်မက်စွဲလန်း ညိတွယ် ခံစားနေချင်ကြသော ကြောင့် ကိလေသာ (တဏှာ) အားကြီးကြ၏။

မြတ်စွာဘုရားက ကိလေသာကို ပါယ်စေလို၏။ ထို့ ကြောင့် လူသတ္တဝါတို့၏ (အမှားမြင်) နှင့် မြတ်စွာဘုရား၏ (အမှန်မြင်) တို့သည် လုံးဝဆန့်ကျင်ဘက်ဖြစ်ပြီး၊ ပြောင်းပြန် သဘော ဆောင်မှုတို့သည် အလွန်ကျယ်ပြန့်စွာ ဖြစ်နေကြခြင်းတို့ ကြောင့် မြတ်စွာဘုရားဖြစ်ခါစကလူ၊ သတ္တဝါ တို့အား ကယ်ချွတ် လို့ ရနိုင်ပါ့မလား၊ တရားမဟောတော့ဟု စိတ်တော်၌ ရုတ်တရက် ဖြစ်ပေါ်ခဲ့သော်လည်း ချက်ချင်းပင် လူ၊ သတ္တဝါ တို့အား ကယ်ဖို့ ဘုရားဖြစ်လာသည်ကို ဆင်ခြင်မိခြင်း၊ သတ္တဝါ တို့အပေါ် သနားကြင်နာတော်မူသည့် (မေတ္တာ၊ ဂရုဏာ) အား ကြီးတော်မူ သော ဘုရားရှင်သည် ကျွတ်ထိုက်သူ နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါ တို့အား (အမှားမြင်) မှုမှ (အမှန်မြင်တရား) ဖြစ်သော (ကမ္မဿ ကတသမ္မာဒိဋ္ဌိ) ကံ ကံ၏ တရား၊ (ဝိပဿနာသမ္မာဒိဋ္ဌိ) နိဗ္ဗာန် ရောက်ကြောင်း (အမှန်မြင်တရား) များကို ဟောကြား ပြသ ဆုံးမ တော်မူပြီး အမှားမြင် (ဒိဋ္ဌိ) အစေးများကို (မဂ္ဂင်) ရေအေးဖြင့်

http://www.dhammadownload.com



ပက်ဖြန်း၍ (ငါ) (ဒိဋ္ဌိ) စွဲ အစေးများကို ခွာချ ပေးတော်မူပြီး အမြိုက် (နိဗ္ဗာန်) သို့ ပို့ဆောင်တော်မူပါသည်။

လူတို့၏ (ဒိဋ္ဌိ)အမြင်မှား၊ (အသိ) မှားပုံမှာ အလွန်ကျယ်ပြန့်လှပါသည်၊ (ဒိဋ္ဌိ) ဖြစ်သော (စိတ်) ကို (ဒိဋ္ဌိစိတ်) ဟုခေါ်ပြီး၊ ဗုဒ္ဓဘာသာမဟုတ်သည့် ကံ ကံ၏ တရားကို မယုံကြည်သည့် အယူမှား ရှိကြသူများကို (မိစ္ဆာဒိဋ္ဌိ) ဟုခေါ်ကြပါသည်။ ဗုဒ္ဓဘာသာဖြစ်ပြီး ကံ၊ ကံ၏တရားကို ယုံကြည်ပါသော်လည်း (ငါ) အတ္တစွဲ ကြီးနေကြသော သူများကိုကား (သက္ကာယဒိဋ္ဌိကြီး) များ၊ (အဝိဇ္ဇာ) ကြီးများဟု ခေါ်လိုလျှင်ခေါ်လို့ရပါသည်။

# (ဒိဋ္ဌိ) ခွါ တရားများ

လောက၌ ပုထုဇဉ်လူသားတို့သည် (ခန္ဓာငါးပါး) ကို (ငါ) လို့ယူသော (သက္ကာယဒိဋ္ဌိ) ၄ွဲ အားကြီးကြပါသည်။ ပုထုဇဉ် လူသားတို့၏ (အတ္တ) (ငါ) ဟူသော (သက္ကာယဒိဋ္ဌိ)သည် လောကုတ္တရာ (နိဗ္ဗာန်) ရောက်ကြောင်း "အမှန်မြင်" (သမ္မာဒိဋ္ဌိ) နှင့် မည်မျှအထိ ဆန့်ကျင်နေကြောင်းကို အောက်၌ ဖော်ပြပါအတိုင်း သိမြင်နိုင်ကြပါသည်။

# လူတွေ၌ (ငါ) အားကြီးသော (ဒိဋ္ဌိ) ဖြစ်နေကြပုံ

အရှင်ဇနကာဘိဝံသဆရာတော် ဘုရားကြီးက ရေးပြသည်မှာ ပုထုဇဉ်လူသားတို့သည် နံနက်မိုးသောက်၍ အိပ်ယာမှ

http://www.dhammadownload.com



နိုးလာသည့် အချိန်မှစပြီး ညအိပ်သည့် အချိန်အထိ လူတိုင်း လူတိုင်းသည် ကိုယ့်ကိုကိုယ် (ငါ) ဟူသော (အတ္တ) ကောင်ဟု အထင် ရှိနေကြ၏။ (ငါ) ဟူသော (အတ္တ) (ငါ) ကောင်အတွက် ရုန်းကန် လှုပ်ရှားနေကြရသည်ဟု ထင်နေကြပါသည်။ ထိုထိုကိစ္စ များကို ပြုစရာရှိလျှင် (အတ္တ) (ငါ) အကောင်ကလေး၏ အလို အတိုင်း လက်ခြေတို့က ကိုင်မှု၊ တွယ်မှု၊ သွားမှု၊ လာမှု၊ လှုပ်ရှားမှု၊ ပြောဆိုမှု၊ စားသောက်မှု စသည့်အမှုကိစ္စတို့ကို ပြုပေးနေရသည် ဟု အထင် ရှိနေကြပါသည်။

(အတ္တ) ငါကောင်ကလေးက သွားချင်လျှင် ခြေလက်တို့ က သွားပေးရ၏ (အတ္တ) ငါကောင်လေးကစားချင်လျှင် လက် ဖြင့် စားစရာကိုယူ၍ ပါးစပ်ဖြင့် ဝါးစားပေးရ၏၊ (အတ္တ) ငါ ကောင်ကလေးက အိပ်ချင်လျှင် အိပ်ရ၏၊ စကားပြောလိုသောအ ခါ (အတ္တ) ကောင်ကလေး၏ အလိုအတိုင်း ပါးစပ်၊ လျှာတို့ လှုပ် ရှား၍ အသံထွက်အောင်ပြုပေးရ၏၊ ထွက်သောအသံသည်ပင် (အတ္တ) ငါကောင်ကလေး၏ အလိုအတိုင်း စကားပြောမှု၊ ဆိုမှု တွေ ထွက်နေရ၏၊ တစ်ယောက်နှင့် တစ်ယောက်ချစ်ခြင်း၊ မုန်း ခြင်းသည်ပင်လျှင် အတ္တ (ငါ) ကောင်ကလေး၏ချစ်ခြင်း၊ မုန်းခြင်း ပင် ဖြစ်နေကြ၏။

ခန္ဓာကိုယ်တစ်ခုလုံး၏ပိုင်ရှင်သည် (အတ္တ) ငါကောင်က လေးဖြစ်သည်ဟု အထင်ရှိကြပါသည်။ (အတ္တ) ငါကောင်ကလေး သည် ခန္ဓာကိုယ်အတွင်း၌ ရှိသည်ဟု ယူဆကြပြီး ထို (အတ္တ) ငါ ကောင်ကလေးကိုပင် **"အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာ ကောင်"** ဟု အမျိုးမျိုးနာမည်တပ်၍ စွဲလန်းနေကြပါသည်။ ဒီအ

http://www.dhammadownload.com



ကောင်၊ ဟိုအကောင် ဟူသော အသုံးအနှုန်းများမှာလည်း ထို (အတ္တကောင်) လေးကို ခေါ်သော အသုံးအနှုန်းများပင်ဖြစ်နေကြပါသည်။

## ဘဝပြောင်းရာမှာလည်း အတ္တ(ငါ)စွဲ (ဒိဋ္ဌိ) ပါနေပုံ

အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရားကြီးက ဆက်လက်၍ လူအချို့တို့ အထင်ရှိကြသည်မှာ၊ ဤဘဝ (ခန္ဓာကိုယ်) သည် ထို (အတ္တ) (ငါ) ကောင်ကလေး၏နေရာ ခန္ဓာအိမ် ပင်ဖြစ်၏၊ ဤဘဝ (ခန္ဓာ) အိမ်သည် အိုမင်း ယိုယွင်းလာသောကြောင့် ဖြစ်စေ၊ ရောဂါအမျိုးမျိုးဖြစ်လာ၍ ခန္ဓာအိမ် မခိုင်မမြဲ၊ ယိုင်လဲလုနေသောကြောင့် ဖြစ်စေ၊ ထို (အတ္တ) ငါ အကောင်ကလေးသည် ထိုခန္ဓာအိမ်အဟောင်းကို စွန့်၍၊ ခန္ဓာအိမ်အသစ်သို့ ရွှေ့ပြောင်းပြန်သည်။ ခန္ဓာအိမ်သာပျက်၍ (အတ္တ) (ငါ) အကောင်ကလေးက မည်သည့်အခါမှ မပျက်ပဲ (မြဲ) သော (နိစ္စ) တရားသာ ဖြစ်သည် ဟူသော (ငါ့) ဘဝဆက်သည်ဟူသော အယူ (သဿတဒိဋ္ဌိ)အယူ ရှိနေကြပါသည်။

အချို့လူတို့မှာကား လက်ရှိဘဝကို အလွန် ခင်တွယ်ကြပြီး (အတ္တ) ငါကောင်ကလေးပျောက်သွားမှာကို အလွန်စိုးရိမ်ကြပါသည်။ ထိုသူတို့သည် သေခါနီးအချိန်၌ (ငါ) သေတော့မည်၊ (ငါ့) ဘဝပျောက်တော့မည်၊ (ငါ) သေရင် (ငါ့) ဘဝပြတ်ပါပြီ၊ (ငါ့) ဘဝပျောက်ပြီဟူသော ဘဝပြတ်သည် ဟူသောအယူ (ဥစ္ဆေဒဒိဋ္ဌိ) စွဲရှိကြသူများ ဖြစ်ကြပါသည်။ ထိုသူတို့သည် သေခါနီး၌ (ငါ)

http://www.dhammadownload.com



သေတော့မည်၊ ငါ့သား၊ ငါ့သမီး၊ ငါ့မယား၊ ငါ့တိုက်တာ၊ ငါ့အိုးအိမ်၊ ငါ့ ရွှေငွေပစ္စည်းတွေနဲ့ (ငါ) တော့ ခွဲရတော့မည်ဟု စိုးရိမ်မှု (သောက)၊ စွဲလန်းမှု (ဥပါဒါန်) ကြီးစွာဖြင့် သေခါနီး ဘဝပျောက်မှာကို အလွန်စိုးရိမ်ပြီး၊ လက်ရှိဘဝကို မလွှတ်ချင်ပဲ၊ လက်ရှိဘဝကို အလွန်တွယ်တာရင်းဖြင့် မျက်ရည်စက်လက်ကျပြီး သေပွဲဝင် သွားကြသည့်သူများ ဖြစ်ကြပါသည်။ ထိုသူတို့သည် ၎င်းတို့၏အိမ်၌ တစ္ဆေ၊ ပြိတ္တာများ ဖြစ်ကြပြီး မကျွတ်နိုင်တော့ပေ၊ အချို့မှာ အိမ်မွေး တိရစ္ဆာန်များ ဖြစ်လျက် ၎င်းတို့၏အိမ်၌ ပြန်စောင့်ကြရ၏။

ငါသေရင် ငါ့ဘဝတော့ ပျောက်ပါပြီ၊ ငါ့သား၊ ငါ့သမီး၊ ငါ့မယား၊ ငါ့အိုးအိမ်၊ ငါ့တိုက်တာ၊ ငါ့ရွှေငွေ၊ ငါ့ပစ္စည်းတွေနဲ့ ခွဲခဲ့ရပါပြီဟု လက်ရှိဘဝကို မလွှတ်ချင်ပဲ (ငါ့) ဘဝ ပျောက်တော့မည်ဟူသော အသိစွဲဖြစ်သော (ဥစ္ဆေဒဒိဋ္ဌိ) အယူအစွဲနှင့် သေပွဲဝင်ကြရသော သူတို့သည် (အကုသိုလ်) ကို အလွန်အားသန်ကြပါသည်။

ထိုသူတို့ အယူရှိကြသည်မှာ (ဘဝ) ဆိုတာ သေရင်ပြတ်တာပဲ၊ နောက်ဘဝမှမရှိပဲ၊ ဒီဘဝချမ်းသာဖို့ပဲ အရေးကြီးတယ်၊ ဘယ်သူသေသေ ငတေမာဖို့ပဲ အရေးကြီးသည် ဟူ သော ယူဆချက်ဖြင့် ကံ ကံ၏အကျိုးကို မမြင်၊ သူတစ်ပါးအသက် သတ်ရမှာကိုလည်း ဝန်မလေး၊ သူတစ်ပါးအား လှည့်ဖျားရမှာကိုလည်း ဝန်မလေး၊ သူတစ်ပါးအား မတရားလုပ်ရမှာကိုလည်း ဝန်မလေးကြသော (အကုသိုလ်) အားသန်ကြသူများသည် (ဥစ္ဆေဒဒိဋ္ဌိ) အယူ စွဲနေကြသူများ ဖြစ်နေကြပါသည်။

http://www.dhammadownload.com



(ကုသိုလ်)အားသန်သူများသည်၊ နောင်ဘဝရှိသေးသည် ဟူသော (သဿတဒိဋ္ဌိ)ဝါဒအယူကို အလွန်နှစ်သက်ကြပါသည်။ နောင်ဘဝ ကောင်းကျိုးကိုမျှော်ပြီး ကြိုက်နေကြခြင်း ဖြစ်ပါသည်။ ထိုဝါဒစွဲ သန်သောသူတို့သည် (ကုသိုလ်) ကောင်းမှုကို ပြုကြပါသည်။

ထို (သဿတဒိဋ္ဌိ) နှင့် (ဥစ္ဆေဒဒိဋ္ဌိ) ဝါဒစွဲ (၂) ခုသည် ဘာသာတိုင်း၌လည်းကောင်း၊ ဘာသာမဲ့၌လည်းကောင်း၊ ယောင်ချာချာ လူလုပ်နေကြသည့် လောကုတ္တရာ (အသိ) တရား မရှိကြသည့် ဝေလေလေလူများ၌လည်းကောင်း၊ သတ္တဝါတိုင်း၌ပင် တစ်ခုခု ပါဝင်နေတတ်ကြပါသည်။

ဤ (သဿတဒိဋ္ဌိ) နှင့် (ဥစ္ဆေဒဒိဋ္ဌိ) အစွဲ (၂)ခု မကင်းကြသေးသောသူများသည် ခိုင်းနွားကြီးအား ချည်တိုင်၌ ချည်လျှက် မောင်းနှင်နေသကဲ့သို့ မည်သို့မျှပင် ဘဝ လွတ်မြောက်အောင်၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် အားထုတ် ပါသော်လည်း အချည်းနှီးသာဖြစ်နေတတ်ကြပါသည်။ **အကြောင်းမှာ အမှန်မြင်တရား (သမ္မာဒိဋ္ဌိ) ကို မသိပဲ၊ အမှားမြင် (ဒိဋ္ဌိ) နှင့် လူ လုပ်နေကြသောကြောင့် ဖြစ်ပါသည်။**

ဤ (သဿတဒိဋ္ဌိ)နှင့် (ဥစ္ဆေဒဒိဋ္ဌိ) အစွဲ ဒိဋ္ဌိ (၂) ခု၏ လက်သည် တရားခံသည် (သက္ကာယဒိဋ္ဌိ) ပင် ဖြစ်ပါသည်။ (သက္ကာယ) ဟုခေါ်ဆိုသည့် (ခန္ဓာငါးပါး) သက္ကာယကို အတ္တ (ငါ) ဟု အထင်ရှိကြသည့် အမှားမြင် (ဒိဋ္ဌိ) ကြောင့် (သက္ကာယဒိဋ္ဌိ) အစွဲ ဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။

http://www.dhammadownload.com



(ဒိဋ္ဌိ)သည် (၆၂) ပါးပင် များပြားသော်လည်း အချုပ်မှာ ခန္ဓာကိုယ်ကြီးဖြစ်သော (သက္ကာယ) ဟုခေါ်သော (ခန္ဓာငါးပါး) ကို (ငါ) လို့ယူသော (ငါ)လို့ ထင်သော (သက္ကာယဒိဋ္ဌိ) အတ္တဒိဋ္ဌိ ကြောင့်ပင်ဖြစ်ပါသည်။

## ငါ (ဒိဋ္ဌိ) ဖြစ်ပေါ်လာပုံ

လူ့ဘဝမှာ၊ လူ့လောကမှာ လောကသားအချင်းချင်း နားလည်ကြရအောင် (သမုတ်) ထား၍ (ပညတ်) ထား၍ ခေါ်ဝေါ် နေကြသည်မှာ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ လို့သာ ခေါ်ဆို ပြောဆိုနေကြရပါသည်။ ငါလို့ပြောရင် သိ၏၊ သူလို့ပြော ရင်သိ၏၊ ယောက်ျား၊ မိန်းမ၊ ခွဲခြားပြောမှသိကြလို့ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ကိုယ်ခန္ဓာ၊ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ တော၊ တောင်၊ ရေ၊ မြေ၊ မြို့၊ ရွာ စသည်ဖြင့် သမုတ်ထား သည့်၊ လောကမှာရှိရှိသမျှ ခေါ်ဝေါ်သုံးစွဲကြသည့် အခေါ်ဝေါ် မှန်သမျှသည် လောကီပုထုဇဉ်လူသားများအတွက် အခေါ်အ ဝေါ်များသာဖြစ်၏။ ဒီလိုမခေါ်လျှင် နားမလည်နိုင်ကြလို့ သမုတ် ထားမှုမှန်သမျှ (သမုတိသစ္စာ)အနေဖြင့် မှန်ပါသည်ဟု ဘုရားရှင် ဟောကြားခဲ့ပါသည်။

သို့သော်မြတ်စွာဘုရားဟောကြားခဲ့သည့် လောကုတ္တရာ တရား ဒုက္ခသံသရာမှ လွတ်မြောက်သည့် (နိဗ္ဗာန်) ချမ်းသာကို ရလိုကြပါလျှင်၊ အရိယာသူတော်ဇဉ်များ ဖြစ်လိုကြပါလျှင် လောကသားတို့ သိကြမြင်ကြသည့် (သမုတိသစ္စာ) လောကီ

http://www.dhammadownload.com



(ပညတ်) အမြင်မှ (ပရမတ္ထသစ္စာ) အမှန်မြင်တရား၊ အမှန်ရှိ၊ အဟုတ်ရှိ၊ တကယ်ရှိ (အမှန်မြင်) အသိတရား (သမ္မာဒိဋ္ဌိ) ပညာဉာဏ် အမြင်လိုအပ်ပါသည်။

လောကထဲမှာ ခေါ်ဝေါ်နေကြသည့် အခေါ်အဝေါ် (ပညတ်) များသည် လောကီကိစ္စအနေဖြင့်မှန်၏။ (လောကီ) နှင့် မရောယှက်သော လောကုတ္တရာ အမြင်၊ (နိဗ္ဗာန်)ချမ်းသာအတွက် အမြင်၊ (ပရမတ္ထသစ္စာ) အမြင်၊ တကယ်ရှိ၊ အမှန်ရှိ၊ အမှန်တရား အနေဖြင့် လောကီပုထုဇဉ်လူသားတို့၏ (ပညတ်) အမြင်သည် (လောကုတ္တရာအမြင်)နှင့် ကြည့်လျှင် မမှန်တော့ပါ၊ (ပညတ်) အမြင်သည်ဒုက္ခသံသရာပြတ်ကြောင်း (နိဗ္ဗာန်) ရောက်ကြောင်း အမှန်မြင်နှင့် ဆန့်ကျင်ဘက် ပြောင်းပြန်ဖြစ်နေပါတော့သည်။

ပုထုဇဉ်လူသားများအနေနှင့် (ငါ) လို့ ပြောရင်၊ ဆိုရင်၊ သိနားလည်နေကြသည့်အတွက် ထိုသို့ (ငါ) လို ပြောရင်း ဆိုရင်း နှင့်ပင် (ခန္ဓာငါးပါး) သက္ကာယကို (ငါ)လို့ယူသည်၊ (သက္ကာယဒိဋ္ဌိ) (ငါ) လုံးလုံး ဖြစ်လာကြပါတော့သည်။

(ငါ) လုံးလုံး ဆိုသည်မှာ (ခန္ဓာငါးပါး) ကို အတ္တ(ငါ) ကောင်လို့ အယူရှိနေကြသည့် အတွက်ကြောင့်ဖြစ်လာရ၏၊ ထို့ကြောင့် ပုထုဇဉ်များသည် (နိဗ္ဗာန်) ရောက်ကြောင်းတရားနှင့် ဆန့်ကျင်နေသည့် (ငါ) (ဒိဋ္ဌိ) ကြီးများပင်ဖြစ်နေကြပါတော့၏။ ဘုရားလက်ထက်တော်က ကံကံ၏ တရားကိုမယုံပဲ အယူမှား သည့် (မိစ္ဆာ) အယူရှိနေကြသူများကို (မိစ္ဆာဒိဋ္ဌိ) ကြီးများ ဟု

http://www.dhammadownload.com



ခေါ်ဝေါ်ကြသကဲ့သို့ (ခန္ဓာငါးပါး) ကိုယ်ခန္ဓာကြီးကို အတ္တ (ငါ) ကောင်ပဲဟု အယူရှိကြသည့် ပုထုဇဉ်လူသားများသည် (ငါ) ဒိဋ္ဌိကြီးများ (ဝါ) (သက္ကာယဒိဋ္ဌိ) ကြီးများပင် ဖြစ်နေကြပါတော့သည်။

ဝနဝါသီဥေယျမမ္ဗသာမိထေရ် ဆရာတော်ဘုရားကြီးက လောက၌ (ငါ) တစ်လုံး အသုံးများနေခြင်းကြောင့်၊ ပုထုဇဉ်တို့သည် (ခန္ဓာငါးပါး) ကို (ငါ) ဟုထင်နေကြ၏။ (ခန္ဓာငါးပါး) ကို (ငါ) ဟု ထင်နေသော (သက္ကာယဒိဋ္ဌိ) ဖြစ်နေသမျှ ကာလပတ်လုံး၊ ဒုက္ခ ဆင်းရဲခြင်းဖြင့် လုံးပါး ပါးနေကြရပါတော့မည်။ (ကုသိုလ်) မရှိလျှင် (ဒိဋ္ဌိ) နှင့် အပါယ်သံသရာ၌ လည်နေ ကြရမည်သာ ဖြစ်တော့သည်။

ပုထုဇဉ်များသည် (ငါ) အယူဖြင့် သားစဉ်မြေးဆက် (ငါ) ပဲဟု အယူရှိလာကြသည့်အတွက် (ငါ) ဟူသော အယူ (အမှား) ကို တကယ့်အမှန်ပဲဟု ထင်မြင်ကြလျက် ပုထုဇဉ်လူသားတိုင်း (ခန္ဓာငါးပါး) ကို (ငါ) ဟူ၍ တယူသန်သုံးစွဲခဲ့ကြပါသည်။ ယင်း (ငါ) သည် ပဲခူးဆားသဖွယ် နေရာတိုင်း၌ သုံးစွဲခဲ့ကြရာ၊ ကိစ္စတစ်ခု ပေါ်တိုင်း၊ (ငါ) ပါမြဲ ဖြစ်နေကြ၏၊ (ငါ) မပါလျှင် စကားအရာမှာပင် ဟာတာတာ ဖြစ်နေကြတော့ပါသည်။

(ငါ) အယူရှိလျှင် တန်ပြန်ဖြစ်သော (သူ) သည်လည်း အလိုလို ပေါ်ထွက်လာ၏၊ (ငါ) ကို ခွဲထုတ်လိုက်သော (ငါ) နှစ်ကိုယ်ခွဲ ဖြစ်နေ၏၊ (ငါ) နှင့်ပင် နှိုင်းယှဉ်သောကြောင့် (ငါ့) ဘက်

http://www.dhammadownload.com



က ကြည့်လျှင် (ငါ) သည် (ငါ) ဖြစ်၏၊ (သူ) ဘက်က ပြန်ကြည့် ပြန်လျှင် (သူ) သည် (ငါ) ဖြစ်နေပြန်၏။

ထို (ငါ) နှစ်ခု၌ အဖိုးတန်ပစ္စည်း တစ်ခုကို ယှဉ်ပြိုင်လု ကြပါလျှင် (ငါ) ဘက်ကသာ နိုင်နေကြရ၏။ သေရေး၊ ရှင်ရေး အပြိုင်လုကြပါလျှင်လည်း (ငါ) ဘက်ကသာ နိုင်ကြမည်သာဖြစ် ၏။

လောက၌ (ဒိဋ္ဌိ) သွေး မကင်းစင်သေးသူ လူ (၁၀) ယောက်ကို မေးကြည့်လျှင် (ငါ) ဘက်ကသာ နိုင်လိုသည်ဟု နှုတ် က ပြောဆိုကြမည်သာဖြစ်၏။ အခြေအနေအရ နှုတ်က ဘူးကွယ် လျှင်လည်း ကိုယ်နှင့်စိတ်က ဝန်ခံကြမည်သာဖြစ်ကြ၏။ တစ်ဖက် က ရှိနေသည့် (ငါ) ကလည်း ထို့နည်းတူစွာ ဖြစ်နေကြမည်သာ ဖြစ်၏။

တစ်ဖက်နှင့် တစ်ဖက် သာစေလိုလျှင် ယှဉ်ပြိုင်ကြမည်၊ တစ်မျိုးဖြင့် မနိုင်လျှင် တစ်မျိုးဖြင့် ယှဉ်ပြိုင်ကြမည်၊ တရားသဖြင့် မနိုင်လျှင် မတရားသဖြင့် အနိုင်ယူကြမည်၊ ထို (ငါ) ပြိုင်ပွဲကြီးထဲ ၌ အကုသိုလ်၊ ဒုစရိုက်တို့သည် သူ (ငါ့) ဘက်၊ ကိုယ် (ငါ့) ဘက် ချည်းဖြစ်ကြတော့၏၊ ဤကား (ဒိဋ္ဌိ) (ငါတကော) သမားတို့၏ သဘောထားပင် ဖြစ်တော့၏။

http://www.dhammadownload.com



# ငါ (ဒိဋ္ဌိ) သည် အကုသိုလ် ဒုစရိုက်တို့၏ ခေါင်းဆောင်ဖြစ်ပုံ

ဝနဝါသီဥဇ္ဇယျမေ့ဓာသာမိထေရ် ဆရာတော်ကြီးက ဆက်လက်၍ (အကုသိုလ်)၏ တည်မှီရာကား(ကံ)သုံးပါး (စေတသိက်) ဖြစ်၏။ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားကျူးလွန်သော အကုသိုလ်ဖြစ်၏။ အကုသိုလ်ဒုစရိုက်၏ တည်မှီရာမှာကား (ဒိဋ္ဌိ) (စေတသိက်)ပင် ဖြစ်လေတော့၏၊ **မကောင်းမှု ဒုစရိုက်တို့သည် အမှားမြင် (ဒိဋ္ဌိ) ပေါ်၌ တည်မှီကြ၏**။ (မသိမှု) မောဟ (အဝိဇ္ဇာ) ကြောင့် ကြိုက်မှု (လောဘ)၊ မကြိုက်မှု (ဒေါသ) တို့သည် (စိတ်) ကို လှည့်စားကြပြီး (စိတ်)နှင့် သဘောတူညီမှုရပါက ဆိုင်ရာ (ကိုယ်) နှင့် (နှုတ်) ကို ခိုင်းစားလေတော့၏။

ထို (အကုသိုလ်) တို့သည် (ဒိဋ္ဌိ) နှင့် ယှဉ်လျှက်နေကြသဖြင့် (ဒုစရိုက်) ပြုရာ၌လည်း ယင်း (ဒိဋ္ဌိ)ကိုသာ အခြေခံ၍ **ကျူးလွန်ကြရချေ၏၊ (ဒိဋ္ဌိ) သည် (အကုသိုလ်) (ကံ) ကို စီရင်၏၊ ဒုစရိုက်သည် (ဒိဋ္ဌိ) နှင့်ယှဉ်၍ (ကံ) ပြုရာကို ခံရ၏၊ ထို့ကြောင့် ကံသုံးပါးဖြင့် အကုသိုလ်၊ ဒုစရိုက်မှု ပြုလေတိုင်း (ဒိဋ္ဌိ)သည် ခေါင်းဆောင်ဖြစ်နေတော့၏**။

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားခဲ့သည်မှာလည်း ခန္ဓာငါးပါး (သက္ကာယ)ကို (ငါ) ထင်သည် (သက္ကာယဒိဋ္ဌိ) (ငါ) ဦးစီးနေမှု (ဒိဋ္ဌိ) နှင့်ပတ်သက်၍ ဟောကြားခဲ့သည့် (ဒိဋ္ဌိ) ခွာတရားတော်တွင် အဇာတသတ်မင်းသား၊ သူ့ဖခင် ဗိမ္ဗိသာရမင်း

http://www.dhammadownload.com



ကြီးကို သတ်ရာမှာ သူ့ကိုယ်သူ (အတ္တ) သညာ (ငါ) ပဲဆိုတဲ့ (ငါ) စွဲ၊ ပုဂ္ဂိုလ်စွဲ ရှိနေတော့ (ငါ) အသက်ကြီးမှ ထီးမွေနန်းမွေ ရမယ် ဆိုရင် (ငါ့) အတွက် အလကားပေါ့၊ (ငါ့) မှာ ခံစားချိန် မရှိတော ဘူး ဆိုပြီး (အတ္တ) သညာ (ငါ) လို့ ထင်နေတဲ့ (အတ္တဒိဋ္ဌိ) (ငါ) စွဲ နဲ့ အဖ သတ်တဲ့ကံ ကျူးလွန်လိုက်တာပါပဲ။

ငါ၊ (ဒိဋ္ဌိ) ကနေ ဒိဋ္ဌုပါဒါန်လုပ်တာ (မနောကံ) ကစပြီး ဖြစ်ပေါ်ခဲ့လို့ (ကာယကံ) တောင်မဟုတ်သေးဘူး၊ (ဝစီကံ) နဲ့ပဲ ဖခင်ကို သတ်ခိုင်းလိုက်တော့ (လောကကုမ္ဘီ) ဆိုတဲ့ အပါယ်ငရဲ ကျရတယ်၊ **အဖသတ်လို့သာ ငရဲကျတယ်လို့ ဆိုရတယ်၊ စင်စစ် တော့ အဖကိုသတ်ဖြစ်အောင် တိုက်တွန်းတာက (ငါ) ဆိုသော (သက္ကာယဒိဋ္ဌိ) အတ္တသညာ (ငါ) လို့ အမြင်မှားသည့် (ဒိဋ္ဌိ) (ငါ) ပါပဲ။**

မိဘက ဗုဒ္ဓဘာသာ၊ ဘုရားကို အလွန်ကြည်ညိုပြီး မေတ္တာတရား ထားတတ်တဲ့မိဘ၊ သူက ဗုဒ္ဓဘာသာဖြစ်ပေမဲ့ (သက္ကာ ယဒိဋ္ဌိ)၊ **(ဒိဋ္ဌိ) ဘယ်ကလာတုံးဆိုတော့ (အတ္တ) သညာက လာတယ်၊ (အတ္တ) သညာဆိုတာ ခန္ဓာငါးပါး (ဝါ) ရုပ်နာမ် နှစ် ပါးကို (ငါ) လို့ ထင်တာက စတာပဲလို့ ဟောကြားခဲ့ပါသည်။ ခန္ဓာ ငါးပါးကို (ငါ) လို့ ယူသော သက္ကာယဒိဋ္ဌိ (ငါ) စွဲနေခြင်းသည် (ဒိဋ္ဌိ) ဖြစ်ပြီး (ဒိဋ္ဌိ) သည်ပင်လျှင် အကုသိုလ် ဒုစရိုက်တို့၏ ခေါင်းဆောင် ဖြစ်ကြောင်း ဟောကြားခဲ့ပါသည်။**

(ငါ) လိုချင်သည် ဖြစ်လျှင် (ဒိဋ္ဌိ) ခေါင်းဆောင်ပါသည်။

http://www.dhammadownload.com



(အဝိဇ္ဇာ၊ တဏှာ) အသိ၊ အကုသိုလ် အသိဖြစ်ပါသည်။ (ငါ) သတ်ခဲ့ပြီဆိုလျှင် (ဒိဋ္ဌိ) ခေါင်းဆောင်သော ဒုစရိုက်အသိဖြစ်ပါသည်။ ဤအသိများ၌ (ဒိဋ္ဌိ) ခေါင်းဆောင်နေပါတော့သည်။

(ဒိဋ္ဌိ) သည် (၆၂)မျိုးပင် များပြားသော်လည်း လက်သည်းကား (ငါ)ဆိုသော (သက္ကာယဒိဋ္ဌိ) အတ္တသညာဒိဋ္ဌိပင်ဖြစ်၏။ (ငါ) ဒိဋ္ဌိတစ်လုံးရလျှင် တဏှာ (ငါ့) ကိုယ်၊ မာန (ငါ့) ဟာ၊ ဒိဋ္ဌိ (ငါ့ဥစ္စာ) သည် (ငါ) ဒိဋ္ဌိတစ်လုံးထဲက ခွဲထွက်လာပါသည်။

## ဒိဋ္ဌိတို့၏ စားကျက်များ

ဝနဝါသီဥဧယျမြေ့သာမိထေရ် ဆရာတော်ကြီးက (ဒိဋ္ဌိ) ဦးစီးသော (အကုသိုလ်ဒုစရိုက်) ဆိုးတို့၏ ကျက်စားရာ နေရာသည် (ကိုယ်၊ နှုတ်၊ နှလုံး) သုံးပါး (ဝါ) ကံသုံးပါးပင်ဖြစ်၏။ (ဒိဋ္ဌိ) တို့၏ တည်းခိုးရာ နေအိမ်သည်ကား (အာရုံ) နှင့် (သဏ္ဌာန်) ပင်ဖြစ်၏။

ထို (ဒိဋ္ဌိ) ၏ ကျက်စားရာ ဦးဆောင်တတ်ရာ (အာရုံ)နှင့် (သဏ္ဌာန်) ကို လိုက်၍ အကုသိုလ်၊ ဒုစရိုက်နှင့် အရောဝင်သော် စိတ်ကို ညစ်ညမ်းစေသော (ကိလေသာ)ဖြစ်၏၊ စိတ်ကိုညစ်းညမ်းစေသော (ကိလေသာ) နယ်ပယ်သည်လည်း သုံးမျိုးသုံးစားပင်ဖြစ်လာခဲ့ချေ၏။

http://www.dhammadownload.com



## ကိလေသာသုံးမျိုး

### (၁) ဝိတိက္ကမကိလေသာ

ဆိုသည်မှာကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးလုံးဖြင့် ကျူးလွန်မှုကိုဆိုလိုပါသည်။ စိတ်ထဲမှာ အောင့်မထားနိုင်၊ ချုပ်တည်းပြီး မထားနိုင်သောကြောင့်၊ ဒေါသထွက်လာသည့်အလျောက် ကိုယ်၊ နှုတ်၊ တစ်ခုခုတို့ဖြင့် မကောင်းမှု ဒုစရိုက်တစ်ခုခုကို ကျူးလွန်လိုက်သော ဒုစရိုက်မှုကို ခေါ်ဆိုသည်။

### (၂) ပရိယုဋ္ဌာနကိလေသာ

ဆိုသည်မှာ စိတ်ထဲမှာ ကြိတ်မနိုင်ခဲမရဖြစ်ပြီး ကြိတ်ပုန်းအဖြစ် မနောကံမြောက် (စိတ်) ဖြင့် ပြစ်မှား ကျူးလွန်လိုက်သော မကောင်းမှု ဒုစရိုက်ကို ခေါ်သည်။

### (၃) အနုသယကိလေသာ

ဟူသည် (မဂ်ဉာဏ်) ဖြင့် မပယ်-မသတ်-မခြင်း၊ မသိရ၊ မသိနိုင်လောက်အောင် အလွန်ခက်ခဲ နက်နဲလှသော သံသရာက မျိုးဗီဇမှ ပါလာသော (ဝိတိက္ကမ)နှင့် (ပရိယုဋ္ဌာန) ကိလေသာတွေကို ကံသုံးပါးဖြင့် ကျူးလွန်လာအောင် အစဉ်သဖြင့် နှိုးဆွပေးနေသော၊ နှိုပ်စက်မှုပေးမည့် ဆိုးကျိုးကို ဖန်ဆင်းပေးမည့် လူနောက်ကို

http://www.dhammadownload.com



အရိပ်သဖွယ် လိုက်ပါနေသည့် သတ္တဝါကို၏ (စိတ်) အစဉ်နောက်သို့ ထပ်ချပ်မခွာအစဉ်ပါနေ မှီတွယ်နေသည့်၊ ကိန်းဝပ်လိုက်ပါနေသည့် အကုသိုလ် (သတ္တိ) များကို ခေါ်ဆိုပါသည်။

ဝနဝါသီဥေယျမဟာသာမိထေရ်ဆရာတော်ကြီးက (အနုသယ) ကိလေသာသည် မထင်ရှား (ဥပမာ) ပြလျှင် အိပ်ပျော်သူသည် ကံလုံ၏ ဘာအပြစ်မျှမရှိ၊ သို့သော် နှိုးသူရှိ၍နိုးလာလျှင် စိတ်မချရ၊ ထို့အတူ (အနုသယ) ကိလေသာဟူသည် ယခင်ဘဝဘဝက ပြုစဉ်တုံးက (အာရုံ)၌ ငြိနေသော ကြိုက်၊ မကြိုက် (လောဘ) (ဒေါသ) သည် စိတ်ထဲတွင် ကိန်းအောင်း၍ စွဲပြီးကျန်ရှိခဲ့၏။ ထိုအစွဲသည် သေလွန်၍တဖန် (စုတိ) (ပဋိသန္ဓေ) ယူရာ၌ (ကြိုက်) (မကြိုက်) အစွဲသည် ပဋိသန္ဓေယူသည့် သဏ္ဍာန်၌ ထင်ဟပ်လာ၏ (မျိုး) အဖြစ် ပါလာ၏။

(ဥပမာ) ပြသော်ဓာတ်ပုံရိုက်ခံရာ၌ မှန်ဘီလူး၌ အရိပ်ထင်လျက် ဖလင်၌ အရုပ်ကပ်နေပုံအတိုင်းပင်ဖြစ်၏။ မှန်ဘီလူးအားသည် (အာရုံ) စွဲဟူ၍ မှတ်ရာ၏၊ ဖလင်၏ အစွဲအားသည် သဏ္ဍာန် စွဲ ဟူ၍မှတ်ရ၏။

ထိုအစွဲ(၂)မျိုးတို့သည် တစ်ချိန်ချိန်မီးပြ၍ ပေးချေသော် တဖက်စက္ကူ၌ မိမိ၏ ရုပ်သွင်ပီပြင်စွာ ပေါ်ထွက်လာသကဲ့သို့ ထို့အတူ အာရုံခံစားရာ၌လည်း ကြိုက်၊ မကြိုက်စသည့် သဘောကြောင့် စွဲကျန်ရစ်ခဲ့သောအစွဲများသည် အကျိုးပေးခွင့် သာသောကာလ၌ (ဘဝ) အဖြစ်ကိုရစေ၍ ထိုကြိုက်စွဲ၊ မကြိုက်စွဲ စသည့်

http://www.dhammadownload.com



အတိုင်း အကျိုး (ဝိပါက်) စိတ်များပြန်လည် ခံစားရတော့၏။

(အနုသယ) ကိလေသာသည် ရှေး (ဝိပါက်) စိတ်အတိုင်း (ကံသုံးပါး) တို့ ထကြွလှုပ်ရှားခွင့်ရအောင် အိပ်ယာမှထရန် နှိုးပေး ချေတော့၏။

(အနုသယ) ကို နားလည်နိုင်သည်မှာ ခွေးဘဝဖြစ်စဉ်က ခွေးမိန်းမကို တဏှာပေမဖြင့် ပြစ်မှားသာယာမိခဲ့သော ဒုစရိုက်မျိုးစေ့သည် လူ့ဘဝရောက်နေစဉ်ကာလ ငုပ်ကွယ်နေလေသဖြင့် ထိုခွေးမိန်းမကို မြင်တွေ့ပါသော်လည်း မတုန်လှုပ်ချေ။ အကယ်၍ ခွေးဘဝကို ပြန်ရောက်ရှိ၍ ခွေးမိန်းမကို မြင်ချေသော်ကား အတက်ပေါက်လာတော့မည် ဖြစ်၏။

ထိုအတူ လူ့ဘဝ စသည်များက ဒုစရိုက်များသည် အခြား ဘဝများသို့ ရောက်ရှိနေစဉ် ငုပ်ကောင်အဖြစ် ကိန်းနေတတ်ပြီးမှ တဖန် လွန်ကျူးမိရာ ဘဝမျိုးသို့ ပြန်ရောက်လေမှ ကံသုံးမျိုးကို ထကြွသောင်းကျန်းလာတတ်သည်ကို (အနုသယ) ကိလေသာ ဟု မှတ်ယူရမည်ဖြစ်၏။ (အနုသယ) သည် (ကံ)ထိန်းနတ်သားတစ်ပါးနှယ် အချိန်အခါ ဘဝ သို့ လိုက်၍ ကံသုံးပါးတို့ ထကြွသောင်းကျန်းစေခြင်းဖြင့် ဆိုးကျိုးကို ဖန်ဆင်းပေးသူ ဖြစ်နေတော့၏။

အရှင်ဇနကာဘိဝံသဆရာတော်ဘုရားကြီး ရေးသား ပြရာ၌လည်း (အနုသယ) သည် (မသိမှု) (အဝိဇ္ဇာ) က စခဲ့၏။ (ကိလေသာ) သည်လည်း (အနုသယ) မှ စပြန်၏၊ ထို့ကြောင့် -

http://www.dhammadownload.com



အဝိဇ္ဇာနုသယ ပရိက္ခတ္တေန၊ တဏှာနုသယမူလကေန
သင်္ခါရေန ဇနိယမာနံ. . . ဟူ၍ (သင်္ဂဟအဋ္ဌကထာ)
သင်္ဂြိုလ်တို့၌ လာရှိရာကို ဖော်ပြပေးခဲ့ပါသည်။

အဝိဇ္ဇာ(မသိမှု) ကြောင့် ဖြစ်ပေါ်လာသော (အနုသယ) ကိလေသာတို့၌ ပရိက္ခတ္တေန = ခြံရံလာသည်မှာ တဏှာနုသယ မူလတေန = (တဏှာနုသယ) ကိလေသာသာလျှင်အကြောင်းရင်း ရှိသောကြောင့် (သင်္ခါရေန) = ပြုလုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ်ကံတို့သည်၊ ဇနိယမာနံ = အစဉ်တစိုက်လိုက်၍ ဘဝ အစဉ်၌လိုက်၍ ဖြစ်စေကြောင်းသင်္ဂြိုလ်၌ လာရှိသည်ကို ပြဆိုပါသည်။

အနုသယကိလေသာကို နားလည်စေလိုသည်မှာ ချမ်းသာသော မိဘ၌ လူလာဖြစ်သော်လည်း ငယ်စဉ်ကပင် ပညာကို မလိုလား၊ ကြီးပွားချမ်းသာမှုကို မလုပ်ချင်၊ သူဝါသနာပါသည့် တပ်မက် နှစ်သက်မှု တစ်ခုခုကိုသာ လုပ်တတ်၏။ မကောင်းမှု၌သာ မွေ့လျော်၏။ မိဘက ဆုံးမ၍ မရပေ။

အနုသယကိလေသာ သောင်းကျန်း နေခြင်းကြောင့် ဖြစ်၏။ ထိုအနုသယကိလေသာထကြွမှု အားနည်းသွားလျှင် အသိတရားဝင်၍ ဆုံးမ၍ရနိုင်၏။ (အနုသယ) ကိလေသာ အားကြီးလေသော် အသိတရားမဝင်နိုင်၍ အသက်ကြီးလာသည့် အချိန်အထိ ထိုသူသည် မကောင်းမှု ဒုစရိုက်တို့၌သာ ပျော်ပါး နေခြင်းဖြစ်၏။ အချို့ကားငယ်စဉ်က သိတတ်လိမ္မာ၏။ ကြီးမှ

http://www.dhammadownload.com



ပျက်စီး၏။ ပျက်စီးသည့်အချိန်သည် အနုသယကိလေသာတို့ ထကြွသောင်းကျန်း ခြင်း ခံနေရသောကြောင့်ဖြစ်၏။

အကုသိုလ်များခဲ့သော ဘဝဘဝကပါလာသည့် (အနုသယကိလေသာ) တို့သည်ထိုသူတို့၏ ဘဝတလျှောက်လုံး၌ အမြဲ ထကြွသောင်းကျန်းနေသော်၊ ထိုသူ၏ဘဝတစ်လျှောက်လုံးသည် လည်းလူဆိုးဘဝ၊ အရက်သမားဘဝ၊ မကောင်းမှုကိုပဲ ပြုလုပ်တတ်သည့်ဘဝ၊ စိတ်ထားယုတ်ညံ့သူဘဝ၊ စိတ်ပုတ်သူဘဝ စသည် တို့ဖြင့် (အနုသယ) ကိလေသာ ဖိစီးနေသူ၏ ဘဝသည် အမြဲမပြတ် ဆိုးကျိုးကိုပဲ ဖြစ်ပေါ်စေ၍ ကံမကောင်းသော လူဖြစ်ရ၏။ အကုသိုလ်နှင့်ပင်သေရ၏။ ထိုလူ၏ လက်ရှိ ဘဝ၌ ကုသိုလ် မပါခဲ့သော် လားရာဘဝကို စဉ်းစားကြည့်နိုင်၏။ ဤသို့လျှင် (ဒိဋ္ဌိ) ကြောင့် ဖြစ်လာသော (အနုသယ) အပါအဝင် ကိလေသာ သုံးမျိုးကို နားလည်နိုင်ကြပါသည်။

ဒိဋ္ဌိမှ ဖြစ်လာသော (ကိလေသာ) သုံးမျိုးကို နားလည်ပါလျှင် (ဒိဋ္ဌိ) ကို ဆရာတော်ဘုရားကြီးများရှင်းပြသည့် အတိုင်း ဆက်လက် ဖော်ပြပါအံ့။

## ဒိဋ္ဌိ (၄၂)သုံးမျိုး

သံလျှင်တောရဆရာတော်ဘုရားကြီးက (၄၂) ဆိုသော (သက္ကာယဒိဋ္ဌိ) တစ်လုံးဖြစ်လျှင် (၄၂) သုံးမျိုး ခွဲထွက်လာကြောင်း ပြဆိုပါသည်။

http://www.dhammadownload.com



၁။ ဧတံမမ = (တဏှာ) = (ငါ)

၂။ ဧသောဟမသ္မိ = (မာန) = (ငါ)

၃။ ဧသောမေအတ္တာ = (ဒိဋ္ဌိ) = (ငါ)

(ခန္ဓာငါးပါး) ရုပ်နာမ် နှစ်ပါးကို (ငါ) ထင်သော (သက္ကာယဒိဋ္ဌိ) ရှိနေလျှင် (ငါ) သုံးမျိုးသည်လည်း ဆင့်ပွားဖြစ်လာတော့၏။ သက္ကာယဒိဋ္ဌိ (ငါ) တစ်လုံး ရှိနေသောကြောင့် (တဏှာ) သို့ ကူးဆက်သည်မှာလည်း (ငါ) ပဲဖြစ်၏။ (မာန) သို့ ကူးစက်သည်မှာလည်း (ငါ) ပဲဖြစ်၍ (အနုသယ) ကိလေသာဖြစ်သော (တဏှာ) နှင့် (မာန) တို့ကိုပါ ကူးစက်ရပေတော့သည်။

ပုတုဇဉ်လူတိုင်း၌ သတိပဋ္ဌာန်တရား၊ ဝိပဿနာတရား အားထုတ်နေချိန်၊ ဉာဏ်အစစ်ပေါ်နေချိန်မှ လွဲ၍ အချိန်တိုင်း၊ စက္ကန့်တိုင်းတို့တွင် ထို (ငါ) သုံးမျိုးမှ မလွတ်ကြပါပေ၊ ဒါနပြုခိုက်၊ သီလဆောက်တည်နေခိုက်၊ သမထ ဘာဝနာကို ပွားများနေခိုက်များမှာပင် ထို (ငါ)သုံးမျိုးမှ မလွတ်နိုင်ပဲ ကြုံနေကြရပါသည်။ သာမာန်အမှုမဲ့နေခိုက်၊ ပြုလုပ်ခိုက်တို့မှာ ဆိုလျှင် ပြောဖွယ်ရာမရှိအောင် (နိဗ္ဗာန်) နှင့် ဝေးသည့် (ငါ) ဒိဋ္ဌိကိလေသာများသည်ကား ဗွက်ထ၍နေပါတော့သည်။

## (ငါ) တဏှာ၊ မာန၊ ဒိဋ္ဌိ ဝင်ပုံ

ကိစ္စတစ်ခုဖြစ်လာခိုက် (သိမှု)က အကုန်လုံး မလွှမ်းခြုံနိုင်၍ (မသိမှု) တွေက အဝတ်ထဲ ဆီစိမ့်ဝင်ကြသလို၊ ထိန်းမနိုင်

http://www.dhammadownload.com



အောင် ဝင်လာကြပါသည်။ ဖြစ်ပေါ်လာသမျှ ကိစ္စတိုင်းမှာ မိမိတို့ကသာ (အသိ) တွေ ဆက်နေမိသည်ဟု ထင်နေကြသော်လည်း တကယ်မဆက်စပ်သောကြောင့် (မသိမှု)ကသာ အလွှမ်းအခြုံ များနေကြပါသည်။

ထို့ကြောင့် ကိစ္စတိုင်းမှာလိုပင် (မသိမှု) ကသာနေရာအယူများနေကြပါသည်၊ (မသိမှု)က နေရာအယူ များခြင်းကြောင့် (ငါ) သုံးမျိုးတို့သည်လည်း (မသိမှု) ဖြစ်သည့် အပေါက်ကပင် လွယ်လွယ်နှင့်ဝင်ကြ၊ ပါလာကြတော့သည်၊ မသိမှု (အဝိဇ္ဇာ) ၏ ကျောထောက်နောက်ခံကြောင့် ဖြစ်လာသမျှ သဘောတို့မှာ (ဓမ္မ) သဘောမဖြစ်ပဲ (ငါ) သဘောတွေသာ အဖြစ်များနေကြခြင်းကြောင့် (ငါ) ဝင်လာသည်ဟု ဆိုရပါတော့သည်။

## တဏှာ (ငါ) ဝင်ပုံ

အသံတစ်ခု ကြားခိုက်မှာ (ကြားခါမျှတွင်မနေပဲ) နားဆင်မိလျှင်၊ စိတ်စောမိလိုက်လျှင် ငြိတွယ်သောစိတ်ဖြစ်သွား၍ **"တဏှာ"** (ငါ) ဝင်၍၊ (ငါ) ပါသွားပါတော့သည်။

ကိုယ့်ကိုယ်ကိုတော့ (ငါ) ပါသွားပါကလားဟု မသိလိုက်ပေ၊ သည်လိုမသိလိုက်ပဲ (ငါ) ပါသွားသည်ကို (ကိလေသာ) ဝင်သွားသည်ဟုဆိုသည်။ (ကိလေသာ) တို့သည် ဝင်ခါနီး၌ ဝင်ခွင့်တောင်းခံနေသည်မဟုတ်၊ ဝင်နိုင်သည့် ဒွါရ (၆) ပေါက် လမ်းမကြီးကား ကျယ်လှပါသည်၊ (အသိ)မလိုက်နိုင်၍ (မသိ)လိုက်တိုင်း

http://www.dhammadownload.com



ဝင်သွားပါသည်၊ ဤသို့ ဝင်နိုင်ရန် လမ်းမကြီးကား မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် လမ်း (၆) သွယ်ရှိသည့်အပြင် ဝင်ပေါက်ကလည်း ကျယ်ဝန်းလှ၍ (သံသရာ) လည်ခွင့် ခြေကုတ်များ ရသွားကြပါသည်။

(မသိ) လိုက်သည်က မောဟ (ဝါ) အဝိဇ္ဇာဖြစ်၍ (အဝိဇ္ဇာ) နှင့် နေထိုင်သူဖြစ်လာပါက နောက်လိုက်ဖြစ်သော (ငါ) သည်လည်း ဖြစ်ခွင့် (ငါ) ဝင်ခွင့်ရသွားခြင်းဖြစ်လေတော့၏။

(သိ) မှုနှင့်နေလျှင် (သိ) လိုက်လျှင် (အဝိဇ္ဇာ) မဖြစ်နိုင်၊ (ငါ) လည်း မဝင်နိုင်၊ (ငါ) မဖြစ်နိုင်သောကြောင့် (ဝိဇ္ဇာ) ခေါ် (သိ)မှု၊ (အသိ) နှင့် နေထိုင်လျှင် (အသိ)နှင့်တကွ (အသိ) ၏အပေါင်းအဖော် (သတိ) နှင့် (သမာဓိ) (ပညာ) စသော သံသရာ ဖြတ်လမ်းကို ရရှိကြ၍ (အဝိဇ္ဇာ) ဖြတ်သော၊ ကိလေသာ ဖြတ်သော၊ (ဒိဋ္ဌိ) ကို ဖြတ်သော၊ (တဏှာ) ကိုဖြတ်သောကြောင့် (နိဗ္ဗာန်) လမ်းကို ရရှိကြရမည်ဖြစ်ပါသည်။

မသိမှု (အဝိဇ္ဇာ) နှင့်နေထိုင်လိုက်လျှင် (ဓမ္မ) သဘောသည် (အဝိဇ္ဇာ)မှာချည်းရပ်နေသည်မဟုတ်၊ ရပ်ထားလို့လည်းမရ၊ သူ့ယန္တရားစက်ကြီးက အဝိဇ္ဇာ (မသိမှု)ဖြစ်လျှင် မြတ်စွာဘုရားဟောကြားသည့် (ပဋိစ္စသမုပ္ပါဒ်) တရားဒေသနာ (အဝိဇ္ဇာ)ကြောင့် သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ စသော (ပဋိစ္စသမုပ္ပါဒ်) သံသရာလည်သည့် စက်သည်လည်း လည်ခွင့်ရသွားပေပြီ၊ လည်ခွင့်ရအောင်

http://www.dhammadownload.com



လည်း (မောဟ) ဖြစ်ခွင့် ရသွားပေပြီ။

## မာန (ငါ) ဝင်ပုံ

အသံတစ်ခုကြားရာ၌ (ကြားရုံမျှ မရှု၊ မသိ) သည့် အတွက် ကြားသည့် အသံပေါ်၌. . . ဩော်. . . ကံကောင်းလို့၊ အဆင်ပြေလို့ ဒီသာယာတဲ့ အသံကလေး ကြားရတာပါကလား ရယ်လို့၊ မိမိကိုယ်ကို ကံကောင်းသူအနေဖြင့် ချမ်းသာမှု၊ လူတော်တစ်ဦးအနေဖြင့် အားရနှစ်သိမ့်မှု ဖြစ်ခွင့်ကြုံလိုက်ခြင်းသည် (ငါ) ဝင်သွားပြီး (ငါ) ပါသွားခြင်းပင် ဖြစ်တော့၏။

ဤအခိုက် မိမိကိုယ်ကို အထင်ကြီးခွင့် ပေးလိုက်ခြင်း၊ မြှင့်၍ စဉ်းစားလိုက်ခြင်းသည် (တရား) မှတ်ကျောက်မှာဆိုလျှင် (မာန) ဟု အဖြေထွက်နေပါတော့သည်၊ ကာယကံရှင် ကိုယ်တိုင် အနေဖြင့် (ငါ့) အရေး၊ (သူ့) အရေး၊ ဟိုအရေး၊ သည်အရေး ဟူ၍ ညာညာတာတာ စဉ်စားပေမည်၊ တရားမှမဆိုသော(တရား) အနေဖြင့် သူ့အရေး၊ ငါ့အရေး၊ ဟိုအရေး၊ သည်အရေး ဟူ၍ မခွဲခြားပေ၊ (တရား)သည် တရားသာလျှင် ဖြစ်၍ မျက်နှာလိုက်မှု မပြုပေ။

အများအထင်၌ ကိုယ်နှုတ်တို့၌ ခပ်ကြမ်းကြမ်း ဖြစ်သည့် (မာန) အကြီးစား၊ အပေါစားမျိုးကျမှ မာနကြီးသည်၊ စိတ်ကြီးဝင်သည်ဟု ရိပ်မိကြ၊ သိကြရတော့သည်၊ အထက် ဖော်ပြပါ အနုစား၊ အရင့်စား (မာန) မျိုးဖြစ်သည်ကိုတော့ (မာန)ဖြစ် သွားပါကလား ဟု မထင်နိုင်၊ မမြင်နိုင်၊ မသိနိုင်ကြပေ။

http://www.dhammadownload.com



ဤကဲ့သို့ (မသိ)နိုင်ကြခြင်းပင်လျှင် အဝိဇ္ဇာ (မောဟ) ဝင်သည်ဟု ခေါ်ပါသည်၊ (မောဟ)ဝင်ခွင့်ရသည်နှင့် (မာန) ကလည်းလမ်းကျယ်ကြီးမှာ ချောင်ချောင်လေး ဝင်နိုင်ခြင်းပင် ဖြစ်ပေသည်။

# ဒိဋ္ဌိ (ငါ) ဝင်ပုံ

သာယာနာပျော်ဖွယ်ကြားရသည့် အသံတစ်ခုအပေါ်မှာ (တဏှာ)နှင့် (မာန) တို့က လျှောလျှောရှူရှူ အဝင်ချောင်ရန် (ငါ) ဝင် လမ်းမကြီးကား ရှင်းနေပြီဖြစ်သောကြောင့် (ငါ) ဝင် လမ်းမကြီးပေါ်မှာပင် အရင့်စား၊ အကြီးစား ခေါ်သည့် ဒိဋ္ဌိ (ငါ) ကြီးသည်လည်း ခပ်လွယ်လွယ်၊ ခပ်ချောင်ချောင်နှင့်ပင် ဝင်ပြန်တော့သည်။

ထိုသို့ (ငါ) သုံးမျိုးဝင်နိုင်ခြင်းမှာ၊ ကြားခိုက်၌ အသံက တစ်ခြား၊ အသံထိမှန်တဲ့ နားကတစ်ခြား၊ ကြားတတ်သော ကြားစိတ်က တစ်ခြားဟူ၍ မထင်နိုင်၊ မသိနိုင်ကြသူများ ဖြစ်ကြ၍သာ (ငါ) ကြားသည်ဟူသော (ငါ) (ဒိဋ္ဌိ)ဝင်ခြင်းဖြစ်သည်။ ကြားစိတ်ဟူ၍ မသိနိုင်ကြ၍သာ ဒိဋ္ဌိ (ငါ) ဝင်သွားခြင်း ဖြစ်ပေတော့သည်။

အကယ်၍သာ ကြားသည်ကို ကြားစိတ်မျှပင် (သုတေသုတမတ္တံ) ကြားကာမတ္တမျှထင်နိုင်လျှင်သိနိုင်ကြပါလျှင် ကြားခိုက်ရုပ်နာမ်စုမှာ အမာခံ၊ အခဲအတွဲမရှိပဲ (သဘောလေး) မျှသာဖြစ်၍၊ (သဘောလေး) မျှပဲ ပြန်ပျောက်သွားသည်၊ (စိတ်) သဘောဖြစ်ပျက်ကို (သိ)နေသည့် ခဏမျှအခိုက်အတန့်မှာပင် (ငါ)

http://www.dhammadownload.com



ကောင် အဖြစ် အသိ မယ်မယ်ရရ အကောင်အထည် ဖြစ်ရာမရှိ၍ ဒိဋ္ဌိ (ငါ) ဆိုသော (ငါ) ကောင်ကြီးသည် မဝင်နိုင်တော့ပေ။

ထိုအတိုင်းမထင်နိုင်ကြ၍ ကြားသူရှိသည်ဟူ၍ လည်းကောင်း၊ ကြားတာဟာ (ငါ) ပဲ ဟူ၍လည်းကောင်း (ငါ) ကြားလိုက်တာပဲဟူ၍ လည်းကောင်း (ငါ) မကြားလျှင် ဘယ်သူက ကြားအုံးမှာလဲ ဟူ၍လည်းကောင်း တဖြည်းဖြည်းနှင့် (ငါ) ကောင်သည် ခပ်သဲသဲထင်လာ၊ ဖြစ်လာ၊ ဝင်လာသည်ကို (ဒိဋ္ဌိ) (ငါ) ဝင်သွားသည်ဟု ဆိုပါသည်။

ဤကြားမှု လမ်းမကြီးအတိုင်းပင် မြင်မှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ ကြံတွေးမှု အပါအဝင် ခြောက်လမ်းသွား လမ်းမကြီးများ၌ (တဏှာ၊ မာန၊ ဒိဋ္ဌိ) ဝင်သွားပုံကို ကိုယ့်ဉာဏ်နှင့် ကိုယ်ပွားပြီး သိကြပါလေ။

(ငါ) သုံးမျိုးသည် မသိလိုက်၍ လစ်သွားသည့် အခါတိုင်း ခပ်သွက်သွက်နဲ့ပဲ ဝင်နေကြပါသည်။ ဘယ်သူ့မျက်နှာကိုမှုမထောက်ပေ၊ ဒုက္ခိတ မစွမ်းမသန်သူရော၊ နူနာဖြစ်သူရော၊ ဆေးရုံတက်နေရသူရော၊ ဆင်းရဲသူရော၊ လူချမ်းသာ၊ လူဂုဏ်တန်တွေရော၊ ဘုရင်ကြီးမှာရော ဘယ်သူကိုမှ မျက်နှာမလိုက် မျက်နှာမထောက်ပေ။ သမထ၊ ဝိပဿနာ အားထုတ်နေသူများ၌ပင်လျှင် (သတိ) လစ်လျှင်လစ်သလို (မသိ)လိုက်လျှင် (မသိ) လိုက်သလို အားမနာ၊ ပါးမနာပဲ (ငါ) ဆိုသော ပရောဂ သုံးကောင် တို့သည် ဝင်ကြ ပူးကပ်ကြပါတော့သည်။

http://www.dhammadownload.com



## ဒိဋ္ဌိ (၆၂) သုံးမျိုးမှ လွတ်နည်း (၆၂) ဒိဋ္ဌိခွာနည်း

သံလျှင်တောရဆရာတော်ကြီးက ဆက်လက်၍ (ဒိဋ္ဌိ) (၆၂) သုံးမျိုးဖြစ်လာအောင် ဘယ်သူလုပ်ပေးသလဲ၊ ဒီ(၆၂) (ဒိဋ္ဌိ)က ဘယ်က လာသလဲ၊ (၆၂) (ဒိဋ္ဌိ) မဝင်အောင် ဘယ်သူ တတ်နိုင်မလဲ? စသည်ဖြင့် ကြိုတင်ကာကွယ်နည်းနှင့် ကုသနည်းကို ရှာဖွေဆန်းစစ်ကြည့်သည့်အခါ၌

(၆၂) သုံးမျိုးဖြစ်ခွင့်ရအောင် လုပ်ပေးသူမှာ (မောဟ) ပင် ဖြစ်ပါသည်။ (၆၂) (ဒိဋ္ဌိ) သည် (မောဟ) ကပင် လာပါသည်။ (၆၂) (ဒိဋ္ဌိ) မလာစေချင်လျှင် (မောဟ) မလာအောင် လုပ်ရပါမည်။

(မောဟ) ဆိုသည်မှာ ပကတိအမှန်အတိုင်း (မသိမှု) (အဝိဇ္ဇာ) ပင်ဖြစ်ပါသည်။ ပကတိအမှန်အတိုင်း မသိလျှင် အမှားအလွဲကိုသာ သိပါတော့မည်။ အမှားသိနေမှုကို (မောဟ) ဖြစ်နေသည်။ (အဝိဇ္ဇာ) ဖြစ်နေသည်ဟု ခေါ်ပါသည်။

အမှားအလွဲသိနေခိုက် (၆၂) သက္ကာယဒိဋ္ဌိအပါအဝင် (၆၂) သုံးမျိုးလည်း ဝင်ပါတော့သည်။ (၆၂) ဝင်လာလျှင် ပကတိသဘောအမှန်တွေ ကွယ်ပျောက် ပါတော့သည်။ ပကတိ သဘောအမှန်တွေ ကွယ်နေလျှင် (ဒိဋ္ဌိ) ဖြစ်နေပါတော့သည်။ (ဒိဋ္ဌိ) ဝင်၍ (သက္ကာယဒိဋ္ဌိ) ဖြစ်နေပါတော့သည်။

(ဒိဋ္ဌိ) မဝင်လိုလျှင်၊ (ဒိဋ္ဌိ) ကွာလိုလျှင် (ပထမ) နည်း

http://www.dhammadownload.com



သည် အမှားအလွဲမသိအောင်၊ ပကတိ အမှန်အတိုင်း သိအောင် (ဝါ) အမှန်မြင်မှုနှင့် ကြည့်ရမည်။ (ဒိဋ္ဌိ) ကို အသိနှင့် ကွာအောင် အမှန်မြင်မှုနှင့် သိနေရမည်။ (ဒုတိယ) နည်းမှာ (ဒိဋ္ဌိ)၏ လက်သည်တရားခံဖြစ်သည့် (မောဟ) မသိမှု (အဝိဇ္ဇာ)ကို ကွာအောင် လုပ်ရပါမည်။ (မောဟ) ခွာဘို့ အရင်လုပ်ရပါမည်။ (မောဟ) ကွာလျှင် (ငါ) (ဒိဋ္ဌိ) လည်း ကွာပြီး ဖြစ်ပါတော့သည်။

(မောဟ) = အဝိဇ္ဇာ = မသိမှု (ပညတ်)
ကိလေသာအာရုံ (ငါ)

(အမောဟ) = ဝိဇ္ဇာ = (သိမှု) (သမ္မာဉာဏ်) (အသိ)
တရား

(မောဟ) ကိုသတ်နိုင်သည်မှာ (အသိ) ပင်ဖြစ်တော့၏။

(အဝိဇ္ဇာ) ဖြစ်သည့် (မောဟ) ကို အရင်ခွာနိုင်အောင် (အဝိဇ္ဇာပစ္စယာသင်္ခါရာ) အစချီသည့် မြတ်စွာဘုရားဟောကြားထားသည့် ပဋိစ္စသမုပ္ပါဒ် (ခန္ဓာဖြစ်စဉ်) တရားကို အရင်သိအောင် အမှန်မြင် (အသိ) တရားနှင့် (ဒိဋ္ဌိ) ကို အသိနှင့် ကွာအောင် အရင် လုပ်ထားပါ။

(ပဋိစ္စသမုပ္ပါဒ်) တရားသိဖို့ရာ၊ နားလည်ဖို့ရာ လွယ်ကူအောင် စာရေးသူ၏ (မိုးကုတ်ဝိပဿနာ၊ အခြေခံ၊ တရား၊ အနှစ်သာရနှင့် ရှုပွားနည်း) စာအုပ်ပါ (ပဋိစ္စသမုပ္ပါဒ်) အပိုင်းမှာ ကြည့်ပါလေ။

ပဋိစ္စသမုပ္ပါဒ် (ခန္ဓာဖြစ်စဉ်) တရား (အသိ) သည် (ဒိဋ္ဌိ)

http://www.dhammadownload.com



မဖြစ်အောင် (ဒိဋ္ဌိ)ကွာအောင် သိထားရသည့် အမှန်မြင် (အသိ) တရား (ဝါ) အပါယ်မလားရာ ကြိုတင်ကာ ကွယ်မှု (အသိ) တရား ဖြစ်၍ မြတ်စွာဘုရားပင် အလွန် တန်ဖိုးထားသော ဤ(တရား) အသိကိုကောင်းစွာ ခံယူထိုက်၊ (သိ) ထိုက်ပါသည်။

သဘောတရားအမြင်ဖြစ်သည့် (အမှန်မြင်တရား) အသိသည် (ဒိဋ္ဌိ)ခွာမှုဖြစ်ပါ၏၊ သိမှုမရှိလျှင် ကျင့်မှုလွဲပေမည်ဟု မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားခဲ့ပါသည်။ သိမှုမရှိပဲ ကျင့်မှုမှန်စေကာမူ သောတာပန် (နိဗ္ဗာန်) ခရီးပေါက်နိုင်ရန် ခဲယဉ်းပေမည်။ သာတိရဟန်း၊ ရှင်ဆန္နတို့ကဲ့သို့ဖြစ်ရပေမည်။ အမှန်မြင်တရား (သစ္စာ)မသိပဲ ဖြစ်ပွင့်လာသော ဘုရား၊ ရဟန္တာ၊ သောတာပန်ရယ်လို့ မရှိကောင်းသောကြောင့် ဖြစ်ပါသည်။

အကျင့်တရားအနေဖြင့် (အဝိဇ္ဇာ) ဖြစ်သည့် (မောဟ) ကို အရင်ခွာတတ်အောင် (မတွေး) ပါနှင့် လုံးဝမတွေးပါနှင့်၊ ကြံတွေးမှုမှန်သမျှသည် မနောဝိညာဏ်၌ (ငါ) ဒိဋ္ဌိနှင့် ကိလေသာများ (ငါ) သုံးမျိုး အကုန်ပါနေသော အကုသိုလ်ပင် ဖြစ်ပါသည်။

ထိုအကြံအတွေးများဖြစ်သည့် (မောဟ)သည် (မသိမှု) ဖြစ်ပါသည်။ (မသိမှု)၏ ဆန့်ကျင်ဘက်သည် (အမောဟ) (သိမှု) ဖြစ်၍ (သိမှု) လာလျှင် (မသိမှု) (မောဟ)သည် အလိုလိုပျောက်ရပါသည်။

တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီးက

http://www.dhammadownload.com



ဟောကြားပြသပေးရာ၌ မြတ်စွာဘုရားဟောကြားခဲ့သည်မှာ **“သဗ္ဗာဘိက္ခဝေ အဘိညေယျံ”** လို့ ဟောကြားထားပါသဖြင့် ဘိက္ခဝေ=ရဟန်းတို့၊ သဗ္ဗံ=အလုံးစုံကို အဘိညေယျံ=(သိ)အပ် ကြောင်း၊ (သိ)နေလျှင် (အဝိဇ္ဇာ) ဖြစ်သော (မောဟ) ချုပ်သော ကြောင့် (အဝိဇ္ဇာ)ချုပ်လျှင် ဝိညာဏ်၊ နာမ်ရုပ်စသော (ခန္ဓာ ငါးပါး) ဖြစ်ပေါ်မှု ချုပ်ပြီး အဝိဇ္ဇာ နိရောဓေါ (နိဗ္ဗာန်) ဖြစ်သည့် အတွက် မသိမှု (မောဟ) မဝင်အောင် (သိမှု) ဖြစ်အောင် အား ထုတ်ရကြောင်း ဟောကြားပြသပေးပါသည်။

သဗ္ဗံ = အလုံးစုံဆိုသည်မှာ (ကိုယ်) ဖြင့်ပြုသောအမှု၊ (နှုတ်) ဖြင့်ပြုသောအမှု၊ (စိတ်) ဖြင့်ပြုသောအမှု အားလုံးကို (သိ) နေရမှာ ဖြစ်ကြောင်းဟောပြပါသည်။ ထိုသို့ (ကိုယ်၊ နှုတ်၊ စိတ်)သုံးပါးလုံး၏ လှုပ်ရှားမှုမှန်သမျှကို (သိ)နေပါက မသိမှု (မောဟ)ကို အရင်ဆုံးခွာထားနိုင်ပါသည်။

ကိုယ်၊ နှုတ်၊ စိတ်၊ အတွေး အကြံမှစ၍ ကိလေသာမဝင် အောင် နေ့စဉ် တစ်မိနစ် (အသိ) မှ တစ်နာရီအသိ၊ တစ်နာရီ (အသိ) မှ နှစ်ဆယ်နာရီ (အသိ) ဖြစ်အောင် (မောဟ) မဝင် အောင် (သတိပဋ္ဌာန်) တရားကို ဖြစ်စေ၊ (စိတ်) ကို သိအောင် (စိတ္တာနုပဿနာ သတိပဋ္ဌာန်) တရားကို ဖြစ်စေ အားထုတ်နေပါ မှ (ဒိဋ္ဌိ) ခွာမှု ဖြစ်နေပါတော့မည်။ လောကုတ္တရာစိတ် ဖြစ်နေ၍ နေရတာ အလွန်ချမ်းမြေ့လှပါသည်။

http://www.dhammadownload.com



အားထုတ်သည်ဆိုရာမှာလည်း ခန္ဓာ (ကိုယ်)၏ လှုပ်ရှားမှု၊ (နှုတ်) မှ ပြောဆိုမှု၊ (စိတ်) မှ ကြံတွေးမှုဖြစ်နေသည်များကို တတ်နိုင်သမျှ (သတိ) ကလေးနှင့် (သိ) ပြီးနေရခြင်းပင် ဖြစ်ပါသည်။ (သို့မဟုတ်) ခန္ဓာကိုယ်၌ (စိတ်) မပေါ်သည့် နေရာ မရှိခြင်းကြောင့် ပေါ်သည် (စိတ်) ကို (သတိ) ကလေးနှင့် (ဉာဏ်) ကလေးဖြင့် ကြည့်ပြီး (သိ) နေရပါသည်။ ထိုသို့ (သိ) နေရခြင်းကိုပင် တရားအားထုတ်ခြင်းဟု ခေါ်ပါသည်။

ဒီလိုမှ အားမထုတ်လိုပါလျှင် (အာနာပါန) အသိ ခေါ်ဝင် လေသိ၊ ထွက်လေသိ (အသိ)ကို နှာသီးဝ၌ တချက်ကလေးမှ (မသိ) လိုက်မှုမရှိရလေအောင် (အသိ) လိုက်ပေးသည့် (အာနာပါန) တရား အားထုတ်နည်းဖြင့်လည်း (မောဟ) မဝင်အောင် ကျင့်ကြံ အားထုတ်ပေးရပါသည်။ ကြာသော် (သတိ) နှင့် (အသိ) တရားတို့က (မောဟ) ကို သတ်ပြီး ပုထုဇဉ်ဘဝမှ အရိယာနယ်သို့ ကူးဝင်ပါ လိမ့်မည်။

ထိုသို့အမြဲအပြတ် (အသိ) လိုက်ပေးနေသည့် အားထုတ်မှု အကျင့်တရားအပြင်၊ သဘောတရားအမှန် မြင်ရစေသည့် (ပဋိစ္စသမုပ္ပါဒ်) တရားအမြင် (အသိ) ရှိနေပါလျှင် (ဉာတပရိညာ) (အသိ) ဉာဏ်နှင့် သိရသည့် တရား (အသိ) က တစ်မျိုး၊ ပွားများ အားထုတ် ကျင့်ကြံ၍ ရသောအကျင့်တရား (အသိ)က တစ်မျိုး၊ (ပေါင်း) (၂-မျိုး) ဖြင့် မွေးရာပါအရိုးစွဲလာခဲ့ကြသည့် (၄) (ဒိဋ္ဌိ) ဆိုသော (သက္ကာယဒိဋ္ဌိ) ကိုခွာနိုင်ကြမည် ဖြစ်ပါ၍ အပါယ်တံခါး ပိတ်နိုင်ကြမည် ဖြစ်ပါသည်။

http://www.dhammadownload.com



# (၄) ဒိဋ္ဌိသည် အပါယ်လားရာဖြစ်ပုံ

ဒိဋ္ဌိ (၄) အစွဲသည် အနမတဂ္ဂသံသရာတည်း ဟူသော ကမ္ဘာအဆက်ဆက် ဘဝအဆက်ဆက်တို့မှ ပါလာသော ဝဋ် ဖြစ်ပါသည်၊ ဘုရားဆုပန်သည့် ကျွန်ုပ်တို့ ဘုရားအလောင်းပင်လျှင် ဖြစ်လေရာ လူ့ဘဝ၌ ကောင်းမြတ်သော အကျင့် သီလနှင့် ကောင်းမှု ပြည့်စုံပါသော်လည်း (ဒိဋ္ဌိ) အစွဲများသော ဘဝများ၌ ဘုရားအလောင်းသည်ပင်လျှင် ဘုရားအလောင်း မျောက်မင်း၊ နဂါးမင်း၊ ဒေါင်းမင်း၊ ဆင်မင်း၊ ငုံးမင်း စသော တိရစ္ဆာန်ဘဝများ၌ ဖြစ်ခဲ့ရပါသည်။ သာမန် ပုထုဇဉ်များအနေဖြင့်ဆိုလျှင် မည်မျှ အထိ တိရစ္ဆာန်ဘဝတွင် ကျင်လည်ခဲ့ကြရမည်ကို စဉ်းစားသိနိုင် ကြပါသည်။

စွန်းလွန်း ဆရာတော်ဘုရားကြီးပင်လျှင် ဤလူ့ဘဝ မရမီ ရှေးဘဝဖြစ်စဉ်များကို (အထူးသိ) အဘိညာဉ်ဖြင့် ကြည့်ရာ၌ တိရစ္ဆာန်ဘဝအဖြစ်များခဲ့ပုံများကို ဆရာတော်ကြီး ကိုယ်တိုင် ဟောကြားခဲ့ပါသည်။ မြတ်စွာဘုရား လက်ထက်တော်က စာပေ ပရိယတ္တိ တတ်ကျွမ်းပြီး၊ အကျင့်သီလ ကောင်းမွန်လှသည့် (တိဿ) ရဟန်းကြီးပင်လျှင် သေခါနီး(ဒိဋ္ဌိ) အစွဲသန်မှု များလွန်း ခဲ့၍ သေခါနီးကျမှ (ဒိဋ္ဌိ) (၄) ဥစ္စာဟု သင်္ကန်းကို စွဲမိနေခြင်း၊ သာယာမိနေခြင်းများကြောင့် သင်္ကန်း၌ပင် (သန်း) တိရစ္ဆာန် (၇) ရက် ဖြစ်ရသည်ကို သိနိုင်ကြပါသည်။

လူတို့ကျင်လည်ခဲ့ကြရသည်မှာ တိရစ္ဆာန်ဘဝ အဖြစ်

http://www.dhammadownload.com



များခဲ့ကြပါသည်။ တိရစ္ဆာန်ဘဝအဆက်ဆက်က (ငါ)စွဲ (ဒိဋ္ဌိ) သည် အတုမဲ့ စိုးမိုးခဲ့၏၊ (လောဘ၊ ဒေါသ၊ မောဟ) သည် တိရစ္ဆာန် အမျိုးမျိုးတို့၌ (ငါ) တကောကောလျက် နိုင်ရာစား ဝါဒ အဖြစ် ထွန်းကား၏၊ ထိုတိရစ္ဆာန်ဘဝက ပါခဲ့သော(ငါ) စွဲ မျိုးစေ့ သည် ဤလူ့ဘဝ၌ မျိုးပွားအဖြစ်ဖြင့် အမြစ်တွယ်လေတော့၏။

ထို့ကြောင့် လူတို့သည် မမြင်လိုက်နှင့် မြင်လိုက်သည်နှင့် (ငါ) ဝင်နေ၏။ ကြားလိုက်သည်နှင့် (ငါ)ဝင်နေ၏။ စားလိုက် သည်နှင့် (ငါ) စားနေသည်ဟု (ငါ)ဝင်နေ၏။ နံလိုက်သည်နှင့် (ငါ)နံလိုက်တာဟူ၍ အရာရာကို (ငါ) ထင်နေကြ၏။

ကိုယ်နှင့် ပေါင်းသင်းရသော ဇနီးကမွေးသည့် သားကို (ငါ့) သားဟု ပြောဆိုကြသည်မှာ မဟုတ်သော်လည်း နားထောင် ကောင်းပါသေး၏။ နွားမကြီးကမွေးသည့်နွားကို (ငါ့)နွားဆို သည်မှာ နားထောင်လို့ အလွန်မကောင်းတော့ပါ၊ နေရာတကာ (ငါ) ပါတိုင်း မကောင်းသည်ကို သိနိုင်ကြပါသည်။

အချို့(ဒိဋ္ဌိ) များသည့် ကိုယ်တော်တို့ကလည်း ဒါ (ငါ့) ကျောင်းဟူ၍လည်းကောင်း၊ ဘုန်းဘုန်းတစ်ပါးကမူ ဒါ (ငါ့)တရား ဟူ၍ (ငါ့) တရားသဘောတွေ ဆောင်နေသော ဘုန်းဘုန်း၏ လုပ်ရပ်များကို တွေ့မြင်ခဲ့ရဘူးပါသည်။ အချို့လူများကလည်း ဒါ (ငါ့) ဆရာပဲ (ငါ)ကမှ တပည့်အရင် ဖြစ်တာဟူ၍လည်းကောင်း၊ လူအချို့ကလည်း (ငါ့)ဆရာတော် တရားကလွဲလို့ (ငါ) ဘယ်သူ့ တရားကိုမှ မသိချင်ပေါင်ဟူ၍လည်းကောင်း ဖြစ်နေကြပါသည်။

http://www.dhammadownload.com



တကယ်တော့ မြတ်စွာဘုရား၏ တရားတော်များပင် မဟုတ်ပါလော။

(ငါ) (ဒိဋ္ဌိ) တွေ အစွဲများသွားတော့ ငါ့ကိုယ် (တဏှာ)၊ ငါ့ဟာ (မာန)၊ ငါ့ဥစ္စာ (ဒိဋ္ဌိ) စသော (တဏှာ၊ မာန၊ ဒိဋ္ဌိ) တို့နှင့် မလွတ်နိုင်ကြတော့ပေ။ (ဒိဋ္ဌိ) ကို နားမလည်သေးသူများ (ဒိဋ္ဌိ) မခွာတတ်ကြသေးသောသူများအတွက် (တဏှာ၊ မာန၊ ဒိဋ္ဌိ) အကြောင်းကို ကောင်းကောင်းသဘောပေါက်အောင် ဖော်ပြရခြင်း ဖြစ်ပါသည်။ (ဒိဋ္ဌိ) အကြောင်းကို သိမြင်မှ ကောင်းကောင်းသဘောပေါက်ပါမှ လောကုတ္တရာအမှန်မြင် (သမ္မာဒိဋ္ဌိ) ကို နားလည်နိုင်ကြမည် ဖြစ်ပါသည်။ အမှားမြင် (ဒိဋ္ဌိ) ကို သဘောပေါက်လျှင် အမှန်မြင်တရား (သမ္မာဒိဋ္ဌိ) သည် ဝမ်းထဲ၌ ကိန်းဝပ်လာတော့မည်ဖြစ်ပါတော့သည်။

## သက္ကာယဒိဋ္ဌိမှ သမ္မာဒိဋ္ဌိရဖို့အရေးကြီးပုံ

ပြဆိုခဲ့ပြီးသော အထက်ပါ**"အမှန်မြင်တရား"**အကြောင်းအရာများသည် (ဒိဋ္ဌိ) ခွာတရားများသာဖြစ်၍ (ဒိဋ္ဌိ) အကြောင်းချည်းများသာ ဖြစ်ပါ၏။ (ဒိဋ္ဌိ) အပါး (၆၂) ပါး ရှိငြားသော်လည်း (ငါ) ဟူသော (သက္ကာယဒိဋ္ဌိ) သည် အဓိကကျ၍ အဆိုးဆုံးဖြစ်၏၊ ဤမျှလောက် (ဒိဋ္ဌိ) အကြောင်းကို သိရှိဖြင့် ကိုယ့်အကြောင်းကိုယ် သိနိုင်ကြပေမည်။ (သက္ကာယဒိဋ္ဌိ) ရှင် ပုထုဇဉ်များသည် အမှားမြင်ဘဝမှ အမှန်မြင်ဖြစ်အောင် မျက်စိပွင့်စေသည့် (သမ္မာဒိဋ္ဌိ) အမှန်မြင် တရားလိုအပ်သည် မဟုတ်

http://www.dhammadownload.com



ပါလော့။

(ဒိဋ္ဌိ)နှင့် ဒုစရိုက်အညစ်အကြေးများ ရှိကြသည့် ပုထုဇဉ်များသည် (နိဗ္ဗာန်) ကြီးနှင့် နီးစပ်အောင် ပထမဦးဆုံး (ဉာတပရိညာ) ခေါ်သည့် အသိဉာဏ်ဖြင့် (အမှန်မြင်တရား) သဘောတရား အမြင်ကို ခံယူထားရမည် မဟုတ်ပါလော့၊ ဘုရား ရဟန္တာ အရိယာတို့ ဝင်စားနေသည့် (နိဗ္ဗာန်)၊ သောတာပတ္တိမဂ် ခဏ၌ ရအပ်သော (နိဗ္ဗာန်) သို့ ဒုစရိုက်ဆိုး (ဒိဋ္ဌိ) ဆိုးများကို ခံယူထားကြသူများ အနေဖြင့် ဝင်လို့ရနိုင်မည်၊ မရနိုင်မည်ကို စဉ်းစားကြပါကုန်။

မိမိတို့၏ (ဒိဋ္ဌိ) စရိုက်ဆိုးများကို မိမိတို့ သိရှိကြပြီး အရိယာ တို့လို (သဉပါဒိသေသနိဗ္ဗာန်)နှင့် နေထိုင်လိုပါလျှင် မိမိတို့၏ အမှားမြင် (ဒိဋ္ဌိ) တို့ကို ပါယ်၍၊ မိမိတို့၏ ဆင်ခြင်တုံ တရားဖြင့် လောကုတ္တရာ အမှန်မြင် (သမ္မာဒိဋ္ဌိ) ဖြစ်အောင် ပြုပြင်ရတော့မည် ဖြစ်ပါသည်။ **ထိုသို့ ပြုပြင်ခြင်းသည် (ဒိဋ္ဌိ) ကို အသိဖြင့် ခွာသည်ဟု ခေါ်ဆိုနိုင်ပါသည်။**

## အမှန်မြင်တရားကို (အဘိဓမ္မာ) တရားနှင့် ပြပုံ အတ္တ (ငါ) ကောင်မဟုတ် (ခန္ဓာငါးပါး) သာ

(ဒိဋ္ဌိ) ခွာတရားကို ရှေ့ပိုင်း၌ (ပဋိစ္စသမုပ္ပါဒ်) တရား ဖြင့်လည်းကောင်း၊ အမှားမြင် (ဒိဋ္ဌိ) ဖြစ်ပုံတရားများဖြင့် လည်း

http://www.dhammadownload.com



ကောင်း ရှင်းပြခဲ့ပြီးဖြစ်၍၊ ယခုတဖန် (ဒိဋ္ဌ) ခွာတရားကို (ပဋိစ္စ သမုပ္ပါဒ်) နှင့် (အဘိဓမ္မာ)တရားတို့ကို ခွန်တွဲ၍နားလည် သဘောပေါက်အောင် ရှင်းပြဦးအံ့ -

မြတ်စွာဘုရားဟောကြား ထားသည့် (အဘိဓမ္မာတရား) ၌ (ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ) ဟူ၍ တကယ်မရှိ၊ အခေါ်အဝေါ် အနေဖြင့်သာရှိ၏။ တကယ်ရှိသည်မှာ (ခန္ဓာ ငါးပါး) သာ ရှိ၏။ လောက၌ အမှန်တရားဟု ခေါ်သော (ပရမတ္ထ သစ္စာတရားလေးပါး) သာ ရှိ၏။ ထိုအမှန်ရှိ ပရမတ္ထသစ္စာတရား လေးပါးမှာ (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်) သာ ဖြစ်၏။ လောက ၌ ထိုလေးပါးသည်သာ အမှန်ရှိ၏။ အမြဲရှိနေ၏။ ထိုလေးပါးမှ လွဲ၍ ကျန်တာတွေသည် အခေါ်အဝေါ် (ပညတ်) တွေသာ ဖြစ်၏။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဆိုသည်မှာ-

**(ပညတ်) အခေါ်** = **(ပရမတ်) သဘော**

**စိတ်** = အာရုံကိုယူတတ်သော၊ သိတတ်သော သဘော

**စေတသိက်** = စိတ်ကိုမှီတွယ်ဖြီး ချယ်လှယ်နေသည့် သဘော

**ရုပ်** = အပူ၊ အအေး စသည့် ဆန့်ကျင်ဘက် အကြောင်းများကြောင့် ဖောက်ပြန်တတ် သည့် သဘော

http://www.dhammadownload.com



**နိဗ္ဗာန်** = ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာသဘော

(စိတ် + စေတသိက်) တို့သည် အာရုံကို ညွတ်ပြီး အာရုံကို သိတတ်သော သဘောရှိ၍ (နာမ်) ဟုခေါ်၏။

(စိတ် + စေတသိက်) = (နာမ်) + (ရုပ်) = (ရုပ်နာမ်) သည် (ခန္ဓာငါးပါး) သာဖြစ်၏။

လောက၌ ကြောင်ကလေး မွေးလာသည့်အခါ ကြောင်ကလေး၊ ခွေးကလေး မွေးလာသည့်အခါ ခွေးကလေးဟု ခေါ်ကြ၏။ လူမိန်းမက လူကလေးမွေးလာသည့်အခါ လူကလေးဟု အခေါ်အဝေါ်အားဖြင့် မှန်သော်လည်း (ပရမတ္ထ) အမှန်မြင်တရား အနေဖြင့် လူမဟုတ်ပေ၊ (ခန္ဓာငါးပါး) သာ မွေးလာခြင်း (ဒုက္ခသစ္စာ) ဒုက္ခအမှန်သာ ရလာခြင်းပင် ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ် (ခန္ဓာဖြစ်စဉ်) အရ၊ (သင်္ခါရပစ္စယာဝိညာဏံ) တွင် လူကလေးဟု ခေါ်ကြသည့် လူသည် အမိဝမ်း၌ စတင် ပဋိသန္ဓေနေစဉ်ကပင် ပဋိသန္ဓေ (ဝိညာဏ်) က စတင်၏ (ဝိညာဏ်) စိတ်ဖြစ်လျှင် (စေကသိက်)နှင့် (ရုပ်)တို့လည်း ပါလာရ၏။ ပါဠိလို (ဝိညာဏပစ္စယာနာပရူပံ) ပဋိသန္ဓေဝိညာဏ်စိတ်ကလေးသည် (နာမ) ဖြစ်၏။ ထိုစိတ်ကလေးနှင့်အတူ (အာရုံ) ကို သိတတ်စေသော (နာမ) စေတသိက်နှင့် ရူပံ (ရုပ်) ကလေးဟူ၍ (ရုပ်နာမ်) နှစ်ပါးပါရှိလာ၏။ ပဋိသန္ဓေစတည်သည့် ကာလ လရည်ကြည်ဘဝကပင် (ရုပ်နာမ်) ခန္ဓာငါးပါးနှင့် **စတည်၏။**

http://www.dhammadownload.com



ပဋိသန္ဓေတည်စ (ရုပ်) ကလပ်ဆလ်းလေးတွေထဲတွင် မွေးလာသည့်အခါ ခန္ဓာကိုယ် ခြေလက် အင်္ဂါအပြည့်အစုံ ဖြစ်ပေါ်စေမည့် (ရူပက္ခန္ဓာ) လို့ခေါ်သည့်(ရုပ်အစု)ပါ၏၊ မွေးဖွားလာလို့ လောကကြီးထဲရောက်လျှင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့မှု၊ ကြံတွေးမှု စသော အာရုံ (၆)ပါးကို သိတတ်ရန်အတွက် (သိ)တတ်သည့် သဘောအစုဟု ခေါ်သည်။ (ဝိညာဏက္ခန္ဓာ) လို့ ခေါ်သည့် (စိတ်) အစုလည်း ပါရှိလာ၏။

ထို(စိတ်)ကို မှီတွယ်ပြီး (အာရုံ)၏ အကောင်းအဆိုးကို ခွဲခြားတတ်ဖို့နှင့် (စိတ်) ကိုကောင်းအောင်၊ မကောင်းအောင် စေ့ဆော်ဖို့ ပြုပြင်ချယ်လှယ်ပေးဖို့ စိတ်နှင့် ဆက်စပ်နေသည့် (စေတသိက်) အစု (သုံးမျိုး) လည်းပါရှိလာ၏။ ထိုစေတသိက် အစု (သုံးမျိုး) က (စိတ်) ကို ပြုပြင်ချယ်လှယ်ပေးတတ်သည့် (သင်္ခါရက္ခန္ဓာ) ဟု ခေါ်သည့် (ပြုပြင်မှု) သဘောတရား အစု၊ အရာရာကို မှတ်သားတတ်ရန်အတွက် (မှတ်သားမှု) သဘောတရား အစုဟု ခေါ်သည့် (သညာက္ခန္ဓာ) အစု၊ အာရုံတွေကို ခံစားတတ်ရန်အတွက် (ခံစားမှု) သဘော အစုဟု ခေါ်သည့် (ဝေဒနာက္ခန္ဓာ) အစုရယ်လို့ (ခန္ဓာငါးပါး) သာ ပါရှိလာပါသည်။

ကလေးလို့ ခေါ်သည့် လူကလေးမွေးလာသည့်အခါ လူဟူ ၍ သမုတ်သည့်လူတွင် ပါလာသည့် (အစု)လို့ခေါ်သည့် (ခန္ဓာ) ၌ (Ingredient) အဆက်အစပ်၊ မိတ်ဖက် အားဖြင့် ပါဝင်သော အစု (ခန္ဓာ) မှာ -

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၁။ | (ရုပ်) ရုပ်ခန္ဓာက (ရူပက္ခန္ဓာ) | = | ရုပ်အစု (ဖောက်ပြန်သည့် သဘောအစု) |
| ၂။ | (နာမ်) စိတ်ခန္ဓာက (ဝိညာဏက္ခန္ဓာ) | = | စိတ် (သိမှု) သဘော အစု |
| ၃။ | ။ စေတသိက်ခန္ဓာက (သင်္ခါရက္ခန္ဓာ) | = | စိတ်ကို (ပြုပြင်မှု) သဘောအစု |
| ၄။ | ။ စေတသိက်ခန္ဓာက (သညာက္ခန္ဓာ) | = | (မှတ်သားမှု) သဘောအစု |
| ၅။ | ။ စေတသိက်ခန္ဓာက (ဝေဒနာက္ခန္ဓာ) | = | အာရုံကို (ခံစားတတ်)သည့် သဘောအစု |

ဟူ၍ ခန္ဓာငါးပါး (ရုပ်နာမ်) နှစ်ပါးသာ ပါရှိလာပါ၏။

## ခန္ဓာငါးပါးအကြောင်းအကျိုးပြပုံ

ကလေးမွေးလာလို့ လူ့လောကထဲရောက်ရင်ပဲ၊ သားဖွားဆရာမက တင်ပါးလေးကို ပုတ်လိုက်သည့် အတွက် (လန့်) သော အာရုံ၊ (နာ)သော အာရုံ တစ်ခုခုကို (ခံစားတတ်သည်)မှာ စေတသိက်ထဲက (ဝေဒနာက္ခန္ဓာ) ဖြစ်၏၊ လန့်ခြင်း၊ နာခြင်း၊ (အာရုံ)ကို (စိတ်)က သိအောင်စေ့ဆော် လှုံ့ဆော်ပြုပြင်ပေးသည် မှာ စေတသိက်ခန္ဓာထဲက (သင်္ခါရက္ခန္ဓာ)ပင် ဖြစ်၏။ လန့်တာ၊ နာတာ တစ်ခုခု၏ အာရုံကို (သိ)သည်မှာ (ဝိညာဏက္ခန္ဓာ) (စိတ်) ပင် ဖြစ်၏။

http://www.dhammadownload.com



တင်ပါးပုတ်လိုက်ခြင်းကြောင့် လည်းကောင်း၊ အမိဝမ်းထဲမှ အပြင်လောကသို့ ရောက်လာခြင်းကြောင့် လည်းကောင်း၊ (စိတ်) ခန္ဓာကို (စေတသိက်) ခန္ဓာတို့က လှုံ့ဆော်မှု ဖြစ်စေသောကြောင့် (နာ)ခြင်း (လန့်)ခြင်းကို (သိ) တတ်လာသော (စိတ်) သည် လန့်ခြင်းဆင်းရဲခြင်း၊ နာခြင်းဆင်းရဲခြင်းကို မကြိုက်၊ မနှစ်သက်သော (ဒေါသမနသ) စိတ်ဆင်းရဲမှုကြောင့်၊ (စိတ်)နှင့် (စေတသိက်)တို့က (ရုပ်) ကို စိတ္တဇဝါယောဖြင့် တွန်းမှု၊ (သင်္ခါရက္ခန္ဓာ) က ပြုပြင်မှုတို့ကြောင့် . . . (အူဝဲ). . . ဟူသော ငိုမှုဖြစ်ရ၏။ (ဒုက္ခ) နှင့် စခဲ့ရ၏။ (ရုပ်၊ နာမ်) ခန္ဓာငါးပါးတို့သည်သာ တစ်ခုနှင့် တစ်ခု လှည့်ပါတ်၍ အကြောင်းအကျိုး ပြုလာသောကြောင့် . . . (အူဝဲ). . . (အူဝဲ). . . ဟူသောငိုသံနှင့် စခဲ့ကြရ၏။ (လူ) ဟုခေါ်သော လူကလေးသည် (ခန္ဓာငါးပါး) ဒုက္ခ ရလာခြင်းပင်ဖြစ်တော့၏။ ပဋိသန္ဓေနေသည့် (ဒုက္ခ) ဆင်းရဲခြင်းလည်းရှိသေး၏။

မွေးလာပြီးနောက်နို့ဆာလာလျှင်လည်း ခံစားတတ်သော (ဝေဒနာ) ကို စေ့ဆော်ပြုပြင်ပေးသည့် (သင်္ခါရ)က နို့ဆာမှန်းသိသည့် (စိတ်) ဖြစ်အောင်၊ အသံထွက်အောင်၊ ငိုအောင်ပြုပြင်ပေးသည့် (သင်္ခါရ)ကြောင့် (ရုပ်) က ငိုပြန်၏။ မိခင်ကနို့တိုက်၏။ ငိုလျှင် နို့စို့ရကြောင်း (သညာက္ခန္ဓာ)က မှတ်သားထား၏။ နောက်ဆိုလျှင်နို့ဆာသောခံစားမှု (ဝေဒနာ)ရလျှင်၊ နို့ဆာလျှင် နို့စို့ရကြောင်း မှတ်သားထားသည့် (သညာ)ကြောင့် ဝိညာဏ် (စိတ်) က သိအောင်၊ ငိုအောင် ပြုလုပ်ပေသည့် (ဖဿ)စသော (သင်္ခါရ) တို့ကြောင့် (ရုပ်)က ငို ငိုပြီး နို့တောင်းမှုများသည် တကယ်အရှိ

http://www.dhammadownload.com



တရားဖြစ်သည့် (စိတ် + စေတသိက် + ရုပ်) ခန္ဓာငါးပါးတို့ အကြောင်းအကျိုးပြုနေမှုကြောင့် ဖြစ်ပါသည်။ စွန်းလွန်း ဆရာတော်ဘုရားကြီး ဟောကြားခဲ့သည်မှာလည်း အကြောင်းအကျိုး ပြုပုံ အတိုချုပ်ကို ဟောကြားရာ၌ (စိတ် + စေတသိက် + ရုပ်) တို့ကို (သင်္ခါရ) ကစုပေးမှုကြောင့် သိမှု၊ မှတ်မှု၊ ခံစားမှုတို့ ဖြစ်လာရသည်ဟု ဟောကြားခဲ့ပါသည်။

စတင်မွေးဖွားလာကထဲက (ခန္ဓာငါးပါး) သာ ဖြစ်၏။ လူဆိုတာ ကြောင်တို့၊ ခွေးတို့လို ခေါ်ဝေါ်ခြင်းမျိုးသာ ဖြစ်၏။ တကယ် အရှိတရားမှာ (စိတ်+စေတသိက်+ရုပ်) ဖြစ်သော ရုပ်နာမ် (ဝါ) ခန္ဓာငါးပါးတို့ အကြောင်းအကျိုးပြုနေခြင်းသည်သာ ဖြစ်၏။ မွေးလာပြီးနောက် ကြီးလာလို့ အိုမှု၊ နာမှု၊ သေမှု ဖြစ်သွားသည့်အထိ ဘဝတလျှောက်လုံး၌ တကယ် အလုပ်လုပ်နေသည့် တကယ်အရှိတရားမှာ (စိတ်+စေတသိက်+ရုပ်) တို့ကသာ အကြောင်းအကျိုးပြုမှုကြောင့် (ကံ) တွေဖြစ်ရ၏။ ကံ=ကမ္မ= အလုပ်၊ ဘဝ=ဖြစ်ခြင်း ကမ္မဘဝ=ကံတွေ ဖြစ်ပေါ်ပြီး ပြုလုပ်သည့် (ဘဝ)မှ သတ္တိတွေကြောင့် (ကမ္မဘဝပစ္စယာဇာတိ)=ဒီကံ (သင်္ခါရ) တွေနဲ့သေသွားသည့်အခါ (သင်္ခါရ)က ပြုပြင်ပေးလို့ ဒီဘဝက သတ္တိတွေက လိုက်ပါသွားလို့ သေသည်၏အခြားမဲ့၌လည်း ကံ ကံ၏ တရားအတိုင်း ပဋိသန္ဓေ (ဝိညာဏ်) ပြန်ဖြစ်ရသည်ကို (သင်္ခါရ ပစ္စယာ ဝိညာဏံ) လို့ခေါ်ပါသည်။

(ဝိညာဏပစ္စယာနာမရူပံ) အရ ပဋိသန္ဓေနေဆဲမှာ ခန္ဓာငါးပါး (နာမ်ရုပ်) နှင့်စနေ၏။ ပဋိသန္ဓေ (၃)လလောက် ကြာသည့်

http://www.dhammadownload.com



အခါ (နာမရူပ ပစ္စယာသဠာယတနံ) ဖြစ်လာ၏။ နာမ်ရုပ်(ဒြပ်) အသားတုံးကလေးသည် (၃) လလောက်ကြာသည့်အခါ (သဠာယတန) လို့ ခေါ်သည့် မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် စသော (ဒွါရ) တွေ စုံလာလို့ (နာမ်ရုပ်) က (သဠာယတန) ဖြစ်လာသည့်အတွက် (နာမရူပ ပစ္စယာသဠာယတနံ) ဟု ခေါ်၏။ မွေးလာသည့် အခါ မှာ ဒီအာရုံ (၆)ပါး ဒွါရ (၆) ပေါက်က စတင် အလုပ်လုပ်ကြပါပြီ၊ ခလေး ငယ်ရာမှ ကြီးလာသောသိတတ်မှု အရွယ်အလိုက် ကြီးသည်အထိ အိုပြီး သေသည်အထိ အလုပ် လုပ်ကြပါပြီ။

(သဠာယတနပစ္စယာဖဿ) ဆိုသည်မှာ ဒွါရ (၆) ပါးက (ဖဿ) ဖြစ်လာ၏။ မြင်ရင်ကောင်း မကောင်း၊ ကြိုက် မကြိုက် သိ အောင် (ဖဿ) က (စိတ်) ကို တွေ့တိုက်ပေးပါသည်။ (ဖဿ) သည် (သင်္ခါရကန္ဓာ) ဖြစ်၏။ တဖက်က မုန့်စားမယ်၊ ကြက်ကင်၊ ဘဲကင်စားမယ်ဆိုရင် ကြိုက်တာ၊ ကောင်းတာ ဖြစ်လို့ ကိုယ်လည်း စားချင်စိတ် (ဖဿ) ဖြစ်လာရ၏။ တစ်ဖက်သားက အချဉ်သီး စားနေတာကို မြင်ရင် ကိုယ်က မစားချင်သော်လည်း (ဖဿ) က တွေ့တိုက်ပေးမှုကြောင့် ကိုယ်မှာလာပြီး သွားကျိန်းခြင်း၊ သွား ရည် ကျလာခြင်းမျိုး ဖြစ်ရ၏။ ခွေးချေးပုံ တွေ့လျှင် မကြိုက်လို့ ရွံ၏။ တံတွေး ထွေးချင်လာ၏။ မြင်ရသည့်အခါ တွေ့တိုက်ပေး သည့် (ဖဿ) (သင်္ခါရက္ခန္ဓာ) ကြောင့်ဖြစ်၏။

ထို့အတူ အခြားအာရုံများဖြစ်ကြသော ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ ကြံတွေးမှုတွေကို သိဖို့ (စိတ်) ကိုတွေ့တိုက်မှု

http://www.dhammadownload.com



ဖြစ်အောင်စေ့ဆော်ပေးမှု (ဖဿ) ဖြစ်လာသည်ကို (သဠာယတန ပစ္စယာဖဿ) ဟု ခေါ်၏။

(ဖဿပစ္စယာဝေဒနာ) မှာ (ဖဿ) က အာရုံကို တွေ့တိုက်ပေးသည့်အခါ (အာရုံ) ၏ ကောင်း၊ မကောင်း၊ ကြိုက်၊ မကြိုက် ခံစားတတ်သည်ကို (ဝေဒနာ) ဟု ခေါ်၏၊ (ဖဿ) က တွေ့တိုက်ပေးမှုကြောင့် ခံစားမှု (ဝေဒနာ) ဖြစ်လာသည်ကို (ဖဿပစ္စယာဝေဒနာ) ဟုခေါ်၏။ ဤအဆင့်အထိ (ခန္ဓာငါးပါး) ဖြစ်ပုံဖြစ်၏။

ဘာပဲမြင်မြင်၊ ဘာပဲကြားကြား၊ အာရုံ (၆) ပါးနှင့် ထိတွေ့ သမျှ (ခန္ဓာငါးပါး) တစ်ပေါင်းတည်း ဖြစ်ရ၏။ လှသော မိန်းကလေးကို မြင်သည်ဖြစ်စေ၊ နှစ်သက်စရာ (အာရုံ) ကို မြင်သည်ဖြစ်စေ၊ (ခန္ဓာငါးပါး) တစ်ပေါင်းထဲဖြစ်ပြီး ကြိုက်သော (လောဘ) ဖြစ်၏။ မကြိုက်မနှစ်သက်သည့် (အာရုံ) ကို မြင်လျှင်လည်း (ခန္ဓာငါးပါး) တစ်ပေါင်းတည်း ဖြစ်ရ၏။ ဥပမာ-ခွေးချေးပုံကို မြင်လျှင် ခန္ဓာငါးပါး တစ်ပေါင်းထဲဖြစ်ပုံ၌ ခွေးချေးပုံ (ရုပ်) (ရူပက္ခန္ဓာ) သည် မျက်စေ့ထဲ ဝင်လာ၏။ ခွေးချေးပုံမှန်း မှတ်ထားသည့် (သညာ)၊ (သညာက္ခန္ဓာ) ကြောင့် (သိ) သော (ဝိညာက္ခန္ဓာ) စိတ်ဖြစ်၏။ (ဖဿ) (သင်္ခါရက္ခန္ဓာ) သင်္ခါရက တွေ့တိုက်ပေးသည့်အခါ မကြိုက်၊ မနှစ်သက်စရာ၊ ရွံ့စရာ (ဝေဒနာက္ခန္ဓာ) ဒေါသဝေဒနာကို ရစေ၏။ (ဖဿ) ကြောင့် (ဝေဒနာ) ကြောင့် မကြိုက်မနှစ်သက်သော (ဒေါသ) ကြောင့် တံတွေး ထွေးချင်လာ၏။ ထွေးလိုက်၏။

http://www.dhammadownload.com



မကြိုက်မနှစ်သက်သည့် အာရုံကြောင့် ထိုးချင် ရိုက်ချင်သည်မှာလည်း ဒီအတိုင်းပဲ ဖြစ်၏။ လူသတ်မိ သည်မှာလည်း ဒီအတိုင်းပဲ ဖြစ်၏။ (ခန္ဓာငါးပါး) ရလာလို့ ဖြစ်ရ၏။ မြတ်စွာဘုရားက (ရုပ်နာမ်) ခန္ဓာငါးပါး ရလာခြင်းကို (ဒုက္ခသစ္စာ) ဟု ဟောပါသည်။ (ခန္ဓာ) မရမှ၊ မလိုချင်မှ၊ (ခန္ဓာ) ကုန်ပျောက်သည့် (ခန္ဓာမဖြစ်ရာ၊ မပျက်ရာ) (နိဗ္ဗာန်) ချမ်းသာကြီးသည် ပေါ်လာတော့၏။ ထို့ကြောင့် ဘာပဲမြင်မြင်၊ ဘာပဲ ကြားကြား၊ မြင်သောခဏ မျက်စိထဲမှာပင် (ရုပ်၊ စိတ်၊ သညာ၊ သင်္ခါရ၊ ဝေဒနာ) ဟူသော (ခန္ဓာငါးပါး) တပေါင်းထဲဖြစ်ရ၏။ (ခန္ဓာ) ရပြီး ဒုက္ခဖြစ်ရ၏။

ကြောင်ချေးမြင်ရာ၌၊ နံရာ၌လည်း မျက်စေ့နှင့် နှာခေါင်းကို တွေ့တိုက်ပေးသည့် ဖဿ (သင်္ခါရ) ကြောင့် ကောင်းမကောင်း၊ ကြိုက် မကြိုက်၊ ခွဲခြားတတ်သည့် (ဝေဒနာ)က ရှုံ့စရာအာရုံကို ခံစားရ၍ မကြိုက်မနှစ်သက်သော (ဝေဒနာ) ကို ခံစားရ၏။ ငါ့အိမ်ပေါက်ဝမှာ စောစောစီးစီး ချေးလာပါတယ်၊ အတော်ယုတ်တဲ့ကြောင်၊ ကိုယ့်ကြောင်ကို မထိန်းကြဘူး ဟု မကြိုက် (ဒေါသ) ဖြစ်၍ရန်ဖြစ်ရခြင်း (ဒုက္ခ) ဖြစ်ရခြင်းမှာလည်း (မကြိုက်) သော (ဝေဒနာ) ကြောင့် (အကုသိုလ်စိတ်) ဒေါသဖြစ်ရခြင်း ဖြစ်၏။

ဒွါရ (၆) ပါးမှ စိတ် (၆) ပါး ဖြစ်တိုင်း (ခန္ဓာငါးပါး) ရမှုမှ ကြိုက်ပြန်လျှင်လည်း ကြိုက်နှစ် သက်သော (ဝေဒနာ) ကြောင့် (တဏှာ) လောဘ ဖြစ်ရပြီး လိုချင် တပ်မက်မှုကြောင့် (ဒုက္ခ)

http://www.dhammadownload.com



ဖြစ်ရ၏။ အကုသိုလ်စိတ်ရ၏။ ထို့ကြောင့် ခန္ဓာငါးပါး (ဝါ) ရုပ်နာမ် (၂)ပါးရခြင်း (ဝါ) လူဖြစ် ရခြင်းသည် (လောဘ၊ ဒေါသ၊ မောဟ) တွေတန်းနေသည့် (ပဋိစ္စသမုပ္ပါဒ်) (ခန္ဓာဖြစ်စဉ်) အစဉ်တန်းကြီး ရခြင်း (ဒုက္ခ) သံသရာကြီး ရလာခြင်း ဖြစ်၏။

လူဆိုသော (ခန္ဓာငါးပါး) ရခြင်းကြောင့် မြင်သည့် အာရုံ၊ ကြားသည့် အာရုံ စသော ဒွါရ (၆) ပါးမှာ ရသည့် (ခန္ဓာငါးပါး) ကို စွဲလန်းရာ ဖြစ်ခြင်းကြောင့် ဒုက္ခဖြစ်ရခြင်းကို (ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ)ဟု မြတ်စွာဘုရားဟောကြားထားပါသည်။ ဤကား ပစ္စုပ္ပန် ခန္ဓာငါးပါးဒုက္ခရလာသည့် (ဒုက္ခသစ္စာ)ဖြစ်၏။ အနာဂတ်ခန္ဓာ ငါးပါး ရခြင်းသည် (သမုဒယသစ္စာ) ဖြစ်၏။

(သမုဒယသစ္စာ) သည် ကောင်းတာ၊ ကြိုက်နှစ်သက်တာ ကို ခံစားတတ်သည့် (ဝေဒနာ) မှ (တဏှာ) ကူးလျှင် (ဝေဒနာ ပစ္စယာတဏှာ) ဖြစ်၏။ (တဏှာ)မှ စွဲလန်းမှု (ဥပါဒါန်)၊ စွဲလမ်းမှု ဥပါဒါန်မှ ကမ္မဘဝ၊ ကမ္မဘဝမှ ဇာတိ (အနာ ဂါတ်) ဘဝဆက် သည့် (ပဋိသန္ဓေ) ရတော့၏။ အဝိဇ္ဇာမှ တဏှာအထိ ကူးစက်လာ ခြင်းကြောင့် (အဝိဇ္ဇာ၊တဏှာ) သည် (သမုဒယသစ္စာ) ဖြစ်၏။ ဇာတိ ရပြီး မွေးလာသည့် အခါ၌ (ဒုက္ခသစ္စာ) ထပ်မံ ရလာခြင်းဖြစ်၏။ (၃၁)ဘုံရှိ လူသတ္တဝါတို့သည် (သမုဒယသစ္စာ) နှင့် (ဒုက္ခသစ္စာ) ဖြစ်သော အယုတ်သစ္စာ (၂)ပါးဖြင့်သာ သံသရာ လည်နေကြ၏။

(ဝေဒနာပစ္စယာတဏှာ) မှာ (အာရုံ) ပေါ်မှာ ကောင်း မကောင်းခံစားတတ်သည့် (ဝေဒနာ)က ကောင်းတာ ကြိုက်တာ

http://www.dhammadownload.com



ဆိုရင် နှစ်သက်တယ်၊ တပ်မက်တယ်၊ လိုချင်တယ်ဆိုလျှင် (တဏှာ) ဖြစ်လာသည် ခေါ်သောကြောင့် ကြိုက်မှုလောဘမှ လိုချင်တပ်မက်စိတ်ဖြစ်လာခြင်းကို (ဝေဒနာပစ္စယာတဏှာ) ဟု ခေါ်ရ၏။ ခလေးဘဝကစပြီး အာရုံ(၆)ပါးမှာ ကောင်းတာမြင်ချင်၊ ကောင်းတာ ကြားချင်၊ ကောင်းတဲ့အနံ့ကို ခံချင်၊ ကောင်းတာ စားချင်၊ ကောင်းတာဝတ်ချင်၊ ကောင်းတဲ့ အထိအတွေ့ကို ခံစားချင်၊ ကောင်းတာပဲတွေးနေချင်သည့် (တဏှာ)တွေက ဒွာရ (၆)ပေါက် လုံးက အဝင်ခံချင်ပါတော့သည်၊ မကောင်းတာမြင်၊ ကြား၊ နံ၊ စား ရရင် (ဒေါသ) ဖြစ်ပြီး တဖန် ကောင်းတာ ကြိုက်တဲ့ (တဏှာ) ကိုပဲတောင်းတ၍ ခံစားချင်ပြန်ပါသည်။ ကြိုက်လောဘ (တဏှာ) ဖြစ်လျှင် အနာဂါတ်ခန္ဓာရကြောင်း (သမုဒယသစ္စာ) ဖြစ်၍ ပဋိစ္စသမုပ္ပါဒ် ဆက်ပြန်တော့၏။ (ဒေါသ)ဖြစ်လျှင် (မောဟ) ဖြစ်လျှင်လည်း (အဝိဇ္ဇာ) ဖြစ်သောကြောင့် ပဋိစ္စသမုပ္ပါဒ် အစကနေ စလည်ပါတော့သည်။

လှသောမိန်းကလေးကိုဖြစ်စေ၊ နှစ်သက်စရာပစ္စည်း အာရုံကို မြင်သည်ဖြစ်စေ၊ ရိုးရိုးမြင်သည်ဖြစ်စေ၊ မြင်စိတ်မျက်စေ့ထဲမှာ ခန္ဓာငါးပါးတစ်ပေါင်းတည်း ဖြစ်ကြ၏၊ ကြိုက်နှစ်သက်မှု (တဏှာ)တွေများလာလျှင်၊ စားလည်းသူ့မျက်နှာ၊ အိပ်လည်းသူ့မျက်နှာ၊ နေရာတိုင်းမှာ သူ့မျက်နှာဟု ပြောဆိုကြသလို မြင်စိတ်ထဲမှာ (ခန္ဓာငါးပါး)ပဲ ရနေတော့၏။ (ခန္ဓာငါးပါး) တစ်ပေါင်းတည်း ဖြစ်နေတော့၏၊ ကြိုက်နှစ်သက်စရာ (ခန္ဓာငါးပါး)ကို မြင်နေ၍ (တဏှာ)တွေများလာမှုကြောင့် စွဲလန်းလာ၏။

http://www.dhammadownload.com



(တဏှာ)တွေများလာသည့်အခါ စွဲလန်းစိတ်တွေဖြစ်လာသည်ကို (တဏှာပစ္စယာဥပါဒါန) ဟုခေါ်၏၊ (တဏှာ) နဲ့ ကောင်းတာ လိုချင်၊ မြင်ချင်၊ စားချင်၊ ကြားချင်သည့် (စိတ်) များသည် သောက်လေ၊ သောက်လေ ငတ်မပြေသော ဆားငံရည် သောက်ရသကဲ့သို့၊ ရလေလိုလေ အိုတဏှာဆိုသလို ကြိုက်နှစ်သက်တဲ့ (အာရုံ)ကို ပိုပြီး တပ်မက်လာသည့်အခါ၌ စွဲလန်းမှု (ဥပါဒါန်) ဖြစ်လာသည်ကို (တဏှာပစ္စယာဥပါဒါန) ဟု ခေါ်ပါသည်။

(ဥပါဒါန်)စွဲလန်းမှုများသည့်အခါ (ဥပဒါနပစ္စယာကမ္မဘဝေါ) ဖြစ်လာ၏၊ အရောင်းအဝယ်လုပ်ရင်း ကုန်သွယ်ရင်းက ကုန်သည်ဘဝဖြစ်လာခြင်း၊ ငါးပက်ခြင်း၊ ငါးဖမ်း အလုပ်လုပ်ရင်းက တံငါသည် (ဘဝ)ရောက်လာခြင်း၊ ဘိန်းစားရာမှ ဘိန်းစား (ဘဝ)၊ အရက်သောက်ရာမှ အရက်သမား (ဘဝ)၊ တောလိုက်ရာမှ မုဆိုး (ဘဝ) ဖြစ်ရသလို ကိုယ်စွဲလန်းရာ ကိုယ့်ဝမ်းစာအလုပ်ကို လုပ်ကြသည့် (ဘဝ)၌ မရ ရတဲ့နည်းနဲ့ ပြုလုပ်ကြရသည့် (ဘဝ) ရောက်သောအခါ၌ (ဥပဒါနပစ္စယာကမ္မဘဝေါ) ဖြစ်လာ၏၊ (လောဘ၊ ဒေါသ၊ မောဟ) (အကုသိုလ်) တွေက အများကြီး ပါလာသည့် (ဘဝ) ရောက်လာရ၏၊

(ကုသိုလ်) ကံထက် (အကုသိုလ်) ကံ က များကြသည့် (ဘဝ) ဖြစ်လာရပါသည်။ ဒီ(ဘဝ)မှာ မိမိ၏ (စိတ်ရင်းစေတနာ) က စပြီး ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု စသည့် ကံသုံးပါးမှာ ကောင်းကံ၊ မကောင်းကံတို့က (ဘဝ)တလျှောက်လုံးမှာ ဘယ်ကံက များမလဲ၊

http://www.dhammadownload.com



ကံသတ္တိများ အစဉ်သဖြင့် ကိန်းအောင်းနေသည့် (ဘဝ) ဖြစ်လာခြင်းကို (ဥပါဒါနပစ္စယာကမ္မဘဝေါ) ဟု ခေါ်၏။

ဘဝတလျှောက်လုံး၏ လုပ်ရပ်အတိုင်း ကိန်းအောင်းနေသော အရှိန်၊ အဝါ (သတ္တိ) များသည် (သေ)သောအခါ ထိုသတ္တိအရှိန်အဝါများသည် လိုက်ပါပြီး ဘဝသစ်၌ (ပဋိသန္ဓေ)နေရသည်ကို (ဘဝပစ္စယာဇာတိ) ဟုခေါ်ပါသည်။ ဒီဘဝက (စုတေ) သေလွန်လို့ စုတိပြီး (ပဋိသန္ဓေ) တန်းဖြစ်သည့်အခါ (ဘဝ) ဟောင်းက ကုသိုလ်၊ အကုသိုလ်အရ လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံတို့မှာ ကံကံ၏တရားအတိုင်း ကံကပြုသော အာရုံ (စိတ်) နဲ့ဖြစ်ရ၏၊ ဘယ်အာရုံ (စိတ်) နဲ့သေပြီး ဘယ်ဘုံမှာ (ပဋိသန္ဓေ) နေရမလဲ ကြိုပြီး မသိနိုင်ကြပါ။

သေခါနီး သေပေါက်သေဝမှာ ကပ်လာတဲ့၊ ကပ်နေတဲ့၊ ထင်လာတဲ့ (အာရုံ) အတိုင်း (စိတ်)က တွယ်ရပါသည်၊ တွယ်ရသည့်သေခါနီး (စိတ်) အတိုင်း သေရသည့်စိတ်ကို (စုတိစိတ်)၊ တဖန် (သင်္ခါရ)ကြောင့် ပြန်ဖြစ်သော (ဇာတိ)ကို (ပဋိသန္ဓေစိတ်) ဟု ခေါ်ရသည်ကို (ကမ္မ ဘဝ ပစ္စယာဇာတိ)ဟု ခေါ်ရပါသည်။ (သင်္ခါရပစ္စယာဝိညာဏံ) နှင့် အတူတူပဲ ဖြစ်ပါသည်။

ဇာတိပဋိသန္ဓေစိတ် (ဝိညာဏ်)ရပြီး မွေးလာမှုဖြစ်လာ၏၊ မွေးရာမှ ကြီးပြင်းလာသည့်အခါ၊ အိုခြင်း၊ သေခြင်းကို (ဇာတိပစ္စယာဇရာမရဏ) ဟုခေါ်၏၊ မသေမီခံစားရသည့် ဒုက္ခများသည်၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ

http://www.dhammadownload.com



စသည့်အိုမှု၊ နာမှု၊ စိုးရိမ် မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာ ငိုကြွေးမှု ဒုက္ခ အစုတို့နှင့် အဆုံးသတ်ပြီး (ပဋိသန္ဓေ) ပြန်ရသည့် သံသရာလည်မှုသည် ဘဝဆက်တိုင်း ခံကြရပါတော့သည်။

(ပဋိစ္စသမုပ္ပါဒ်တရားအကျယ်ကို သိလိုပါလျှင် စာရေးသူ ပူဇော်ထားသော မိုးကုတ်ဝိပဿနာ၊ အခြေခံ တရား အနှစ်သာရနှင့် ရှုပွားနည်း စာအုပ်မှာ ကြည့်ပါလေ)

## (ငါ) ကောင်ဟူ၍မရှိ၊ ရုပ်သက်၊ နာမ်သက်သာရှိ၏

(စိတ်)အစဉ်၊ (ရုပ်)အစဉ် ပဋိစ္စသမုပ္ပါဒ် (ခန္ဓာဖြစ်စဉ်) တွေအမျိုးမျိုးနှင့် ကြုံတွေ့ပြီး လှုပ်ရှားနေကြရသော ပုထုဇဉ်တို့မှာ (အတ္တ) (ငါ) ကောင်လေးဆိုသည်မှာ လုံးဝမရှိပါ၊ မိခင်ဝမ်းထဲ၌ ကာလ လရည်ကြည်ဘဝနှင့် (ပဋိသန္ဓေ) တည်မှီစဉ်ကပင် တည်နေသည့် (ရုပ်၊နာမ်)တို့၏ အသက်ကို (ဇီဝိတိန္ဒြေ)ဟု ခေါ်ပါသည်။ ဖြစ်လာ သမျှ (စေတသိက်) တို့၌ (အသက်) ပါပါသည်။ (စေတသိက်) များသည် အသေမဟုတ် အရှင်များဖြစ်၍ (စေတသိက်)တို့ တစ်ခုပြီး တစ်ခုဆက်၍ ဆက်၍ မပျက်စီးပဲ (ကံအရှိန်ရှိနေသမျှ) တည်နေကြရပါသည်။ ထို့ကြောင့် “ **မကွာနာမ်သက် ဇီဝိန် ဆက်၍၊ မပျက်မပြုန်း** ” ဟု အဆိုရှိခဲ့ပါသည်။

နာမ်တရားတို့သည် (နာမ်)သက်ပါသကဲ့သို့ (ရုပ်)တရား

http://www.dhammadownload.com



တို့သည်လည်း (ရုပ်)အသက်ပါကြပါသည်။ ဤ (နာမ်)သက်နှင့် (ရုပ်)သက်ဖြစ်သော (ဇီဝိတ ၂ပါး) ကိုပင် သတ္တဝါတို့၏ အသက်ဟု ခေါ်ရပေသည်၊ ထို (ရုပ်) ဇီဝိတနှင့် (နာမ်) ဇီဝိတ ၂မျိုးကလွဲ၍ လူသတ္တဝါတို့၏ ကိုယ်အတွင်းမှာ အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်၊ (အတ္တ) (ငါ) ကောင်ဟူ၍ (မရှိ) သည်ကို သဘောပေါက်နိုင်ကြပါသည်။

## စိတ်၊ စေတသိက်၊ ရုပ်တို့ အလိုအတိုင်း ဖြစ်နေခြင်း

မွေးမလာမှီ (ပဋိသန္ဓေ)နေနေသော (လူ)လို့ ခေါ်ဆိုကြသည့် (ရုပ်)ထဲမှာဆိုလျှင် (ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အဟာရ (ရုပ်)တို့ပါလာပါသည်၊ (ရုပ်)ဆိုသည်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုသည့် ဓါတ်ကြီး (၄)ပါး ဖြစ်သော မာမှု၊ ပျော့မှု၊ ပူမှု၊ အေးမှု၊ ဖွဲ့စေးမှု၊ တွန်းကန်မှုသဘောကိုသာ (ရုပ်) အဖြစ် စတင်သည့် (ရုပ်) သည် ကံကစီမံသည့်အတိုင်း အမိဝမ်းတွင်း ရောက်၍ လူမိဘ၏သဏ္ဍာန် (ကံ)က စီမံလိုက်သည့်၊ (ရုပ်) နှင့် မွေးလာပြီး လူဖြစ်လာသည့် ကလေးသည် ရုပ်လှခြင်း၊ ရုပ်ဆိုး ခြင်း၊ ခန္ဓာကိုယ်ကြီးထွားခြင်း၊ ကြုံလှီခြင်း၊ လူစဉ်မမှီခြင်း စသည်တို့သည် (ဘဝ)က ဖြစ်လာသည့် (ဇာတိ) ကံကြောင့် ဖြစ်ရ၏၊ ကြီးလာလို့ သွားနိုင်လာနိုင်သည့်အရွယ် ရောက်လာသည့် အခါ (နာမ်)ဖြစ်သော (စေတသိက်) (သင်္ခါရ)က (စိတ်)ကို အမြဲဆက်စပ်ချယ်လှယ်နေ၍ (စေတသိက်)က (စိတ်)ကို မပြတ်ပြုပြင်ပေးနေ၍ (စိတ်)အလိုအတိုင်း ထိုင်ရ၊ အိပ်ရ၊ ရပ်ရ၊

http://www.dhammadownload.com



သွားရခြင်း ဖြစ်ပါသည်။

(အတ္တ) ကောင်ကသွားလို၍ သွားခြင်း မဟုတ်ပါ၊ (ငါ) သွားလို၍ သွားခြင်းလည်းမဟုတ်ပါ၊ ခန္ဓာအစု (ခန္ဓာငါးပါး)နှင့် (ပြင်ပအာရုံ)များကို (ဖဿ)စသော (သင်္ခါရ)က တွေ့တိုက်ပေးမှုကြောင့် အကြောင်းအကျိုးတိုက်ဆိုင်မှုကြောင့် ဖြစ်လာသည့် (စိတ်)ကြောင့် သွားရခြင်း၊ လာရခြင်း၊ ထိုင်ရခြင်း၊ စားရခြင်းတို့ ဖြစ်ရပါသည်။

(စိတ်)ဖြစ်တိုင်း (သင်္ခါရ)၏ တွေ့ဆုံပေးမှုပါရ၏၊ (သင်္ခါရက္ခန္ဓာ)စေတသိက်ဖြစ်သော (ဖဿ)ကြောင့် (ခံစား) တတ်သော (ဝေဒနက္ခန္ဓာ) ဝေဒနာ ဖြစ်ရ၏၊ ကောင်း၊ မကောင်း (ခံစား) တတ်သော (ဝေဒနာ) (ဝေဒနက္ခန္ဓာ)၏ အလိုကျ (ခန္ဓာငါးပါး) သည် သိမ်သိမ်မွေ့မွေ့လေးဖြင့် (ခံစားမှု) ဖြစ်ပေါ်ရာ၌ အလိုကျမှု (ကြိုက်မှု)၊ အလိုမကျမှု (မကြိုက်မှု) ဖြစ်ရ၏၊ (အာရုံ) အပေါ်၌ (ခံစား) ရသည့် (ဝေဒနာ)ကြောင့် ကြိုက်စိတ်၊ မကြိုက်စိတ် ဖြစ်သည့် ခဏအတွင်းမှာ စိတ်အမျိုးမျိုးသည် သိမ်သိမ်မွေ့မွေ့ကလေး ဖြစ်ပျက်နေ၏၊

ထိုသို့ ဖြစ်ပေါ်နေမှု (ခန္ဓာဖြစ်စဉ်)ကို (သတိ) မပြုမိ၍ မသိ၊ (မသိမှု) ကြောင့် (ဝါ) (အဝိဇ္ဇာ) ဖြစ်နေမှုကြောင့်၊ ကြိုက်စိတ်၊ မကြိုက်စိတ်က ဝမ်းထဲမှာ သိမ်သိမ်မွေ့မွေ့ကလေး တရွေ့ရွေ့ ဖြစ်ပေါ်နေရာမှ၊ ထင်ရှားလာသည့်အခါ (ငါ) ကြိုက်လိုက်တာ (လိုချင်မှု) (တဏှာ) (လောဘ) ဖြစ်လာသည်။ (ငါ) မကြိုက်

http://www.dhammadownload.com



တော့ (ဒေါသ) ထွက်လိုက်တာဟူ၍ ဖြစ်လာကြပါသည်။ အမှန်စင်စစ် (ငါ) မဟုတ်ပါ၊ ပြင်ပ၌ ရှိသော (အတိုက်) ဓါတ် (အာရုံ) များ နှင့် ခန္ဓာကိုယ်ရှိ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ (အခံ) ဓါတ်တို့ တိုက်မိကြ၍ ဖြစ်ပေါ်လာသည့် ကြိုက်မှု၊ မကြိုက်မှုစိတ်များကို လိုက်ပြီး (လောဘ၊ ဒေါသ၊ မောဟ)တွေ ဖြစ်နေကြရခြင်း ဖြစ်ပါသည်။

(ငါ) ငါ့စိတ် မဟုတ်ပါ။ တိရစ္ဆာန်များလည်း ဒီစိတ်အတိုင်း သွားကြပါသည်။ လက်တွေ့ ခန္ဓာဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်) ကို သိမြင်နေကြသည့် အရိယာများမှ လွဲ၍ လူ၊ သတ္တဝါတို့သည် မသိမှု အဝိဇ္ဇာ (မောဟ) စိတ်အတိုင်း ဖြစ်နေကြပါသည်။

လူမှာ မသိမှု (အဝိဇ္ဇာ) မောဟ ဖြစ်နေလျှင်၊ (လောဘ၊ ဒေါသ၊ မောဟ) ဖြစ်နေလျှင် တိရစ္ဆာန်စိတ်ဖြစ်၍၊ ဆင်ခြင်တုံတရားနှင့် ကုသိုလ်စိတ်ဖြစ်မှသာ (ပညတ်)အရ လူစိတ်ဟု ခေါ်နိုင်၏၊ ပရမတ်သဘောအရ (စိတ်၊ စေတသိက်) တို့ အကြောင်းအကျိုးပြုမှုပင် ဖြစ်၏။

အရှင်ဇနကာဘိဝံသဆရာတော်ကြီးက (အတ္တ) (ငါ) ကောင် ကလေးက သွားလို၍ သွားခြင်းမဟုတ်ပါ။ အတ္တ (ငါ) ကောင်လေးက သွားချင်လျှင် ခြေလက်စတဲ့ ရုပ်က သွားရခြင်းမျိုးကား မဟုတ်ပါ၊ ခန္ဓာကိုယ်မှာရှိသည့် (ရုပ်)နှင့် (နာမ်)ရှိ စေတသိက်က တွေ့တိုက်၍ (စိတ်) က ဖြစ်ပေါ်လာသည့် (နာမ်) မှာ၊ (နာမ်)က သွားလိုစိတ် ဖြစ်သည့်အခါမှာ (စိတ္တဇရုပ်)တို့သည်

http://www.dhammadownload.com



တစ်ကိုယ်လုံး ပျံ့နှံ့လျှက် ဖြစ်လာပါသည်။ ထို (စိတ္တဇရုပ်)များ၌ (ဝါယော)ဓါတ်သည် ခါတိုင်းထက် (သတ္တိ) ပိုကောင်းလာကြပါသည်။

ထို (ဝါယော)ဓါတ်၏ အစွမ်းကြောင့် တစ်ကိုယ်လုံး လှုပ်လှုပ်ရှရှဖြစ်လာရသည်၊ (ရုပ်)၌ ဖွဲ့စည်းထားသော (ကလပ်ဆလ်း) များ၌ ဝါယောဓါတ်လွန်ကဲသော ရုပ်ကလပ်ဆလ်းတွေ များလာသောအခါ ရွေ့ကာရွေ့ကာ သွားသကဲ့သို့ ဖြစ်လာပါသည်၊ ထို (ဝါယော)ဓါတ်၏ အစွမ်းကြောင့် ရွေ့ကာ ရွေ့ကာ ဖြစ်ရာ၌၊ ရွေ့ချင်တိုင်း မရွေ့ပဲ စိတ်အလိုကျအောင် (စေတသိက်)က ချယ်လှယ်သည့်အတိုင်း ရွေ့ကြရပါသည်။

အရှင်ဇနကာဘိဝံသဆရာတော်ကြီးက ဆက်လက်၍ ရွေ့ ကာ ရွေ့ကာ ဖြစ်ခြင်းဟူသည် လူတစ်ယောက် လမ်းသွားရာကို ရုပ်ရှင်ရိုက်ကြည့်ပါက ဖလင်အကွက်များစွာ တွေ့ရပါမည်၊ ထိုဖလင်အကွက်များစွာ၌ ပထမရပ်မှု၊ ခြေကြွမှု၊ ခြေမြှောက်မှု၊ လှမ်းမှု၊ ခြေချမှုစသည့် ဖလင်အကွက်များစွာပေါ်လာရသလို၊ သွားခြင်း မှာလည်း ပထမသွားလို (စိတ်)ဖြစ်၏၊ မသွားသေး၊ မတ်တပ်ရပ် လျှက်ပင် ရှိသေး၏၊ သို့သော် (ရုပ်ကလပ်ဆလ်း) များ၌ ပါဝင်သော (ဝါယော) ဓါတ် အစွမ်းကြောင့် ပထမဦးစွာ (ရုပ်) ၌ မငြိမ်သက်သော အမူအရာတွေ ဖြစ်လာရ၏၊ ဒုတိယ (ရုပ်) အစုသည် ပထမ ရုပ်အစုနှင့်မတူပဲ ပြောင်းလဲလာ၏။

ထို့နောက် ခြေထောက်ကြွလာ၏၊ လှမ်းလာ၏။ ၎င်း

http://www.dhammadownload.com



နောက် ဖြစ်လာသော ရုပ်ကလပ်ဆလ်းတို့ ရွှေ့ကာရွှေ့ကာ သွားခြင်း၊ အမူအရာနှင့် သွားခြင်းသည် သွားချင်သည့် (စိတ်) ကြောင့် (ရုပ်)က သွားခြင်းဖြစ်ရ၏၊ (ငါ) သွားခြင်း မဟုတ်ပေ၊ အကြောင်း တိုက်ဆိုင်၍ သွားလို (စိတ်) ကြောင့် (ရုပ်)က သွားခြင်း ဖြစ်ရပါသည်။ (စိတ်) က သွားချင်လျှင် (ရုပ်) က သွားပေးရ၏၊ (စိတ်) ဖြစ်သည်မှာ အလွန်မြန်၏၊ စိတ်သည် တစ်စက္ကန့်အတွင်း ကုဋေ တစ်သိန်းမက ချုပ်သည်ဖြစ်၍ ရှေ့ဆင့်နောက်ဆင့် ဖြစ်ပျက်နေသည့် အလွန် လျှင်မြန်လွန်းလှသည့် စိတ်ကြောင့် ဖြစ်ရ၏၊ သွားချင်စိတ်၊ မြင်သိစိတ်၊ ကြားသိစိတ်ကို မသိလိုက်နိုင်အောင် မြန်လွန်းလှ၍ လျင်မြန်စွာ နှိုးဆော်သွားသည့် (စေတသိက်) ကို မသိလိုက်နိုင်ကြ၍သာ ဖြစ်ကြရ၏၊ ငါသွားသည်၊ ငါမြင်သည်၊ ငါသိသည် မဟုတ်ပေ၊ အကြောင်း တိုက်ဆိုင်မှုကြောင့် အကျိုး ဖြစ်လာသော သွားခြင်း၊ လာခြင်း၊ မြင်ခြင်း၊ သိခြင်း နှစ်သက်ခြင်း၊ ရယ်ခြင်း၊ ငိုခြင်း၊ ဒေါသထွက်ခြင်း စသည့် **"အကြောင်းအကျိုး"** သာလျှင် ဖြစ်ပေ၏။

ယခုခေတ် (ကွန်ပျူတာ) များ၌ တစ်စက္ကန့်လျှင် ပြောင်းလဲမှုပေါင်း သန်းနှင့်ချီ၍ ရှိလာကြသလို (စိတ်)က ဆိုလျှင် ကွန်ပျူတာထက်များစွာ ပိုမြန်၏၊ စိတ်က မျက်စေ့တမှိတ်၊ လျှပ်တပျက် အတွင်းမှာပင် ကုဋေတစ်သိန်းမက ချုပ်၏၊ ဖြစ်၏၊ စိတ်ကြောင့် ဖြစ်သော စိတ္တဇဝါယောအစွမ်းကြောင့် ရုပ်ကလပ်ဆလ်းများကို တွန်းပို့နိုင်ပေ၏၊ စိတ်၏ စွမ်းအင်အထပ်ထပ်ဖြစ်သောကြောင့် မျက်စိတမှိတ်အတွင်း ရွှေ့ကာ ရွှေ့ကာဖြစ်၍ သွားချင်သော (စိတ်) ကြောင့်သွားရ၏၊ ရပ်ရ၏၊ ထိုင်ရ၏၊ လှုပ်ရှားရခြင်းဖြစ်၏၊

http://www.dhammadownload.com



ကိုယ်အမူအရာများအားလုံး၊ နှုတ်အမူအရာများအားလုံး၊ လှုပ်ရှားမှု၊ ပြောဆိုမှု၊ ကြံတွေးမှုများ မှန်သမျှသည် (ရုပ်၊နာမ်)တို့၏ (အကြောင်းအကျိုး)မှုတွေချည်းဖြစ်ရ၏။

(ရုပ်၊နာမ်)တို့၌ရှိသော (သင္ခါယတန)ခေါ်သည့် ဒွါရ (၆) ပါးနှင့် ပြင်ပရှိ (အာရုံ) (၆) ပါးတို့ကို (ဖဿ)ခေါ်သည့် (သင်္ခါရက္ခန္ဓာ) ၏ တွေ့တိုက်ပေးမှု အပေါ်မှာ (စိတ်) ဖြစ်ရ၏။ (စိတ်) ကြောင့် (ရုပ်) ဖြစ်၏၊ ရုပ်ကြောင့်လည်း (စိတ်)ဖြစ်၏၊ ထို့ကြောင့် (ရုပ်၊ နာမ်) နှစ်ပါးတို့၏ အကြောင်းအကျိုးဖြစ်ပေါ်မှု အပေါ်၌ သွားရ၊ လာရ၊ စားရ၊ သောက်ရ၊ ပြောဆိုနေထိုင်မှု ဖြစ်ကြရခြင်း ဖြစ်သည်ကို (ငါ) သွားခြင်း၊ (ငါ) လာခြင်း မထင်ကြစေလိုပါ။

(ပညတ်) သဘောအရ (ငါ) သွားသည် (ငါ) လာသည် လို့ ပြောဆိုနေသော်လည်း (ပရမတ္ထ)သဘော အမြင်အားဖြင့် (ပရမတ္ထ) အရှိအားဖြင့် (စိတ်+စေတသိက်+ရုပ်) ဖြစ်သော (ရုပ်နာမ်) တို့သည်သာ **"အကြောင်းအကျိုး"** ဖြစ်မှုတွေနှင့် သွားလာနေကြ သည်ကို သိစေလိုပါသည်။ (စိတ်+စေတသိက်) တို့၏ အလုပ် လုပ်ပုံများကို သိရှိ နားလည်လာကြပါလျှင် (ငါ)ကောင် (ငါ)ဟု စွဲယူ နေသော အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်တို့ မရှိကြောင်း သိနိုင်ပေသည်။ ငါ (ဒိဋ္ဌိ) ခွါနိုင်ပါတော့သည်။

http://www.dhammadownload.com



## အဘိဓမ္မာတရားနှင့် (ဒိဋ္ဌိ) ခွါခြင်း

အရှင်ဇနကာဘိဝံသဆရာတော်ဘုရားကြီးရေးပြသည့် သင်္ဂြိုလ်များအရ မြတ်စွာဘုရား ဟောကြားထားသည့် အမှန်မြင် (အဘိဓမ္မာ) တရားတော်ကို အကျဉ်း ဖော်ပြရပါလျှင်-

### ပရမတ္ထတရားလေးပါး

ပရမတ္ထတရား (၄)ပါး

(စိတ်)၈၉ (စေတသိက်)၅၂ (ရုပ်)၂၈ (နိဗ္ဗာန်)

မြတ်စွာဘုရားဟောကြားသည့် (အဘိဓမ္မာ) ပဋ္ဌိကတ်တရားတော်များအားလုံး၏ အချုပ်မှာ (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်) ဟူ၍ တကယ်ရှိ၊ အမှန်ရှိ တရားလေးပါးသာ ရှိကြောင်း ဟောကြားထားပါသည်။ (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်)ဟူ၍ (ပညတ်) အားဖြင့် ခေါ်ဝေါ်ရသော် လည်း ပရမတ်အားဖြင့်

**(ပညတ်) အခေါ်** = **(ပရမတ်) သဘော**

**စိတ်** = ပရမတ်အလိုအရ (အာရုံ) ကို သိတတ်ခြင်း သဘောသာဖြစ်၏၊

**စေတသိက်** = ပရမတ် အလိုအားဖြင့် (စိတ်) ၌ မှီတွယ်၍ (စိတ်)ကို ချယ်လှယ်သောသဘောသာဖြစ်၏၊

http://www.dhammadownload.com



ရုပ် = ပရမတ်အလိုအရ မာမှု၊ ပျော့မှု၊ ပူမှု၊ အေးမှု စသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သော သဘောဖြစ်၏၊

နိဗ္ဗာန် = ပရမတ်သဘောအရ ဒုက္ခဆင်းရဲခြင်း ခပ်သိမ်း တို့၏ ငြိမ်းအေးခြင်းသဘောဖြစ်၏၊

# စိတ်အကြောင်း

(အာရုံ)ကို သိတတ်သော သဘောသည် (စိတ်) မည်၏၊ (ပြင်ပအာရုံ) များနှင့် မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တို့ တွေ့တိုက်မိလျှင် (သိမှု)ဟူသော (စိတ်)ဖြစ်ပေါ်လာ၏၊ (စိတ်) သည် မျက်စေ့တမှိတ် လျှပ်တပြက်အတွင်း ကုဋေတစ်သိန်း မက ဖြစ်ပျက်သည်အထိ လျင်မြန်၏၊ (အဘိ၊ ၄၊ ၂-၃၁)၊ ထိုစိတ်များ သည် သူ့သဘာဝအတိုင်း (စိတ္တနိယာမ)အားဖြင့် စနစ်တကျ အစီအစဉ်နှင့် ဖြစ်ကြ၏။

စိတ္တနိယာမအားဖြင့် သတ္တဝါတို့၏ (ဘဝ)တစ်ခု၊ တစ် ဘဝအတွက် အစဦးဆုံးဖြစ်သည် စိတ်သည် (ပဋိသန္ဓေစိတ်) ဖြင့် စတင်ရ၏၊ ပဋိသန္ဓေစိတ်ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် (ဘဝင်) စိတ်အစဉ်သည် တစ်လုံးပြီးတစ်လုံးဖြစ်ရာ၌ ဘဝင်စိတ်(၁၆)ကြိမ်၊ မနောဒွါရဝဇ္ဇာန်း၊ ဘဝနိကန္တိက လောဘဇော (၇)ကြိမ် ဖြစ်ကြပြီး လျှင် ဘဝမဆုံးမချင်း (ဘဝင်)စိတ်နှင့် (စိတ်အစဉ်တန်း)ဟုခေါ် သော (ဝီထိ)စိက်တို့ အကြောင်းအားလျော်စွာ တစ်လှည့်စီဖြစ်နေ

http://www.dhammadownload.com



ကြ၏၊ ဘဝဆုံးသောအခါ၊ နောက်ဆုံးဖြစ်သည့် (ဘဝင်)စိတ်ကို (စုတိ)စိတ်ဟုခေါ်၏။

တဖန်ဘဝတစ်ခု၌ ပြန်ဖြစ်သော (စိတ်) ကို (ပဋိသန္ဓေစိတ်) ဟုခေါ်၏၊ (ဘဝင်စိတ်)နှင့် (စုတိ) စိတ်တို့သည် အမျိုး (ဇာတိ) တူယှဉ်ဘက် (စေတသိက်)တူ၊ (အာရုံ) တူသော (စိတ်) များ ဖြစ်ကြ၏၊ ဤဘဝကို ဖြစ်ပေါ်ရန် အကျိုးပြုလိုက် သော (ကံ)သည် (ဝိပါက်) စိတ် (ဝိပါကအကျိုး)ဟု ခေါ်သော ရှေးဘဝက ဖြစ်ခဲ့သော (စိတ်) ကြောင့်ပင် ဖြစ်လေသည်။

## ဝီထိမုတ်စိတ်များ

ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတို့ကို ဆောင်ရွက်ကြသော ဥပေက္ခာသန္တီရဏာ စိတ် (၂) ပါး၊ မဟာဝိပါက်စိတ် (၈) ပါး နှင့် မဟဂ္ဂုတ်ဝိပါက်စိတ် (၉)ပါး တို့သည် (ဝီထိ)မှ လွတ် ကင်းကြသည့် (စိတ်)များဖြစ်ကြ၍ (ဝီထိမုတ်) စိတ်များဟု အမည်ရကြ၏၊ ဤဝီထိမုတ်စိတ် (၁၉)ပါးတို့သည် (၃၁)ဘုံ၌ သတ္တဝါအမျိုးမျိုးတို့ ပဋိသန္ဓေစိတ်ဖြစ်ပေါ်ရန် (ဘဝ)ဆက်ရန်အတွက် (ဘဝင်)စိတ်အစဉ် ဖြစ်ပေါ်ရန်၊ (ဘဝ)ဆုံးသည့်အခါ၌ (စုတိ)စိတ် ဖြစ်ပေါ်စေရန် ဆောင်ရွက်ကြ၏။

## စိတ်အကျဉ်း (၈၉)အကျယ် (၁၂၁)

စိတ်သည် ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရ၊ လော

http://www.dhammadownload.com



ကုတ္တရာဟူ၍ (ဘူမိဗေဒ)ဘုံ အပြားအားဖြင့် (လေး)မျိုး ရှိ၏၊ ကာမဝစရ (စိတ်) ၅၄ မျိုးသည် ကမ္မသောဘန၊ အကုသိုလ်၊ အဟိတ် စသည်ဖြင့် သုံးမျိုး ဖြစ်၏။

**(၁) ကာမဘုံ (၁၁)ဘုံစိတ်** = ကာမ (၁၁)ဘုံ၌ ဖြစ်သော နတ်(၆)ဘုံ၊ လူ့ဘုံတစ်ဘုံ၊ အပါယ်ဘုံ (၄)ဘုံတို့၌ဖြစ်သော ကာမသောဘနစိတ်(၂၄)၊ အကုသိုလ်စိတ်(၁၂)၊ အဟိတ်စိတ်(၁၈)ဟူ၍ ကာမဝစရ စိတ်သည် (၅၄)မျိုးရှိ၏။

**(၂) ရူပဗြဟ္မာဘုံစိတ်** = ရူပဗြဟ္မာဘုံ (၁၆)ဘုံ၌ ဖြစ်သော ရူပါဝစရစိတ် (၁၅)မျိုး ရှိ၏။

**(၃) အရူပဗြဟ္မာဘုံစိတ်** = အရူပဗြဟ္မာဘုံ(၄)ဘုံ၌ ဖြစ်သော အရူပဝစရစိတ်(၁၂) မျိုးရှိ၏။

**(၄) လောကုတ္တရာအဝတ္တာဘုံစိတ်** = လောကုတ္တရာစိတ်အကျဉ်း (၈)မျိုးရှိ၏၊

စိတ်သည် အကျဉ်းအားဖြင့် (၅၄+၁၅+ ၁၂+၈)= (၈၉) စိတ်ဖြစ်ပြီး အကျယ်အားဖြင့် (၁၂၁)ရှိ၏၊ စိတ်ကို တစ်ခုရတ် ၉၀ ဟု ခေါ်ကြခြင်းသည် = (၉၀-၁) = ၈၉ ဖြစ်၏။

စိတ်သည် (ဇာတိဘေဒ)အားဖြင့် အကုသိုလ် (၁၂)၊ ကုသိုလ်အကျဉ်း(၂၁)၊ အကျယ်(၃၇)၊ ဝိပါက်အကျဉ်း (၃၆)၊ အကျယ် (၅၂)၊ ကြိယာ (၂၀)၊ ပေါင်း အကျဉ်း (၈၉)၊ အကျယ်

http://www.dhammadownload.com



(၁၂၁)ရှိ၏။

မကောင်းသော အကုသိုလ်ဇောစိတ်များ၌ (လောဘ) အရင်းခံကြောင့် ဖြစ်ရသော စိတ်ကို (လောဘမူစိတ်) ဒေါသ အရင်းခံကြောင့် ဖြစ်ရသော စိတ်ကို (ဒေါသမူစိတ်)။ လောဘ၊ ဒေါသ အရင်းခံမပါပဲ (မောဟ) အရင်းခံကြောင့် ဖြစ်ရသော စိတ်ကို (မောဟမူ) စိတ်ဟူ၍ သုံးမျိုးကွဲပြား၏။

အပြစ်ရှိသော စိတ်များကို (အကုသိုလ်)စိတ်ဟု ခေါ်ရာ၊ အကုသိုလ်စိတ် (၁၂)မျိုးတွင် (လောဘ)အရင်းခံသည့် လိုချင်တပ်မက်သည့် လောဘမူစိတ် (၈)မျိုး၊ (ဒေါသ)အရင်းခံသည့် စိတ်ဆိုးစိတ်ပျက်သည့် ဒေါသမူစိတ် (၂)မျိုး၊ တွေဝေသော မသိမှု (မောဟ) အရင်းခံသည် မောဟမူစိတ် (၂)မျိုးဟူ၍ (စိတ်)အနေဖြင့် (အကုသိုလ်စိတ်) (၁၂)မျိုးရှိပါသည်။

## စိတ်အမျိုးအစား မှတ်သားပုံ

စိတ်ကို အဓိကလုပ်ငန်းဆောင်ရွက်သော (ဇောစိတ်)နှင့် အကြောင်းကံကြောင့်ဖြစ်ပေါ်ရသော အကျိုး (ဝိပါက်စိတ်)များဟူ၍ နှစ်မျိုးခွဲခြားနိုင်၏၊ (ဇောစိတ်)များတွင်လည်း မကောင်းသော (အကုသိုလ်ဇော)၊ ကောင်းသော (သောဘနဇော) ဟူ၍ နှစ်မျိုးကွဲပြား၏၊ (သောဘနဇော) များသည် အကျိုးလိုအပ်သူ ပုထုဇဉ်, သေက္ခသန္တာန်မှာ ဖြစ်လျှင် (ကုသိုလ်ဇော)ဖြစ်၍၊ အကျိုးမလိုအပ်သူ ဘုရား၊ ရဟန္တာ သန္တာန်မှာ ဖြစ်လျှင် (ကြိယာဇော)

http://www.dhammadownload.com



ဟူ၍ နှစ်မျိုးခွဲခြားရ၏၊ (ဝိပါက်စိတ်)များတွင်လည်း (သောဘနဇော) များ၏ အကျိုးဝိပါက်များနှင့် အစွမ်းသတ္တိမပါသော (အဟိတ်ဝိပါက်)များဟူ၍ နှစ်ပိုင်း ရှိပြန်၏၊ (စိတ်)၌ အသင်္ခါရိက စိတ်နှင့် သသင်္ခါရိက စိတ်ဟူ၍ (၂)မျိုး ခွဲပြပါသည်။

## (၁) အသင်္ခါရိကစိတ်

ဆိုသည်မှာ မိမိအလိုအလျောက် နှစ်သက်တပ်မက်နေသော စိတ်ကိုခေါ်၏၊ ရုပ်ရှင်အရသာ၊ ရယ်စရာ နားထောင်နေသည့်အခါ၊ စာပေများဖတ်ရှုနေသည့်အခါ၊ နှစ်သက်မှု ဖြစ်ပေါ်နေသည့်၊ နှစ်သက်တပ်မက်စိတ်ကို ခေါ်၏၊ မိမိအလိုအလျောက် စိတ်ဆိုး၊ စိတ်ပျက်ဝင်နေလျှင်လည်း(အသင်္ခါရိကစိတ်)ဟုခေါ်၏။

## (၂) သသင်္ခါရိကစိတ်

သူတစ်ပါးတိုက်တွန်းသော ပြောဆိုမှုကြောင့် စိတ်ဆိုး၊ စိတ်ပျက်ဖြစ်လျှင် (သသင်္ခါရိက)စိတ်ဖြစ်၏။

(စိတ်)တို့သည် တစ်စက္ကန့်အတွင်း၌ ကုဋေတစ်သိန်းမက ရှေ့ဆင့်နောက်ဆင့်ဖြစ်ပျက်သွားရာ၊ မြင်သိစိတ်၊ ကြားသိစိတ်၊ တစ်လုံးဖြစ်ပျက်သွားသော အချိန်သည်၊ အလွန်တိုတောင်း၏၊ တိုတောင်း၍ မသိနိုင်သဖြင့် (ဥပေက္ခာစိတ်)ဖြစ်သွား၏၊ မသိနိုင်လျှင်(အဝိဇ္ဇာ)ဖြစ်ပြီး စိတ်ကို ချယ်လှယ်သည့် (သင်္ခါရက္ခန္ဓာ) စေတသိက် (သင်္ခါရ)တို့က (အကုသိုလ်)ဘက်သို့ တွန်းပို့ရာ (စိတ်)

http://www.dhammadownload.com



သည် မကောင်းမှုများ၌ အများဆုံးကျက်စားရပြီး မကောင်းသည့် အကုသိုလ်စိတ်ဖြင့် ကံသုံးပါးနှင့် ပြုလုပ်မိလျှင် မကောင်းမှု (အကုသိုလ်) ကံ ဖြစ်သည့်အတွက် အပါယ်အရောက် များကြရ ၏။

ထို့ကြောင့် (စိတ်)ဖြစ်တိုင်း (သတိ)ထားတတ်လျှင် (အသိ)လိုက်ပေးနိုင်လျှင် (သင်္ခါရ)လည်း ချုပ်၏၊ ပြုတ်၏။ (အဝိဇ္ဇာ) လည်း ချုပ်၊ ပြုတ်သွားသောကြောင့် အကုသိုလ်စိတ် အစဉ် ပြတ်သွားနိုင်၏။

## ဝီထိစိတ်

ဆိုသည်မှာ (ဥပမာ)မျက်စေ့အကြည့်ဓာတ်နှင့် ပြင်ပရှိ အဆင်းရူပါရုံတို့ကို ဖဿ(သင်္ခါရက္ခန္ဓာ)စေတသိက်က တွေ့တိုက် ပေးမှုကြောင့် (အာရုံ) ထင်ပေါ်လာသောအခါ စိတ္တနိယာမ (စိတ်)ဖြစ်စဉ်အနေဖြင့် ပထမထို (အာရုံ) ကို ဆင်ခြင်နှလုံးသွင်း သော (ပဉ္စဒွါရာဝဇ္ဇန်းစိတ်)ဖြစ်၏။ ထို့နောက်ထင်လာသော (ရူပါရုံ)ကို မြင်သော (စက္ခုဝိညာဏ်စိတ်)ဖြစ်၏။

မြင်ရုံသာမြင်သေး၏ မည်သည့်အဆင်းဟူ၍ မသိသေး ချေ။ ထို့နောက် (ရူပါရုံ)ကို လက်ခံသော (သမ္ပဋိစ္ဆိုန်းစိတ်) ဆက် လက်ဖြစ်၏။ ထို့နောက် (ရူပါရုံ) ကို စုံစမ်းသော (သန္တီရဏစိတ်) ဖြစ်၏။ ထို့နောက် (ရူပါရုံ) သည် မည်သည့်အရာပဲဟု (အာရုံ)ကို ဆုံးဖြတ်သော မနောဒွါရာဝဇ္ဇန်းစိတ် (ဝုဋ္ဌောစိတ်)ဖြစ်၏။

http://www.dhammadownload.com



ထို့နောက် (အာရုံ) ကို ပိုင်းပိုင်းခြားခြား သိလျက် (အာရုံ) ၏ အရသာကို ခံစားသော (ဇောစိတ်)တို့သည် အရှိန် အဟုန်နှင့် ဖြစ်၏။ ထို့နောက် (ဇောစိတ်)၏ အဟုန်ကြောင့် ဇော အစဉ်နောက်သို့ လိုက်သော (တဒါရုံ) စိတ်ဖြစ်၏။ ထို့နောက် မြင်သိခြင်း (ဝီထိစိတ်) ကိစ္စ ပြီးဆုံးပြီဖြစ်၍ (ဘဝင်) စိတ်သည် ဖြစ်မြဲတိုင်း ဆက်လက်ဖြစ်သွားရ၏။

ဤသို့ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ တွေ့ထိမှု၊ ကြံတွေးမှု စသော(ဒွါရ) (၆)ပါး၌ ထင်လာသော (အာရုံ) တစ်ခုစီကို သိနိုင် ရန် ပဉ္စဒွါရဝဇ္ဇန်း စက္ခုဝိညာဏ်စသည့်ဖြင့် ဖြစ်ပေါ်ရသောစိတ် အစဉ်တစ်ခုစီကို **(ဝီထိစိတ်)** ဟုခေါ်၏။

## ဘဝင်စိတ်

ဆိုသည်မှာ သတ္တဝါတို့၏ သန္တာန်၌ (ဝီထိ)စိတ်ဖြစ်ပေါ် ခြင်းမရှိသည့် အခါများတွင် (ဘဝင်)စိတ်သာလျှင် အစဉ်မပြတ် ဖြစ်ပေါ်နေရ၏။ ဘဝင်စိတ်သည် လွန်ပြီးခါစဘဝဟောင်း၌ (စုတေ) ခါနီးအချိန်တွင် မရဏာသန္နဇောက ယူပေးခဲ့သော ကံနိ မိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးအနက်မှ တစ်ပါးပါးကို (ပဋိ သန္ဓေ)တည်သည်မှစ၍ အသက်ရှင်နေစဉ်ကာလအတွင်း (ဘဝင် စိတ်)အစဉ်သည် ဘဝကိုဆက်ပေးနေသော စိတ်အာရုံ၏ တံခါး ပေါက် (မနောဒွါရ)လည်း ဖြစ်၏။

ဤဘဝမှ သေလွန်သည့် (စုတိ)တိုင်အောင် ကံနိမိတ်၊

http://www.dhammadownload.com



ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြု၏။ ကုသိုလ်၊ အကုသိုလ် စေတနာသည် (ကမ္မနိမိတ်)ဖြစ်၏။ အာရုံပြု၏။ ဘဝ၏ (နောက်ဆုံးစိတ်) ဖြစ်သော (ဘဝင်စိတ်) ကို (စုတိစိတ်) ဟုခေါ်၏။ (စုတိစိတ်) သည်လည်း ပဋိသန္ဓေစိတ်နှင့် (ဘဝင်စိတ်) တို့ယူ သော (အာရုံ)ကို ဆက်ယူ၏။ ထို(ပဋိသန္ဓေစိတ်) (ဘဝင်စိတ်) နှင့် (စုတိစိတ်) တို့၏ (အာရုံ)သည် အလွန်သိမ်မွေ့သဖြင့် မသိရှိနိုင်ကြပေ။

ထို့ကြောင့် (ဘဝင်စိတ်)သည် မသိစိတ် (Unconcious) နှင့်တူ၏။ (ဝီထိစိတ်)သည် သိစိတ် (Concious) နှင့် တူ၏။ လူတစ်ဦးစီ၏ တသက်တာတွင် ဝီထိစိတ် (သိစိတ်)နှင့် ဘဝင်စိတ် (မသိစိတ်) အစဉ်တို့သည် အဆက်မပြတ်တလှည့်စီ ဖြစ်ပေါ်နေကြ၏။

(နာမ်)သံသရာလည်ပုံတွင် ဘဝအစ၌ (ပဋိသန္ဓေစိတ်) ဖြစ်၏။ မွေးဖွားပြီးမှစ၍ ဘဝင်စိတ်၊ ဝီထိစိတ်များ အဆက်ဆက် ဖြစ်ခါ သေသည့်အခါ (စုတိစိတ်) ဖြစ်၏။ တဖန် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ ဝီထိစိတ်များနောက်ဘဝ၌ ဖြစ်ပြန်၏။ ဤသို့လျှင် စိတ္တနိယာမ (စိတ်အစဉ်) သည် စက်ဘီးကဲ့သို့ အဆက်မပြတ် ဖြစ်နေသည်ကို (နာမ်) နာမ်သံသရာ လည်သည်ဟု ခေါ်၏။

ရှေ့ရှေ့ဖြစ်သော စိတ်သည် မိမိ၏ အစွမ်းအာနိသင်များကို နောက်နောင်ဖြစ်သော စိတ်သို့ (ပဋ္ဌာန်း - ၂၄) ပစ္စည်းတွင် အနန္တရ စသော (သတ္တိ)ဖြင့် လက်ဆင့်ကမ်း၍ ကျေးဇူးပြုသွား

http://www.dhammadownload.com



ကြရာ ဤ (ဘဝ)၏ အတွေ့အကြုံများသည် လည်းကောင်း၊ ရှေးရှေ့ ဘဝများစွာက အတွေ့အကြုံများသည် လည်းကောင်း၊ စိတ်အစဉ်တန်းတွင် အမြဲတစေပါရှိသွားကြသည်သာတည်း။

မမြင်နိုင်အောင်သိမ်မွေ့လှသည့် (စိတ်အစဉ်) ထဲတွင် ကုဋေပေါင်းများစွာသော သညာ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ စေတနာ၊ ကံ စသည့် စိတ်တို့၏ စွမ်းရည်သတ္တိများလိုက်ပါသွားကြပုံကို (ပဋ္ဌာန်းဒေသနာတော်) မြတ်ကြီးတွင် အကျယ်တဝင့် ရှင်းလင်းထားပါသည်။ သာမာန်လူတို့ သိနားလည်နိုင်ကြမည် မဟုတ်ပေ။

သဘောတရားအနေဖြင့် ယနေ့ထွန်းကားနေသော (အီလက်ထရွန်းနစ်) ပညာတွင် အလွန်တရာ သေးငယ်သည့် မိုင်ကရိုချစ် (Microchip) ခေါ် ဓါတ်ပြား (ရုပ်) ကလေးတစ်ခုသည် သန်းပေါင်းများစွာသော အမှတ်သညာ ( Memory ) တို့ကို သိုလှောင်ထားနိုင်လျှင်၊ (ရုပ်) ထက်လွန်စွာဆန်းကျယ်သော (စိတ်အစဉ်) အတန်း၌ ဘဝအဆက်ဆက်မှ မရေမတွက်နိုင်သော အမှတ် သညာများ၊ ကံ၏ စွမ်းရည်သတ္တိများလိုက်ပါနေ သည်ကို သိနိုင်လောက်ပါသည်ဟု သာကေပြုထားကြပါသည်။

(စိတ်)သည် ခန္ဓာကိုယ်အတွင်း တနေရာထဲ၌ ရှိနေသည် မဟုတ်၊ (စိတ်)သည် (အာရုံ)ကိုသိတတ်သော သဘောသာဖြစ်၍ မိမိခန္ဓာမှ (အာရုံ)ကို လက်ခံသော အစိတ်အပိုင်းများသည် မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဟူသောဒွါရ (၆) ပေါက်

http://www.dhammadownload.com



ရှိရာ (မနောစိတ်)မှအပ ကျန်(၅)ပေါက်၌ ဖြစ်သော စိတ်များကို (ပဥ္စဒွါရစိတ်) များဟုခေါ်၏။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိတွေ့ စိတ်များ ဖြစ်ကြ၏။

စိတ်သည် (အာရုံ)ကို သိတတ်သော သဘောသာဖြစ်၏။ (အာရုံ)မရှိလျှင် (စိတ်) မဖြစ်ပေါ်ပေ၊ မြင်သိ (အာရုံ)ကို သိသော (မြင်စိတ်)သည် (မျက်စေ့)၌ဖြစ်သကဲ့သို့၊ ကြားသိ အာရုံ၊ နံသိ အာရုံ၊ စားသိ အာရုံ၊ ထိတွေ့သိ အာရုံ စသော မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် ဒွါရ (၅)ပေါက်မှ ဖြစ်သော (အာရုံ)ကို သိသော (စိတ်)ကို (ပဥ္စဒွါရဝီထိစိတ်) ဟုခေါ်ကြ၏။

စိတ်သည် ဒွါရ(၆)ပါးအနက် (မနောဒွါရ)မှ ထင်လာသော (ကာမဇော) စောရာ (ဝီထိ) စိတ်တလှည့် (အပ္ပနာဇော) စောရာ (ဝီထိ) စိတ်ဖြစ်ချည်တလှည့်ဖြင့် (မနောဒွါရ) မှာ (စိတ်) အစဉ် ၂ မျိုးဖြစ်ကြ၏။

(စိတ်)သည် (အာရုံ)ရှိမှ စိတ်ဖြစ်ရာ (မနောဒွါရ)၌ ထင်လာသော (အာရုံစိတ်)များအနေဖြင့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံနှင့် ဓမ္မာရုံ (ပသာဒ)ရုပ်များနှင့် (သုခုမ)ရုပ်များ ထင်လာကြသည့်အပြင် စိတ်၊ စေတသိက်၊ ပညတ်နှင့် (နိဗ္ဗာန်) တို့လည်း အပါအဝင်ဖြစ်ကြ၏။ ကာလအားဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ် (အာရုံ)များလည်း ထင်လာကြ၏။

http://www.dhammadownload.com



# စေတသိက်အကြောင်း

စေတသိက်သည်အခေါ်အဝေါ်(ပညတ်) အနေဖြင့်ဖြစ်၏။ **(ပရမတ္ထ) သဘောအားဖြင့် (စေတသိက်)သည် စိတ်ကို မှီတွယ်၍ စိတ်ကို ချယ်လှယ်သော သဘောတရားကို စေတသိက် ဟုခေါ်၏။** (စိတ်)သည် အခံပိတ်ဖြူကားချပ်နှင့်တူ၍ (စေတသိတ်)သည် ပန်းချီဆွဲသည့် ဆေးရောင်စုံနှင့် တူ၏။

စေတသိက်သည်(၁) စိတ်နှင့်အတူဖြစ်ခြင်း၊ (၂) စိတ်နှင့်အတူချုပ်ခြင်း၊ (၃) စိတ်နှင့်တူသော (အာရုံ)ရှိခြင်း၊ (၄) စိတ်နှင့်တူသောမှီရာဝတ္ထုရှိခြင်း စသောအင်္ဂါ(၄)ရပ်ရှိ၏။ (စိတ်)နှင့် (စေတသိက်)တို့သည် မှီတွယ်ရာအာရုံနှင့် ဝတ္ထုတို့ရှိမှ ဖြစ်နိုင်၏။

စေတသိက်အုပ်စုများတွင် ပင်မအုပ်စုကြီး (၃)ရပ် သတ်မှတ်နိုင်၏။

(၁) သောဘဏာရာသီ (တင့်တယ်ကောင်းမြတ်သော အုပ်စု)

(၂) အကုသလရာသီ (ယုတ်ညံ့သော အုပ်စု)

(၃) အညသမာနရာသီ (ကောင်းဆိုးနှစ်တန်ရောနေသောအုပ်စု) ဟူ၍ သုံးမျိုးရှိ၏။

**စေတသိက် (၅၂) ပါး**

- သောဘဏ စေတသိက် (၂၅)ပါး
  သောဘဏစေတသိက်စိတ် ဖြစ်တိုင်း ပါဝင်ရသော စေတသိက်များ -
  (၁) သောဘဏသာဓါရဏ (၁၉)ပါး
  (၂) ဝိရတီစေတသိက် (၃)ပါး
  (၃) အပ္ပမညာစေတသိက် (၂)ပါး
  (၄) ပညိန္ဒြေစေတသိက် (၁)ပါး
  ပေါင်း (၂၅)ပါး
- အကုသိုလ်စေတသိက် (၁၄)ပါး
- အညသမာန်း (၁၃)ပါး
  - ပကိဏ်းကာ(၆)ပါး
    ပကိဏ်းကာစေတသိက်များသည် စိတ်အားလုံးနှင့် မယှဉ် သောဘဏ၊ အသောဘဏ စိတ်၂မျိုးနှင့်သာ သင့်သလိုရောပြွမ်း၏။
  - သဗ္ဗစိတ္တသာဓာရဏ(၇)ပါး
    (အလုံးစုံသော စိတ်နှင့် ဆက်ဆံသော စေတသိက်များဟုခေါ်၏။)

http://www.dhammadownload.com



# စေတသိက်၅၂ (အညသမာန် (၁၃)ပါး) ဖြစ်သော သဗ္ဗစိတ္တသာဓါရဏ စေတသိက်(၇)ပါး

(အလုံးစုံသောစိတ်တို့နှင့် ဆက်ဆံသော စေတသိက်)

(၁) ဖဿ = (အာရုံကို ထိတွေ့ခြင်းသဘော) (သင်္ခါရ) (သင်္ခါရက္ခန္ဓာ)

(၂) ဝေဒနာ = (အာရုံ၏ အရသာကိုခံစားခြင်းသဘော) (ဝေဒနာက္ခန္ဓာ)

(၃) သညာ = (အာရုံကို မှတ်သားခြင်းသဘော) (သညာက္ခန္ဓာ)

(၄) စေတနာ = (ယှဉ်ဘက် စိတ်၊ စေတသိက်တို့ကို ဆိုင်ရာ ကိစ္စတို့၌ ဆောင်ရွက်ကြဖို့ရာစေ့ဆော် တိုက်တွန်းခြင်းသဘော (သင်္ခါရ)

(၅) ဧကဂ္ဂတာ = (တစ်ခုတည်းသော အာရုံ၌ တည်ခြင်း သဘော) (သင်္ခါရ)

(၆) ဇီဝိတိန္ဒြေ = ယှဉ်ဖက်တရားတို့ကို သက်တမ်းပြည့်တည် တန့်အောင်စောင့်ထိန်းခြင်း သဘော။ နာမ် သက် (သင်္ခါရ)

(၇) မနသိကာရ = (အာရုံကို နှလုံးသွင်းခြင်း သဘော) နာမ် သက် (သင်္ခါရ)။

http://www.dhammadownload.com



(အာရုံ) ကို သိသော (စိတ်)တစ်လုံးဖြစ်ဖို့ (ဝါ)အာရုံကို သိဖို့ရာ ကိစ္စမှာ (စိတ်) သဘောတစ်ခုတည်းအနေဖြင့် မရပေ၊ (စိတ်) သည် (သိ)မှု တခုတည်းကိုသာဖြစ်စေ၏။ (အာရုံ)ကို သိသော (စိတ်) ဖြစ်ဖို့ရာ အထက်ပါ (စေတသိက်) (၇) လုံးတို့က ပူးပေါင်း ပါဝင်ဆက်ဆံပေးပါမှ (စိတ်)က (အာရုံ)ယူခြင်းကိစ္စ၊ အာရုံ ကို သိခြင်းကိစ္စ (အာရုံ) ကို သိသော (စိတ်) ဖြစ်ရပါတော့သည်။

(မနသိကာရ) ခေါ်သည့် အာရုံကို (နှလုံးသွင်း) မှု သဘောသည် (စိတ်နှင့်စေတသိက်) အပေါင်းတို့ကို (အာရုံ)သို့ ဦးတည် သွားရန်ပဲ့ထိန်းသဖွယ်တည့်မတ်ပေး၏။ (စေတနာ)က စိတ်နှင့် စေတသိက်တို့ကို အာရုံနှင့် ယှဉ်စပ်ပေး၏။ (ဖဿ)က စိတ်နှင့် စေတသိက်တို့ကို (အာရုံ)နှင့် တွေ့ထိပေး၏။ (ဝေဒနာ) က (အာရုံ)၏ အကောင်းအဆိုးအရသာကို (ခံစား)၏။ (သညာ)က အာရုံကိုမှတ်သား၏။ (ဧကဂ္ဂတာ)က (အာရုံ) ၌ စိတ်နှင့် စေတသိက်တို့ကို တည်ငြိမ်နေအောင်ထိန်းပေးထား၏။ (ဇီဝိတိန္ဒြေ) က စိတ်နှင့် စေတသိက်တို့ သက်တမ်းပြည့် ရှင်သန် တည်တံ့ကြရန် စောင့်ထိန်းပေး၏။

စိတ်အားလုံးနှင့် ဆက်ဆံသော စေတသိက်(၇)လုံး အနက် (စေတနာ) စေတသိက်သည် ဘဝတစ်ခုလုံးအတွက် အရေးပါ အရာရောက်ဆုံး ဖြစ်၏။ မြတ်စွာဘုရားက (စေတနာ)ကို (ကံ)ဟူ၍ (စေတနာ ဘိက္ခဝေ ကမ္မာဝဒါမိ) လို့ ဟောကြားထားပါသည်။ ထို(စေတနာ-စေတသိက်)သည် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု

http://www.dhammadownload.com



တို့ဖြစ်အောင် စိတ်နှင့်အတူ ဆက်ဆံရသော လှုံ့ဆော်ပေးတတ်သောအမှုသည် လက်သည်တရားခံပင်ဖြစ်၏။ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု(ကံ)များကို အထမြောက်အောင် ဖန်တီးတတ်သောကြောင့် (စေတနာ စေတသိက်) ကိုပင် **"ကံ"** တရား ဟု ခေါ်ရ၏။

**" ကံ "** တရားသည်ပင်လျှင် ကောင်းသော (စေတနာ) စေတသိက်၊ မကောင်းသော (စေတနာ)၊ စေတသိက်တို့ကြောင့် ဖြစ် ရ၍ ကောင်းသော (စေတနာ)နှင့်ဖြစ်လျှင် ကံကောင်းသော ကောင်း မှု (ကံ) ဖြစ်၏။ မကောင်းသော (စေတနာ)နှင့် ဖြစ်လျှင် ကံမ ကောင်းသော မကောင်းမှုကံ (အကုသိုလ်) ဖြစ်ရတော့၏။

(စိတ်)၏ မူလသဘောသည် (သိ)မှု သက်သက်သာ ရှိ၏။ (စိတ်)ကို မှီတွယ်နေသည့် (စေတသိက်)သည် (စိတ်)ကို ကောင်းအောင်ထက် မကောင်းအောင်သာ ချယ်လှယ်ပေးတတ်သည့် အတွက် (စိတ်)သည် မကောင်းမှု၌သာ ကျက်စားတတ်သည်ဟုပြောစမှတ်ပြုကြ၏။ (စေတနာ)ကောင်းသည် (စေတနာ) မကောင်းသည် ဆိုရာမှာ (စေတသိက်)ကြောင့် ဖြစ်ရ၏။

(စိတ်)၏သဘောသည် (သိမှု) သက်သက်သာရှိ၏။ ရေကဲ့သို့ ကြည်လင်နေ၏။ (စေတသိက်) က အရောင်မျိုးစုံ ချယ်လှယ်တတ်သည့်အတိုင်း ဖြစ်ရ၏။ (စေတသိက်)က (အနီ)ရောင် ချယ်လျှင် (စိတ်)က (အနီ)ရောင်ဖြစ်၏။ (စေတသိက်)က (အမဲ)ရောင် ချယ်လျှင် (စိတ်)က (အမဲ)ရောင်ဖြစ်၍၊ (အဖြူ) ရောင် ချယ်လျှင် (အဖြူ) ရောင် ဖြစ်တော့၏။ မကောင်းအောင်

http://www.dhammadownload.com



ချယ်လှယ်တတ်သည့် (စေတသိက်)သည်၊ ဘဝအဆက်ဆက်က (အနုသယကိလေသာ) အနေ ဖြင့်ပါလာခဲ့၍ ပြုလုပ်ရခြင်းဖြစ်၏။ (သတိ)တရားဖြင့် နေထိုင်သော် အနုသယကိလေသာ အကုသိုလ် စေတသိက်များ ချုပ်ဆုံးရာ၏။

## ပကိဏ်းစေတသိက် (၆)ပါး

(၁) **ဝိတက်** = ယှဉ်ဖက်စိတ် စေတသိက်တို့ကို အာရုံသို့ တင်ပေးခြင်းသဘော။

(၂) **ဝိစာရ** = အာရုံကို သုံးသပ်ခြင်း (ထပ်၍ ထပ်၍ ယူခြင်း) သဘော။

(၃) **အဓိမောက္ခ** = အာရုံကို ဆုံးဖြတ်ခြင်းသဘော။

(၄) **ဝီရိယ** = ယှဉ်ဖက်တရားတို့ မဆုတ်နစ်အောင် အားထုတ်ခြင်းသဘော။

(၅) **ပီတိ** = အာရုံကို နှစ်သက်ခြင်းသဘော။

(၆) **ဆန္ဒ** = အာရုံကို လိုချင်တောင့်တခြင်း သဘော ဖြစ်၏။

http://www.dhammadownload.com



# (စိတ်) ကိုမကောင်းအောင်ချယ်လှယ်သော အကုသိုလ် (စေတသိက်) (၁၄)ပါး

အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရားကြီးက အကုသိုလ် စေတသိက် (၁၄)ပါးကို ရှင်းပြထားသည်မှာ-

(၁) **လောဘ** = လိုချင်မှု၊ နှစ်သက်မှု၊ တပ်မက်မှု သဘော ဖြစ်၏။ ကာမဂုဏ်ဆိုင်ရာလိုချင်မှုကိုမှ (လောဘ) ဟု ဆိုရ၏။ (လောဘ)ကို "**တဏှာပေမ၊ ရာဂသမုဒယ**" ဟူ၍လည်းကောင်း အမျိုးအမည်တပ်၍ ပြောဆိုသုံးနှုန်းကြ၏။ "ပေမ"ဟူသည် အိမ်သူအိမ်သား ဆွေမျိုး သားခြင်းအပေါင်းအသင်း ခင်မင်မှုဟု အဓိ ပ္ပါယ်ရသည်၊ ဤချစ်ခင်မှုကို (သမုဒယ) သံယောဇဉ်လို့လည်း ခေါ်ကြသေး၏။

(၂) **ဒေါသ** = စိတ်၏ ခက်ထန် ကြမ်းတမ်းခြင်းသဘောဖြစ်၏။ စိတ်ညစ်မှု၊ စိတ်မချမ်းသာမှု၊ စိတ်ပျက်မှု၊ ကြောက်ရွံ့မှု၊ စိတ်ကောက်မှု၊ သေကျေ ပျက်စီးအောင် ပြုလုပ်မှု မှန်သမျှသည် (ဒေါသ) ဖြစ်၏။

(၃) **မောဟ** = မသိတတ်ခြင်း သဘောဖြစ်၏။ "**မသိတတ် ဘိ - မောဟ သိလော့**"ဟု အဆိုရှိ၏။ (မောဟ) တွင် အနုသယမောဟနှင့်ပရိယုဋ္ဌာနမောဟဟု နှစ်မျိုးရှိ၏။ အနုသယဟူသည် ငြိမ်ဝပ်ခြင်း၊ ကိန်းအောင်းခြင်းဟု အဓိပ္ပါယ်ရှိ၏။ အဆိပ်ပင်၌ အဆိပ်သီးများသီးစေနိုင်သည့်ဓါတ် (သတ္တိ) ပါရှိ

http://www.dhammadownload.com



သကဲ့သို့ ထို့အတူ လူသတ္တဝါတို့၏ သန္တာန်၌ သိထိုက်သောတရားများ မသိအောင် ဖုံးကွယ်တတ်သော (စာတ်သတ္တိ)တစ်မျိုးပါရှိရာ ထိုဓာတ်သတ္တိကို (အနုသယမောဟ)ဟုခေါ်၏။ ပရိယုဋ္ဌာန (မောဟ)သည် စိတ်နှင့် တွဲဖက်၍ မောဟထကြွလာသောအခါ မကောင်းစိတ် အကုသိုလ်စိတ်များနှင့် ဒုစရိုက်မှုများကို ကျူးလွန်ပေတော့၏။ ရုတ်တရက်ဒေါသဖြစ်လာပြီး အကုသိုလ်ကို ကျူးလွန်သည့် (မောဟ) ဖြစ်၏။

(၄) မာန = ထောင်လွှား တက်ကြွခြင်း သဘော မည်၏။ အများအပေါ် မောက်မာခြင်း၊ ရာထူး၊ ဂုဏ်သရေ၊ စည်းစိမ်ဥစ္စာ၊ ပညာ၊ အဆင်း၊ ရောဂါကင်းခြင်း စသောဂုဏ်တို့ဖြင့် သူများထက် သာကြောင်း ကိုယ်၊ နှုတ်၊ အမူအရာတို့ဖြင့် ပြသပြောဆိုခြင်း၊ သူတပါးကို အထင်သေးခြင်းလည်းဖြစ်၏။ ရာထူး စည်းစိမ်ဥစ္စာ အောက်တန်းကျပြန်လည်း **“မာန”** ဓာတ်ခံရှိသူက သူတို့ ငါ့ထက် သာကော ငါက ဘာအရေးစိုက်ရမှာလဲ၊ ကိုယ်ရှိမှ ကိုယ်စားရတာ၊ ဘယ်သူ့ကို ခယယလုပ်ရမှာလည်း စသည်ဖြင့် အန်မတုနိုင်သော်လည်း(မာန်) ပြုလျက်ရှိခြင်းကို ခေါ်၏။

(၅) ဒိဋ္ဌိ = မှားမှားယွင်းယွင်းသိမြင်ခြင်းသည် (ဒိဋ္ဌိ) မည်၏။

http://www.dhammadownload.com



အမြင်မှားအယူမှားခြင်းကို ခေါ်၏။ (ဒိဋ္ဌိ)သည် လွန်စွာ ကျယ်ဝန်းသဖြင့် ဤတရားစာအုပ် ရှေ့ပိုင်း၌ သိလွယ်အောင် ရှင်းပြထားပါသည်။

(၆) **ဝိစိကိစ္ဆာ** = ဘုရား၊ တရား၊ သံဃာစသည့် ရတနာသုံးပါးတို့၌ ယုံမှားခြင်း သဘော ဖြစ်၏။ ယုံမှားခြင်းဟူသည် လုံးလုံးမယုံကြည်ခြင်းမျိုးလည်း မဟုတ်၊ စိတ်ချ၊ လက်ချမယုံပဲ မယုံတဝက် ယုံတဝက်ဆိုသလို ဖြစ်နေခြင်းမျိုး ယုံမှားသံသယ ဖြစ်နေခြင်းသဘောဖြစ်၏။

(၇) **ထိန** = စိတ်ရောကိုယ်ပါ သွက်လက်ခြင်းမရှိပဲ ထိုင်းတိုင်းတိုင်းဖြစ်နေခြင်းကို (ထိန) ဟုခေါ်၏။

(၈) **မိဒ္ဓ** = မှိုင်းတိုင်းတိုင်း ဖြစ်နေခြင်းကို ခေါ်၏။ လုံ့လဝိရိယ ကင်းပြီး ပျင်းရိနေခြင်းတို့ ဖြစ်၍ အိပ်ပျော်ခါနီး တရားနာရင်းငိုက်သည့်အခါတို့၌ ထင်ရှား၏။ အိပ်ချင်တိုင်း (ထိန မိဒ္ဓ) မဟုတ်သေး၊ ထိုထိုကိစ္စတို့၌ စိတ်နှင့် စေတသိက်တို့ ထက်ထက်သန်သန် မရှိခြင်းကိုခေါ်၏။

(၉) **ဥဒ္ဓစ္စ** = ပျံ့လွင့်ခြင်းဖြစ်၏။ အာရုံတခုခုပေါ်ရာ၌ ငြိမ်သက်စွာ မတည်နိုင်ပဲ၊ ဟိုအာရုံရောက်လိုက်၊ သည်အာရုံ ရောက်လိုက် ဖြစ်နေခြင်းသည်၊ (ဥဒ္ဓစ္စ) ဖြစ်၏။ ဥဒ္ဓစ္စအား ကြီးသူသည် စိတ်လေ စိတ်လွင့်ဖြစ်နေရကား လူလေ လူလွင့်ဖြစ်လာ

http://www.dhammadownload.com



တတ်ပါသည်။

(၁၀) အဟိရိက = မရှက်ခြင်းသဘောကိုဆောင်၏၊ အကုသိုလ်ကိုပြုရာမှ မရှက်ခြင်းဖြစ်၏။

(၁၁) အနောတ္တပ္ပ = မကြောက်ခြင်း သဘောဖြစ်၏။ အကုသိုလ် ဒုစရိုက်များသည် မီးတောက်၊ မီးလျှံနှင့်တူ၍ အနောတ္တပ္ပကား ပိုးဖလံနှင့် တူသောကြောင့်၊ ပိုးဖလံသည် မီးကိုမကြောက်သလို အကုသိုလ် ဒုစရိုက်ပြုရမှာကို မကြောက်ခြင်းမျိုး ဖြစ်၏။

(၁၂) ဣဿာ = ငြူစူခြင်း၊ မနာလိုခြင်းဖြစ်၏။ သူများက ကိုယ့်ထက်သာသည်ကို မနာလိုခြင်း ငြူစူခြင်း ဖြစ်၏။

(၁၃) မစ္ဆရိယ = ဝန်တိုခြင်း ဖြစ်၏။ မလှူရက်၊ မပေးကမ်းရက်ခြင်း၊ သူတစ်ပါးအား မရစေသော သဘောကို ဆောင်၏။

(၁၄) ကုက္ကုစ္စ = နောင်တရ၍ တဖန် ပူပန်ခြင်းဖြစ်၏။ အကုသိုလ်ပြုပြီးမှ ငါလုပ်မိတာ မှားလေခြင်းဟူ၍လည်းကောင်း၊ ကုသိုလ်မပြုမိခဲ့၍ ကောင်းတာမလုပ်မိ၊ မပြောဆိုမိခဲ့၍ "**မပြုမိတာမှားလေစွ**" ဟုနောင်တရခြင်း ၂ မျိုး ဖြစ်၏။

http://www.dhammadownload.com



# လူတို့၏ဘဝကိုကောင်းမြတ် တင့်တယ်ချမ်းသာစေတတ်သည့် သောဘဏ စေတသိက်(၂၅)ပါး။

## သောဘဏသာဓာရဏာ စေတသိတ် (၁၉)ပါး

(၁) သဒ္ဓါ = ဘုရား၊ တရား၊ သံဃာစသည့် ကုသိုလ် အာရုံများ၌ယုံကြည်ခြင်း၊ ကြည်လင်ခြင်း သဘော။

(၂) သတိ = ရတနာသုံးပါး၌ အောင်းမေ့ခြင်း၊ မမေ့ပဲ နေခြင်းသဘော။

(၃) ဟိရိ = မကောင်းမှုဒုစရိုက်ကိုပြုရာမှ ရှက်မုန်း ခြင်း သဘော။

(၄) ဩတ္တပ္ပ = မကောင်းမှုဒုစရိုက်ကို ပြုရာမှလန့်ခြင်း သဘော။

(၅) အလောဘ = ကာမဂုဏ်အာရုံတို့ကို မလိုချင် မတပ် မက်ခြင်း သဘော။

(၆) အဒေါသ = မကြမ်းတမ်း၊ မခက်ထန်ခြင်း (မေတ္တာ) သဘော။

(၇) တတြမဇ္ဈတ္တတာ = လျစ်လျူရှုခြင်း သဘော (ဥပေက္ခာ)

(၈) ကာယပဿဒ္ဓိ = စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်း သဘော။

(၉) စိတ္တပဿဒ္ဓိ = စိတ်၏ ငြိမ်းအေးခြင်း သဘော။

http://www.dhammadownload.com



(၁၀) ကာယလဟုတာ = စိတ်၏ ပေါ့ပါးသွက်လက်ခြင်းသဘော။

(၁၁) စိတ္တလဟုတာ = စေတသိက်အပေါင်း၏ ပေါ့ပါး
သွက်လက်ခြင်း သဘော။

(၁၂) ကာယမုဒုတာ = စေတသိက်အပေါင်း၏ နူးညံ့ခြင်း
သဘော။

(၁၃) စိတ္တမုဒုတာ = စိတ်၏ နူးညံ့ခြင်း သဘော။

(၁၄) ကာယကမ္မညတာ = စေတသိက်အပေါင်း၏ ကုသိုလ်
ကောင်းမှု၌ ခန့်ညားခြင်းသဘော။

(၁၅) စိတ္တကမ္မညတာ = စိတ်၏ကုသိုလ်ကောင်းမှု၌ ခန့်ညား
ခြင်း သဘော။

(၁၆) ကာယပါဂုညတာ= စေတသိက်အပေါင်းကိုကုသိုလ်ကောင်း
မှု၌လေ့လာနိုင်နင်းခြင်းသဘော။

(၁၇) စိတ္တပါဂုညတာ = စိတ်၏ကုသိုလ်ကောင်းမှု၌ လေ့လာနိုင်
နင်းခြင်း သဘော။

(၁၈) ကာယဂုကတာ = စေတသိက်အပေါင်း၏ ဖြောင့်မတ်စွာ
ဖြစ်ခြင်း သဘော။

(၁၉) စိတ္တုဇုကတာ = စိတ်၏ ဖြောင့်မတ်စွာ ဖြစ်ခြင်း
သဘော။

http://www.dhammadownload.com



## ဝိရတီစေတသိက် (၃)ပါး

၁။ **သမ္မာဝါစာ** = အသက်မွေးဝမ်းကျောင်းခြင်းနှင့် မဆက်စပ်ပဲ ဝစီဒုစရိုက်(၄)ပါးကို ရှောင်ကြဉ်ခြင်းသဘော။

၂။ **သမ္မာကမ္မန္တ** = အသက်မွေးဝမ်းကျောင်းခြင်းနှင့် မဆက်စပ်ပဲ ကာယဒုစရိုက်သုံးပါးကို ရှောင်ကြဉ်ခြင်းသဘော။

၃။ **သမ္မာအာဇီဝ** = အသက်မွေးဝမ်းကျောင်းခြင်းနှင့် မဆက်စပ်ပဲ ဝစီဒုစရိုက်(၄)ပါးနှင့် ကာယဒုစရိုက် (၃)ပါးကို ရှောင်ကြဉ်ခြင်းသဘော။

## အပ္ပမညာစေတသိက် (၂)ပါး

၁။ ကရုဏာ = ဒုက္ခိတသတ္တဝါ (ပညတ်) ကို အာရုံပြု၍ သနားခြင်း၊ ကြင်နာခြင်း သဘော။

၂။ မုဒိတာ = သုခိတသတ္တဝါ (ပညတ်)ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော။

## ပညိန္ဒြေစေတသိက် (၁)ပါး

၁။ ပညိန္ဒြေ = ပညာ+ဣန္ဒြိယ=(အာရုံ) ၏ အမှန်သဘောကို တိုင်းထွာ၍ သိမှုကိစ္စ၌ အစိုးရခြင်းသဘော။

http://www.dhammadownload.com



# သင်္ခါရက္ခန္ဓာ (သင်္ခါရ)အကြောင်း

ပြဆိုခဲ့သော စေတသိက်သည် (၅၂)ပါးရှိရာ၌ အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသော (သဗ္ဗစိတ္တသာဓါရဏ စေတသိက် - ၇ပါး) ထဲ၌ ဖော်ပြခဲ့သော (ဝေဒနာ)နှင့် (သညာ) စေတသိက်(၂)ပါးကို နှုတ်လျှင် ကျန်ရှိသော စေတသိက်အပါး (၅၀) သည် (သင်္ခါရက္ခန္ဓာ) စေတသိက်ချည်းသာ ဖြစ်တော့၏။

ထို့ကြောင့် စိတ်နှင့်ဆက်ဆံသော စေတသိက်သည် သင်္ခါရက္ခန္ဓာ (သင်္ခါရ) သာအများဆုံးဖြစ်လေတော့သည်။ (စိတ်+စေတသိက်+ရုပ်) ဖြစ်သော (ရုပ်နာမ်) သည်ကား (သင်္ခါရ) သာအများဆုံးဖြစ်ရသည်။ (သင်္ခါရ) သည် အဓိကဇာတ်ကောင် (အဓိကချယ်လှယ်သူ) ဖြစ်နေသောကြောင့် (ရုပ်နာမ်) ကို (သင်္ခါရ) ဟု ခေါ်ဆိုကြပါသည်။ သင်္ခါရပစ္စယာသင်္ခါရကြောင့် ဝိညာဏ်၊ နာမ်ရုပ်ဖြစ်ရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမဟူသည် အခေါ်အဝေါ်သာဖြစ်၏။ တကယ်အရှိတရားမှာ (ရုပ်နာမ်သင်္ခါရ) သာအရှိတရား ဖြစ်နေကြောင်း သဘောပေါက်လောက်ပါသည်။

လူသေသွားလျှင် ဩော်. . . ဒါ. . . (သင်္ခါရ) ပဲလို့ ဒီလိုပဲ အသုဘရှင်ကိုအားပေးကြပါသည်။ လူတို့သိနေကြသည်မှာ (သင်္ခါရ) ကိုမမြဲခြင်း (အနိစ္စ) လောက်ပဲ၊ ဒီလောက်ပဲသိကြပါ

http://www.dhammadownload.com



သည်။ ဒီလိုသိတာလည်း မှန်ပါသည်၊ (သင်္ခါရ) သည် (ရုပ်နာမ်) ကိုခေါ်ပါသည်။ ရုပ်နာမ်သည် ပျက်စီးခြင်းသဘောကို ဆောင်ပါသည်။ ပိုပြီးပြည့်စုံအောင် သိလိုပါလျှင် (သင်္ခါရ) က စေတသိက် (၅၂)လုံးရှိသည့်အနက် (သင်္ခါရက္ခန္ဓာ) စေတသိက်က (၅၀)ပင်ရှိပြီး လူကို ဖန်တီးပြုပြင်နေသည်မှာ (သင်္ခါရ)ပင်ဖြစ်သောကြောင့် (သင်္ခါရ) သည် လူ့ဘဝတလျှောက်လုံးကို မွေးသည်မှ သေပြီးသည့်အခြားမဲ့ ဘဝသို့တိုင်အောင် ဘဝဖြစ်တိုင်း ဘဝအဆက်ဆက် သံသရာလည်တိုင်း (သင်္ခါရ) ကချည်းပဲ ဖန်တီးပါသည်။ ဘဝဖြစ်လိုက်၊ ဘဝပျက်လိုက်၊ သေလိုက်၊ တဖန် ပြန်ဖြစ်လိုက်နှင့် ဘဝဆက်အောင်လည်း (သင်္ခါရ) ကပဲ ဘဝကို ဆက်ပေးပါသည်။ (သင်္ခါရ) ကုန်ပျောက်မှ (နိဗ္ဗာန်) ရောက်ကြောင်း မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားထားပါသည်။

မွေးသည်မှ သေသည့်တိုင်အောင်ခလေးဘဝ၊ လူငယ်ဘဝ၊ လူလတ်ဘဝ၊ လူကြီးဘဝရောက်အောင်လည်း (သင်္ခါရ)ကပဲ ဖြစ်လိုက်၊ ပျက်လိုက်၊ ပြုပြင်လိုက်တဖန်ပြန်ဖြစ်လိုက်၊ ပျက်လိုက်နှင့် (သင်္ခါရပစ္စယာဝိညာဏံ) ပဝတ္တိဝိဉာဏ် (စိတ်) ခေါ်သည့် ပစ္စုပ္ပန်ဝိဉာဏ် စိတ်အစဉ်ဖြစ်ခဲ့၏။ သေပြီးနောက် ပဋိသန္ဓေဝိညာဏ် (စိတ်) တို့ကိုလည်း (သင်္ခါရ) ကပဲ လုပ်ဆောင်ပေးနေပါသည်။

စေတသိက်(၅၂)ပါးတွင် (ဝေဒနာ) ခံစားမှုနှင့် (သညာ) မှတ်သားမှု ၂ခုကို နှုတ်လိုက်လျှင်ကျန်သော စေတသိက် (၅၀) လုံးလုံးသည် (သင်္ခါရ) ချည်းသာဖြစ်ရကြောင်း၊ သင်္ခါရ (သင်္ခါရ

http://www.dhammadownload.com



က္ခန္ဓာ) အကြောင်းကို လယ်တီဆရာတော်ဘုရားကြီး၏ ခန္ဓာ အာယတန၊ ဓါတ်၊ သစ္စာ၊ လက်ာရကျမ်းမှာကြည့်ပါလေ။ အရှင် ဇနကာဘိဝံသ ဆရာတော်ကြီး၏ သင်္ဂြိုလ်ဘာသာဋီကာ စာမျက် နှာ (၅၈၉)၌လည်း ကြည့်ရှုနိုင်ပါသည်။

ပြုပြင်သမျှသည် (သင်္ခါရ) ချည်းပါပေ။ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ ကုသိုလ်ပြုလည်း ပုညာဘိ (သင်္ခါရ) အကု သိုလ်ပြုလည်း အပုညာဘိ (သင်္ခါရ) ကာယကံ က ကာယ သင်္ခါရ၊ ဝစီကံက ဝစီသင်္ခါရ၊ မနောကံက စိတ္တသင်္ခါရ ဆိုသည် ကံသုံးပါး မှာလည်း သင်္ခါရ သုံးမျိုးဖြစ်၏။ (သင်္ခါရ)၏ ချယ်လှယ်မှု အပြည့်အဝ ခံရသော (ရုပ်နာမ်)ကိုလည်း (သင်္ခါရ) ဟုခေါ်ဆို သည်ကိုလည်း သဘောပေါက်ပါလေ။ ရုပ်နာမ်(သင်္ခါရ) ဝယဓမ္မေ ဟု အဆိုရှိပါသည်။

(ရုပ်နာမ်) နှစ်ပါးတွင် (ရုပ်) ဆိုသော (ရူပက္ခန္ဓာ)သည် မာမှု၊ ပျော့မှု၊ ပူမှု၊ အေးမှု၊ ဖွဲ့စည်းမှု၊ ယိုစီးမှု၊ တွန်းကန်မှု သဘောလောက်သာဖြစ်သလို (စိတ်) ဆိုသော (ဝိညာဏက္ခန္ဓာ) မှာ (သိမှု) သက်သက်သဘောမျှသာ ဖြစ်၍ (သင်္ခါရ) မပါလျှင် (ရုပ်)ကို မဆိုထားဘိ (စိတ်) သိမှုသည်ပင် မပြည့်စုံနိုင်ပေ။ (စိတ်) သည် ပိတ်ဖြူကားချပ်နှင့်တူပြီး၊ ပိတ်ဖြူကားချပ်ကို အရောင်မျိုး (၅၀)နှင့် ပန်းချီဆွဲပေးနေသူမှာ (သင်္ခါရ) (စေတသိက်) ပင် ဖြစ်ပါ တော့သည်။

ထို့ကြောင့် လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမဆို

http://www.dhammadownload.com



သည်မှာ မရှိပါ၊ အခေါ်အဝေါ်မျှသာ ရှိပါသည်။ ထိုအခေါ် အဝေါ် လူ၊ သတ္တဝါများသည် အမှန်စင်စစ် (ရုပ်နာမ်) ခေါ် သည့် (သင်္ခါရ) တို့သာ ဖြစ်ပါသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် စံဝင်တော်မူခါနီးဆဲဆဲမှာပင် ထို (သင်္ခါရ)ကို နောက်ဆုံး အချိန်ထိ မိန့်မှာတော်မူခဲ့သည်မှာ -

"ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊
ဝယဓမ္မာသင်္ခါရာ၊ "အပ္ပမာဒေန သမ္ပာဒေထ"

သံသရာဘေးကို မျှော်တွေးရှုကြည့်နေကြကုန်သော အို ချစ်သားရဟန်းတို့. . . ဘုရားရှင်အနေဖြင့် နောက်ဆုံးမှာကြား လိုသည်မှာ (သင်္ခါရ) ဖြစ်၍ (သင်္ခါရ) ပျက်ခြင်း သဘောရှိသည် ကို မမေ့မလျော့သော (သတိ)ဖြင့် (သိ) ပြီး နေကြပါဟု မိန့်မှာ တော်မူခဲ့ပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည်နှင့် တပြိုင် နက်၊ သိကြားမင်းသည်လည်း မြတ်စွာဘုရားဟောကြားခဲ့သော အောက်ပါ (သင်္ခါရ) ဝိပဿနာ ဂါထာကို ရွတ်ဆိုပြန်ပါသည်။

"အနိစ္စာဝတသင်္ခါရာ၊ ဥပါဒဝယ ဓမ္မိနော
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံဝူပသမောသုခေါ။

http://www.dhammadownload.com



(အဝိဇ္ဇာတဏှာ) အမြဲခြံရံလျက်ရှိသော (နာမ်နှင့်ရုပ်) ကို သမုတ်ခေါ်ကြ (သင်္ခါရ) ကား (ဖြစ်ပျက်) ရန် သဘော မှန် သဖြင့် ဧကန်မုချ (အနိစ္စ)တည်း၊ ဖြစ်၍ပြီးသော် ပျက်စီးပြန်ရ၊ ဧကန္တမို့၊ နှစ်ဝ (ရုပ်နာမ်) အေးကြောင်းမှန်သည် (နိဗ္ဗာန်) မည်ခေါ် ဓါတ်အနှစ်တော်ဟု ရွတ်ဆိုပါသည်။

## ရုပ်အကြောင်း

(ရုပ်) ဆိုသည်မှာ ကိုယ်တွင်ရှိသောမျက်နှာ၊ ကိုယ်၊ ခြေ၊ လက် စသည်တို့ကို (ပညတ်)အားဖြင့် အခေါ်အဝေါ်အားဖြင့် (ရုပ်) ဟု ခေါ်သော်လည်း (ပရမတ်) အမှန်ရှိ သဘောအားဖြင့် ရုပ် (၂၈) ပါးရှိ၏။ ရုပ် (၂၈)ပါးတွင် မဟာဘုတ်ရုပ် (၄)ပါး၊ ပသာဒ ရုပ် (၅) ပါး၊ ဂေါစရရုပ် (၄) ပါး၊ ဘာဝရုပ် (၂) ပါး၊ ဟဒယရုပ် (၁) ပါး၊ ဇီဝိတရုပ် (၁) ပါး၊ အဟာရရုပ် (၁) ပါး၊ ပရိစ္ဆေဒရုပ် (၁) ပါး၊ ဝိညာဏ်ရုပ် (၂) ပါး၊ ဝိကာယရုပ် (၃) ပါး လက္ခဏာရုပ် (၄) ပါး၊ ပေါင်း (၂၈) ပါးတည်း။

မဟာဘုတ် (၄) ပါး = မဟာ = အခြားသော ရုပ်များထက် လက္ခဏာ၊ အထည်ကိုယ်ဒြပ် အားဖြင့် ကြီးသော။
= ဘူတ = ထင်ရှား၍ မဟာဘုတ် (၄) ပါး ဟု ခေါ်၏။

http://www.dhammadownload.com



## မဟာဘုတ် (ရုပ်) (၄)ပါး

(၁) ပထဝီ = မာခြင်း၊ နူးညံ့ခြင်း၊ အစိုင်အခဲသဘော၊
(၂) အာပေါ = စွတ်စိုခြင်း၊ စေးကပ်ခြင်း၊ ယိုစီးခြင်း၊ ပေါင်းဖွဲ့ခြင်းသဘော၊
(၃) ဝါယော = လှုပ်ရှားခြင်း၊ တွန်းကန်ခြင်း သဘော၊
(၄) တေဇော = ပူခြင်း၊ အေးခြင်း သဘောတို့ ဖြစ်၏။

## ပသာဒရုပ် (၅)ပါး

(၁) စက္ခုပသာဒ = မျက်စေ့ အကြည်ဓါတ်၊ မျက်နက်ဝန်း အလယ်၊ ပုံရိပ်ထင်ရာ မျက်လွှာ(၇)ထပ်တို့၌ ပျံ့နှံ့၍ တည်သောအကြည်ဓာတ်။
(၂) သောတပသာဒ = နားအကြည်ဓါတ်၊ နားအပေါက် အတွင်း နူးညံ့သိမ်မွေ့သောအမြှေးပါး၌ ပျံ့နှံ့၍ တည်သောအကြည်ဓါတ်။
(၃) ဃာနပသာဒ = နှာခေါင်းအကြည်ဓါတ်၊ နှာခေါင်း ပေါက်အတွင်း၌ တည်သောအကြည် ဓါတ်။
(၄) ဇိဝှာပသာဒ = လျှာအကြည်ဓါတ်၊ လျှာ၏အလယ်အထက်ပြင်၌ပျံ့နှံ့၍ တည်သောအကြည် ဓာတ်။
(၅) ကာယပသာဒ = ကိုယ်အကြည်ဓာတ်၊ (အမွှေးများ၊

http://www.dhammadownload.com



ခြေသည်းများ၊ လက်သည်းများ၊
ခြောက်မာသောအရေ) တို့ကို
ချန်လှန်၍ ထိုမှကြွင်းသော တစ်ကိုယ်
လုံးကို ပျံ့နှံ့၍တည်သော အကြည်
ဓာတ်ကိုဆိုလိုသည်။

## ဂေါစရရုပ် (၄)ပါး

(၁) ရူပါရုံ = အဆင်း၊ (၂) သဒ္ဒါရုံ = အသံ၊ (၃) ဂန္ဓာရုံ = အနံ့၊ (၄) ရသာရုံ = အရသာ၊ ဖောဋ္ဌဗ္ဗာရုံ = အထိအတွေ့ သည် ပထဝီ၊ တေဇော၊ ဝါယော ဓာတ်ကြီးသုံးပါး၌ ပါပြီးဖြစ်သည်၊ အာပေါဓာတ်သည် အလွန်သိမ်မွေ့၍ ထိတွေ့၍မရကောင်း သောကြောင့်ရေတွက်ခြင်း၊ မပြုသောကြောင့် ဂေါစရရုပ်ကို "၄" ရုပ်သာ ယူရ၏။

## ဘာဝရုပ် (၂)ပါး

(၁) ဣတ္ထိဘာဝရုပ် = အမသတ္တဝါဖြစ်ဖို့ရာ အကြောင်းခံ သောရုပ်အမသတ္တဝါ၌ ပျံ့နှံ့တည် သောသဘောရုပ်။

(၂) ပုမ္ဘာဝရုပ် = အထီးသတ္တဝါဖြစ်ဖို့ရာအကြောင်းခံ သော(ရုပ်) အထီးသတ္တဝါ၌ ပျံ့နှံ့ တည်သော သဘောရုပ်။

http://www.dhammadownload.com



## ဟဒယဝတ္ထုရုပ် (၁)ပါး

နှလုံးသားအတွင်း ပုန်းညက်စေ့လောက် ပမာဏရှိသော တစ်လက်ဆွမ်းမျှလောက် သွေးတို့ကိုမှီ၍ ဖြစ်သော စိတ်+စေတသိက်တို့၏ မှီရာဝတ္ထုရုပ်ကလေးများကို (ဟဒယဝတ္ထုရုပ်) ဟုခေါ်၏။

## ဇီဝိတရုပ် (ဇီဝိတိန္ဒြေ) (၁)ပါး

ဤရုပ်သည် ကံကြောင့်ဖြစ်သောရုပ်တို့၏ အသက်ရုပ်၊ အတူတကွ ဖြစ်သော ကမ္မဇရုပ်တို့ကို စောင့်ရှောက်တတ်သော (အသက်ရှင်) ကြောင်းဖြစ်စေသောကြောင့် (ဇီဝိတ) မည်၏။ ကံကြောင့်ဖြစ်သောရုပ်တို့ကို အသက်ရှင်အောင် စောင့်ရှောက်တတ်ခြင်းကြောင်း (ဣန္ဒြေယ)မည်၏။ ထို့ကြောင့် (ဇီဝိတိန္ဒြေ) ဟုလည်း အမည်ရ၏။ (ဇီဝိတ) ရုပ်သည် (ပါစက) ဝမ်းမီးနှင့်တကွ တစ်ကိုယ်လုံးကို ပျံ့နှံ့၍တည်၏။

## အဟာရရုပ် (၁)ပါး

စားသောက်ရသောအရသာချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ အဆိ၊ အနှစ်စသော ဩဇာဓါတ်ကြောင့် အဟာရဖြစ်ပြီးအသွေးအသား ဖြစ်စေသော (ရုပ်) ကိုခေါ်၏။

http://www.dhammadownload.com



# အနိပ္ဖန္နရုပ် (၁၀) ပါး (ပရမတ်) အစစ်မဟုတ်

**ပရိစ္ဆေဒရုပ်(၁)ပါး** = အာကာကဓာတ်မည်၏ အာကာသဟင်း လင်းပမာ ဖြစ်ပြီး ကလပ်မှုန့်တခုချင်း မပေါင်းစပ်ရန် ပိုင်းခြားထားသည့် ရုပ်။

**ဝိညတ်ရုပ်(၂)ပါး** = ကိုယ်အမူအရာ၊ နှုတ်အမူအရာ ဖြစ်စေသော မိမိအလိုဆန္ဒကို သူတပါး သိစေနိုင်သော အမူအရာအထူးကို ဝိညတ်ရုပ် ဟုခေါ်၏။

**ဝိကာရရုပ်(၃)ပါး** = ဝိ = အထူး၊ ကာရ = အမူအရာ စိတ်ချမ်းသာ၍ (၁)။ ကိုယ်အမူအရာ ပေါ့ပါး နူးညံ့မှုသဘော၊ (၂) နှုတ်အမူအရာ ပေါ့ပါး နူးညံ့မှုသဘော၊ (၃) ကိုယ်နှုတ် အမူအရာ ခန့်ညား တင့်တယ်ခြင်း သဘော။

**လက္ခဏာရုပ်(၄)ပါး** = ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း၊ (ဖြစ်၊ တည်၊ ပျက်) ဖြစ်သော ဥပါဒ်၊ ဌီ၊ ဘင် သည် လက္ခဏာမည်၏။ သူ့သဘော သူဆောင်၏ (၁) ဥပစယဖြစ်ခြင်းခေါ် တိုးတက်၍ ဖြစ်ခြင်း သဘော၊ (၂) သန္တတိ = ပြည့်စုံပြီး နောက် အစဉ်မပြတ် ထပ်ခါထပ်ခါ ဖြစ်ခြင်း၊ (၃) ၎င်း(၂)ပါးကို ပေါင်း၍ ဇာတိရုပ် ခေါ်ခြင်း၊ (၄) ဇရာတာ အိုမင်းလာမှု (ဌီ) သဘော၊ (၅) အနိစ္စကာ ပျက်စီးမှု (ဘင်) သဘော ဖြစ်၏။

http://www.dhammadownload.com



# နိဗ္ဗာန်တရား

(နိဗ္ဗာန်)တရားသည် (ကိလေသာ)တရားနှင့် (ဒုက္ခ) တရားတို့ ချုပ်ငြိမ်းခြင်းကြောင့် စိတ်သန္တာန်၌ အေးချမ်းခြင်း၊ ငြိမ်းချမ်းခြင်း (သန္တိ) သဘောသည် (နိဗ္ဗာန်) မည်၏။

(နိဗ္ဗာန်) ကိုကာမာဝစရဉာဏ်ဖြင့် တိုက်ရိုက်မမြင်နိုင်၊ မှန်းဆ၍ သိနိုင်၏။ သောတာပတ္တိမဂ်ဉာဏ် စသောမဂ်ဉာဏ် ၄ ပါးတို့နှင့် သောတာပတ္တိဖိုလ်စသော ဖိုလ်ဉာဏ် (၄) ပါး တို့ဖြင့် (နိဗ္ဗာန်) ကို မျက်မှောက်ပြုနိုင်ကြ၏။ (နိဗ္ဗာန်) သည် မဂ်ဖိုလ်တရားတို့၏ (အာရုံ) ပင် ဖြစ်၏။

မျက်မှောက်ပြုသည်ဆိုရာ၌ တိုက်ရိုက်မျက်စေ့ဖြင့် မြင်ရသကဲ့သို့ မြင်ခြင်းဖြစ်၏။ မြတ်စွာဘုရား ဟောကြားသည့် ပရမတ္ထတရား(၄)ပါး အဟုတ်ရှိသည့် အတိုင်းပြဆိုခဲ့ပြီးသော စိတ်၊ စေတသိက်၊ ရုပ်သဘောအတိုင်း (နိဗ္ဗာန်) သဘောသည် အမှန်တကယ်ရှိသော ပရမတ္ထတရား အစစ်ဖြစ်၏။

(ပရမတ်) တရားတို့သည် သဘောတရား တစ်မျိုးစီသာ ရှိကြရာ၌ (စိတ်) သည် အာရမ္မဏ ဝိဇာနန (အာရုံ)ကို သိတတ်သော သဘောလက္ခဏာအားဖြင့် တစ်မျိုးတည်းရှိ၏။ (စေတသိက်) ဖြစ်သည့် (သင်္ခါရက္ခန္ဓာ) ဖဿသည် (ဖုသန)ထိတွေ့ခြင်း လက္ခဏာအားဖြင့် တစ်မျိုးတည်းသာရှိ၏။ ထို့အတူ (နိဗ္ဗာန်) သည်သန္တိလက္ခဏာ(ငြိမ်းအေးခြင်း)သဘောတစ်မျိုးတည်းရှိပေ၏။

http://www.dhammadownload.com



(နိဗ္ဗာန်) သည် (ရာဂ၊ ဒေါသ၊ မောဟ) ကုန်လျှင် (နိဗ္ဗာန်) သို့ မျက်မှောက်ပြုနိုင်၏။ (ရာဂ) ဆိုသည်မှာ (အာရုံ)နှင့် တွေ့တိုင်း တပ်မက်ခြင်း၊ တပ်မက်မှု (တဏှာ) ဖြစ်၏၊ (ဒေါသ) ဆိုသည်မှာ (အာရုံ) များနှင့် တွေ့သည့်အခါ မခံသာသော ပြစ်မှု (ဒေါသ) ဖြစ်၏။ (ဒေါသ)သည် မသိလို့ ပြစ်မှားခြင်းဖြစ်၍ (အဝိဇ္ဇာ) ဖြစ်၏။ (မောဟ)ဆိုသည်မှာလည်း မသိမှု (အဝိဇ္ဇာ) ဖြစ်၍ (ရာဂ၊ ဒေါသ၊ မောဟ) ဖြစ်သော (အဝိဇ္ဇာ၊ တဏှာ) ချုပ်ငြိမ်းလျှင် (နိဗ္ဗာန်) ကို မျက်မှောက်ပြုနိုင်၏။

(အာရုံ)များနှင့်တွေ့တိုင်း (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ဖြစ်ကြောင်း မသိကြ၊ (အာရုံ) မှန်သမျှသည် (နိဗ္ဗာန်) အာရုံမှတပါး ကျန်သော (အာရုံ)များတွင် မိမိစိတ်၌ ဖြစ်သော ကောင်းသည် ထင်သည့် (အာရုံ) မကောင်းဘူးထင်သည့် (အာရုံ) မှန်သမျှ သည် (ဒုက္ခသစ္စာ) ချည်းဖြစ်၏။ ထို (ကိလေသာ) အာရုံ မှန် သမျှကို (အသိ) ဉာဏ်ပညာဖြင့် (သတိ) (သမ္မာဓိ) ကောင်း ကောင်းဖြင့် အာရုံများ၏ (အနိစ္စ)ကို မြင်သည်ဖြစ်စေ၊ အာရုံ တွေသည် (ဒုက္ခ) စင်စစ်ဖြစ်နေကြောင်းကို မြင်သည်ဖြစ်စေ၊ အာရုံတွေကို (အနတ္တ)သဘောနှင့် မြင်သည်ဖြစ်၏။ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ဟူသော လက္ခဏာရေးသုံးပါး၌ တစ်ပါးပါးကို မြင် သည်ဖြစ်စေ၊ မသိမှု (အဝိဇ္ဇာ)ကြောင့်ဖြစ်ပေါ်လာသော (သင်္ခါရ) ခေါ်သည့် (သင်္ခါရက္ခန္ဓာ) စေတသိက်က ဖန်တီးနေသော (စိတ်) ၏ အညစ်အကြေး (ကိလေသာ) အာရုံများချုပ်ပြတ်ခဲ့လျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရ၍ (နိဗ္ဗာန်)ကို မျက်မှောက်ပြုနိုင်၏။

http://www.dhammadownload.com



အာရုံတိုင်းသည် (ဒုက္ခ) ဖြစ်ရာ၊ ကိလေသာ အညစ်အကြေး ဖြစ်ရာဖြစ်၍ (အာရုံ) တစ်ခုတွင် (စိတ်၊ စေတသိက်၊ ရုပ်) ဖြစ်သော (ရုပ်နာမ်) ခန္ဓာငါးပါးပါဝင်နေရာ (အာရုံ) မရှိသော (ဝါ) ခန္ဓာငါးပါးအာရုံမဖြစ်သော (ခန္ဓာ) မရှိရာ၊ မဖြစ်ရာ၊ မပျက်ရာ ခန္ဓာချုပ်ပျောက်ရာသည်သာ (နိဗ္ဗာန်) ဖြစ်၏။ (ကိလေသာအာရုံ) များကို (သင်္ခါရ) တရားက ဖန်တီးနေရာ၊ (အာရုံ) ချုပ်ပျောက်ခြင်း၊ (ခန္ဓာ) ချုပ်ပျောက်ခြင်းသည် (သင်္ခါရ) ချုပ်ပျောက်ခြင်း ဖြစ်၍ (သင်္ခါရ) ကုန်ပျောက် (နိဗ္ဗာန်) ရောက်ဟု မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားပါသည်။

(သင်္ခါရ) နိရောဓ၊ (အဝိဇ္ဇာ) နိရောဓေါဖြစ်၍ "အဝိဇ္ဇာနိရောဓါ အာသဝနိရောဓေါ" အာသဝေါတရားကုန်ရာ (နိဗ္ဗာန်) ချမ်းသာကို ရခြင်းဖြစ်ပါသည်။ (အာရုံ)တည်းဟူသော (ရာဂ၊ ဒေါသ၊ မောဟ) ဟုဆိုအပ်သော (အဝိဇ္ဇာ၊ တဏှာ) ကုန်လျှင် (နိဗ္ဗာန်)ကို မျက်မှောက်ပြုရပါသည်။

(နိဗ္ဗာန်) အာရုံမှတပါး၊ ကိလေသာအာရုံ ကာမဂုဏ်အာရုံ ငါးပါးတို့သည် (နိဗ္ဗာန်)နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ (အာရုံ) ဟူသ၍သည် (ဗဟိဒ္ဓ) ပြင်ပရှိ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့မှု၊ ကြံတွေးမှု စသော (အာရုံ) စိတ်ဖြစ်အောင် (စေတသိက်) ကဖန်တီးပေးရသဖြင့် (အာရုံ) တစ်ခုဖြစ်တိုင်း စိတ်၊ စေတသိက် ရုပ်တို့ ဖြစ်ကြသော (ခန္ဓာငါးပါး) တပေါင်းတည်းဖြစ်ရ၍ (အာရုံ) တိုင်း၌ (ခန္ဓာငါးပါး) လုံးပါ၏။

http://www.dhammadownload.com



မြတ်စွာဘုရားရှင်သည် ဓမ္မစကြာတရားတွင် **"တံကိစ္စ တေန ပဥ္စုပါဒါ နက္ခန္ဓာဒုက္ခာ"** လို့ (ခန္ဓာငါးပါး)ကို စွဲလန်းမှု ဖြစ်လျှင် ဒုက္ခဖြစ် သည်လို့ ဟောကြားထားရာ (အာရုံ)တိုင်းသည် ခန္ဓာ ငါးပါး (ဒုက္ခ)အာရုံ ဖြစ်သဖြင့် (အာရုံစိတ်) ဖြစ်တိုင်းလည်း (အဝိဇ္ဇာ) ကြောင့် (သင်္ခါရ) ကြောင့် (ဝိညာဏ်) စိတ်ဖြစ်ပေါ်ရပြီး အာရုံစိတ် ဖြစ်ရရာ (အာရုံ) သည်လည်း (စိတ်)၊ (စိတ်) သည် လည်း (သင်္ခါ ရ) ဖြစ်ရာ၊ (သင်္ခါရ) သည် (အဝိဇ္ဇာ)မသိမှုကြောင့် ဖြစ်ရသောကြောင့် (အဝိဇ္ဇာ) မသိမှု အစား (သိမှု) (ဝိဇ္ဇာ) ဖြစ်နေ လျှင် (ကိလေသာ)၏ ဆန့်ကျင်ဘက် ဖြစ်နေသည်မည်၏။ (နိဗ္ဗာန်) ဖောင်ကူးတို့ပေါ် ရောက်နေသည်နှင့်တူ၏။

ထို့ကြောင့် (ကိလေသာ)ဖြစ်စေသော (အဝိဇ္ဇာ)ကို ပါယ်၍ (ဝိဇ္ဇာ)နှင့် ဘယ်လိုနေရမည်နည်းဆိုလျှင် ကိလေသာအာရုံ (ဝါ) ပြင်ပစိတ်အာရုံ မဖြစ်ပေါ်စေရအောင် (ဝါ) (သင်္ခါရ)ကြောင့် (ခန္ဓာငါးပါး) မဖြစ်ပေါ်စေရအောင် အာနာပါန(သတိ) ဖြင့်ဖြစ်စေ၊ သတိပဋ္ဌာန် (သတိ)ဖြင့် ဖြစ်စေ နေ့စဉ်၊ နေ့စဉ်အားနေသည့်အခါ၊ နားနေသည့်အခါတိုင်း အာနာပါန(သတိ)ဖြင့် ရှူစိတ်၊ ရှိုက်စိတ်ကလေးကို (သတိ)ကလေးနဲ့ (ဉာဏ်)ကလေးနဲ့ (သိ) ပြီးနေပါလေ။

အလုပ်လုပ်နေသည့်အခါ သွားလာလှုပ်ရှားနေသည့်အခါ တို့၌လည်း (ကိုယ်) ဖြင့် ပြုသည့်အမှု (နှုတ်) ဖြင့် ပြုသည့်အမှု၊ (စိတ်) ဖြင့် ပြုသည့်အမှုတို့၌ (သတိပဋ္ဌာန်သတိ)ဖြင့်

http://www.dhammadownload.com



ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ကို (သတိ) လေးဖြင့် ဉာဏ်ကလေး ဖြင့်(သိ)ပြီးနေပါလျှင်၊ ကိုယ်လုပ်တာ ကိုယ်သိနေ ပါလျှင်၊ (အာနာ ပါန) သတိမြဲ၍ အသိစွဲလာပါလျှင် ကိုယ့်စိတ်ပေါ်ရာ ကိုယ်သိနေပါလျှင် (အသိ) ဘက်က များပြီး ကိလေသာ(အာရုံ)ကြားမခိုအောင် အားထုတ်နိုင်ပါလျှင်၊ မကြာမီ ဝိပဿနာ(ဉာဏ်)ရလာပြီး ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ ရောက်ရှိသည့် (မဂ်ဖိုလ်၏အာရုံနိဗ္ဗာန်)ကို မျက်မှောက်ပြုလာ နိုင်တော့မည် ဖြစ်ပါသည်။

(နိဗ္ဗာန်) ရောက်ကြောင်း (သတိပဋ္ဌာန်) တရားနှင့် (ဝိပဿနာ) တရားတို့ကို အားမထုတ်မီ (နိဗ္ဗာန်) ပို့မည့် **"အမှန်မြင်တရား"** (ဝါ) **"သစ္စာ"** တရားကို သိထားဖို့ လိုအပ်ပါသည်။ **"အမှန်မြင်တရား"** (သမ္မာဒိဋ္ဌိ) ရှိထားမှလည်း (နိဗ္ဗာန်) မရောက်နိုင်သည့် **"အမှားမြင်" (ဒိဋ္ဌိ)** ကို ခွာတတ်ပေမည်။ (သောတာပတ္တိမဂ်) သည် (ဒိဋ္ဌိ)ကို ပါယ်သတ်သည့် မဂ်ဖြစ်ရာ၊ (ဒိဋ္ဌိ)ကို ပါယ်သတ်နိုင်သည့် (သောတာပန်) ဖြစ်ဖို့ရာ (ဒိဋ္ဌိ)ကို အသိနှင့် ပါယ်နိုင်ခြင်း (ဉာတပရိညာ)၊ အပွားအကျင့်နှင့် ပါယ်နိုင်ခြင်း (တီရဏပရိညာ) တို့နှင့် ပြည့်စုံပါမှ (ပဟာနပရိညာ) (ဒိဋ္ဌိ) ကို ပါယ်ပြီး အပ်သော (သောတာပန်) တည်ခြင်းကို ရနိုင်ပေမည်။

သို့ဖြစ်၍ မြတ်စွာဘုရား ဟောကြားထားသော (ဉာတ၊ တီရဏ၊ ပဟာန) သုံးဝ ပရိညာ အစီအစဉ်အတိုင်း၊ တရားစဉ်အတိုင်း၊ လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သင့်ပါသည်။

http://www.dhammadownload.com



(သိမှု) မရှိလျှင် (ကျင့်မှု) လွဲပေမည်ဟု မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားထားပါသည်။ အမှန်မြင်မှု၊ သိမှုတရားတွေ မလိုအပ်လျှင် (သစ္စာ) တရားဟု ဆိုအပ်သော မြတ်စွာဘုရား ဟောကြားအပ်သော **အမှန်မြင်တရား ပဋိကတ်သုံးပုံနှင့်** ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ ဟောကြား ရေးပြထားသည့် တရားများ ဟောကြားရေးပြစရာအကြောင်းမရှိပါ။

ထို့ကြောင့် **"အမှန်မြင်တရား"** ကို သိမြင်ပြီးမှ ကျင့်မှုကို လုပ်ရပေမည်။ သို့သော် ပို၍ကောင်းစေရန် ကျင့်မှုမစမီ ကျင့်ရမည့် (အရှုခံတရားငါးပါး) ဖြစ်သည့် (သမာဓိမဂ္ဂင်နှင့် ပညာမဂ္ဂင်) တို့ ဖြစ်သော **(သတိ)**နှင့် **(အသိ)** တရား အကြောင်းကိုလည်း ကောင်းစွာ နားလည်သဘောပေါက်အောင် ဆက်လက်ဖော်ပြပါအံ့။

**နိဗ္ဗာန်ပို့မည့် အမှန်မြင်တရား ပြီး၏။**

⊙ ⊙ ⊙ ⊙ ⊙

http://www.dhammadownload.com



# နိဗ္ဗာန်ပို့မည့်

# (သတိ) နှင့် (အသိ)

# တရား

http://www.dhammadownload.com

http://www.dhammadownload.com



# နိဗ္ဗာန်ပို့မည့် (သတိ)နှင့်(အသိ)တရား

မဟာသတိပဋ္ဌာနသုတ်တွင် (ကာယ၊ စိတ္တာ၊ ဝေဒနာ၊ ဓမ္မာ) ဟူသော (ပဋ္ဌာန) လေးနေရာအနက် တစ်နေနေရာတွင် (သတိ) ကို အခြေပြု၍ (သတိပဋ္ဌာန်)၊ သတိပဋ္ဌာနဘာဝနာ (ဝိပဿနာ) တရားကိုအားထုတ်ကြရန် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် အတိုင်း၊ ရှေးရှေးကဆရာတော်ကြီးများသည် (သတိပဋ္ဌာန်) နှင့် (ဝိပဿနာ) တရားများကို အားထုတ်ခဲ့ကြပါသည်။

(ကာယ)နှင့် တရားပြီးမြောက်သွားသော လယ်တီ ဆရာတော်ဘုရားကြီး၊ သထုံ ဇေတဝန်ဆရာတော်ဘုရားကြီး၊ (ဝေဒနာ) နှင့် တရားပြီးမြောက်သွားသော စွန်းလွန်းဆရာတော်ဘုရားကြီး၊ (စိတ္တာနုပဿနာ)နှင့် တရားပြီးမြောက်သွားသော မိုးကုတ်ဆရာတော်ဘုရားကြီးတို့၏ တရားများကို ဆက်ခံသော ကမ္မဋ္ဌာန်းကျောင်းများ၊ တရားရိပ်သာများတွင်

**"အပ္ပမာဒ (သတိ)နှင့် (သမ္မာသတိ)"**
**"မနောဝိညာဏ် (အသိ)နှင့် မဂ္ဂင် (အသိ)"**

http://www.dhammadownload.com



တို့မပါပဲ မည်သည့်ကမ္မဋ္ဌာန်းကျောင်း၊ မည်သည့်တရား ရိပ်သာမှ (နိဗ္ဗာန်) ရောက်ကြောင်း တရားကို အားထုတ်၍ မရ နိုင်ကြောင်းကို ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးတို့၏ ဟောပြချက်၊ ရေး ပြချက်များကို စုစည်း၍ ဖော်ပြပါအံ့။

စွန်းလွန်းဆရာတော်ဘုရားကြီးက (ထိ)မှု သက်သက်ကို (သတိ)ပြုနေတာက (ကာယနုပဿနာ) သတိပဋ္ဌာန်လို့ခေါ်တယ်၊ (ထိ)တော့ (ဖဿဝေဒနာ)ဖြစ်တဲ့ (ခံစားမှု)သဘောကို (သတိ) ပြုနေတာက (ဝေဒနာနုပဿနာ)သတိပဋ္ဌာန် လို့ခေါ်တယ်။

(သိမှု) သက်သက်ကို (သတိ) ပြုနေတာက (စိတ္တာနုပ ဿာသတိပဋ္ဌာန်) လို့ခေါ်တယ်၊ နိဝရဏတရားတွေ ငြိမ်းပြီး သူ့သဘော သူဆောင်နေတာကို (သတိ)ပြုနေတာက (ဓမ္မာနုပ ဿနာ)သတိပဋ္ဌာန် လို့ခေါ်တယ်။ (သိ)တဲ့အပေါ် (သတိ)ထား နေမှုဖြင့် သတိပဋ္ဌာန် လေးပါး နှင့် ပြည့်စုံနေတယ်ဟု မဟာကြား ထား ပါသောကြောင့် (နိဗ္ဗာန်) ရောက်ကြောင်းတရားတွင် (သတိ) နှင့် (အသိ) သည် အလွန်အရေးကြီးပါသည်။ အရေးပါသည့် **"(နိဗ္ဗာန်)ပို့မည့်(သတိ)နှင့်(အသိ)"** တရားအကြောင်းကို ကောင်း စွာ သိရှိနားလည်ထားသင့် ပါသည်။

## ဓမ္မဟူသောတရား

ဝနဝါသီဉေယျဓမ္မသာမိထေရ် ဆရာတော်ဘုရားကြီး ရေးပြသည်မှာ **"ဓမ္မ"** ဟူသည် **"တရား"** ဟူ၍ ဘာသာပြန်ရိုး ရှိသော်လည်း စင်စစ်မှာ **"သဘော"** မျှသာ ရှိချေ၏။

http://www.dhammadownload.com



လူတို့သည်မိမိ၏ **"လောဘ"** တစ်ချက်ကြောင့် သူတစ်ပါး အကျိုးကိုနစ်နာဆုံးရှုံးပျက်စီးစေသော် **"တရား"** မည်ပါမည်လော၊ လူတို့သည် မိမိ၏ **"ဒေါသ"** တစ်ချက်ကြောင့် သူတစ်ပါး အကျိုးကို နစ်နာဆုံးရှုံးပျက်စီးစေသော် **"တရား"** မည်ပါမည်လော၊ လူတို့သည်မိမိ၏ **"မောဟ"** တစ်ချက်ကြောင့် သူတစ်ပါး အကျိုးကို နစ်နာဆုံးရှုံးပျက်စီးစေသော် **"တရား"** မည်ပါမည်လော။

အမှန်စင်စစ် မိမိ၏ စိတ်ညစ်ညမ်းမှု (ကိလေသာ) ကို မိမိ မနိုင်သဖြင့် သူတစ်ပါးအား လိုက်လံရန်လုပ်နေမှု မှန်သမျှသည် **"မတရား"** မှုချည်းသာဖြစ်ချေ၏၊ မိမိ၏ (ကိလေသာ) ပူဆာလေသမျှ မိမိက လိုက်လုပ်ပေးနေရခြင်းသည် **"တရား"** ကင်းမှု ချည်းသာ ဖြစ်လေ၏။

သူတပါးဘက်သို့ မလှည့်ပဲ မိမိဘက်ကိုသာလှည့်၍ (မိမိအဇ္ဈတ္တသန္တာန်) မိမိကိုယ်တွင်းရှိ (ရုပ်နာမ်) ဘက်ကိုသာလှည့်၍ မိမိ ဘက်မှ (ရုပ်)အကြောင်း (နာမ်) အကြောင်းကို ကောင်းစွာ ရိပ်မိလာသော်၊ (ရုပ်) သဘော (နာမ်) သဘော (တရား) များကို ကောင်းစွာ(သိ)လာသော်**"တရား"** သိသူမည်၏ဟု ဆိုရပေမည်။

**မိမိ၏ (ရုပ်)တရား (နာမ်)တရားမှအစ (မဂ်)တရား (ဖိုလ်)တရား (နိဗ္ဗာန်)ရောက်သည့်အထိ (သိ)ပြီး ကျင့်ရမည့် တရားဟူသည် မြတ်စွာဘုရား ဟောကြားခဲ့သည့် ဗောဓိပက္ခိယ (၃၇) ပါး ဟူ၍ရှိပေသည်။**

http://www.dhammadownload.com



# ဗောဓိပက္ခိယ ၃၇-ပါး

မြတ်စွာဘုရား (၄၅) ဝါလုံးဟောကြားတော်မူခဲ့သော ပဋိကတ်သုံးပုံသည် (သစ္စာ)အမှန်တရားချည်းများသာဖြစ်ပါသည်၊ (ပိဋကတ်သုံးပုံ)ကို အဆီညှစ်၍ အနှစ်သာရများကို ထုတ်ယူရာတွင် သစ္စာ (အမှန်)တရားများကို ထိုးထွင်းသိရှိရန် (အဖို့အစု) များဖြစ်သော (ဗောဓိပက္ခိယ) တရား (၃၇)ပါးကို ရရှိပါသည်၊

(ဗောဓိပက္ခိယ) ဆိုသည်မှာ၊ ဗောဓိ = မဂ်ဉာဏ်၊ ပက္ခိယ = အသင်းအပင်း၊ အဖို့အစု ဘက်တော်သားများဖြစ်ကြ၏၊ ထို (ဗောဓိ ပက္ခိယ ၃၇ ပါး)ဟူသည် မဂ်ဉာဏ် (နိဗ္ဗာန်) ရဖို့အတွက်၊ အဖို့ အစုများသာဖြစ်၏၊ ဗောဓိပက္ခိယ ၃၇ ပါးတို့မှာ-

| | | |
|---|---|---|
| (၁) | မဂ္ဂင် | - ၈ ပါး |
| (၂) | ဗိုလ် | - ၅ ပါး |
| (၃) | ဣဒ္ဓိပါဒ် | - ၄ ပါး |
| (၄) | သမ္မပဓါန် | - ၄ ပါး |
| (၅) | သတိပဋ္ဌာန် | - ၄ ပါး |
| (၆) | ဗေါဇ္ဈင် | - ၇ ပါး |
| (၇) | ဣန္ဒြေ | - ၅ ပါး |

ပေါင်း ၃၇ ပါး ဖြစ်၏။

http://www.dhammadownload.com



ဗောဓိပက္ခိယ တရား- ၃၇ ပါးကို တူရာ၊ တူရာ ပေါင်းလိုက်လျှင် အားလုံး (မဂ္ဂင်ရှစ်ပါး) ထဲ၌ အကြုံးဝင်သွားပါသည်၊ ထို (မဂ္ဂင်ရှစ်ပါး) ကို မြတ်စွာဘုရားသည် (ဓမ္မစကြာ)တရားတော်၌ ပဉ္စဝဂ္ဂီ-၅ဦး တို့အား (နိဗ္ဗာန်) ရောက်ကြောင်းတရားအဖြစ် (မဂ္ဂင်ရှစ်ပါး) ကို ဟောကြားတော်မူခဲ့ပါသည်။

## နိဗ္ဗာန်ရောက်ကြောင်း (မဂ္ဂင်ရှစ်ပါး)

မြတ်စွာဘုရားသည် (ဓမ္မစကြာ)တရားတော်၌ ရှေးဦးစွာ (မဇ္ဈိမပဋိပဒါ) အလယ်လမ်းသရုပ်ကိုအစပျိုး၍ ဟောကြားခဲ့ရာ၌

"ကတမာစ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ
တထာဂတေန အဘိသမ္ဗုဒ္ဓါ"

ချစ်သားရဟန်းတို့ အလယ်အလတ်လမ်းကို သဗ္ဗညုတဉာဏ်တော်အလင်းဖြင့် ထိုးထွင်း သိမြင်တော်မူခဲ့ပြီ၊ ထို(အလယ်အလတ်) လမ်းဟု ဆိုအပ်သော အကျင့်မြတ်သည်-

| | | |
|---|---|---|
| စက္ခုကရဏီ | = | ပညာမျက်စေ့ကို ပြုတတ်သော |
| ဉာဏကရဏီ | = | အသိဉာဏ်အမြင်ကိုပြုတတ်သော |
| ဥပသမာယ | = | ကိလေသာမီးကို ငြိမ်းစေတတ်သော |
| အဘိညာယ | = | အသိထူးကိုသိစေတတ်သော |
| သမ္ဗောဓါယ | = | သစ္စာလေးပါးကိုသိစေသော |

http://www.dhammadownload.com



နိဗ္ဗာနာယသံဝတ္တတိ= နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှာဖြစ်၏၊

ဟု ပထမဦးစွာ (မဇ္ဈိမပဋိပဒါ) အလယ်လမ်းကို အစပျိုး၍ ဟောကြားပါသည်၊ ဒုတိယအနေဖြင့် ဆက်လက်၍ ဟောကြားရာ၌ ပါဠိတော်အားဖြင့်-

"အယမေဝအရိယောအဋ္ဌင်္ဂိကောမဂ္ဂေါ"

ထိုအလယ်လမ်းဖြစ်သောအကျင့်မြတ်သည် (အရိယာ) တို့၏ လက်ကိုင်ဖြစ်၍ မြင့်မြတ်သော(အင်္ဂါရှစ်ပါး)နှင့် ပြည့်စုံသော (မဂ္ဂင်ရှစ်ပါး) ရှိသောအရိယာ (မဂ်) ပေတည်းဟု ဟောကြားတော်မူပါသည်၊ ထို (မဂ္ဂင်ရှစ်ပါး) တရားဟူသည် -

သေယျထိဒံ = အဘယ်နည်း

(၁) သမ္မာဒိဋ္ဌိ = အမှန်ကိုသိမြင်ခြင်း၊
(၂) သမ္မာသင်္ကပ္ပေါ = အမှန်ကိုကြံစည်ခြင်း၊
(၃) သမ္မာဝါစာ = အမှန်ကိုပြောဆိုခြင်း၊
(၄) သမ္မာကမ္မန္တော = အမှန်ကိုပြုလုပ်ခြင်း၊
(၅) သမ္မာအာဇီဝေါ = အမှန်ကိုအသက်မွေးခြင်း၊
(၆) သမ္မာဝါယာမော= အမှန်ကိုအားထုတ်ခြင်း၊
(၇) သမ္မာသတိ = အမှန်ကိုအောင်းမေ့ခြင်း၊ (သတိ) ပြုခြင်း၊
(၈) သမ္မာသမာဓိ = အမှန်၌တည်ကြည်ခြင်း ဖြစ်သောရှစ်ပါးသော (အရိယာမဂ်) ဖြစ်ကြောင်းကို မြတ်စွာဘုရားဟောကြား

http://www.dhammadownload.com



တော်မူခဲ့ပါသည်။

တဖန် **"မဂ္ဂသစ္စာ"** ကိုဟောကြားရာ၌ -

က္ကဒံခေါ ပန ဘိက္ခဝေ
ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ
အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

ရဟန်းတို့ ဒုက္ခဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်မြတ်ဖြစ်သော အရိယာတို့၏ အကျင့်အမှန်တရားသည် မဂ္ဂအရိယသစ္စာ (မဂ္ဂသစ္စာ)ပေတည်း၊ ဤအရိယာမဂ်သည် (မဂ္ဂင်ရှစ်ပါး) ပင်ဖြစ်သည်ဟူ၍ ထပ်မံဟောကြားတော် မူခဲ့ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း မြတ်စွာဘုရားဟောကြားသည့် "မဂ္ဂသစ္စာ" ကိုပြန်လည်ဟောကြားရာ၌ (နိဗ္ဗာန်) ရောက်ကြောင်းတရားသည် **"ဒုက္ခနိရောဓဂါမိနိပဋိပဒါ"** ဖြစ်တယ်၊ **ဒုက္ခနိရောဓ**= က ဒုက္ခချုပ်ရာ (နိဗ္ဗာန်)၊ **ဂါမိနိပဋိပဒါ**= က ဒုက္ခချုပ်ရာ ရောက်ရာ အကျင့်မှန်တရား၊ တရားကိုယ်ကတော့ **"မဂ္ဂင် ရှစ်ပါး"** ဖြစ်တယ်။

မဂ္ဂင်ရှစ်ပါးဆိုတဲ့အကျင့်တရားဟာ ဒုက္ခချုပ်ရာ (နိဗ္ဗာန်) ရောက်ကြောင်းဖြစ်တဲ့အကျင့်တရား၊ အမှန်ကန်ဆုံးတရားဖြစ်တယ်၊ **"ဒုက္ခချုပ်ရာ (နိဗ္ဗာန်)ဟာ (မဂ္ဂင်)အကျင့်နဲ့မှရမယ်"**၊ (မဂ္ဂသစ္စာ) အကျင့်ဆိုတာ **"မဂ္ဂ"** က နိဗ္ဗာန်သွားရာ လမ်းကြောင်း၊

http://www.dhammadownload.com



"သစ္စာ" က အမှန်ဖြစ်သောကြောင့် **"မဂ္ဂသစ္စာ"** = လမ်းအမှန် အကျင့်မှန်ဆိုသည်မှာ (နိဗ္ဗာန်သွားရာလမ်းအမှန်)ဖြစ်သည်ဟု ဟောကြားတော် မူခဲ့ပါသည်။

(သတိပဋ္ဌာနသုတ်)တွင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်မှာလည်း **"ဧကာယနောအယံဘိက္ခဝေမဂ္ဂေါ"** (နိဗ္ဗာန်)ကို မျက်မှောက်ပြုနိုင်သည့် တစ်ကြောင်းတည်းသော လမ်းသည် **"မဂ္ဂင်"** အကျင့်တရားဟု ဟောကြားခဲ့ပါသည်။

**"မဂ္ဂင်"** ဆိုသည်မှာ -

မဂ္ဂင် = မဂ္ဂ + အင်္ဂ = လမ်းကြောင်းဟု အဓိပ္ပါယ်ရ၏၊ ဘာလမ်းကြောင်းလဲ?= (အကျင့်တရား) လမ်းကြောင်း၊ (အကျင့်) က ဘာအကျင့်လဲ?၊ **အကျင့်က= (သတိ) နှင့် (အသိ)ဖြစ်၍၊ တရားက= သဘော** ဖြစ်သောကြောင့်၊ (မဂ္ဂင်) **အကျင့်သည် (သတိ) နှင့် (အသိ) သဘောကို ကျင့်ရသောလမ်းကြောင်းသာ** ဖြစ်ကြောင်း သိနိုင်လောက်ပါပေသည်။ ရှင်းဦးအံ့. . . .

## မဂ္ဂင်ရှစ်ပါးကို သုံးအုပ်စုဖွဲ့ခြင်း

| | | | |
|---|---|---|---|
| (၁) | သမ္မာဒိဋ္ဌိ | = အမှန်မြင်ခြင်း | (ပညာ)မဂ္ဂင် **(အသိ)** |
| (၂) | သမ္မာသင်္ကပ္ပ | = အမှန်ကြံခြင်း | |
| (၃) | သမ္မာဝါစာ | = အမှန်ပြောခြင်း | (သီလ)မဂ္ဂင် **(အကျင့်)** (သတိ) ဖြင့် ကျင့်ရခြင်း |
| (၄) | သမ္မာကမ္မန္တ | = အမှန်ကိုပြုလုပ်ခြင်း | |

http://www.dhammadownload.com



| | | | | |
|---|---|---|---|---|
| (၅) | သမ္မာအာဇီဝ | = | အမှန်ကိုအသက် မွေးခြင်း | (သီလ)မဂ္ဂင် (**အကျင့်**) (သတိ)ဖြင့်ကျင့်ရခြင်း |
| (၆) | သမ္မာဝါယမ | = | အမှန်ကိုအား ထုတ်ခြင်း | (သမ္မာဓိ) မဂ္ဂင် (**သတိ**) ဖြင့် ကျင့်ရခြင်း |
| (၇) | သမ္မာသတိ | = | အမှန်အောင်း မေ့ခြင်း(သတိ) | |
| (၈) | သမ္မာသမာဓိ | = | အမှန်၌တည် ကြည်ခြင်း | |

## (မဂ္ဂင်ရှစ်ပါး) သုံးအုပ်စုကို အနှစ်ချုပ်ခြင်း

ဝနဝါသီဥဇယျမမ္မသာမိထေရ် ဆရာတော်ဘုရားကြီးက ပေါ်လွင်ထင်ရှားအောင် (မဂ္ဂင်ရှစ်ပါး) သုံးအုပ်စုကို အနှစ်ချုပ်ပြရာ၌ -

**သီလ** = အကျင့် သည် (**သတိ**) ဖြင့် ကျင့်ရသဖြင့်(**အကျင့်**)ကို အနှစ်ချုပ်သော်(**သတိ**) ရ၏။

**သမာဓိ** = ကို အနှစ်ချုပ်သော် (**သတိ**) ရ၏။

ပညာ = သိစရာဘက်ကအနှစ်ချုပ်သော်(**အသိ**) ရ၏။

**ထိုသို့ သုံးအုပ်စုဖွဲ့ပြီး လိုရင်းကိုအနှစ်ချုပ်လိုက်သော်**

http://www.dhammadownload.com



**(မဂ္ဂင်) အကျင့်မြတ်ဟူသည် (သတိ)နှင့် (အသိ) သာလိုရင်းဖြစ်တော့၏။**

ဆရာတော်ဘုရားကြီးကဆက်လက်၍ (သတိ)သည် (သမာဓိ) သိက္ခာ ကိုတာဝန်ယူ၏၊ (သတိ) သည် (မဂ္ဂင်) တို့၏ ရှေ့ဆောင်ဟုခေါ် ဆိုကြ၏၊(သတိ)တစ်လုံးထဲ၌ပင်(သီလ၊ သမာဓိ ပညာ) သိက္ခာသုံးပါးလုံးအကြုံးဝင်သည်ဟုအဆိုရှိကြ၏၊ (ဥပမာ) ပြရသော် ဘူးရုံတစ်ရုံလုံး၏ အရေးကြီးဆုံးသည် ရေသောက်မြစ် ဖြစ်သကဲ့သို့၊ (နိဗ္ဗာန်) ရောက်ကြောင်းတွင်လည်း (သတိ)သည် အ ရေးကြီးဆုံးဟုဆိုရ၏၊ (သတိ)နှင့် မစလျှင်ဘယ်(ကမ္မဋ္ဌာန်း) ဘယ် (ဘာဝနာ)မှ မဖြစ်သောကြောင့်တည်း။

**(သတိ)သည် (သမာဓိ)သိက္ခာကို တာဝန်ယူသကဲ့သို့ (အသိ)သည် (ပညာ)သိက္ခာကို တာဝန်ယူ၏၊ ထို့အပြင် (သတိ) နှင့် (အသိ)နှစ်ပါးလုံးသည် (သီလ)သိက္ခာကိုပါ တာဝန်ယူသေးသဖြင့် "မဂ္ဂင်ရှစ်ပါး" နှင့် "ဗိုလ်သိက္ခာ"တွင် (သတိ)နှင့် (အသိ) သည်သာ အချုပ်ဟူ၍မှတ်ယူရချေ၏။**

(သတိ) တစ်လုံးဖြင့် (မဂ္ဂင်ရှစ်ပါး)လုံးကို အကြုံးဝင်နေသဖြင့် (မဂ္ဂင်) တို့၏ ထိပ်ခေါင် (သတိ) တစ်လုံးကိုဆောင် ဟု ဆိုကြ၏။ (သတိ) တစ်လုံးကို အမွေရ ပတ္တမြားတစ်လုံးကဲ့သို့ မပျောက် မပျက်အောင် ဆောင်သော် (နိဗ္ဗာန်) သို့ ပို့လေ၏ ဟု ဆရာတော် ဘုရားကြီးများ ဟောကြားခဲ့ကြပါသည်။

(သတိ)ရှိနေလျှင် (အသိ)ရှိနေ၏၊ (သတိ)နှင့် (အသိ)ရှိ

http://www.dhammadownload.com



နေသမျှ (နိဗ္ဗာန်)ရောက်အောင် ရှုရသည့် **(ရှုဉာဏ်တရားငါးပါး)** (ဝါ) ပဥ္စင်္ဂိကမဂ္ဂင်ငါးပါး (ဝါ)လောကီမဂ္ဂင်ငါးပါး (ဝါ) ပုဗ္ဗဘာဂ မဂ္ဂင်ငါးပါး (ဝါ) ကာယကမဂ္ဂင်ငါးပါး (ဝါ) အလုပ်မဂ္ဂင်ငါးပါးထဲ ၌ အကျုံးဝင်နေတော့၏။

## ရှုဉာဏ်တရားငါးပါး

ရှုဉာဏ်တရားငါးပါးဆိုသည်မှာ- **"သတိနှင့်အသိ"**

(၁) **သမ္မာဒိဋ္ဌိ** = အမှန်မြင်အသိ **(အသိ)**
(၂) **သမ္မာသင်္ကပ္ပ** = အမှန်ကိုကြံတတ်ခြင်း **(အသိ)**
(၃) **သမ္မာဝါယမ** = အမှန်ကိုအားထုတ်ခြင်း **(သတိ)**
(၄) **သမ္မာသတိ** = မှန်ကန်သော **(သတိ)**
(၅) **သမ္မာသမာဓိ** = အမှန်၌တည်ခြင်း၊ (သတိ)မှဖြစ်ပေါ်မှု **(သတိ)**

ထို့ကြောင့် ဝိပဿနာ ရှုရသည့် (ရှုဉာဏ်တရားငါးပါး) သည် **"သတိနှင့် အသိ"** သာ ဖြစ်တော့၏။

## ဗိုလ်ငါးပါးတွင်လည်းအကျုံးဝင်ပုံ

ဝနဝါသီဥဧယျမဂ္ဂသာမိထေရ်ဆရာတော်ဘုရားကြီးက (သတိ)ဟူသည် သဒ္ဓါ၊ ဝီရိယကနောက်က တွန်းအားပေးကူရ၏။

(၁) **သဒ္ဓါ** = ယုံကြည်မှုအားကောင်းလျှင်(သတိ) ကသွက်၏

http://www.dhammadownload.com



(၂) **ဝီရိယ** = အားစိုက်မှုကောင်းလျှင်(သတိ) ကတိုးတက်၏

(၃) **သတိ** = အားကောင်းလျှင်(အသိ) ဉာဏ်ထက်မြက်၏

(၄) **သမာဓိ** = တည်ကြည်မှု အားကောင်းလျှင် (အသိ) ဉာဏ် အမြင်သန်၏

(၅) **ပညာ** = ဉာဏ်ပညာက(အသိ) ဖြစ်၏

**ထို့ကြောင့် သဒ္ဒါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော (ဖိုလ်ငါးပါး) တွင်လည်း (သတိ)နှင့် (အသိ)တို့ဆောင်၏။ (သတိ) နှင့် (အသိ) တို့သာ လိုရင်းအချုပ်ဖြစ်ပေ၏။**

## ဝိဇ္ဇာ၊ စရဏ

မြတ်စွာဘုရားသည် ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါးနှင့်ပြည့်စုံတော်မူသောကြောင့် "ဝိဇ္ဇာစရဏသ မန္နော" ဂုဏ်တော်နှင့်ပြည့်စုံတော်မူရာ၌ (ဝိဇ္ဇာ) သည် (အသိ)ဖြစ် ၍ (စရဏ)သည်အကျင့်၊ (အကျင့်)သည်လည်း (သတိ)နှင့်ကျင့်ရ သော (သတိ)သာ လိုရင်းဖြစ်သဖြင့် (ဝိဇ္ဇာ၊ စရဏ) သည်လည်း (အသိနှင့် သတိ)သာ ဖြစ်ပေ၏။

## (သတိပဋ္ဌာန်) မှာလည်း (သတိ)နှင့်(အသိ)

(သတိပဋ္ဌာန်) တရားသည် (သတိ) က (နိဗ္ဗာန်) ပို့မည့် တစ်ခုတည်းသော လမ်းကြောင်းဖြစ်သည့် အကျင့်တရားဖြစ်ရာ

http://www.dhammadownload.com



"ဧကာယနော အယံဘိက္ခဝေမဂ္ဂေါ" အစချီသည့် (သတိပဋ္ဌာန်) တရားသည် (သတိ) နှင့်လေးဌာနတို့၌ (သတိ)ကိုအရင်းတည်ပြီး ပဇာနာတိ= (အသိ)ဖြင့်ပြုရခြင်း၊ သမ္ပဇာနကာရီ = သတိ၊ ဉာဏ်၊ ပညာနှင့် ယှဉ်၍ (သိ)ပြီးပြုလုပ်ရခြင်းတို့ကြောင့် (သတိပဋ္ဌာန်) တရားဘက်မှ ကြည့်ပြန်လျှင်လည်း (သတိ) နှင့် (အသိ) တို့သာ လိုရင်းဖြစ်တော့သည်။

# သံသရာပြတ်ကြောင်းအနုသာသနီတရား

(မဟာဝဂ္ဂသံယုတ်ပါဠိတော်-စာ-၁၂၃ )တွင်လည်း မြတ်စွာဘုရားသည် သံသရာပြတ်ကြောင်းတရားဟောကြားရာ၌

"သတောဘိက္ခဝေ၊ ဘိက္ခုဝိဟရေယျ သမ္ပဇာနော အယံ၊ ဝေါ အမှာကံ အနုသာသနီ"

ဘိက္ခု = သံသရာဘေးကိုရှုမြင်တတ်ကြကုန်သော
ဘိက္ခဝေ = ချစ်သားရဟန်းတို့
သတော = (သတိ) ရှိလျက်၊ ဝိဟရေယျ = နေရာ၏
သမ္ပဇာနော = (သိလျက်)၊ ဝိဟရေယျ = နေရာ၏

သတော၊ သမ္ပဇနော (သတိ)နှင့် (အသိ)နှင့်နေကြပါ (ဝါ) သတိကလေးဖြင့် (ဉာဏ်) ကလေးဖြင့် (သိ)ပြီးနေကြပါဟု ဆိုလိုပါသည်။

အယံ = ဤသာသနာ၌ (သတိ)ဉာဏ်၊ ပညာ(အသိ)ဟူသည်

http://www.dhammadownload.com



ဝေါတုံမှာကံ = အသင်ချစ်သားတို့အား
အမှာကံ = ဘုရားရှင်၏
အနုဿသနီ = သံသရာဖြတ်ရန်ကောင်းမြတ်သောအဆုံးအမ
ပေတည်းဟု ဟောကြားခဲ့ပါသည်။

## အလုံးစုံကို (သတိ)လေးဖြင့်သိနေပါ

ထို့အပြင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး ပြန်လည်ဟောကြားပေးရာမှာ မြတ်စွာဘုရားသည် "သဗ္ဗံ ဘိက္ခဝေ အဘိ ညေယျံ" ဟု ဟောကြားတော်မူရာမှာ -

ဘိက္ခဝေ = ရဟန်းတို့
သဗ္ဗံ = အလုံးစုံဖြစ်သော (ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု)တို့ကို
အဘိညေယျံ = သိအပ်၏ ဟူ၍ ဟောကြားတော်မူခြင်းဖြင့် (သတိ) မပါလျှင် (အသိ) မဖြစ်နိုင်သောကြောင့် (သတိ) နှင့် (အသိ)သာလျှင် နိဗ္ဗာန်ရောက်ကြောင်းတရား၌ အကြိုးဝင်နေကြောင်း သိမြင်နိုင်ပါသည်။

## မြတ်စွာဘုရား၏နောက်ဆုံးမိန့်ကြားချက်

ထို့အပြင် မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူခါနီးအချိန်ကြီး၌ နောက်ဆုံးစကားအဖြစ် မိန့်ကြားတော်မူရာမှာလည်း

http://www.dhammadownload.com



ဟန္ဒဒါနိ ဘိက္ခဝေ အမန္တ ယာမိဝေါ
ဝယဓမ္မာ သင်္ခါရာ "အပ္ပမာဒေန သမ္ပာဒေထ"

ဟူ၍နောက်ဆုံးမိန့်ကြားတော်မူရာမှာလည်း ရဟန်းတို့ (သင်္ခါရ)ဖြစ်မှုတရားတို့သည် ပျက်စီးခြင်းသဘောတရားရှိကုန်၏၊ ထိုဖြစ်မှု၊ ပျက်မှုသဘောရှိသော ရုပ်နာမ် (သင်္ခါရ) ဖြစ်၍ (သင်္ခါရ) ပျက်သောတရား ရုပ်နာမ် (ဖြစ်ပျက်)ကို (အပ္ပမာဒေန) မမေ့မလျော့သော (သတိ) ဖြင့် (သိ)ပြီးနေကြပါ၊ (သတိ) ဖြင့် စောင့်ကြည့်ရစ်ကြပါဟု နောက်ဆုံးမှာကြားခဲ့သည်မှာလည်း **(သတိ)** နှင့် **(အသိ)** ပင် ဖြစ်ပါသည်။

## သမာဓိနှင့်ပညာက (သတိ)နှင့် (အသိ)

သမ္မာဓိနှင့် ပညာက (သတိ)နှင့် (အသိ) ဟု ဖွင့်ပြလိုက်လျှင် သဘောပေါက် နိုင်ပါပြီ။

နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော (သတိပဋ္ဌာန်)မှတဆင့် လက္ခဏာရေးသုံးပါး၌ တစ်ပါးပါးကို (သိ)မြင်အောင် (ဝိပဿနာ) တရားကို အားထုတ်ရာတွင် အမှန်တကယ်အားထုတ်ရမည့် လုပ်နည်း ကျင့်နည်းမှာ ပဉ္စင်္ဂိက မဂ္ဂင်ငါးပါး (ဝါ) ရှုညဏ်တရားငါးပါး (ဝါ) အလုပ်မဂ္ဂင်ငါးပါးဖြစ်သည့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမာသတိ၊ သမ္မာသမာဓိ (မဂ္ဂင်ငါးပါး) သာ ဖြစ်ပေသည်၊ ထိုမဂ္ဂင်ငါးပါသည်လည်း (သမ္မာဓိမဂ္ဂင်) သုံးပါးနှင့် (ပညာမဂ္ဂင်) နှစ်ပါးဖြစ်ရာ၊

http://www.dhammadownload.com



**"သတိ"** သည် (သမာဓိ) မဂ္ဂင် သိက္ခာအားလုံးကို တာ ဝန်ယူ၏။

**"အသိ"** သည် (ပညာ) မဂ္ဂင်သိက္ခာအားလုံးကို တာဝန်ယူသောကြောင့် -

**(သတိ) နှင့် (အသိ) သာလျှင် အလုပ်တရား၊ အကျင့်တရား၊ မဂ္ဂင်အားလုံးတို့၏ အရင်းခံ အလုပ်တရားပင် ဖြစ်ချေသည်။**

(သတိ) တစ်လုံးတည်းပင်လျှင် (နိဗ္ဗာန်) ရောက်သည့်အထိ အာလုံးကို ချုပ်ကိုင်ပြီးသားဖြစ်သောကြောင့် (သတိ) နှင့် (အသိ) သည်ကား (နိဗ္ဗာန်) ပို့မည့် အကျင့်တရား ဖြစ်ကြောင်း (မဂ်ဖိုလ်) ရခဲ့ပြီးကြသည့် ရဟန္တာကြီးတို့က ထုတ်ဖော် ဟောကြားခဲ့ကြပါသည်။

## (သတိ)နှင့်(အသိ) တရား

မိုးကုတ်ဆရာတော်ဘုရားကြီးက ဝိပဿနာရှုပုံ၊ ကျင့်ပုံကို ဟောကြားရာ၌ (သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ရှု) ဟူ၍ အားထုတ်နည်း ပေးရာတွင် ဝရိယတွန်းအားဖြင့် (သတိ)ထားပြီး (ပညာ)နဲ့ ရှုဟုဆိုသည်မှာ (ပညာ)မှာ (အသိ)ပညာဖြစ်၍ (အသိ) ကပ်ဖို့ (အသိ)လိုက်ဖို့ လမ်းညွှန်ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



စွန်းလွန်းဆရာတော်ဘုရားကြီးကလည်း တရားအား ထုတ်နည်းကို သင်ကြားပေးရာတွင် (ထိ၊ သိ၊ သတိ)၊ (ထိမှု) (သိမှု) (သတိ)ပြုဟူ၍ (သတိ)နှင့် (အသိ)ကိုသာ ညွှန်ပြခဲ့ပါသည်။

တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး ကလည်း တရားအားထုတ်ရာမှာ **"သတိ"**က အရေးကြီးဆုံးပဲ **"မသိ(အဝိဇ္ဇာ) သိ(ဝိဇ္ဇာ)နှစ်ဖြာခွဲဝေမှတ်၊ မသိလျှင်ပတ်၊ သိလျှင် ပြတ် ပဋိစ္စသမုပ္ပါဒ်"** ဟူ၍ ဟောကြားတော်မူပါသည်။ ဆရာ တော်ဘုရားကြီးက ဆက်လက်၍ ဟောကြားခဲ့သည်မှာလည်း "အဝိဇ္ဇာ ဝုစ္စတိ အညာဏံ" ဆိုသောကြောင့် အညာဏံ = မသိတာ ကို (အဝိဇ္ဇာ)ယူ၍ ဝုစ္စတိ = ဆိုအပ်၏၊ (အဝိဇ္ဇာ)ရယ် (မောဟ) ရယ်၊ (မသိတာ)ရယ် အတူတူပဲ၊

(အဝိဇ္ဇာ)ချုပ်ရင် ဝိညာဏ်၊ နာမ်ရုပ်ချုပ်ပြီ၊ ပဋိစ္စသမုပ္ပါဒ် ပြတ်ပြီး သံသရာရပ်ပြီ၊ ဒါကြောင့် (အဝိဇ္ဇာ)မဖြစ်အောင် (ဝိဇ္ဇာ) ဖြစ်အောင် (သိ)အောင် မြတ်စွာဘုရားဟောကြားခဲ့သည့် "သဗ္ဗ ဘိက္ခဝေအဘိညေယျံ" အတိုင်း သဗ္ဗံ = အလုံးစုံကို၊ အဘိညေယျံ= သိအပ်၏ဟုဟောကြားသောကြောင့်၊ အလုံးစုံဆိုသည်မှာ (ကိုယ်) ဖြင့်ပြုတဲ့အမှု၊ (နှုတ်) ဖြင့်ပြုတဲ့အမှု၊ (စိတ်) ဖြင့်ပြုတဲ့အမှု အား လုံးကို (သတိ)ကလေးနဲ့ ဉာဏ်ကလေးနဲ့ (သိ)နေရမှာချည်းပဲဟု ဟောကြားခဲ့ပါသောကြောင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့ သည့်အတိုင်း (နိဗ္ဗာန်) ပို့မည့် အကျင့်တရား အနေဖြင့် (သတိ) နှင့် (အသိ) ကိုသာ ဖော်ညွှန်းခဲ့ပါသည်။

http://www.dhammadownload.com



ဝနဝါသီဧဝေယျမမ္မသာမိထေရ် ဆရာတော်ဘုရားကြီးက လည်း (သတိ)ပါသော (အသိ)နှင့် (သတိ)မပါသော (အသိ)ဟူ၍ နှစ်မျိုးကွဲပြားကြောင်းပြသပေးတော်မူရာတွင်

- (သတိ) ပါသော (အသိ)သည်-(ဉာဏ်)မည်၏
- (သတိ) ကင်းသော (အသိ)သည်- (အစွဲသိ) ဖြစ်၏
- (သတိ) ကြောင့်ဖြစ်ပွင့်လာသော (ဉာဏ်) သိကား (ပညာ) သိမျိုးသို့ဆိုက်ရောက်စေပြီး
- (အစွဲသိ) ကားအမှတ် (သညာ) ကြောင့်ဖြစ်လာသော (သညာသိ) သို့သာဆိုက်ရောက်စေ၏
- (သတိ) ကြောင့်ဖြစ်ပွင့်လာသော (အသိ)ကား (ပရမတ်) သို့ ဦးခေါင်းပြုပြီး၊
- (သညာ) ကြောင့်ဖြစ်ပွားလာသော (အစွဲသိ)ကား (ပညတ်)သို့ခြေချထားလေတော့၏ ဟု

**(သတိ)နှင့် (အသိ)ကိုပင် ခွဲခြားပြသပေးတော်မူသည့် အတွက် (မင်ဖိုလ်)ရပြီးသားဆရာ တော်ကြီးများသည် (သတိ)နှင့် (အသိ)သာလိုရင်းဖြစ်ကြောင်း ဟောကြားပြသပေးတော်မူကြပါ သည်။**

## (သတိ) တရား

သံလျှင်တောရ ဆရာတော်ဘုရားကြီးက (သတိ) အ ကြောင်းကို (ကျမ်း) များမှထုတ်နှုတ်ဖော်ပြရာ၌ -

http://www.dhammadownload.com



## "ဓမ္မသင်္ဂဏီပါဠိတော်" အရ

ကတမံတသ္မိံ. . . သတိအနုဿတိ. . . သတိ၊ သရဏ သာ၊ သတိအပိလာပနတာ. . . သတိသတိန္ဒြိယံ၊ သတိဗလံ၊ သမ္မာသတိ၊ ဣဒံတသ္မိံ သမယေ သတိန္ဒြိယံဟောတိ၊ ဟု (နိဗ္ဗာန်) ပို့မည့် (သတိ)ကိုအောက်ပါအတိုင်းအနက် အဓိပ္ပါယ် ဖွင့်ဆိုပါသည်။

**သတိ** = အောင်းမေ့ခြင်း၊ မမေ့ခြင်း၊ သိနေခြင်း၊

**အနုဿတိ** = အထပ်ထပ်အောင်းမေ့ခြင်း၊ မမေ့ခြင်း၊ သိနေခြင်း၊

**သရဏတာ** = အာရုံကိုအောင်းမေ့သောအခြင်းအရာ၊ အာရုံကိုသိခြင်း၊

**အပိလာပနတာ** = အာရုံကိုမလွှင့်အောင်ထိန်းနိုင်ခြင်း၊

**သတိန္ဒြိယ** = မမေ့အောင်အစိုးရခြင်း၊

**သတိဗလံ** = မတုန်မလှုပ်အောင်းမေ့ခြင်း၊

**သမ္မာသတိ** = ကိလေသာမှလွတ်မြောက်ကြောင်းအမှန်မြင်ကို သိနေခြင်း၊

**"ဝိဘင်းပါဠိတော်"** ၌"သတိသမ္ဗောဇ္ဈင်"တစ်ပုဒ်ပိုလာ၏။

**သတိသမ္ဗောဇ္ဈင်** = သစ္စာလေးပါးသိနိုင်သော (သတိ) (ဝါ) သစ္စာလေးပါး (သိ)နိုင်စေခြင်း၊

အထက်ပါ (သတိ)ပုဒ်များအပြင် စူဠနိဒ္ဒေသနှင့်မဟာ

http://www.dhammadownload.com



နိဒ္ဒေသပါဠိတော်တို့၌

**"ကောယနမဂ္ဂ"** တစ်ပုဒ်ပိုလာသေး၏။

**ကောယနမဂ္ဂေါ** = နိဗ္ဗာန်သွားခရီးလမ်းဟု (သတိ)ပုဒ်၌လာ၏။

ကျမ်းများဟုဆိုအပ်သော (သဒ္ဒါ)နှင့် (အဘိဓာန်ဋီကာ) များအလို (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)နှင့် (ဋီကာ)အလို (အဋ္ဌသာလိနီ) အလို၊ (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ) အလိုများကိုပေါင်းရုံးဖော်ပြရပါလျှင် **"(နိဗ္ဗာန်) ပို့မည့် (သတိ)" ၏ သဘာဝသတ္တိသည်**

(၁) အာရုံကိုသိတတ်သောသဘောသတ္တိ ဟူ၍ (သဒ္ဒါ) ၌ ဖွင့်ဆို၏
(၂) အာရုံပေါ်သို့ရောက်စေတတ်သောသဘောသတ္တိ ဟူ၍ (ဋီကာ) ၌ ပြ၏
(၃) မမေ့လျော့တတ်သော သဘောသတ္တိ ဟူ၍ (ဋီကာ) ၌ ပြ၏
(၄) အာရုံကို မလွင့်ပါးစေတတ်ခြင်း ဟူ၍ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ) ၌ ဖွင့်ဆို၏
(၅) မမျော၊ မလွင့်ပါးစေတတ်ခြင်းဟူ၍ (အဋ္ဌသာလိနီ) ၌ ပြ၏
(၆) ကောင်းမှုကို အောင်းမေ့စေတတ်ခြင်းဟူ၍ (အဋ္ဌသာလိနီ၊ မိလိန္ဒပဉှာ) တို့၌ ပြ၏
(၇) အာရုံပေါ်၌ (အသိ) ကို ထိန်းချုပ်ပေးနိုင်ခြင်း ဟူ၍

http://www.dhammadownload.com



(အဋ္ဌသာလိနီ) ၌ ပြ၏၊

(၈) အကုသိုလ်တို့ကို နိုင်အောင်ထိန်းနိုင်ခြင်းဟူ၍ (ပဋ္ဌိသမ္ဘိဒါမဂ်အဋ္ဌကထာ) ၌ ပြဆို၏၊

## " ဘုရားဟောပါဠိတော်" အလို

(၁) (သတိ)သည်အာရုံသို့ကပ်၍တည်တတ်မှု (ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်) အလို

(၂) ကိလေသာတို့ကိုတားမြစ်တတ်မှုသဘော (စူဠနိဒ္ဒေသပါဠိတော်) အလို

(၃) (အာရုံ) ကို မလွင့်ပါးစေတတ်ခြင်း } ဓမ္မသင်္ဂဏီနှင့် ဝိဘင်းပါဠိတော်အလို

(၄) အမြတ်သို့ရောက်စေတတ်ခြင်း

**"(သတိပဋ္ဌာန်)"** ပါဠိတော်အလိုအားဖြင့် (နိဗ္ဗာန်)ပို့မည့် **(သတိ)**ကိုအောက်ပါအတိုင်းအနက်ဖွင့်ထားပါသည်။ -

(၁) အထပ်ထပ်ရှုနေပါ၊ (သိ) နေပါ၊

(၂) အထပ်ထပ်ပွားနေပါ၊

(၃) (သတိ)နှင့်တွဲ၍ (သိ)နေပါ၊

(၄) (သတိ)နှင့်သုံးသပ်နေပါ၊

(၅) (သတိ)နှင့်အာရုံကိုထင်လာပေါ်လွင်လာအောင် (သိ) နေပါ၊

(၆) အထပ်ထပ်ရှုပွားနေပါ၊ (သိ)နေပါ၊ (အနုပဿီဘာဝေယျ၊ ပဇာနာတိဟူသော သတိပဋ္ဌာန်ပါဠိတော်)အလို၊

http://www.dhammadownload.com



(၇) (အသိ)ကပ်ပေးပါ (ဥပေစ္စတိဌတိဟူသော ပဋ္ဌိသမ္ဘိဒါ မဂ်အဋ္ဌကထာအလို)

(၈) (အသိ)ကို မမေ့အောင် နှိုးဆော်ပေးပါ၊ အထပ်ထပ်သိ ပေးပါ (အပိလာပေတိ၊ အပိလာပနတာ ဟူသော မိလိန္ဒပဉှာပါဠိတော် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ စူဠနိဒ္ဒေသပါဠိတော်) အလို

**(သတိပဋ္ဌာန်)ပါဠိတော်အလိုကို ရှေးကကျမ်းပြုဆရာများ၏အလိုအရ (သတိ)ကို (သိ)နေပါဟု ပြန်ဆိုကြပါသည်။**

**သာမကေပါဠိ- မဟာဋီကာသလ္လက္ခဏာပုဒ်တစ်စိပ်၊ တစ်ပုဒ်ထဲ၌သာ (သတိ)ကို (မှတ်)နေပါဟုပြန်ဆိုကြောင်း သံလျင်တောရဆရာတော်ဘုရားကြီးသည်(သတိ)ကို ကျမ်းများ၏ အလိုအရ ထုတ်ဖေါ်ရေးပြခဲ့ပါသည်။**

လောကီမှထွက်မြောက်ရန်ကြိုးစားကြရမည့် (ကျင့်စဉ်)များအတွက် (သတိ)ဟုခေါ်ဝေါ်သုံးနှုံးကြပြီး (ဈာန်) ရဖို့အပိုင်းများအနေဖြင့် (ဝိတက်)ဟု သုံးနှုံးကြပါသည်။

(သတိ)သည် ကိလေသာကို တားပေး၏၊ (သတိ)သည် (သိ) စရာများကို ဖော်ပေးသည့်အတွက် (မဂ္ဂင်)တို့၏ ထိပ်ခေါင် (သတိ)တစ်လုံးဆောင်ထားရုံဖြင့် လောကုတ္တရာကိစ္စပြီးစီးနေတော့ကြောင်းအဆိုများရှိခဲ့၏။

http://www.dhammadownload.com



## (သတိ)တစ်လုံး၏စွမ်းအား

ဝနေဝါသီဥဧယျမွေသာမိထေရ် ဆရာတော်ဘုရားကြီး ရေးပြရာ၌

ကျွတ်ဆုဗောဓိ၊ ပိုင်လိုဘိ (သတိ)လက်ကိုင်ထား၊
သောကကင်းစင်၊ နေလိုလျှင်၊ သူလျှင်မြဲမြဲပွား၊
ငိုကြွေးကင်းလို၊ ပျော်ရွှင်လို၊ သူကိုပိုင်အောင်များ၊
ကိုယ်မပန်းလို၊ မနွမ်းလို၊ သူ့ကိုနိုင်အောင်သာ၊
စိတ်မနွမ်းအောင်၊ သူ့ကိုဆောင်၊ ထွန်းပြောင်လှိုင်လှိုင်သွား၊
နိဗ္ဗာန်မဂ်ဖိုလ်၊ မှန်ရလို၊ သူကိုနာနာပွား။

## (သတိ)ဟူသည်လူ့ဘဝ၏အသက်

ဆရာတော်ကြီးက ဆက်လက်၍ (သတိ)ကင်းသူသည် မသေသော်လည်း သေသူနှင့်ဘာမျှမခြား၊ (သတိ)ရှိသူကားသေ သော်မှလည်း ရှင်သူနှင့်ဘာမျှမခြား၊ (သတိ)ကိုသာ၊ လိုသောနေ ရာလေး၌ စွဲမြဲစွာထားပြီး၊ (သတိ)ထားရှိသည့် (ရှုကွက်)တွင်းရှိ (ရုပ်နာမ်)ဖြစ်ပျက်ကို (ရှုပွား)စစ်ဆေးနေခြင်းသည် (ကမ္မဋ္ဌာန်း) မည်၏။

## အသက်ကြီးငယ်ကို(သတိ)နှင့်သာတိုင်းရာ၏

ဆရာတော်ဘုရားကြီးက ဆက်လက်၍အမှုမဲ့၊ အမှတ်မဲ့

http://www.dhammadownload.com



နေသူနှင့်၊ အမူနဲ့အမှတ်နဲ့နေသူနှစ်ဦးကို ယှဉ်ကြည့်က ကွာခြားမှန်းသိသာ၏၊ တစ်ဖန် (သတိ)မစွဲ၊ ဖင်မမြဲသူနှင့် (သတိ)စွဲမြဲဖင်မြဲနေသူတို့ ယှဉ်ထိုင်နေပါက ကွာခြားလွန်းလှချေ၏၊ ထို့အတူအခြေတည် (သတိ)နှင့်မလှုပ်မယှက် (သတိ)တို့လည်း ကွာခြားမှန်းသိနိုင်၏။

လူ့ဘဝ၌မည်သူသည် အသက်ကြီးသည်၊ မည်သူသည် အသက်ငယ်သည်ကို သိလိုလျှင် (သတိ)အင်အား အနုအရင့် အဆင့်ဆင့်ကိုမှန်းကြည့်လျှင် သိနိုင်လောက်၏။

**လူ့အသက်ကား (သတိ)သာဖြစ်သဖြင့် (သတိ)နုသူကား အသက်တစ်ရာပင် ဖြစ်ပါစေ၊ အသက်ငယ်သူပင်တည်း၊**

## (သတိ)သည်အရာရာကိုဦးစီး၏

ဆရာတော်ဘုရားကြီးက ဆက်လက်၍ သင့်သွားလမ်း (သမထ)ပင်ဖြစ်စေ၊ (ဝိပဿနာ)ပင်ဖြစ်စေ၊ ကျင့်ရာမှ (တည်ရှိ)မှုကိုလည်းကောင်း၊ ကျင့်ရာမှ (သိ)လာအောင်အထိကိုလည်းကောင်း၊ ဝန်ဆောင်လေတိုင်း (သတိ)သည် သော့ချက်ဟူ၍မှတ်ပါလေ၊

(သတိ)သာသင့်နေရာဝင်ထိုင်ပေးလျှင် သင်ကိုင်လိုရာအသာကလေးကိုင်နိုင်ပေတော့မည်၊

(လောကီ)-အရာသည်အပြောလွယ်သလောက်အလုပ်ခက်ချေ၏၊

http://www.dhammadownload.com



(လောကုတ္တရာ)-ကားအပြောရှုပ်သလောက်၊ အလုပ်လွယ်လွန်းလှချေ၏၊

သင့်သဘောပေါက်ညာဏ်၊ ရိပ်မိဟန်ပေါ်လွင်လာအောင် ဘုန်းကြီးတို့ပြောလိုရာ လောကီပညတ်စကားလုံးတို့သည်လည်းကောင်း၊ စကားလုံးကိုယ်စားပြုစာပေ၊ စာလုံးစုံတို့သည်လည်းကောင်း၊ ရှုပ်မည်ဟုထင်၍ရှင်းပေးလေလေ၊ ပိုရှုပ်လေလေဖြင့် ကြာသော် ချည်ခင်ဘုတ်ဖြစ်သွားတတ်ချေသည်၊

ဘုန်းကြီးတို့ပြလိုရာ လောကုတ္တရာအခြေခံ (ပရမတ်ဟန်)တို့သည်ကား. . .

"(သတိ) တစ်လုံးနာနာသုံးတဲ့"
"ပေါ်ရာကိုကြည့်၊ ကြည့်ရာမိ" နေပါစေဆိုလျှင်အား
လုံး လုံလောက်ချေတော့၏၊

## (သတိ)ကိုအကျိုးရှိရှိသုံး

ဆရာတော်ဘုရားကြီးကဆက်လက်၍(သတိ)နှင့်(အသိ) အရေးပါပုံကို ပြဆိုရာ၌-

ကိုယ့်ကိုကိုယ်ကြည့်၊ ကိုယ်အကြောင်းကိုယ်သိပါ၊

(ခန္ဓာ)တစ်ခုခုမှာ (သတိ)မပြတ်ကျနေဖို့လိုတယ်၊

ကျင့်တယ်၊ (သတိ)ထားတယ်၊ (မသိ)ဘူးဆိုရင် အကျင့်မမှန်ဘူး၊

http://www.dhammadownload.com



**(သိ)တယ်၊ ဆက်မကျင့်ဘူး၊ (သတိ)ပြတ်နေရင်လည်း အကျင့်မမှန်ဘူး၊**

အကျင့်နဲ့ (အသိ)တွဲမိစေဖို့က လွယ်လွယ်လေးပဲ၊ ရှိပြီးသား (သတိ)ကို အကျိုးရှိရှိအသုံးချတတ်ဖို့ပဲလိုတယ်၊

အရင်ကဗဟိဒ္ဓ (ပြင်ပ)အာရုံတွေချည်းကြည့်မိတော့၊ သူများအကြောင်းချည်း သိကြတယ် မဟုတ်လား၊ အခု (သတိ)ထားပြီး ကိုယ့် (ခန္ဓာ)ကိုယ်ကြည့်၊ ကိုယ့်အကြောင်းကိုယ် (သိ)ဖို့ပဲလိုတယ်၊ ဒီလိုကြည့်တော့ စိတ်လွင့်သွားမယ်ဆိုပြီး (သတိ)နဲ့ဖိရတာမျိုးလည်းမဟုတ်ဘူး၊

ကိုယ့် (ခန္ဓာ) တစ်နေရာရာမှာ (ဥပမာ)နှာသီး၀လေးမှာ (သတိ)လေးနဲ့ ရှုပေးဖို့ပဲလိုတယ်၊

(၁) ထိုင်ရင်လည်း (သတိ)တင်ထား
(၂) သွားရင်လည်း (သတိ)တင်ထား
(၃) အခြားကိစ္စ (စားမှုသောက်မှု၊ ကိုယ်လက်သုတ်သင်မှု၊ လှုပ်ရှားမှု၊ အပေါ့၊ အလေးသွားမှုတို့ပါမကျန် (သတိ) တင်ထား၊

ဒီလိုပဲတစ်ရက်၊ တစ်ရက်မှာ အိပ်ချိန်ကလွဲပြီး၊ မနက်နိုးလာသည်မှအိပ်သည်အထိ ဒီနည်းသုံးမျိုးနဲ့ ကြိုးစားလေ့ကျင့်လိုက်ရင် ရက်ပိုင်းအတွင်း (သတိ)နဲ့ (အသိ)ချိတ်မိရော၊

**သက်သာသလိုစိတ်လွတ်ကိုယ်လွတ်ထားပြီးလည်းမကျင့်နဲ့၊**

http://www.dhammadownload.com



**စိတ်ချုပ်ကိုယ်ချုပ်ထားပြီးလည်းမကျင့်နဲ့၊**
**အလွတ်မဟုတ်၊ အချုပ်မပါ ကျင့်ကြပါဟူ၍ နည်းပေး**
**တော်မူပါသည်။**

# (သတိ)သည် ပိုသည်မရှိ

ဆရာတော်ဘုရားကြီးကဆက်လက်၍. . .
သဒ္ဒါလွန်သော်ကွန့်၊ ပညာလွန်သောတွန့်၊
သမ္မာဓိလွန်သော်ဆွံ့၊ ဝီရိယလွန်သောလွန့်၊
(သတိ)သည်ကားပိုမများ လိုများလိုသည်သာတည်း၊

# (သတိ)မပြဋ္ဌာန်းသောကမ္မဋ္ဌာန်းမရှိ

**(သတိ)မပြဋ္ဌာန်းသော (ကမ္မဋ္ဌာန်း) ဟူ၍ ဤသာသနာ၌ ဘယ်မှာမှ မရှိ၊ (သတိ)ကင်းလွတ်ပြီး အားထုတ်ရယူနိုင်သော (တရား)မျိုးလည်း ဤသာသနာ၌မရှိ၊**

(သတိပဋ္ဌာန်)သည် (သတိ) ပြဋ္ဌာန်းသော (ကမ္မဋ္ဌာန်း) ဖြစ်၏၊ ဘုရားရှင် ချီးမြှောက်တော်မူသော ကမ္မဋ္ဌာန်းနည်း (၃၈) နည်းနှင့် အဋ္ဌကထာ ဆရာများဖြည့်စွက်သောနည်း (၂)နည်း ပေါင်းလျှင် နည်း (၄၀) သည် (သတိ) ပြဋ္ဌာန်းရသည်ချည်းသာ ဖြစ်၏။

http://www.dhammadownload.com



## (သတိ)သည် (နိဗ္ဗာန်)သို့ပို့ဆောင်၏

(သတိ)သည် အကုသိုလ်ကိုပါယ်၍ (နိဗ္ဗာန်)သို့ ပို့ဆောင်၏၊ (သတိ)သည် မမေ့အပ်သော (အပ္ပမာဒ)တရားဖြစ်ရာ၊ အားလုံးသောအကုသိုလ်တို့ကို (သတိ)ဟူသော (အပ္ပမာဒ)တရားနှင့် သာတိုက်ဖျက်နိုင်၏။

အပ္ပမာဒေါအမတပဒံ၊ ပမာဒေါမစ္စုနောပဒံ၊
အပ္ပမတ္တာ နမိယန္တိ၊ ယေပမတ္တာ ယထာမတာ။

**(ဓမ္မပဒ၊ သာမာဝတီဂါထာ-၂၁)**

**အပ္ပမာဒေါအမတံပဒံ** = မမေ့မလျော့ခြင်းသည် မသေခြင်း (ဝါ)နိဗ္ဗာန်ရောက်ကြောင်းတည်း၊
**ပမာဒေါမစ္စုနောပဒံ** = မေ့လျော့ခြင်းသည် သေခြင်း၏အကြောင်းပေတည်း၊
**အပ္ပမတ္တာနမိယန္တိ** = မမေ့မလျော့သောသူသည်မသေကုန်ရာ၏၊
**ယေပမတ္တာယထာမတာ** = မေ့လျော့သောသူသည် သေသူတို့နှင့်တူကုန်၏၊

မေ့လျော့ခြင်း ဖြစ်သော (သတိ) မပါသော (မောဟ) ဖြစ်သော တွေးတောစိတ်များ၊ ပျံ့လွင့်စိတ်များ၊ တွေဝေစိတ်များ၊ ကြံစည် စိတ်များ၊ တပ်မက်စိတ်များ၊ ထိုင်းမှိုင်းစိတ်များ၊ မကြည်သာသော စိတ်များနှင့် နေသူသည် သေသူတို့နှင့် တူကုန်၏။

http://www.dhammadownload.com



မမေ့မလျော့ပဲ (သတိ)ကလေးဖြင့် (ဉာဏ်) ကလေးဖြင့် (သိ) နေသူသည် အသက်ဝင်၍ ရှင်သန်နေသောသူ၊ မသေသောသူနှင့်တူ၏၊ (သတိ)မြဲလာလေလေ၊ ဤစကား၏ အဓိပ္ပါယ်ကို သိလာလေလေ ဖြစ်လာမည်သာတည်း။

## (သတိ)သည်စိတ်ပျံ့လွင့်မှုကိုနိုင်၏

(သတိ)သည်နေရာတကာပါမှဖြစ်ရ၏၊ (သတိ)ပါလျှင် မကောင်းမှုကိုရှောင်နိုင်၏၊ ကောင်းမှုများသာတိုးပွားရ၏၊ (သတိ) သာလျှင် စိတ်ပျံ့လွင့်မှုကိုနိုင်သောကြောင့် (နိဗ္ဗာန်)နှင့် နီးသည် ဟူ၍ မြတ်စွာဘုရားရှင်ဟောတော်မူ၏။

"သတိဝခ္ခါယံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ"

(မဟာဝဂ္ဂသံယုတ်ပါဠိတော်-၁၀၀)

## (သတိ)ဖြင့်(စိတ်)ကို သိလျှင်(နိဗ္ဗာန်)နှင့်နီး၏

မြတ်စွာဘုရားဟောကြားတော်မူသော "မာလုကျပုတ္တသုတ်" တော်လာ (ဒိဋ္ဌေဒိဋ္ဌမတ္တံ) တရားတော်၌ (သတိ) ဖြင့် (စိတ်) အမူကိစ္စတို့တွင် ထိရောက်အောင် ပါဝင်နိုင်သောသူသည် (နိဗ္ဗာန်) နှင့် နီးပေ၏၊ (နိဗ္ဗာန်) နှင့်ဝေးသူသည် (သတိ) အစောင့်အရှောက် ကင်းလွတ်သောသူမည်၏။

http://www.dhammadownload.com



## (အသိ)တရား

သံလျင်တောရ ဆရာတော်ဘုရားကြီးသည် **(အသိ)** တရားကို စီရင်ရေးသားတော်မူခဲ့ရာတွင် (အသိ) တရားဟူသည် (နာမ်)တရားဖြစ်၍ (အသိ) (နာမ်)၏ သဘောသည် (အာရုံ) ပေါ်သို့ ညွတ်တတ်၏၊ လိုက်တတ်သောသဘောရှိ၏၊ (အသိ) သဘောတွင် (သိမှု) တစ်ခုပေါ်ရန် (စိတ်နာမ်)နှင့် (စေတသိက်နာမ်) နှစ်မျိုး ပေါင်းစပ်မှ (အသိ) တစ်ခုပေါ်ရ၏၊ (အသိ) ဟူသည် သိဖို့ရန် ကြုံလာသော နာမ် ၂ မျိုးတို့မှ ရနိုင်ရာ၊ ထို (နာမ်) ၂ မျိုးတို့သည် သဘောတူရာ ပူးတွဲကြပြီး သိစရာ (အာရုံ) ကို ညွတ်ပါ လိုက်ပါကြပြီး (သိ) ရ လေတော့သည်။

**(အသိ)** တွင် = **ဝိညာဏ်သိ** = သည် (စိတ်)သိ ဖြစ်၏

= **သညာသိ** } ဟူသည် (စေတသိတ်) သိဟု

= **ပညာသိ** } ကျမ်းများ၌ ဖော်ပြကြပါသည်။

## သိမှု

(သိမှု) ကို အနက်ပြသည့် ပါဠိပုဒ်တို့၌ -

(၁) **ဝိဇာနန** = ဝိညာဏ် = စိတ် (သိမှု)

(၂) **သံဇာနန** = သညာ = စေတသိက် (သိမှု)

(၃) **ပဇာနန** = ပညာ = စေတသိက် (သိမှု) ဟူ၍ (ဇာနန) ပုဒ်မှလာရာ ဘယ်လို (သိမှု)က (စိတ်) သိ၊ ဘယ်လို (သိမှု)က စေတသိက်သိဟု ခွဲခြား၍ သိနိုင်မြင်နိုင်ရန် မလွယ်ပေ။

http://www.dhammadownload.com



ထို့အတူ -

(၁) ဝိဉာ - ဝိညာဏ = ဝိဉာဏ် = စိတ်သိ
(၂) သံဉာ - သညာ = သညာ = စေတသိက်သိ
(၃) ပံဉာ - ပညာ = ပညာ = စေတသိက်သိ

ဟူ၍ (ဉာ) တစ်ခုတည်းမှ (သိမှု) ၃ မျိုးပြဆိုခဲ့ကြပါသည်။

ထို့အတူ -

(၁) ပဇာနာတိ = (သိ)စေ၏ = စိတ်သိ = ထူးခြားစွာသိ၏။
(၂) သဉ္ဇာနာတိ =(မှတ်)စေ၏ = စေတသိက်သိ=မှတ်လျက်သိ၏။
(၃) ပဇာနာတိ = (ပညာ)ပေတိ = ပိုင်းခြားသိစေ၏ = စေတသိက်သိ = ကျယ်ပြန့်စွာသိ၏။

# (သိမှု) အစ ဝိဉာဏ် က

(သိမှု) အစသည် (မနောပုဗ္ဗင်္ဂမာ) ပါဠိတော်အရ (သိမှု) အစသည် (ဝိညာဏ်)က စတင်လေသည်။

# (ဝိညာဏ်)သိခေါ်(စိတ်သိ)

ဘုရားရှင်ဟောတော်မူပုံမှာ -

တတ္ထ ကတမံ ဝိညာဏ ပစ္စယာနာမံ?

http://www.dhammadownload.com



ဝေဒနာက္ခန္ဓော, သညက္ခန္ဓော, သင်္ခါရက္ခန္ဓော၊
ဣဒံ ဝုစ္စတိ ဝိညာဏ ပစ္စယာနာမံ၊

(ပဋိစ္စသမုပ္ပါဒ ဝိဘင်္ဂပါဠိတော်)

တတ္ထ = ထိုပစ္စယစတုက္ကအရာ၌ နာမ်ခန္ဓာ (၄)ပါးအနက် (စိတ်) ခေါ်သည့် (ဝိညာဏ်) ကြောင့် ကတမံနာမံ အဘယ် တရားကြောင့် ဖြစ်ပေါ်သနည်း? (စိတ်) ခေါ် (ဝိညာဏ်)သည်

သညက္ခန္ဓာ = သညာအမည်ခံတရားတစ်ခု
သင်္ခါရက္ခန္ဓာ = သင်္ခါရအမည်ခံတရားတစ်ခု
ဝေဒနက္ခန္ဓာ = ဝေဒနာအမည်ခံ တရားတစ်ခု ဖြစ်စေသော စေတသိက်(နာမ်) သုံးခုကို (ဝိညာဏပစ္စယာနာမံ-နာမန္တိ-ဝိညာဏ်) ဟု ဝုစ္စတိ = ဆိုအပ်၏ ဟု ယင်းပါဠိတော်အရ ဗုဒ္ဓ ဘုရားရှင်သည် (စိတ်နာမ်) ကြောင့် (စေတသိက်နာမ်) ပေါ်ရပုံကို တိုက်ရိုက် ဟောပြတော်မူပါသည်။

## သတ္တဝါအားလုံး (ဝိညာဏ်သိ) ကစရ၏။

ဤ (ဝိဉာဏ်သိ)သည် ပရွက်ဆိတ် (သိ)၊ သန်း၊ ကြမ်းပိုး စသော တိရစ္ဆာန်အပါအဝင် သက်ရှိ သတ္တဝါအားလုံး၏ (သိမှု) အစသည် (ဝိညာဏ်) သိကစရလေသည်။

အရာရာကို (သိ)ခါစမှာ ပညာသိ၊ သတိသိ၊ သမာဓိသိ အဆင့်သို့ မရောက်နိုင်သေးပေ။ သမထဆိုင်ရာ (ကသိုင်း) ပဲ

http://www.dhammadownload.com



ဖြစ်စေ၊ (ဘာဝနာ)ကိုပဲဖြစ်စေ (ဗုဒ္ဓါနုဿတိ) ကိုပဲဖြစ်စေ၊ (ဥပမာ) ဗုဒ္ဓေါ၊ ဗုဒ္ဓေါဟုပွားသည်ဖြစ်စေ (ပညာသိ)ကို တိုက်ရိုက် မရနိုင်ပေ။ (ဝိညာဏ်သိ) ကသာ စရပေသည်။

ထို့အတူ သတိပဋ္ဌာန် ဝိပဿနာတရားကိုပဲ ပွားသည်ဖြစ်စေ (ဥပမာ) ဂစ္ဆန္တော(ဝါ) ဂစ္ဆာမီတိပဇာနာတိ အရ၊ သွားလျှင် သွားသည်ဟု (သိ) နေသည်ဖြစ်စေ၊ သမိဥ္ဇိတေ သမ္မဇာနကာရီ ဟောတိ အရ ကွေးမှုပြုလျှင်ကွေးသည်ဟု (သိ)နေသည်ဖြစ်စေ၊ အားထုတ်ခါစတွင် ပညာသိ၊ (သတိ) သိ၊ (သမာဓိ) သိအဆင့်သို့ ချက်ခြင်းမရောက်နိုင်သေးပေ၊ (ဝိညာဏ်သိ) မျှကသာစရပါ၏။

## ဝိညာဏ်သိ (၆)မျိုး

ကတမဉ္စ ဘိက္ခဝေ ဝိညာဏံ? ဆယိမေဘိက္ခဝေ
ဝိညာဏ ကာယာ, စက္ခုဝိညာဏံ, သောတဝိညာဏံ
ဃာနဝိညာဏံ, ဇိဝှါဝိညာဏံ, ကာယဝိညာဏံ,
မနောဝိညာဏံ
ဣဒံဝုစ္စတိဘိက္ခဝေ, ဝိညာဏံ

(ခန္ဓသံယုတ်ပါဠိတော်)

(၁) စက္ခုံဒွါရ = မျက်စေ့ပေါက်မှအဆင်းကို မြင်သိသော (စက္ခုဝိညာဏ်)သိ

(၂) သောတဒွါရ = နားပေါက်မှ အသံကိုကြားသိသော (သောတဝိညာဏ်) သိ

http://www.dhammadownload.com



(၃) ဃာနဒွါရ = နှာခေါင်းပေါက်မှ အနံ့ကိုနံသိသော (ဃာနဝိညာဏ်) သိ
(၄) ဇိဝှါဒွါရ = လျှာ၌ အရသာကို စားသိသော (ဇိဝှါဝိညာဏ်) သိ
(၅) ကာယဒွါရ = ကိုယ်ကာယအထိကို တွေ့သိသော (ကာယဝိညာဏ်) သိ
(၆) မနောဒွါရ = မနောစိတ်မှ တွေးတော၊ ကြံစည်မှုသဘောအမျိုးမျိုးကိုညွှတ်သိသော (မနောဝိညာဏ်သိ) ဟူ၍ ဝိညာဏ်သိ (၆)မျိုးရှိ၏။

## ပဥ္စဒွါရ ဝိညာဏ်သိ (၅)မျိုး

ပဥ္စဒွါရဖြစ်သော အမှတ်စဉ် (၁)မှ (၅)အထိ ပဥ္စဒွါရမျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့မှ ဖြစ်သော ဝိညာဏ်သိ (၅)မျိုးသည် (အာရုံ)ကို သဲကွဲအောင်မသိနိုင် ကြသေး၍ ပြည့်စုံစွာ မခံစားနိုင်ကြသေး၍ ကောင်းကျိုးဆိုးကျိုးတို့ကို မပြုနိုင်ကြသေးပေ။

ပဥ္စဒွါရဝိညာဏ်သိ(၅)မျိုးသည် (အာရုံ)ပေါ် (သိ)မှု ကျရုံမျှ တပါး မည်သည့် (ဓမ္မ) သဘောကိုမျှထိုးထွင်း၍ မသိနိုင်၊ အရိယာပုတ်ကိုလည်း မဖန်တီးနိုင် ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံသုံးပါးကိုလည်း မစီမံနိုင်၊ ကုသိုလ်၊ အကုသိုလ်ကိုလည်း မပြုစွမ်းနိုင်၊ စုတေ (သေမှု)နှင့် (ပဋိသန္ဓေ) နေမှုကို

http://www.dhammadownload.com



လည်း မပြုစွမ်းနိုင်၊ အိပ်ပျော်ခြင်း၊ နိုးလာခြင်းကိုလည်း မပြုနိုင်ကြောင်း မြတ်စွာဘုရားသည် **"ပဥ္စဝိညာဏအနာဘောဂါ"** အစ ချီ၍ (ဉာဏဝိဘင်္ဂ) ပါဠိတော်၌ ဟောကြားတော်မူခဲ့ပါသည်။

## မနောဝိညာဏ်သိ

(မနောဝိညာဏ်) သိသည်နေရာကျယ်ပြန့်စွာ သိပြီး ကောင်းကျိုး ဆိုးကျိုး အမျိုးမျိုးကိုလည်း ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ပါသည်။

(၁) ဆိုးသည့်ဘက်မှ = (တဏှာ၊မာန၊ဒိဋ္ဌိ)တို့ဝင်လာကြ၏
(၂) ကောင်းသည့်ဘက်မှ = (သတိသိ၊ သမာဓိသိ၊ ပညာသိ) တို့ဝင်လာကြ၏

## မနောဝိညာဏ်သိ (၂)မျိုးဖြစ်ပုံ

(၁) အဝိဇ္ဇာနယ်သိ = အမှားမြင် အသိ။
(၂) ဝိဇ္ဇာနယ်သိ = အမှန်မြင် အသိ။

## ၁။ အဝိဇ္ဇာနယ်သိ

**(က) မညနာသိ (၃)မျိုးရှိ၏။**

(၁) ဧတံမမ = တဏှာ (ငါ)သိ
(၂) ဧသောဟမသ္မိ = မာန (ငါ)သိ
} စေတသိက်သိ

http://www.dhammadownload.com



(၃) ဇေသောမေအတ္တာ = ဒိဋ္ဌိ (၄)သိ } စေတသိက်သိ

**(ခ) ဝိပ္ပလ္လာသသိ (၃)မျိုးရှိ၏။**

(၁) စိတ္တာဝိပ္ပလာသသိ = ဝိညာဏ်များသိ - စိတ်သိ
(၂) သညာဝိပ္ပလ္လာသသိ = သညာများသိ
(၃) ဒိဋ္ဌိဝိပ္ပလ္လာသသိ = ပညာများသိ } စေတသိက်သိ

**(ဂ) သညာဆိုးသိ (၃)မျိုး**

(၁) အဘိဇ္ဈာသညာသိ = မက်မောမှုသညာဆိုး
(၂) ဗျာပါဒသညာသိ = ဖျက်ဆီးလိုမှုသညာဆိုး
(၃) ဝိဟေသာသညာသိ = ညှဉ်းပန်းလိုမှုသညာဆိုး } စေတသိက်သိ

**(ဃ) ကိလေသာသိ (၂)မျိုး**

(၁) နိဝရဏကိလေသာသိ = စရဏနှင့်ဝိဇ္ဇာသိကို ပိတ်ဆို့သိမှု
(၂) အနုသယကိလေသာသိ = အနုဗောဓနှင့်ပဋိဝေဒကိုပိတ်ဆို့သိမှု } စေတသိက်သိ

ဤကား (အဝိဇ္ဇာ)နယ်ဆိုင်ရာ (သိမှု)မျိုးတို့တည်း။

## ၂။ ဝိဇ္ဇာနယ်ဆိုင်ရာသိမှုများ

ဉာဏ သမ္ပယုတ္တစိတ္တံ = ဉာဏ်နှင့် ယှဉ်သော = စိတ်သိ

http://www.dhammadownload.com



| | | | |
|---|---|---|---|
| (က) ၁။ သမ္မာဝါစာ<br>၂။ သမ္မာကမ္မန္တ<br>၃။ သမ္မာအာဇီဝ | သီလမဂ္ဂင် (၃) ပါး | | |
| (ခ) ၁။ သမ္မာဝါယမ<br>၂။ သမ္မာသတိ<br>၃။ သမ္မာသမာဓိ | သမာဓိ မဂ္ဂင် (၃) ပါး | | စေတသိက်သိ |
| (ဂ) ၁။ သမ္မာဒိဋ္ဌိ<br>၂။ သမ္မာသင်္ကပ္ပ | ပညာမဂ္ဂင် (၂) ပါး | | |

## မဂ္ဂင် (၈)ပါးအသိ

ဉာဏ်နှင့် ယှဉ်သော ကောင်း (စိတ်သိ) ကလေး အရင်း တည်ပြီး သမ္မာအာဇီဝဖြစ်လာလျှင်

(က) အရ သမ္မာဝါစာ၊ သမ္မာကမ္မန္တ နှစ်ခုတို့ပါ ဖြစ်ပေါ်ပြီး ဖြစ်လေသည်။

(ခ) အရ သမ္မာဝါယမ ဖြစ်လာလျှင် (က) အရသုံးခုလုံးပါ ဖြစ်ပေါ်ပြီး ဖြစ်လေသည်။

(ခ) အရ သမ္မာသတိဖြစ်လာလျှင် (က) အရသုံးခုလုံးနှင့် (ခ-၁) အရ သမ္မာ ဝါယမတို့ပါ ဖြစ်ပေါ်ပြီး ဖြစ်လေသည်။

(ခ) အရ သမ္မာသမာဓိ ဖြစ်လာလျှင် (က) အရသုံးခုလုံးနှင့် (ခ) အရသုံးခုလုံးတို့ပါ ဖြစ်ပေါ်ပြီး ဖြစ်လေသည်။

(ဂ) အရ (သမ္မာဒိဋ္ဌိ) အရ **"မဂ်သမ္မာဒိဋ္ဌိ" (အသိ)** ရလာလျှင်

http://www.dhammadownload.com



အကျယ်ဆုံး **"ပညာသိ"** ဖြစ်လာရာ (မဂ္ဂင်ရှစ်ပါး) လုံး (အသိ) ကိုရကြတော့၏၊ (မဂ္ဂင်ရှစ်ပါး) သိကို (ဝိဇ္ဇာ) ဉာဏ်သိ (ဘာဝနာ ဉာဏ်) သိ ပေါ်ချိန်ဟုခေါ်၏။ (ဝိဇ္ဇာ) ခေါ် (ပညာ) ပေါ်လျှင် (အဝိဇ္ဇာ) နယ်မှ (အဓမ္မ) တို့သည် အလိုလိုကွယ်ပြီး ဖြစ်နေတော့၏။

## (မဂ္ဂင်)အသိအမြစ်တွယ်ပုံ

(မဂ္ဂင်)သိသည် (ဝိဇ္ဇာသိ) ဖြစ်ရာ၊ (ဝိဇ္ဇာ)ခေါ် (ပညာ) ပေါ်နိုင်ရေးအတွက် (သမ္မာသမာဓိ) ပေါ်နိုင်ဖို့လိုပေသည်။ သမ္မာသမာဓိပေါ်နိုင်အောင်လည်း (သမ္မာသတိ) လိုပြန်ပေ သည်။ (သမ္မာသတိ) ပေါ်နိုင်ရေးမှာလည်း (ယောနိသောမနသိ ကာရ) နှလုံးသွင်းမှန်မှုဖြင့် ဆန္ဒရှိရာ (ရုပ်နာမ်) ဘာဝနာအာရုံ ရှုကွက်တစ်ခုခုကို (ရှုကွက်) ထားကာ ရိုးရိုး (သတိ)ကို ဝိရိယထိန်း၍ (ဝါ) (သတိ)ထား၍ ဝိရိယစိုက်၍ အထပ်ထပ်၊ အလီလီ၊ ရှုပွားပေးခြင်းဖြင့် (သတိ)နှင့် (ဝိရိယ)တို့အားကောင်းလာသဖြင့် ဝိရိယသည် (သမ္မာဝါယမ) အဆင့်သို့ ရောက်လာ၍ (သတိ) ရိုးရိုးကလည်း (သမ္မာသတိ) မဂ္ဂင်ဆင့်သို့ ရောက်လာပြီဖြစ်၍ အသိ (မဂ္ဂင်အသိ)သည် အမြစ်တွယ်လာတော့၏။

## (မဂ္ဂင်)အသိ အစ (သတိ)က

အထက်ပါအားထုတ်မှုသဘာဝအတိုင်း စီစစ်လိုက်သော် (မဂ္ဂင်သိ)ပေါ်လာနိုင်ရေး၏ အစသည် ဘာဝနာ အာရုံကို

http://www.dhammadownload.com



ပူးကပ်ရေးသဘော (ဓမ္မ)သည် **"သတိ"** ဓမ္မပင် ဖြစ်လေတော့ရာ (မဂ္ဂင်) သိအစ(သတိ)ကဟု ဆိုရပေသည်။

## ဘာဝနာ သိ ပေါ်ပုံ ဓမ္မအစဉ်

**(ဝိညာဏ်သိ → သတိသိ → သမာဓိသိ → ပညာသိ)** ရှုပွား လိုသော (ဘာဝနာ) အာရုံ (ရုပ်နာမ်) တစ်ခုခု ရုပ်၊ စိတ်၊ ဝေဒနာ တစ်ခုခုကို -

(၁) မနောဝိညာဏ်စိတ်ဖြင့် စတင်သိသည်။

(၂) ထို့နောက် (ယောနိသော မနသိကာရ) နှလုံးသွင်းမှန် အောင် (အခြားစိတ်မရောက်) အောင်ဂရုစိုက်ရသည်။

(၃) ထို့နောက် (သတိ) ထား၍ ဝိရိယစိုက်ရသောကြောင့်

(၄) ဝိညာဏ်သိမှ (သတိ) သိရ လာ ၏။

(၅) ထို (သတိ) သည် ရှုကွက် (အာရုံ)အတိုင်းမှန်နေ၍ (သမ္မာ သတိ) ဖြစ်လာသည်။

(၆) (သမ္မာသတိ) ဖြစ်ပေါ်မှု ကြာလာလျှင် (သမ္မာသမာဓိ) တည် ကြည်မှု ရလာသည်။

(၇) (သမ္မာသမာဓိ)မှ (ပညာမဂ္ဂင်-၂ပါး)သို့ ကူးပြောင်း လာ သည်။ ဤကား (ပညာသိ) သို့ရောက်သော (ဘာဝနာသိ) ပေါ်ပေါက်ပုံ (ဓမ္မသဘာဝ) အစဉ်အတိုင်း ဒေပတည်း။

http://www.dhammadownload.com



## (သိ) စဉ် ရှင်းလင်းချက်

(ဘာဝေတဗ္ဗ) ဘာဝနာဟူသည် အထပ်ထပ်ရှုပွားနေမှုကို ဆိုသည်၊ ထိုအခိုက် (ဉာဏ်) မဖြစ်သေး၍ (ဘာဝနာကိစ္စ)ဟူ၍ သာခေါ်နိုင်သေး၏။ (ဘာဝနာ) ဝိပဿနာရှုပွားရာမှ (ဉာဏ်) ပေါ်လာသည့် အခါကျမှ ဝိပဿနာဉာဏ် (ဝါ) ဘာဝနာဉာဏ် ဖြစ်လာသည်။

**ဘာဝနာဉာဏ်ကိစ္စ (ဝါ) ဝိပဿနာဉာဏ် ထူထောင်ရေး ကိစ္စသည် (သတိ)နှင့် (ရှုပွား)မှု (အသိ) ကိစ္စသာဖြစ်ပြီး ဝိပဿ နာဉာဏ် (ဝါ)ဘာဝနာဉာဏ်နှင့်ဆက်၍ ပေါ်ရသော (မဂ်ဉာဏ်) ကိစ္စနှင့် (ဖိုလ်ဉာဏ်) ကိစ္စတို့သည်လည်း (အသိ) ကိစ္စပင်ဖြစ် လေသည်။ ထို့ကြောင့် (သတိ)နှင့် (အသိ) သည် (နိဗ္ဗာန်)ပို့မည့် တရား(သဘော) ဟူ၍မှတ်ပါလေ။**

## (ဗုဒ္ဓ) အလိုတော်သည်(သိမှု) ဖြစ်ခြင်း

သတိပဋ္ဌာန်ပါဠိတော်တွင် လုပ်ငန်းစဉ်တရားပြ ဒေသနာ ကို ဟောကြားပြရာ၌ ပဇာနာတိ (သိမှု) အထပ်ထပ်နှင့် သမ္ပဇာနကာရီဟောတိဟု (သိမှု) ကိစ္စကို အောက်ပါအတိုင်း ဟောကြားထားပါသည်။

(၁) ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ

(၂) အဘိက္ကန္တေ, ပဋိက္ကန္တေ သမ္ပဇာန ကာရီဟောတိ

(၃) အတ္တိမေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ

http://www.dhammadownload.com



(၄) စက္ခုံစ ပဇာနတိ, ရူပေစပဇာနာတိ
(၅) အတ္တိမေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါတိပဇာနာတိ ဟူ၍ (နိဗ္ဗာန်)ရောက်ကြောင်း (အသိ) ကို ပဇာနာတိ၊ သမ္ပဇာနကာရီ ဟောတိဟုဟောကြားခဲ့ပါသည်။

## (မောဟ) ကိုသတ်သည့်မှာ (သိမှု)

သိက္ခာသုံးပါး၏ လိုရင်းသည် (သိမှု) တစ်ခုတည်းပင် ဖြစ်၏။ အကျင့်မှန်သမျှ (သိမှု) တစ်ခုတည်းကိုသာ ရှေ့ရှု၏။ မည်သည့်နည်းဖြင့် ကျင့်ကျင့်၊ မည်သည့်တရားစခန်း၌ မည်သည့်တရားလမ်းစဉ်နှင့်ပင် သွားသွား(အသိ)ကိုသာ ဦးတည်ရပါသည်။

(သတိ) အားကောင်းမှုဖြင့် (အသိ) ဉာဏ်ရင့်သန်မှုကိုရ၏။ (အသိဉာဏ်)ဟူသည်အရှုခံ (ရုပ်နာမ်)၏ (ဖြစ်ပျက်)ကို (သိမြင်)ခြင်းသာတည်း။

သဘာဝဓမ္မ၏ သဘောအမှန်ကို အရှိကိုအရှိအတိုင်းပင် (သိရန်) ဝိဇ္ဇာဉာဏ်ရင့်သန်ရန် အတွက်ကို လည်းကောင်း၊ သဘာဝအရှိ၏ သဘောထားကိုမိသဖြင့် အစ၏ အဆုံးကို (သိရန်) ဟူသော (အရဟတ္တဖိုလ်) ဉာဏ်ခေါ် (ဝိဇ္ဇာဝိမုတ္တိ ဉာဏ်) အမြင်သန်စေရန်အတွက်ကိုလည်းကောင်း၊ သာသနာ၏ သိက္ခာသုံးဆင့်ကို တစ်ခုတည်းသော (သိမှု) စိတ်ဖြင့်သာ ဖြည့်ကျင့်ရာ၏။ အကြောင်းမှာကား (မောဟ) ကို ပါယ်သတ်နိုင်သည်မှာ (သိမှု) တစ်ခုတည်းသာ တတ်နိုင်ခြင်းကြောင့်တည်း။

http://www.dhammadownload.com



ထို့ကြောင့် **“သတိ”** သည် (နိဗ္ဗာန်) ပို့မည့် (သတိ) ဖြစ်သလို **“အသိ”** သည်လည်း (နိဗ္ဗာန်) ပို့မည့် (အသိ) ဖြစ်သောကြောင့် ပညာပိုင်းဖြစ်သော **“နိဗ္ဗာန်ပို့မည့် (သတိ)နှင့်(အသိ)”** တရားကို စာဘတ်သူ (ယောဂီ) သည် ကောင်းစွာ သိရှိသွားပြီ ဖြစ်သောကြောင့် မြတ်စွာဘုရားနှင့်တကွ အရိယာ၊ သံဃာတော်များ ဖြစ်ကြသည့် (ရဟန္တာနှင့် ပုဂ္ဂိုလ်ထူး) တို့အား ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ ဟူ၍ ကြည်သာရွှင်ပြသော (သဒ္ဓါ)ဖြင့် လက်ဆယ်ဖြာ ဦးထိပ်မိုးပြီး ရှိခိုး ဦးချလိုက်ပါတော့ ယောဂီ။

**နိဗ္ဗာန်ပို့မည့် (သတိ)နှင့် (အသိ)တရားပြီး၏။**

နိဗ္ဗာန်ပို့မည့် **“အမှန်မြင်တရား”** (သမ္မာဒိဋ္ဌိ) ကို သိရှိပြီးနောက် နိဗ္ဗာန်ပို့မည့် (သမာဓိမဂ္ဂင်) နှင့် (ပညာမဂ္ဂင်) ဖြစ်သော **“သတိနှင့်အသိ”** တရားတို့ကို သိရှိပြီး အမှန်မြင်၊ အမှန်သိပြီး ဖြစ်လာလျှင် (နိဗ္ဗာန်) ချမ်းသာကြီးကား နီးနေပြီ ဖြစ်ပါ၍ အမှန် အကျင့် (ဝါ) ခရီးရောက်သည့် (အကျင့်မှန်)ကို ဆက်လက်ပြဆိုပါအံ့။

●❖●❖●❖●❖

http://www.dhammadownload.com



# နိဗ္ဗာန်ပို့မည့်

# ကျင့်စဉ်များ

http://www.dhammadownload.com

http://www.dhammadownload.com



# နိဗ္ဗာန်ပို့မည့် ကျင့်စဉ်များ

## နိဗ္ဗာန်ရောက်ကြောင်း ၅ မျိုး

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပဋိပတ် ၅ မျိုးကို ပြဆိုထားပါသည်။

(၁) **ဝိပဿနာမဂ္ဂ** = ဝိပဿနာသက်သက်နှင့် တက်သော (ဝိပဿနာမဂ္ဂ)။

(၂) **သမထ ဝိပဿနာ ယုဂလမဂ္ဂ** = ဈာန်၊ ပညာတည်း ဟူသော သမထ၊ ဝိပဿနာ နှစ်ပါး စုံတွဲ၍ တက်ရသော သမထ၊ ဝိပဿနာ၊ ယုဂလမဂ္ဂ။

(၃) **မဂ္ဂင်မဂ္ဂ** = မဂ္ဂင်ရှစ်ပါးဖြင့်တက်သော(မဂ္ဂ)။

(၄) **ခန္ဓတ္တယမဂ္ဂ** = သီလ၊ သမာဓိ၊ ပညာတည်း ဟူသော သိက္ခာသုံးပါးတို့ဖြင့် ပြသော ခန္ဓတ္တယမဂ္ဂ။

(၅) **သတိပဋ္ဌာနမဂ္ဂ** = သတိပဋ္ဌာန်၊ သမ္မပ္ပဓါန်တို့ဖြင့် ပြသော (သတိပဋ္ဌာနမဂ္ဂ) ဟူ၍ နိဗ္ဗာန်ရောက်ကြောင်း ၅ မျိုး သိရပါသည်။

http://www.dhammadownload.com



# ၁။ ဝိပဿနာမဂ္ဂ

(နိဗ္ဗာန်) ရောက်ကြောင်း အတွက် (ဝိပဿနာမဂ္ဂ) ဟု ခေါ်သော ဝိပဿနာသက်သက်နှင့် တက်လှမ်းရသော (မဂ္ဂ) အကျင့်တရား (ကျင့်စဉ်) ကို မြတ်စွာ ဘုရားဟောကြားတော်မူရာ၌

"သဗ္ဗေသင်္ခါရာ အနိစ္စာ၊ ယဒါပညာယ ပဿတိ
အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ"

ဟူ၍ (အနိစ္စာ) နေရာတွင် (ဒုက္ခ) (အနတ္တာ)တို့ ထည့်သွင်း၍ လက္ခဏာရေးသုံးပါးကို (ဝိပဿနာ) ရှုပွားခြင်း တရားဖြင့် နိဗ္ဗာန်ရောက်ကြောင်းကို ဟောတော်မူပါသည်။

**သဗ္ဗေသင်္ခါရာ အနိစ္စာ**၊ သဗ္ဗေ = ခန္ဓာကိုယ်ကြီး၌ ခပ်သိမ်းကုန်သော (အာရုံ) နဲ့ (ဒွါရ) တည်းဟူသော အကြောင်းတရားတွေ တိုက်ဆိုင်မှုကြောင့် ပေါ်လာသော ခန္ဓာငါးပါး (ရုပ်နာမ်) နှစ်ပါးဟု ခေါ်ဆိုသော (သင်္ခါရ) တရားတို့သည် မွေးသည်မှ အို၊ နာ၊ သေသည်အထိ (ဒုက္ခ) ရောက်ကြောင်း အမြဲမပြတ် ဖန်တီးပေးနေ၏၊ ထို (သင်္ခါရ) တရားတို့သည် (အနိစ္စာ) အနိစ္စက္ကတိ=ဖြစ်လိုက်ပျက်လိုက်၊ တစ်ဖန်ပြန်၍ ဖြစ်လိုက်ပျက်လိုက်နှင့် (သင်္ခါရ) ဖြစ်၍ (သင်္ခါရ) ပျက်ခြင်း သဘောတရားတို့သည် သံသရာမှာ မဆုံးနိုင်အောင် ဖြစ်ပျက်လျက် ရှိပါ၏။

(အနိစ္စာ)နေရာတွင် (ဒုက္ခ)ထည့်၍ ဖြစ်လာသမျှ ဆင်းရဲခြင်း၊ ထောက်တည်ရာမရခြင်းဟူ၍လည်းကောင်း၊ (အနတ္တာ)

http://www.dhammadownload.com



ထည့်၍ ဖြစ်လိုက်၊ ဆိတ်သုဉ်းလိုက်၊ ဘာမျှကိုယ်ပိုင်အနှစ်အသား မရှိ ဟူ၍ ထည့်သွင်းသဘောပေါက်ပါလေ။ ထိုသို့ သဘောပေါက်ပါမှ (ဝိပဿနာ)သည် လက္ခဏာရေးသုံးပါးကို ရှုကြည့်ရခြင်းကို နားလည်ပေလိမ့်မည်။

**ယဒါပညာယပဿတိ**၊ ယဒါ = အကြင် အခါ၌ (ဝါ) သင်္ခါရဖြစ်၍ (သင်္ခါရ) ပျက်သည့်သဘော (ဝါ) (ဖြစ်ပျက်) သဘောကို ပညာယ = (ဝိပဿနာဉာဏ်) ပညာဖြင့် (ဝါ) မဂ္ဂင်ငါးပါး ရှုဉာဏ်တရားဖြင့် (ဝါ) (သတိ)နှင့် (အသိ)တို့ဖြင့် ပဿတိ= ရှုကြည့်ရာ၏၊ သိမြင်ရာ၏။

ပါဠိတော်နှစ်ရပ်ကို ဆက်စပ်လိုက်ပါလျှင် ခန္ဓာကိုယ်ကြီးတွင် (ဖြစ်ပျက်) နေသော (သင်္ခါရ)တရားများ (ဝါ) ဖြစ်ပျက်နေသော (ရုပ်တရား၊ နာမ်တရား) မှ (ရုပ်) ဖြစ်စေ၊ (စိတ်) ဖြစ်စေ၊ (ဝေဒနာ) ဖြစ်စေ သဘောတစ်ခုခု၏ အဖြစ် (သင်္ခါရ) တရားများသည် (အနိစ္စ) သဘော ချုပ်ပျောက် (ဝါ) ပျက်သွားသည့် သဘောကို မြင်အောင် (သတိ)နှင့် (အသိ) ဖြစ်သော မဂ္ဂင်ငါးပါး ရှုဉာဏ်တရားဖြင့် (ဝိပဿနာဉာဏ်) ဖြစ်အောင် (ဝိပဿနာ) ရှုကြပါဟု ဟောကြားခြင်းဖြစ်ပါသည်။

**အထနိဗ္ဗိန္ဒတိဒုက္ခေ**၊ အထ = ထိုသို့ (သင်္ခါရ) ဖြစ်၍ (သင်္ခါရ) ပျက်သည့်သဘောကို မြင်ပြီးသောအခါ ဒုက္ခေ = (ဖြစ်ပျက်) (ဒုက္ခသစ္စာ) ၌ နိဗ္ဗိန္ဒတိ = ငြီးငွေ့လာ၏ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ဖြစ်နေသော သဘောတရားများကို ငြီးငွေ့လာလျှင်

http://www.dhammadownload.com



**သောမဂ္ဂေါဝိသုဒ္ဓိယာ** = မဂ္ဂင်ငါးပါး ရှုဉာဏ်တရားဖြင့် ရှုရင်းမှ စင်ကြယ်လွန်းသဖြင့် မဂ္ဂင်ရှစ်ပါး ပြည့်လာသော (မဂ်ဉာဏ်) ကြီးသည် ပေါ်လာ၏။ ထိုမဂ်ဉာဏ်ကြီးသည် ဝိသုဒ္ဓိယာ = စင်ကြယ်သော (နိဗ္ဗာန်) ကို မျက်မှောက်ပြုရာ၏။ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဟု ဆိုအပ်သော ဝဋ်သုံးပါးမှ လွတ်မြောက်ရန် (ဝိပဿနာမဂ္ဂ) နည်းဖြင့် (နိဗ္ဗာန်) သို့ တက်ရောက်နိုင်ကြောင်း မြတ်စွာဘုရား ဟောကြားခဲ့ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးသည် ကိလေသာ အမြင် အသိနှင့် ခြားနားသော (ပရိညာ) သုံးနယ်ဆိုင်ရာ (ဝိပဿနာ) သက်သက်နှင့်တက်သော ဘုရားဟောသည့် ဤ (ပထမ) နည်းဖြင့် ခန္ဓာငါးပါးထဲမှ (ဝိညာဏက္ခန္ဓာ) ဖြစ်သော (စိတ်) တစ်လုံးကို ပွားများ အားထုတ်ရသည့် စိတ် (သိ) မှုကို (သတိ) ပြုနေရသည့် (စိတ္တာနုပဿနာ) နည်းဖြင့် ရဟန်း၊ ရှင်၊ လူတို့အား တရားစဉ်နှင့် လုပ်ငန်းစဉ်ဟူ၍ ခွဲပြကာ (စိတ္တာနုပဿနာ) ကို ဤပထမ (ဝိပဿနာမဂ္ဂ) နည်းဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောကြား ပြသခဲ့ပါသည်။

စာရေးသူသည် ဤပထမနည်းဖြစ်သော မိုးကုတ် ဆရာတော်ဘုရားကြီး၏ စိတ္တာနုပဿနာ (ဝိပဿနာ) နည်းကို အလွန်အားရလှ၍ ဆရာတော်ဘုရားကြီး ဟောကြားခဲ့သော ကောင်းမြတ်လှသည့် တရားတော်များထဲမှ အကောင်းဆုံး (အပေါ်လွင်ဆုံး) တရားများ ကို စာအုပ်သုံးအုပ်ဖြင့် ရေးသား ပူဇော်ခဲ့ပြီး ဖြစ်ပါသည်။ ဆရာ တော်ဘုရားကြီး၏ နည်းကို အား

http://www.dhammadownload.com



ထုတ်လိုပါလျှင် စာရေးသူ ပူဇော်ထားသည့် (မိုးကုတ်ဝိပဿနာ) အခြေခံ တရားအနှစ်သာရနှင့် ရှုပွါးနည်း စာအုပ်မှာကြည့်ပါလေ။

## ၂။ သမထဝိပဿနာယုဂလမဂ္ဂ

ဈာန်တရား (သမထ) နှင့် (ပညာ) တည်းဟူသော (ဝိပဿနာ) နှစ်ပါးစုံ တွဲ၍ပြသော သမထ၊ ဝိပဿနာယုဂလမဂ္ဂကို မြတ်စွာဘုရား ဟောကြားတော်မူရာ၌-

"ယမှိဈာနဉ္စ ပညဉ္စသဝေ နိဗ္ဗာနသန္တိကေ" အစရှိသဖြင့် (သမထ) ဈာန်နှင့် (ဝိပဿနာ) ဉာဏ်နှစ်ပါး စုံတွဲလုံးကို (နိဗ္ဗာန်) ရောက်ကြောင်း လမ်းဟု ဟောကြားတော်မူပါသည်။

ယမှိဈာနဉ္စ = အကြင် သမထ (ဈာန်) လုပ်ငန်းသည် လည်းကောင်း၊ ယာပညာစ = အကြင် (ဝိပဿနာ) ပညာသည် လည်ကောင်း၊ အတ္တိ = ရှိ၏။ သသောပုဂ္ဂလော = ထိုဈာန်နှင့် ဝိပဿနာပညာရှိသော ပုဂ္ဂိုလ်သည် နိဗ္ဗန သန္တိကေ = နိဗ္ဗာန်နှင့် နီးသောအကျင့်၌၊ ဟောတိ တည်ရှိပေ၏ဟု ဟောတော်မူပါ သည်။

ဤနည်းသည် အာနာပါန ၊ ကသိုင်းတို့ဖြင့် (သမထ) အကျင့်ကို ကျင့်ခဲ့ကြသူများ၊ ရသေ့ဝတ်ဖြင့် တောရဆောက်တည် ပြီး (ဈာန်) လမ်း (ဝိဇ္ဇာ) ဖြစ်လမ်းကို ကျင့်ခဲ့ကြဘူးသူများ (ဈာန်) ရပြီးသူများ အားထုတ်လျှင် ပို၍ကောင်းပါသည်။

http://www.dhammadownload.com



## ၃။ မဂ္ဂင်မဂ္ဂ

ဖြစ်သော မဂ္ဂင်ရှစ်ပါးတည်းဟူသော မဂ္ဂင်မဂ္ဂနည်းကို ဟောကြားရာ၌-

"ကမ္မံ ဝိဇ္ဇာစ ဓမ္မောစ၊ သီလံ ဇီဝိတမုတ္တမံ
ဧတေနမစ္စာ သုဇ္ဈန္တိ၊ နဂေါတ္တေန် ဓနေနဝါ"

ဟူ၍ မဂ္ဂင်ရှစ်ပါးဖြင့် နိဗ္ဗာန်ရောက် ကြောင်းကိုလည်း ဟောကြားတော်မူ၏။ ကမ္မဉ္စ = မဂ်စေတနာ သည်လည်းကောင်း၊ ဝိဇ္ဇာစ=မဂ်ပညာသည်လည်းကောင်း၊ ဓမ္မောစ=သမာဓိ အသင်းအပင်းဖြစ်သော တရားအပေါင်းသည် လည်းကောင်း၊ ဇီဝိတမုတ္တမံ=မြတ်သောအားဖြင့် အသက်ရှင်ခြင်း၏ အကြောင်းဖြစ်သော၊ သီလဉ္စ = (သီလ) တရားသည် လည်းကောင်း၊ ဧတေန = ဤတရား အပေါင်းတို့ဖြင့်၊ မစ္စာ = သတ္တဝါတို့သည် သုဇ္ဈန္တိ = စင်ကြယ်ကြကုန်၏။ ဂေါတ္တေနဝါ = အမျိုးမြတ်သဖြင့် လည်းကောင်း၊ ဓနေနဝါ = ဥစ္စာမပါခြင်းဖြင့် လည်းကောင်း၊ နသုဇ္ဈန္တိ = စင်ကြယ်ခြင်းမဟုတ်ပါ၊ (မဂ္ဂင်ရှစ်ပါး) ဖြင့် ကျင့်ကြံသူသည် စင်ကြယ်ခြင်းရ၍ (နိဗ္ဗာန်) နှင့် နီးသော အကျင့်ဟူ၍ ဟောကြားတော်မူပါသည်။

## ၄။ ခန္ဓတ္တမဂ္ဂ

သီလ၊ သမာဓိ၊ ပညာ တည်းဟူသော သိက္ခာသုံးပါးဖြင့် (နိဗ္ဗာန်) ရောက်ကြောင်းတရားကို ဟောကြားတော်မူရာ၌-

http://www.dhammadownload.com



"သဗ္ဗဒါ သီလသမ္ပန္နော၊ ပညာဝါ သုသမာဟိတော၊
အရဒ္ဓဝီရိယော ပဟိတတ္တော ဩဃံ တရတိဒုတ္တရံ"
ဟူ၍ ဟောတော်မူ၏။

ယောပုဂ္ဂလော = အကြင်ပုဂ္ဂိုလ်သည်၊ သဗ္ဗဒါ = အခါခပ်သိမ်း၊ သီလသမ္ပန္နော = သီလနှင့် ပြည့်စုံ၏။ ပညာဝါ = ပညာရှိ၏၊ သုသမာဟိတော = ကောင်းသော သမာဓိတရားရှိ၏။ အရဒ္ဓဝီရိယော = အားထုတ်အပ်သော ဝီရိယရှိ၏၊ ပဟိတတ္တော = နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိ၏၊ သောပုဂ္ဂလော = ထိုပုဂ္ဂိုလ်သည် ဒုတ္တရံ = ကူးမြောက်ရန် ခဲယဉ်းသော၊ ဩဃံ = သံသရာဝဲ ဩဃကို၊ တိရတိ = ကူးမြောက်နိုင်၏ဟု ဟောတော်မူပါသည်။

## ၅။ သတိပဋ္ဌာနမဂ္ဂ

သတိပဋ္ဌာန်ဖြင့် နိဗ္ဗာန်ရောက်ကြောင်း (သတိပဋ္ဌာနမဂ္ဂ) ကို မြတ်စွာဘုရား ဟောကြားတော်မူရာ၌-

"ဧကာယနောအယံ ဘိက္ခဝေ မဂ္ဂေါ၊ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောကပရိဒေဝါနံ၊ သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ၊ အတ္တင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကရိ ယာယ၊ ယဒိဒံစတ္တာရော သတိပဋ္ဌာန၊ ကတမေ စတ္တရော. . . (လ). . . အတာပိသမ္ပဇနော၊ သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿ"

ဟူ၍ (သတိပဋ္ဌာန်) တရားတော်ဖြင့် နိဗ္ဗာန် ရောက်ကြောင်းကို ဟောတော်မူပါသည်။

http://www.dhammadownload.com



ဘိက္ခဝေ = ရဟန်းတို့၊ နိဗ္ဗာနဿ = နိဗ္ဗာန်ကို၊ သစ္ဆိကရိယာယ = မျက်မှောက်ပြုစေခြင်းငှာ၊ စတ္တာရော = လေးပါးကုန်သော၊ ယဒိဒံ၊ ယေဣမေသတိပဋ္ဌာနာ = အကြင်သတိပဋ္ဌာန်တရားလေးပါးသည်၊ သန္တိ = ရှိကုန်၏။ အယံဣမေ = ဤသတိပဋ္ဌာန် တရားလေးပါးတို့သည်၊ သတ္တာနံ = သတ္တဝါတို့အား ကိလေသာများကို စင်ကြယ်စေခြင်း၊ စိုးရိမ် ပူဆွေး၊ ငိုကြွေး ခြင်း တို့မှ လွတ်မြောက်စေခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့မှ ငြိမ်းအေးစေခြင်း၊ အရိယာမဂ်ကိုရစေခြင်း၊ (နိဗ္ဗာန်) ကို ဧကာယနော ရောက်ကြောင်းတစ်ခုဖြစ်သော မဂ္ဂေါ= လမ်းမကြီးပေတည်းဟု (သတိပဋ္ဌာန်) တရားဖြင့် (နိဗ္ဗာန်) ရောက်ကြောင်းတရားကို ဟောကြားတော်မူခဲ့ပါသည်။

ဖော်ပြပါ (နိဗ္ဗာန်) ရောက်ကြောင်း တရား ၅ မျိုးရှိသည့်အနက် (ဝိပဿနာ) တရား ကို ဖောက်ချပြီး အားမထုတ်နိုင်ကြသူများ၊ သီးသန့် တရားအားထုတ်ချိန် များများမပေးနိုင်လောက်အောင် စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ သွားရေး၊ လာရေး၊ စီးပွါးရေးကိစ္စများနှင့် အလုပ်အလွန်များနေကြရသောယခုခေတ်လူကြီး၊ လူငယ်များအတွက် နံပါတ် (၅)ပါ "သတိပဋ္ဌာန်တရား" (ကျင့်စဉ်)များကို အားထုတ်နိုင်၏။ (သတိပဋ္ဌာန်)မှ (ဝိပဿနာ) သို့ တက်လှမ်းရသည့် ဤကျင့်စဉ်သည် (နိဗ္ဗာန်) ရောက်ကြောင်း တရားတော် ကျင့်စဉ်များပင် ဖြစ်၏။

http://www.dhammadownload.com



## (သတိပဋ္ဌာန်) တရားတော်ဖြစ်ပေါ်လာပုံ၊

သံလျင်တောရ ဆရာတော်ဘုရားကြီးသည် "သတိပဋ္ဌာန်" တရားတော် ဖြစ်ပေါ်လာပုံ၊ မြတ်စွာဘုရား ဟောကြားရန် ကြံစည်ခဲ့ပုံများကို ဘုရားဟော ပါဠိတော်မှ ကောက်နုတ်၍ ရေးသားဖော်ပြထားသည်မှာ. . .

> (ဧကံ သမယံ ဘဂဝါ ဥရုဝေလာယံ ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေအဇပါလ နိဂြောဓေ၊ ပဌမာဘိသမ္ဗုဒ္ဓေါ၊ အထ ခေါ ဘဂဝတော ရဟောဂတဿ ပဋိသလ္လီနဿ၊ ဧဝံစေတသော ပရိဝိတက္ကော ဥဒပါဒိ၊ ဧကာယနွာယံ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောကပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ နိဗ္ဗာန သစ္ဆိကိရိယာယ၊ ယဒိဒံစတ္တာရော သတိပဋ္ဌာနာ)

(မဟာဝဂ္ဂသံယုတ်ပါဠိတော်)

## အနက်အဓိပ္ပါယ်

ဧကံသမယံ = မြတ်စွာဘုရားသည်၊ ဘုရားဖြစ်သည့်နေရာ၊ ဥရုဝေလာယံ = ဥရုဝေလတောမြိုင်တွင်းရှိနေရာ၊ နေရဉ္ဇရာ = နေရဉ္ဇရာမြစ်ကမ်းပါအနီးရှိ၊ မဟာဗောဓိပင်၏ အရှေ့တည့်တည့်၊ အဇပါလနိဂြောဓေ = ဆိတ်ကျောင်းသားတို့၏ နေရာ၊ ပညောင်

http://www.dhammadownload.com



ပင်ရင်း၌ (ပဋ္ဌမသတ္တာဟ) အဖြစ်စံနေတော်မူစဉ်၊ ဘဂဝတော = မြတ်စွာဘုရားသည် မဟာကြိယာ ဉာဏသမ္ပယုတ်ဝင် စိတ်တော် အစဉ်နှင့် ပရိဝိတက္ကော = အကြံတော်သည် အကျိုးများစေဖို့၊ ဥဒပါဒိ = ဖြစ်ပေါ်လာ၏။

(သတိပဋ္ဌာန်) နှင့်ယှဉ်သော (မဂ္ဂင်ရှစ်ပါး) သည် ဧကော ယန္ဒာယံမဂ္ဂေါ = ကိလေသာမတွယ်မှီသော၊ တစ်ခု၊ တကြောင်း တည်းသော၊ သတ္တာနံဝိသုဒ္ဓိယာ = သတ္တဝါသုံးမျိုးတို့၏ ကိလေ သာများကို စင်ကြယ်စေခြင်း၊ သောကပရိဒေဝါနံ = စိုးရိမ် ပူဆွေး ခြင်း၊ ငိုကြွေးခြင်းတို့မှ၊ သမတိက္ကမာယ=လွန်မြောက်သွားနိုင်ခြင်း၊ ဒုက္ခ = ကိုယ်ဆင်းရဲခြင်း၊ ဒေါသမနဿာနံ = စိတ်ဆင်းရဲခြင်း အပေါင်းတို့ကိုလည်း၊ အတ္တင်္ဂမာယ = ချုပ်ပျောက်သွားစေခြင်း၊ ဉာယဿ = အရိယာမင်္ဂကို၊ အဓိဂမာယ = တွေ့မြင်သိစေခြင်း၊ နိဗ္ဗာနဿ = (နိဗ္ဗာန်) ကို၊ သစ္ဆိကိရိယာယ = မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ် တို့ဖြင့် မျက်မှောက်ပြုစေခြင်း၊ သမတ္တော = စွမ်းရည် ရှိပေသော၊ ယဒိဒံစတ္တရော သတိပဋ္ဌာနာ = ဧကာယနမင်္ဂနှင့် ယှဉ်သော သတိပဋ္ဌာန် တရား (၄) ပါးပင် ဖြစ်ပေသည်ဟု မြတ်စွာ ဘုရား၏ စိတ်တော်၌ ဖြစ်ပေါ်၏။

ဤကဲ့သို့ မြတ်စွာဘုရားသည် ဆိတ်ကျောင်းသားတို့၏ နေရာ၊ ပညောင်ပင်ရင်း၌ သတ္တဝါတို့၏ ကိလေသာနယ်၊ လောကီ နယ်မှ ထွက်ရာလမ်း (လက်တွေ့လုပ်ထုံး၊ လုပ်နည်း)သည် တစ်ခု တည်းသော (ဧကာယနောအယံဘိက္ခဝေမဂ္ဂေါ) ဟု ညွှန်ပြသည့် (ဧကယနမင်္ဂ) ဖြစ်သည့် (သတိပဋ္ဌာန်)သည် (သတိပဋ္ဌာန်) နှင့်

http://www.dhammadownload.com



ယှဉ်သော (လောကီမဂ္ဂင်ရှစ်ပါး) မှလွဲ၍မရှိကြောင်းကို ဆင်ခြင်နေတော်မူနေရာတွင် -

## ဗြဟ္မာကြီးဖူးမြင်လာပုံ

ရှေးရှေးကပွင့်ခဲ့သော ဘုရားအဆက်ဆက်ကို မှီခဲ့သည့် သဟံပတိအရိယာဗြဟ္မာကြီးသည် မြတ်စွာဘုရားထံရောက်ရှိလာပြီး

> အထခေါ်ဗြဟ္မာ - သဟံပတိဧကံသံ ဉတ္တရာသင်္ဂ ကရိတွာယေနဘဂဝါ၊ တေနဥ္စလီ ပမာမေတွာ ဘဂဝန္တံဧတဒဝေါစ၊ ဧဝမေတံဘဂဝါ၊ ဧဝမေတံ သုဂတ၊ ဧကာယန္ဒွာယံဘန္တေမဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ, ဒုက္ခ ဒေါမနဿနံ အတ္တင်္ဂ မာယ, ဉာယဿ အဓိဂမာယ, နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တရော သတိပဋ္ဌာနာ၊ က္ကဒံစတွာ ဗြဟ္မာသဟံ ပတိ အထာပရံ ဧတဒဝေါစ
>
> (မဟာဝဂ္ဂသံယုတ်ပါဠိတော်)

http://www.dhammadownload.com



## အနက်အဓိပ္ပါယ်အချုပ်

ထိုကဲ့သို့ **"သတိပဋ္ဌာန်"** တရားကိုမြတ်စွာဘုရား ဆင်ခြင်ဆုံးဖြတ်တော်မူပုံကို သိလိုက်သော သဟံပတိအရိယာ ဗြဟ္မာကြီးသည် မြတ်စွာဘုရားထံသို့ ချက်ခြင်းရောက်ရှိလာကာ မြတ်စွာဘုရားအား ရှိခိုးကန်တော့ပြီး ဗြဟ္မာကြီးက လျှောက်ထားသည်မှာ မြတ်စွာဘုရား၏ ဆင်ခြင်ဆုံးဖြတ်တော်မူသည်မှာ မှန်ကန်လှပါကြောင်း၊ ရှေးရှေးက ပွင့်တော်မူပြီးခဲ့သော ဘုရားရှင်များသည်လည်း (ဧကာယနမဂ်) ခေါ်တစ်ခုတည်သော လမ်းကြောင့်ဖြစ်သည့် (သတိပဋ္ဌာန်) နှင့် ယှဉ်သော (မဂ္ဂင်ရှစ်ပါး) သည်သာ ကိလေသာများကို စင်ကြယ်စေပြီး (နိဗ္ဗာန်)ကို မျက်မှောက်ပြုရာ ဖြစ်၏ဟု ဆင်ခြင်တော်မူခဲ့ပါကြောင်း ထောက်ခံ လျှောက်ထားခဲ့ပါသည်။

## ရှင်းလင်းချက်

ဧကာယန္တာယံ မဂ္ဂေါ (ဝါ) ဧကာယနမဂ်ဆိုသည်မှာ လောကုတ္တရာမဂ်အစစ်ကြီး မဟုတ်သေးပေ။ လောကီသတိပဋ္ဌာန်နှင့် ယှဉ်သော (မဂ်) ကိုသာခေါ်ပါသည်။ ပုထုဇဉ်တို့ ကျင့်ရမည့် လောကီမဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ်နှင့် ယှဉ်သော လောကီ (မဂ္ဂင်ငါးပါး)ကို ဆိုလိုပါသည်။ (သတိ) နှင့် (အသိ) သာ ဖြစ်ပါသည်။

http://www.dhammadownload.com



မဂ္ဂင်ရှစ်ပါးထဲမှ ပုဗ္ဗဘာဂ ပဋိပဒါမဂ်ဖြစ်သည့် ပုဗ္ဗ=မဂ်၏အရှေ့၊ ဘာဂ=အဖို့၌၊ ပဋိပဒါ=ကျင့်ယူရမည့်ဖြစ်၍ ရှေးဦးစွာ ကျင့်ယူရမည့် မဂ်သည် (လောကီ) မဂ်ကိုဆိုလိုပါသည်။

ပုဗ္ဗဘာဂမဂ်သည် (မဂ္ဂင်ငါးပါး)နှင့် ဦးစွာကျင့်ရမည် ဖြစ်၍ ပုဗ္ဗဘာဂ မဂ္ဂင်ငါးပါးကို ရှေ့ပြေးမဂ္ဂင်ငါးပါး လောကီမဂ္ဂင် ငါးပါး၊ ပဥ္စင်္ဂိက မဂ္ဂင်ငါးပါး၊ ရှုဉာဏ်တရားငါးပါးဟူ၍လည်း အသီးသီး ခေါ်ကြပါသည်။ (သတိ) နှင့် (အသိ) သာ ဖြစ်ပါသည်။

ပုဗ္ဗဘာဂမဂ်ခေါ် (လောကီမဂ္ဂင်ငါးပါး)ဖြင့် လောကီမဂ် အစစ်ကို ထပ်တလဲလဲဖြစ်ခွင့်ရထားပါမှ လောကုတ္တရာမဂ်အစစ် ပေါ်နိုင်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါ သည်။

အထက်ပါလုပ်ထုံးလုပ်နည်းသည်သာ မြတ်စွာဘုရားဖြစ် ပြီးစအခါ၌ ဘုရားရှင်၏ ဉာဏ်တော်၌ ဖြစ်ပေါ်လာသော လူ၊ နတ်ပြဟ္မာ သတ္တဝါတို့အား ကိလေသာမှကင်းစင်ပြီး (နိဗ္ဗာန်)ကို မျက်မှောက်ပြုနိုင်သော (ဧကာယနမဂ်) ခေါ်သည့် တစ်ကြောင်း တည်းသောလမ်းဖြစ်ပေတော့သည်။ ဘုရားဖြစ်ပြီးနောက် ဂုရု တိုင်း ကမ္မာသဓမ္မ ရွာကြီး၌ ရဟန်းတို့အား မြတ်စွာဘုရား အကျယ်တဝင့် ဟောကြားတော်မူသော (ဧကာယနော အယံ ဘိက္ခ ဝေမဂ္ဂေါ) အစချီသည့် ဤ(မဟာသတိပဋ္ဌာန်) တရားတော် ကြီးသည် ဖြစ်ပေါ်လာပါတော့သည်။

http://www.dhammadownload.com



## အနုဿသဏီခေါ်ဘုရားအဆုံးအမ

မြတ်စွာဘုရားသည် (အနုဿသနီ)ဟု ခေါ်ဆိုသော ဘုရားရှင်တို့၏ အမြဲဆုံးမနေသောဟောကြားညွှန်ပြချက်မှာ -

သတောဘိက္ခဝေဘိက္ခုဝိယရေယျ သမ္ပဇာနော အယံ ဝေါ အမှာကံ အနုဿသနီ၊ ကထဥ္စ ဘိက္ခဝေ ဘိက္ခု သတော ဟောတိ? ဣဓဘိက္ခဝေ ဘိက္ခုကာယေ ကာယာနုဿီ ဝိဟာရတိ အာတာပီသမ္ပဇာနော, သတိမာ၊ ဝိနေယျ လောက အဘိဇ္ဈာ ဒေါမနဿံ ဝေဒနာသု စိတ္တေသု ဓမ္မေသု. . . ပ. . . အယံဝေါ အမှာကံ အနုဿသနီ။

(ဒီဃနိကာယ်-သုတ်မဟာဝါပါဠိတော်နှင့် သံယုတ်ပါဠိတော်)

## အနက်အဓိပ္ပါယ်

ဘိက္ခဝေ=သံသရာဘေးကို ရှုနေကြကုန်သော ချစ်သားရဟန်းတို့၊ သတော=ရုပ်နာမ်ပေါ်တွင် (သမ္မာသတိ)မျိုး မပြတ်ထင်လျှက်၊ သမ္ပဇနော=ရုပ်နာမ်ပေါ်တွင် **"သတိ"** ကိုစွဲထင်လာယှဉ်လာ၍ (ဝိပဿနာဉာဏ်) ဝင်လာကာ (ရုပ်နာမ်) **အစစ်၏** သဘောလက္ခဏာအခြင်းအရာတို့ကိုပါ (သိ)မြင်နေကာ၊ ဝိဟာရေယျ=သိက္ခာသုံးပါးခြံ၍ ဘာဝနာအာရုံနှင့်နေရာ၏။

အယံ=ဖော်ပြသည့်အတိုင်း (ရုပ်နာမ်)အပေါ်မှာ **"သတိ"**

http://www.dhammadownload.com



နှင့်ပညာ **"အသိ"** တို့ မပြတ်ထင်လျှက်နေရန် ညွှန်ကြားခြင်းသည် ဝေါ=သင်ချစ်သားတို့အား၊ အမှာကံ=ဘုရားရှင်မှန်သမျှတို့၏ အနုသာသနီ=လက်ကိုင်အဖြစ်စွဲကိုင်၍ အမြဲဆုံးမနေသော ညွှန်ပြချက်ပေတည်းဟု ဟောကြားတော်မူခဲ့ပါသည်။

(အနုသာသနီ)ကို ဖော်ပြပါပါဠိတော်များအပြင် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ပဏ္ဏာသပါဠိတော်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဝိဘင်းပါဠိတော်စသည်တို့၌လည်း ဖော်ပြထားပါသည်။

## ရှင်းလင်းချက်

အထက်ပါဘုရားရှင်တို့၏ ညွှန်ပြချက်အချုပ်မှာ **"သတိ"** ကိုလက်စွဲပြုထားခြင်းသည် ဘုရားရှင်တို့၏ လက်စွဲတရားပင် ဖြစ်ကြောင်း၊ ဝိရိယဖြင့် ပညာ**"အသိ"** ကိုပူးတွဲ၍ ကာယ၊ ဝေဒနာ စိတ္တ၊ ဓမ္မ အားဖြင့် ပဋ္ဌာန (၄)နေရာတို့၌ ဖြစ်သော (ရုပ်နာမ်) (၂) ပါး အပေါ်တွင် ဖြစ်ပေါ်နေခိုက် (ဖြစ်ပေါ်နေသည့်အတိုင်း ထင်လာအောင်) **"သတိ"** ကလေးနှင့် (ဉာဏ်) ကလေးနှင့် **"သိ"** ပြီး အားထုတ်နေပါလျှင် (ဝါ) ပွားများနေပါလျှင် (နိဗ္ဗာန်)ကို မြင်မည်ဟု ဘုရားရှင်တို့၏ လက်စွဲတရားကို ဟောကြားခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် ကိလေသာစင်ကြယ်ပြီး (နိဗ္ဗာန်) သို့ မျက်မှောက် ပြုနိုင်ကြရအောင် ဘုရားရှင်များဟောကြားထားသည့် ဘုရားရှင်များ၏ အလိုတော်အတိုင်း ကောင်းမြတ်သော ကလျာန

http://www.dhammadownload.com



ပုထုဇဉ်လူတို့သည် သံယုတ်ပါဠိတော်နှင့် သုတ်မဟာဝါပါဠိတော်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဝိဘင်းပါဠိတော် စသောပါဠိတော်လာ **"သတိပဋ္ဌာန်ဒေသနာတော်"** လာ တရားတော် အားထုတ်နည်း အတိုင်း အားထုတ်ကြရန်ဖြစ်ပါသည်။

## ဘုရားရှင်၏တိုက်တွန်းချက်

နာဟံ-ဘိက္ခဝေ၊ အညံဧကဓမ္မံပိ သမနုပဿာမိ ယောဧဝံ
သဒ္ဓမ္မဿဌိတိယာ၊ အသမ္မောသာယ၊ အနန္တရဓါနာယ
သံဝတ္တတိ၊ ယတယိဒံဘိက္ခဝေ အပ္ပမာဒေါ

(အင်္ဂုတ္တိုရ်ပါဠိတော်)

## အနက်အဓိပ္ပါယ်

ဘိက္ခဝေ=သံသရာဘေးကို မျှော်တွေးရှုနေကြကုန်သော အို ရဟန်းတို့၊ ယထယိဒံ ယောအပ္ပမာဒေါ = ကိလေသာအာရုံများကို ပါယ်ရှားစေနိုင်သော ဉာဏ်အာရုံ၌ မမေ့အထပ်ထပ် (သတိ) ကပ်နေနိုင်မှုသည် အတ္ထိ = ရှိ၏။ **အပ္ပမာဒေါ** = သမာဓိ၏ ရှေ့သွား အကြောင် **"သတိ"** တရားသည်၊ သဒ္ဓမ္မဿ = ဗောဓိပက္ခိယ စာရင်းဝင် **"မဂ္ဂင်"** ဟူသော သူတော်သူမြတ်တို့၏ တရားသည် ဧဝံဌိတိယာ = ကိလေသာမီး မဖျက်ဆီးနိုင်ခြင်း၊ ဧဝံအသမ္မောသာယ=ကိလေသာမှောင် မဖုံးလွှမ်းနိုင်ခြင်း၊ ဧဝံအနန္တရ = မကွယ် မပျောက်အလင်းတောက်များ သံဝတ္တံတိ = ခိုင်ခန့်သော တရား

http://www.dhammadownload.com



အနေဖြင့် တည်ရှိပေ၏။ ဘိက္ခဝေ = ရဟန်းတို့၊ အညံ = ထို (သတိမဂ္ဂင်)မှတပါး (သတိမဂ္ဂင်)မှလွဲ၍ ဧကဓမ္မမ္ပိ = တစ်စုံတစ်ခု သောတရားကို ဘုရားရှင်မမြင်တော်မူကြောင်း ဟောကြားခဲ့ပါ သည်။

## ပုဏ္ဏားကြီးတစ်ဦးအားမြတ်စွာဘုရားမိန့်ကြားပုံ

စတုန္နံစခေါ်ဗြာဟ္မဏ သတိပဋ္ဌာနာနံ ဘာဝိတ္တာ
ဗဟုလိကကတ္တာ တထာဂတာ ပရိနိဗ္ဗုတေ သဒ္ဓမ္မော
စိရဋ္ဌိတိကော ဟောတိ

(သံယုတ်ပါဠိတော်)

## အနက်အဓိပ္ပါယ်

ဗြာဟ္မဏ=ဒါယကာပုဏ္ဏား၊ တထာဂတေပရိနိဗ္ဗုတေ= ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်သွားခဲ့သည် ရှိသော် စတုန္နံခေါ်=သတိ ပဋ္ဌာန် လေးပါးအနက်၊ တစ်ပါးပါးသော (သတိပဋ္ဌာန်) တရားကို ဘာဝိတ္တာ = ချမ်းသာလိုသူတို့သည် တကယ်ပွားများအပ်၏။ ဗဟု လီကတတ္တာ=သဒ္ဒါကပ်၍ မပြတ်ပွားများသည်ရှိသော် သဒ္ဓမ္မော= အရိယာသစ္စာ (သိ) စရာ လမ်းကြောင်း (ဗောဓိပက္ခိယ) ခေါ် သူတော်ကောင်းတို့၏ တရားသည် စိရဋ္ဌိတိကော = ကာလကြာ မြင့်စွာတည်တန့်နေမည် ဖြစ်သည် ဒါယကာပုဏ္ဏားဟု ဟောကြား တော်မူခဲ့ပါသည်။

http://www.dhammadownload.com



# ပရိနိဗ္ဗာန်စံဝင်ခါနီးမိန့်ကြားချက်

မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူခါနီး ဆဲဆဲမှာလည်း နောက်ဆုံးစကားတော် အဖြစ် **အပ္ပမာဒ** = **"သတိ"** တရားကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပါသေးသည်။

**ဟန္ဒဒါနိ ဘိက္ခဝေ, အာမန္တယာမိဝေါ**
**ဝယဓမ္မာ သင်္ခါရာ, အပ္ပမာဒေန သမ္ပာဒေထ။**

# အနက်အဓိပ္ပါယ်

ဘိက္ခဝေ = သံသရာဘေးကိုမျှော်တွေးရှုနေကြကုန်သော အို ချစ်သားရဟန်းတို့၊ ဒါနိ=ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခါနီး ယခု အချိန်ကြီးမှာ၊ ဟန္ဒ=သင်ချစ်သားရဟန်းတို့အား မှာကြားလိုသည် မှာ၊ အာမန္တယာမိ=အကျဉ်းချုပ်အားဖြင့် မှတ်သားထားစေလိုသည် မှာ (သင်္ခါရာ) = သံသရာဘေး ဖြစ်အောင် ပြုပြင်နှိပ်စက်နေကြ ကုန်သော (ရုပ်နာမ်)နှစ်ဝ (သင်္ခါရ) တရားတို့သည် ဝယဓမ္မာ= ပြိုပျက်နေသော သဘောရှိ၏။ တသွာ=ထိုသို့(ခန္ဓာငါးပါး) သည် (သင်္ခါရ)ဖြစ်၍ (သင်္ခါရ)ပျက်နေသော သဘောရှိသည့် (ရုပ်နာမ်) ခန္ဓာ (ဖြစ်ပျက်)ကို **အပ္ပမာဒေန** = မမေ့မလျော့သော **"သတိ"** တရားဖြင့် သမ္ပာဒေထ = ပြည့်စုံရစ်ကြ (သိ) ပြီး နေကြပါ ဟု မြတ်စွာဘုရား နောက်ဆုံးမိန့်ကြားတော်မူခဲ့ပါသည်။

http://www.dhammadownload.com



## လိုအပ်ချက်

အထက်ဖော်ပြပါ ဘုရားရှင်တို့၏ တိုက်တွန်းချက်၊ ဘုရားရှင်အဆက်ဆက်က ကျင့်သုံးခဲ့သော ကျင့်စဉ်၊ လက်ကိုင်ဝါဒ၊ လက်စွဲတော်(အနုသာသနီ) ဝါဒအတိုင်း **"သတိ"**နှင့် **"အသိ"** တရားဖြစ်သော **"သတိ"**နှင့် **"အသိ"** သာလျှင် လုပ်ထုံးလုပ်နည်း ရှိသော **"မဟာသတိပဋ္ဌာန်"** တရားတော်ကို အားထုတ်ကြရာ၏။

(မှတ်ချက်) ကမ္မဋ္ဌာန်းတရားကို ဝင်လေသိ၊ ထွက်လေ သိဖြင့် (စိတ်)ကို ရှုပွား ကြသော (စိတ္တာနုပဿနာ) သည်လည်း (သတိပဋ္ဌာန်)တရားပါ သည်ဟု မှတ်ပါလေ။

## သတိပဋ္ဌာန်

(သတိပဋ္ဌာန်) ဆိုသည်မှာ "သတိယေဝပဋ္ဌာနံသတိ ပဋ္ဌာနံ" ဆိုသည့်ပါဠိပိုဒ်မှ လာရာ၌ (သတိ+ပဋ္ဌာန) = သတိ ပဋ္ဌာန်ပင်ဖြစ်ပါသည်။

## သတိ

ဆိုသည်မှာ မမေ့မှု (သိ) ပေးမှုကို ဆိုလိုပါသည်။

## ပဋ္ဌာန

ဆိုသည်မှာ "သတိ" ကိုအာရုံတည်စေသော (ကာယ၊ စိတ္တ၊ ဝေဒနာ၊ ဓမ္မာ)တို့ကို ဆိုလိုပါသည်။

http://www.dhammadownload.com



ထို့ကြောင့် (သတိပဋ္ဌာန်)တရားသည် "သတိ" ဖြင့် "**ကာယ**" (ရုပ်ဖြစ်မှုသဘော) "**စိတ္တာ**" (စိတ်ဖြစ်မှုသိခြင်းသဘော) "**ဝေဒနာ**" (ခံစားမှုသဘော) "**ဓမ္မာ**" (သညာနှင့် သင်္ခါရဓမ္မသဘော)တို့အပေါ် "**သတိ**" နှင့်တွဲလျှက်၊ "**သတိ**" ကပ်လျက် ရှုကြည့်ရာ၌ (ရုပ်)ဖြစ်မှုသဘော (စိတ်)ဖြစ်မှုသဘော (ဝေဒနာ) ဖြစ်မှုသဘော တစ်ခုခု၏ (ဖြစ်မှု)သဘောကို (သိ) အောင် အားထုတ်ရသောတရားပင် ဖြစ်ပါသည်။

## သတိပဋ္ဌာန်တရားလေးပါး

မြတ်စွာဘုရား ဟောကြားခဲ့သော သတိပဋ္ဌာန်တရား လေးပါးမှာ-

(၁) **ကာယနုပဿနာသတိပဋ္ဌာန်** = (သတိ)ဖြင့် (ရုပ်) သဘောဖြစ်မှုကို (သိ)နေရသည့်တရား။

(၂) **စိတ္တာနုပဿနာသတိပဋ္ဌာန်** = (သတိ)ဖြင့် (စိတ်) (သိမှု) သဘောဖြစ်ပေါ်တိုင်း (သိ)ရသည့်သဘောတရား။

(၃) **ဝေဒနာနုပဿနာသတိပဋ္ဌာန်** = (သတိ)ဖြင့်ခံစားမှု (ဝေဒနာ)သဘောကို(သိ)ရသည့်တရား။

(၄) **ဓမ္မာနုပဿနာသတိပဋ္ဌာန်** = (သတိ)ဖြင့် သညာ၊ သင်္ခါရဓမ္မသဘောကို (သိ)ရသည့်တရားတို့ဖြစ်ပါသည်။

http://www.dhammadownload.com



သတိပဋ္ဌာန်၌ **"သတိ"** က တစ်မျိုးတည်းဖြစ်ပြီး၊ ရှုကြည့်ရမည့်နေရာကား (၄)နေရာဖြစ်၍ သတိပဋ္ဌာန် (၄)မျိုး၊ (၄)ပါးဟူ၍ ဆိုရိုးပြုရခြင်းဖြစ်၏။ (၄)နေရာမှာ (အာရုံ)နှင့် (ခံစားပုံ) တို့မှာ (၄)မျိုးကွဲနေ၍ (၄)နေရာထားရခြင်း ဖြစ်၏။ (ကာယ)နှင့် (ဝေဒနာ)သည် အနုအရင့်သာကွာ၍ (ကိုယ်)ပေါ်မှာ အခြေတည်၏။ (စိတ္တ)နှင့် (ဓမ္မ)တို့သည် အနုအရင့်သာကွာသော်လည်း (စိတ်)၌ ဗဟိုပြု၏။

## ၁။ ကာယာနုပဿနာသတိပဋ္ဌာန်

(ရုပ်)နှင့်ပတ်သက်သော သဘောလေးတွေကို (သိ)အောင်ထုတ်ရပါသည်။ ကာယာနုပဿနာ အားထုတ်မှုအပိုင်းကို (၆)ပိုင်း တွေ့ရပါသည်။

(က)**အာနာပါန** = (ဝင်လေ၊ ထွက်လေ)ကို နှာသီး ဝ၌ (သတိ)ဖြင့် (သိ) ပေးရခြင်း။

(ခ) **ဣရိယာပထ** = သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လဲလျောင်းခြင်းဖြင့် (သတိ)နှင့် (အသိ)ကို အားထုတ်ရခြင်း။

(ဂ) **သမ္ပဇည** = အာနာပါနနှင့် ဣရိယာပထမှလွဲ၍ ကျန်သောစားမှု၊ သောက်မှု၊ ပြောဆိုမှု၊ ကွေးမှု၊ ဆန့်မှု စသော လှုပ်ရှားမှု၊ အပေါ့အလေးစွန့်သည့်ကိစ္စ

http://www.dhammadownload.com



ပါ မကျန် (ကိုယ်)အမူအရာ၊ (နှုတ်) အမူအရာ၊ (စိတ်) အမူအရာတွေ ဖြစ်နေသမျှကို (သတိ)နှင့် (အသိ) တို့ဖြင့် အားထုတ်ရသော ကြားထိုး ကမ္မဋ္ဌာန်း ဟုခေါ်ပါသည်။

(ဃ)**ပဋိကူလမနသိကာရ** = ဆံပင်မှစ၍ ခြေသည်းတိုင်အောင် ခန္ဓာကိုယ်ကြီးရှိ အသား၊ အရိုးအ သွေး၊ ချဉ်ဆီ၊ နှလုံး၊ အသည်း၊ အမှေးကလီဇာပါမကျန် သလိပ် ချွေး၊တံတွေး၊ကျင်ငယ် အပါအဝင် ၃၂ဋ္ဌာနဌ် ရှိသော စက်ဆုတ်ဖွယ် ရာများကို (သတိ) (အသိ)တို့ဖြင့် ဆင်ခြင်အားထုတ်ခြင်းဖြစ်၏။

(င) **ဓါတုမနသိကာရ** = ခန္ဓာကိုယ်ရှိ ပထဝီ၊ တေဇော၊ အာ ပေါ၊ ဝါယောဖြစ်သော ဓါတ်ကြီး ၄ ပါးကို (သတိ)နှင့် (အသိ)တို့ဖြင့် (သိ)ပြီး အားထုတ်ရခြင်း။

(စ) **နဝသီဝထိကပိုင်း** = သုသာန်၊ သင်္ချိုင်းတို့၌ စွန့်ပြစ်ထား သော လူသေတို့၏အနိစ္စသဘော ကိုဆင်ခြင်မိအောင် သဘောအမှန် ကို (သတိ)နှင့် (အသိ)တို့ဖြင့် အား ထုတ်ရခြင်းဟူ၍ ကာယနုပဿနာ

http://www.dhammadownload.com



သတိပဋ္ဌာန်အပိုင်း အားထုတ်နည်း
ကို သတိပဋ္ဌာန် ကျမ်းများ၌ (၆)
နည်း ဖော်ပြထားပါသည်။

## ၂။ စိတ္တာနုပဿနာ သတိပဋ္ဌာန်

(စိတ်)ဖြစ်ပေါ်မှုတွေအပေါ် (သတိ)ကလေးဖြင့် (ဉာဏ်) ကလေးဖြင့် (သိ)ပြီး အားထုတ်ရသောနည်းဖြစ်ပါသည်။ လူလို့ ပြောဆိုနေကြသည့် လူတစ်ကိုယ်လုံးမှာ (စိတ်)မပေါ်တာမရှိ၊ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် စသော ကိုယ် နဲ့ပါတ်သက် သော ဒွါရ (၅)ပေါက်လုံးမှာလည်း(စိတ်) ဖြစ်၏၊ (မနော)ဆိုသော ဟာဒယနှလုံးမှာလည်း (မနောစိတ်) ဖြစ်၏၊ အသက်ရှုရာနှာသီးဝ ၌ တိုးဝှေ့ဝင်ထွက်သွားကြသော ဝင်လေထွက်လေပင်လျှင် အ သက်ရှုစိတ်၊ ရှိုက်စိတ်ဟုခေါ်ဆိုကြပါသည်။

ရှုစိတ်၊ ရှိုက်စိတ်၊ ဝင်လေ ထွက်လေသည်ပင်လျှင် "မီးပါ ဇကာ ကမ္မဇာ သာသာစိတ္တဇဟု သဂြိုလ်၌ လာပုံမှာ၊ (ပါစက) ဝမ်းမီးသည် "ကံ" ကြောင့်ဖြစ် ခြင်း၊ အဿာသ ပဿာသ ဝင်လေ၊ ထွက်လေသည်၊ သာသာစိတ္တဇ= (စိတ်)ကြောင့် ဖြစ်သည်ဖြစ်၍ လူတစ်ကိုယ်လုံးတွင် (စိတ်)မပေါ်ရာ မရှိသောကြောင့် ထို (စိတ်) ဖြစ်တိုင်းကို (သတိ)လေးဖြင့် (ဉာဏ်)ကလေးဖြင့် (သိ) နေခြင်း ဖြင့် (စိတ္တာနုပဿနာသတိပဋ္ဌာန်)အားထုတ်ခြင်း ဖြစ်ပေသည်။

ပထမဆုံးသော မဂ်သည် (သောတာပတ္တိမဂ်) ဖြစ်ရာ သောတာပတ္တိမဂ်ကို ရသော (သောတာပန်)သည် (ဒိဋ္ဌိ) ကွာမှ

http://www.dhammadownload.com



(သောတာပတ္တိမဂ်)ကို ရရာ၊ (ဒိဋ္ဌိ)သည် (စိတ်) ၌သာ ခိုအောင်း နေသောကြောင့် (စိတ္တာနုပဿနာ သတိပဋ္ဌာန်)တရားဖြင့် စိတ်ကလေးတွေ ပေါ်လာသည့်စိတ် (အဖြစ်) နှင့် (အပျက်) ကို မြင်သော် လက္ခဏာရေး သုံးပါးကို (ဝိပဿနာ)ရှုသော် မြန်၏ဟု မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားခဲ့ပါသည်။

## ၃။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်

ခန္ဓာကိုယ်အနေဖြင့် (ခံစားမှု)ဆိုသော (ဝေဒနာ)သည် ဖြစ်ပေါ်လျက်ရှိနေသည့်အတွက် ချမ်းသာသော၊ ခံစားမှုကောင်း သော (သုခ)ဝေဒနာ၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ နာကျင်မှု (ဒုက္ခ)ဝေဒနာ၊ ချမ်းသာ၊ ဆင်းရဲကင်းသော (ဥပေက္ခာ)ဝေဒနာဟူ ၍ ဝေဒနာသုံးမျိုး ဖြစ်ပေါ်ခိုက်၌ (သတိ)နှင့် (အသိ)တို့ဖြင့် အား ထုတ်ရခြင်း (ဝေဒနာ နုပဿနာသတိပဋ္ဌာန်) ဖြစ်၏။

## ၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်

မိမိတို့ သန္တာန်၌ ဖြစ်ပေါ်လာသော ဓမ္မ (သင်္ခါရ)တရား တို့ကို (သိ)အောင် (သတိ)နှင့် (အသိ)တို့ဖြင့် အားထုတ်ရပါသည်၊ (စိတ္တာနုပဿနာ)ကို အားထုတ်၍ ရပါလျှင် (ဓမ္မာနုပဿနာ)ကို လည်း အားထုတ်လို့ ရနိုင်ပါသည်။

http://www.dhammadownload.com



## ဓမ္မဟူသောတရား

ဝနဝါသီဥဧယျဓမ္မသာမိ ဆရာတော်အရှင်သူမြတ်ကြီးက (ဓမ္မ)ဟူသည် (တရား) ဟူ၍ ဘာသာပြန်ရိုးရှိသော်လည်း စင်စစ်မှာ (သဘော) မျှသာ ရှိချေ၏၊ တရားသက်သက်ဟူ၍ သီးခြားမရှိပေ၊ **အကယ်၍ မိမိရှုကြည့် နေသော ရှုကွက်အတွင်းမှ (သဘော)ကို ရိပ်မိလျှင် (တရား)တွေ့ နေချေပြီ၊ မရိပ်မိလျှင်ကား မိမိ၏မျက်တောင်မွေးကို မော့ကြည့် နေသကဲ့သို့သာ ရှိချေ၏။**

သင်သည် ငရုပ်သီးစားလျှက်က ထိုငရုပ်သီး၏ သဘောနှင့် သဘာဝကို ရိပ်မိလျှင် ငရုပ်သီးတရားပေါက်သူမည်၏။

* (သဘော)ကား= စားသုံးနေသည့် ငရုပ်သီး၏ စပ်နေပုံ တည်း
* (သဘာဝ)ကား= စပ်သော ငရုပ်သီးမျိုး၏ စပ်မှုတည်း

ငရုပ်သီး၏ စပ်မှုကား၊ စပ်သော ငရုပ်သီးတိုင်း၌ ပါဝင်၏၊ သို့ပါသော်လည်း စပ်ပုံချင်းကား တစ်မျိုးနှင့် တစ်မျိုး မတူတတ်၊ စားခါစ အခါ၌ ထိရာလျှာနှင့် ပါးစပ်ပတ်ဝန်းကျင်တို့သည် ကွဲပြားချေ၏၊ **ထိုကွဲပြားပုံတို့ကို ခွဲခြမ်းသိတတ်ပါလျှင် တရားတွေ့ပေပြီ၊ ထိုတရားကား ငရုပ်သီးဟူသော ငရုပ်သီးသဘောကို သိသော တရားပေတည်း။**

ငရုပ်သီးစပ်နေပုံမှာ ငါ၊ သူလည်းမဟုတ်၊ အသက်ဝိညာဉ်ကောင်လည်း မဟုတ်၊ စပ်မှုသဘော သက်သက်လေးပင်တည်း၊

http://www.dhammadownload.com



**ထိုနည်းအတူ ခန္ဓာကိုယ်ရှိ (ရုပ်)ဖြစ်စေ၊ (စိတ်)ဖြစ်စေ၊ (ဝေဒနာ)ဖြစ်စေ၊ (ဓမ္မ)ဖြစ်စေ၊ (သတိ)လေးဖြင့် ရှုကြည့်လိုက်သောအခါ (သဘော)မိနေလျှင်၊ ထိုရှုကြည့်စရာ (သဘော)ကို ရိပ်မိ၍ (သိ)နေခြင်းသည်ပင်လျှင် (တရားမြင်)သည် ဟူ၍ တထစ်ချမှတ်ယူရချေသည်၊**

မိမိ၏ခန္ဓာကိုယ်ရှိ (ရုပ်) အကြောင်း။ (နာမ်)အကြောင်းကို ကောင်းစွာရိပ်မိလျှင် (ရုပ်)သဘော (နာမ်) သဘောကို ကောင်းစွာသိသဖြင့် တရားသိသူမည်၏၊

ထို့ကြောင့် (နိဗ္ဗာန်)ရောက်ကြောင်း တရားကို ပြရမည်ဆိုသော် အထက်၌ ဖော်ပြပါအတိုင်း ကာယနုပဿနာ၊ စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာများသည် (အာနာပါန)မှစ၍ အားထုတ် ရရိုးဖြစ်၍ (အာနာပါန)မှစ၍ (သတိ)နှင့် (အသိ) သဘောကို အရင်းပြုပြီး (သတိ)ထား (ဝိရိယ)စိုက်ပြီး၊ သတိဝိရိယဖြင့် (ပညာသိ)ဖြစ်အောင် (ရုပ်)သဘောကြိုက်သူက (ရုပ်)သဘော၊ (စိတ်)သဘောကြိုက်သူက (စိတ်)သဘောကို ရိပ်မိရာမှ ကောင်းစွာ သဘောပေါက်၍ (သိ)သည့် (ပညာသိ)သဘောဖြစ်အောင် အားထုတ်ရမည်သာ ဖြစ်ပေသည်။

## (အာနာပါန) ကျင့်စဉ်

(သတိပဋ္ဌာန်)နှင့် (ဝိပဿနာ)တရားကို အားထုတ်ရာ၌ (အာနာပါန) ဖြင့်သာ စပြီးအားထုတ်ကြရပေမည်။ (အာနာပါန)

http://www.dhammadownload.com



ဟူသည် (သတိ) ဖြင့် ထွက်သက်၊ ဝင်သက် (သိ)မှုကိုသာ ရှုကြည့်ရခြင်း ဖြစ်၏၊ လေနှင့်နှာခေါင်းကို ရှုရခြင်း မဟုတ်ပေ။

ဦးစွာပထမ မျက်စေ့ကို မှိတ်ထားပြီး နှာသီးဝကို (ဉာဏ်) နှင့် ကြည့်၊ နှာ သီးဝကို ကြည့်ဖို့ နှာသီးဝသို့ ဉာဏ်ရောက်လျှင် (ဉာဏ်) ဆိုသည်ကို နားလည်လိမ့်မည်။

နှာသီးဝကို (ဉာဏ်) ရောက်သွားလျှင် အသက်ရှူရှိုက်နေသည်ကို သာမာန်ရှူရှိုက်နေစဉ်အခါကထက် ပို၍သိလာလိမ့်မည်၊ သိလာသည့်အခါ၊ ဝင်လေသိ၊ ထွက်လေသိကိုသာ (သတိ)ထား၍ သိနေပါ။

ဝင်လေသိ၊ ထွက်လေသိကို (သတိ)ထား၍ (သိ)နေသော အားထုတ်ခါစ၌ (စိတ်)သည် ထားသည့် နှာသီးဝ (အာရုံ) မှာ မနေပဲ တခြား (အာရုံ) များသို့ ရောက်ရောက်သွားတတ်ပါသည်၊ သို့မဟုတ် ဝင်လေသိ၊ ထွက်လေသိမမြင်ပဲ အခြားအတွေးစိတ်၊ ကြံစည်စိတ်များဖြစ်၍ စိတ်သည် အတွေးအာရုံ၌ မျောနေတတ်ပါသည်။ (စိတ်)သည် ပြန့်လွင့်နေတတ်ပါသည်၊ အပြင်ထွက်ထွက်သွားတတ်ပါသည်။

(စိတ်)သည် ထားသည့်နေရာ လေကလေးဝင်တာသိ၊ ထွက်တာသိအောင်ထားသည့် နှာသီးဝ(အာရုံ)မှာ မနေပဲ တခြားကို ပြန့်လွင့်နေပါလားဆိုတဲ့ (သတိ)ကလေးလည်း တစ်ချက်၊ တစ်ချက် ရလာပါလိမ့်မည်၊ (သတိ)ရသည့်အခါ စိတ်(အာရုံ) ဟာ တခြားကို ရောက်သွားမှန်း သိလာပါမည်။

http://www.dhammadownload.com



(စိတ်)သည် တခြားကို ရောက်သွားမှန်းသိလာခြင်းသည် (သတိ)ရှိလို့သာ (သိ)လာခြင်းဖြစ်၍ (စိတ်)ဟာ တခြားရောက်မှန်းသိလျှင်၊ သိသိချင်းနဂိုလ်ထားတဲ့နေရာနှာသီးဝ (အာရုံ)ရှိ လေလေးဝင်တာသိ ထွက်တာသိ(အာရုံ)မှာပြန်ထားပြီး ဒီ (အာရုံ) ကနေ နောက်ထပ်ပြန်မထွက်အောင် နှာသီးဝမှာ (သတိ)ကလေးထား၍ (အသိ)ကလေးကပ်ပြီးသိသိနေပါ၊ အဆက်မပြတ်(သိ)နေအောင်ကြိုးစားပါ။ (သတိ)မြဲမှ (အသိ)စွဲမည်။ (သတိ)မထားလျှင် အပေါ်ယံရှုပ်သိတာမျိုး ဖြစ်လိမ့်မည်။ (သတိ)ရှိသော်လည်း (သိ) မပေးလျှင် ကောင်းကောင်း(သိ)မည် မဟုတ်ပေ။

အလေ့အကျင့်မရှိခင်အစမှာ (စိတ်)သည် ပြန့်လွင့်တတ်၍ (စိတ်)သည်ထားသည့် (အာရုံ)မှာ မနေပဲ အပြင်သို့ရောက်တတ်ပါသည်။ နည်းနည်းကြာမှ (စိတ်)ပျံ့လွင့်နေ ကြောင်း (သတိ) ရလာတတ်ပါသည်။ (သတိ)ရလို့ပျံ့လွင့်နေလျှင် ပျံ့လွင့်နေမှန်း (သိ)လိုက်ပါ။

ဒီလို (သိ)ခြင်းသည်လည်း တန်ဘိုးရှိပါပေသည်။ (၅-မိနစ်) တရားထိုင်လို့ ၅-ခါပျံ့လွင့်ရင် ပျံ့လွင့်သော ၅-ခါလုံး (သိ) ပေးပါ။ (သတိ)လက်လွတ်ပြီး အကြာကြီးမပျံ့လွင့်ဖို့ (သတိ)လက်လွတ်ပြီး အတွေးတွေထဲမှာ အကြာကြီးမျောပါမသွားရအောင် ဂရုစိုက်ပါ။ (သတိ)ထားပြီး (အသိ)ကပ်ပေးပါ (သိ)ပေးပါ။ (သတိ)သာထားပြီး(အသိ)မပါဘူး။ (သိ)မပေးနိုင်ဘူး ဆို လျှင် အပေါ်ယံရှုပ်သိတာမျိုးဖြစ်ပြီး မိမိကထားတဲ့(အာရုံ)မှာ(စိတ်) က မသိပဲဖြစ်လျှင် (စိတ်)သည် အပြင်ကို ထွက်တတ်ပါသည်။

http://www.dhammadownload.com



ရှုရှိုက်မှုတွင် သူ့သဘာဝအတိုင်း တိုသွားခြင်းကို လည်း (သိ)ပေးပါ။ (ရှည်)လာခြင်းကိုလည်း (သိ)ပေးပါ။ (မသိ)လျှင် (စိတ်)သည် တခြားကို လွင့်တတ်ပါသည်။

(ရှည်)အောင်လည်းလုပ်မယူသင့်၊ (တို)အောင်လည်း လုပ်မယူသင့်၊ သဘာဝအတိုင်း အသက်ရှုနေသည့် လေ ရှုရှိုက်မှု ပုံမှန်အတိုင်းကိုသာ ရှုကြည့်ပေးပါ။

မိမိကကြားဝင်၍ အရှုအရှိုက်လုပ်မိသော် အမောဆို့ လာတတ်၏။ ထို့ကြောင့် (လုပ်) မရှုလေနှင့် မထုတ်လေနှင့်၊ ရှု ရှိုက်မှုတွင် (ငါ)မဝင်လေနှင့်၊ အိပ်ပျော်နေချိန် ရှုရှိုက်မှုတွင် (ငါ) မပါ။ (သူ) မဝင်သဖြင့် သူ့အလိုလို ပုံမှန် ဖြစ်နေသည်ကို အတု ယူပါ။

(သတိ) ဝင်နေစဉ် (အာရုံ) မှန်ခဲ့သော် မိမိထားသည့် နှာသီးဝ (အာရုံ)မှာ (စိတ်)ရှိနေလေသော် လေသည် ရှည်၍ (အာရုံ) မှားယွင်းခဲ့သော် လေသည် တိုသွားတတ်ပေသည်။ ရှည် ခြင်း၊ တိုခြင်းသည် စိတ်အထိုင်ကျ၊ မကျ၊ စိတ်ငြိမ်မှု မငြိမ်မှု အပေါ်၌ မူတည်လေသည်။ စိတ်ငြိမ်သက်မှု၊ စိတ်အထိုင်ကျမှု ရအောင် အထူး ကြိုးစားပါ။

စိတ်အထိုင်ကျစဉ် ရှုရှိုက်မှု လေသည် လွယ်ကူ သက် သာခြင်း၊ ရှည်ခြင်းအသွင်ကို ဆောင်၏။ စိတ်အထိုင်မကျသော်၊ ရှုရှိုက်မှုလေသည် ပေါ့ဟာဟာ၊ ကျဲတောက်တောက်ဖြင့် ပင်ပန်း ခြင်း၊ တိုခြင်းကို ပြတတ်၏။ စိတ်ပူခြင်း၊ စိတ်ပျံ့လွင့်ခြင်းကို

http://www.dhammadownload.com



ဆောင်၏။ တိုခြင်းကို ဆောင်လာသော်၊ နှာသီးဝရှိ၊ ရှုရှိုက်နေသည့် (စိတ်) (အာရုံ)သည် အပြင်ထွက်တော့မည်ကို သိလိုက်ပါ။ ထိုအခါ နှာသီးဝမှာပဲ (သတိ)မြဲအောင် ထားနိုင်အောင် (ဝရိယ) စိုက်ပေးပါ။

ဒီလို(သတိ)ကပ်ကပ်ပေးမှုနဲ့အားထုတ်ရင်၊ တိုးတက်မှုကို ရလာတတ်ပါသည်။ အားထုတ်ခါစ၌ စိတ်မငြိမ်သေး၍ ဝင်လေ၊ ထွက်လေသည် တိုခြင်း၊ ရှည်ခြင်း ဖြစ်တတ်ပါသည်။ ထိုအခါ လေတိုသွားသည်၊ ရှည်သွားသည်ကိုလည်း (သိ) ပေးပါ။ (သတိ)ကို နှာသီးဝ (အာရုံ)မှာပဲ မလွှတ်တန်းကပ်ထားပြီး အသက်ကို မှန်မှန်လေး ရှုပေးပါ။ အခြားကို စိတ်မရောက်အောင် (အတွေး)တွေ ဝင်မလာအောင် နှာသီးဝမှာပဲ (အသိ)ကိုကပ်ထား ပေးလျှင် အချိန်နည်းနည်းကြာလာသော် အလေ့အကျင့်ရ၍ (စိတ်) ငြိမ်လာ၍၊ ဝင်လေရှည် ထွက်လေရှည်ကို သိလာပြီး မှန်မှန်လေး ရှုရှိုက်နိုင်ပါတော့မည်။

ဒီအခါမှာ ဝင်လေရှည်၊ ထွက်လေရှည်ကို (သတိ)ထားကြည့်ပါ။ (သတိ)ထားရာ နှာသီးဝကို (ဝင်လေ) ပွတ်တိုက်ဝင်လာရာမှာ ဝင်လေဆုံး၍ ပွတ်တိုက်မှုရပ်ပြီး၊ ရုတ်တရက်ပင် (ထွက်လေ) အတိုက်သည့် နှာသီးဝ၌ ပေါ်လာပြီးတိုးတိုက်၍ ထွက်သွား ပေမည်။ ထိုသို့ ဝင်လေ ထွက်လေ ပွတ်တိုက်ဝင်လာ၊ တိုးတိုက် ထွက်သွားသည်ကို ဝင်လေ၏ အစ၊ အလယ်၊ အဆုံး၊ ဝင်လာမှု ၄-စက္ကန့်၊ ၅-စက္ကန့်ကြာမျှ ဝင်လေ၏ အစ၊ အလယ်၊ အဆုံး၊ ဝင်လာမှု၊ ထွက်လေ၏ အစ၊ အလယ်၊ အဆုံး ၄-စက္ကန့်၊

http://www.dhammadownload.com



၅-စက္ကန့်မျှ ထွက်သွားမှု စသည် ဝင်လေ ထွက်လေ၏ အစ၊ အလယ်၊ အဆုံး၊ ပွတ်တိုက်မှု၊ တိုးတိုက်မှု အစဉ်ကို သိပေးနေပါ။

ဝင်လေနှင့် ထွက်လေနှစ်ခုအကြား တစ်စက္ကန့်မျှ အခိုက် အတန့်ကလေး ရပ်သွားသည့် အချိန်ကလေးကိုလည်း (သိ)ပေး ပါ။ ဝင်လေ၊ ထွက်လေ၏ ထွက်ဝင်နေမှု အစ၊ အလယ်၊ အဆုံး အစဉ်ကြီးကို ကြားလွတ်ကွက် မရှိအောင် (သိ)နေမှ ရှုကြည့်နေမှ သာလျှင် (စိတ်အာရုံ)အပြင်မရောက်နိုင်တော့ပြီ။

ဒီလို အစ၊ အလယ်၊ အဆုံး (သိ)ပေးနေမှုမှ တဆင့်တက် ၍ ပွတ်တိုက်ပြီးဝင်၊ တိုးတိုက်ပြီးထွက်သွားသည့် သဘောလေးကို (အာရုံ) ပြုပြီး (ကြည့်) ပေးနေပါက၊ (သိ)ပေးနေပါက အတန်ကြာ လာသော် ပွတ်တိုက်ပြီးဝင်၊ တိုးတိုက်ပြီး ထွက်သွားမှုသဘော၌ (ဝင်လေ) တွင် စစချင်း၌ လေသည်နှာသီးဝကို ဦးဆုံး(ထိ)တယ်၊ ထိပြီးမှ ပွတ်တိုက်ပြီး ဝင်သွားတယ်။ (ထွက်လေ)သည်လည်း စစချင်း နှာသီးဝကို (ထိ)တယ်၊ ထိပြီးမှ တိုးတိုက်ပြီး ထွက်သွား သည့် သဘော "လှိုင်းပုံရိပ်" ဟန်လေးသည် (ထိ) မှန်း၊ (သိ)မှန်း လောက်အောင် (သိ)လာပေမည်။

ဝင်လေ၊ ထွက်လေ၏ အစဉ်ကြီးကို မသိလိုက်သည့်ကြား လွတ်ကွက်မရှိအောင် (သတိ)ထား၍ ဝင်လေအစအဆုံး တစ် ချက် (သိ)လျှင် မိမိ(စိတ်)ကို တစ်ချက်အပိုင်ရနေကြောင်း သိသာ၏။ ထွက်လေ၏ အစအဆုံးကိုလည်း (သတိ) ထား၍ တစ်ချက် သိလိုက်သော် မိမိ(စိတ်)ကို တစ်ချက်အပိုင်ရနေပြန်၏။ ထိုသို့ တစ်မိနစ် စိတ်မပျံ့လွင့်ရာက၊ ၅-မိနစ်၊ ၁၅-မိနစ် စသည့်

http://www.dhammadownload.com



ဖြင့် စိတ်မပြန့်လျှင် မိမိ(စိတ်)ကို ၅-မိနစ်၊ ၁၅-မိနစ်စသည်ဖြင့် ပိုင်လာ၏။

(သတိ)အား ဝင်လေ၊ ထွက်လေ ရှူကွက်အတွင်း ပေါ်လွင်လာသည့် (အာရုံ)ပုံရိပ်များကို ဖမ်းမိပြီး ရှင်းရှင်းကြီး (သိ) အောင် ရှုကြည့်ရာ၏။ ရှုကြည့်ရာ၌ အောက်ပါအတိုင်း သတိပြုနည်းမျိုးဖြင့် ရှုကြည့်နိုင်၏။

(၁) ဝင်သည့်ထွက်သည့် (ရှူကွက်)ကို မလွတ်အောင်(ဝိရိယ) လေးနဲ့ တွန်းအားပေးပြီး (သတိ)ဖြင့် အဆက်မပြတ် (သိ)ပေးပါ။

(၂) ဝင်ဘယ်လို၊ ထွက်ဘယ်လို ဆိုသည်ကို (စိတ်ဝင်စား)စွာ ကြည့်ပါ။ ဝင်ဘယ်လို ထွက်ဘယ်လို ဆိုသည်မှာ (ဝင်လေ)သည် အစ၊ အလယ်၊ အဆုံး၊ ပွက်တိုက်၍ ဝင်လာပုံ၊ (ထွက်လေ)သည် အစ၊ အလယ်၊ အဆုံး၊ တိုးတိုက်၍ ထွက်သွားပုံ ချင်းရာတို့ကို ကြည့်ပေးရာ၏။ နှာသီးဝ၌ ဝင်စ၊ ဝင်လယ်၊ ဝင်ဆုံးပုံ တစ်ခုနှင့် တစ်ခုမတူသည် ကို (သိ)အောင် (စိတ်ဝင်စား)စွာ ကြည့်ရှုရာ၏။

(၃) ပစ္စုပ္ပန်တည့်အောင် (သိ) ပေးရာ၏။ ပစ္စုပ္ပန်တည့်အောင် ဆိုသည်မှာစိတ်ကို တစ်ခြားမရောက်စေပဲ ရှူကွက် နေရာမှာပဲ အတွေးမပါရစေအောင် ယခုပဲ၊ ဒီနေရာမှာပဲ **(Now & Here)**ဖြစ်သော နှာသီးဝ(ရှူကွက်)ကိုပင် (သိ)ပေးရသော (အသိ) ထဲတွင် (အတွေး)လုံး မပါစေရ။ ကမ္မဋ္ဌာန်းဆရာ၊ တရားဟော ဆရာတို့က ဟောပြသင်ပြထားသော (ထိ၊ သိ၊ သတိ) စသော ဆရာ မှာထားသော (စကားလုံး) သိတွေ မပါပဲ၊ (ပုံသဏ္ဌာန်)

http://www.dhammadownload.com



ပေါ်မှုတွေလည်း မပါပဲ၊ ရိုးရိုး(အသိ) ဖြင့် (သိ)ပေးရာ၏။ ဆန္ဒမစောပဲ၊ အမျှော်မ ထားပဲလည်း (သိ)ပေးရာ၏။

(၄) ဝင်လေ၏ အစ၊ အလယ်၊ အဆုံး ပွတ်တိုက်မှု မတူပုံကို စိတ်ဝင်စားစွာ ကြည့်ပေးခြင်း၊ ထွက်လေ၏။ အစ၊ အလယ်၊ အဆုံး တိုးတိုက်မှု မတူပုံတို့ ကို (စိတ်ဝင်စား) စွာကြည့်ရှုပေးခြင်း ဖြစ်ရာ၏။

(၅) ဝင်လာသောလေကလေးသည် အနည်းငယ်အေးခြင်း၊ ထွက်သွားသောလေကလေးသည် အနည်းငယ်နွေးခြင်းစသည့် အေးမှု၊ နွေးမှုကိုလည်း အသေးစိတ်ပီပီပြင်ပြင် သိလာသည့်အထိ (သမာဓိ) ရအောင် (သိ)ပေးပါ၊ ဒီလိုသိလာပါလျှင် (စိတ်)သည် တခြားမထွက်တော့ပဲ (ရှုကွက်)တွင်း၌သာ စွဲမြဲနေပါလျှင် (သတိ၊ သမာဓိ) ကောင်းစွာ ရလာပါတော့၏။

(သမာဓိ) မှ (ပညာ)သို့ တက်ခါစမှမှာ (သတိ)သည် ရှုကြည့်ရုံဖြင့် ကိစ္စမပြီး (အာရုံ)၏ အခြေအနေကို လိုက်၍လည်းကောင်း၊ (ရုပ်နာမ်)ဖြစ်စဉ်တို့၏ အခြေအနေကို လိုက်၍လည်းကောင်းရှုနည်း၊ ကြည့်နည်းများကို အခြေအနေအရပြောင်းလွှဲအသုံးချပေးရာ၏။

ကမ္မဋ္ဌာန်းအားထုတ်ရာတွင် ဗိုလ်ငါးပါး၊ အားငါးမျိုးဟူ၍ ရှိ၏ ဟု ဝနဝါသီဥေယျမေ့ သာမိထေရ် ဆရာတော်ဘုရားကြီးက ပြသပေးပါသည်။

http://www.dhammadownload.com



| | ဗိုလ်ငါးပါး | | အားငါးမျိုး |
|---|---|---|---|
| ၁။ | သဒ္ဒါဗိုလ် | = | ယုံကြည်အမှုအင်အား |
| ၂။ | ဝိရိယဗိုလ် | = | ကြံ့ခိုင်အင်အား |
| ၃။ | သတိဗိုလ် | = | ထက်မြက်သည့် (သတိ)အင်အား |
| ၄။ | သမာဓိဗိုလ် | = | တည်ကြည်မှုစိတ်ငြိမ်မှုအား |
| ၅။ | ပညာဗိုလ် | = | ပိုင်းခြား(သိ)သော အင်အား |

(သဒ္ဒါ)ယုံကြည်မှုအားရှိလျှင် (ဝိရိယ)ကြံ့ခိုင်အားဖြစ်၏။ ကြံ့ခိုင်အား (ဝိရိယ)ရှိလျှင် (သတိ)အားဖြစ်၏။ (သတိ)အားရှိလျှင် (သမာဓိ) တည်ကြည်မှု စိတ်ငြိမ်အားရှိ၏။ (သမာဓိ) တည်ကြည်မှု စိတ်ငြိမ်အားရှိလျှင် (ပညာ) ပိုင်းခြား(သိ)သော အင်အားဖြစ်၏။

(အာနာပါန) အားထုတ်ရာတွင် အဓိကလိုအပ်ချက်မှာ ရှုကွက်အတွင်း၌

## "ဝိရိယ၊ သတိ၊ အသိ"

ဟူသောအားသုံးမျိုးပင်ဖြစ်၏။ (ဥပမာ) ပြရသော် -

(သဒ္ဒါ) က လက်သယ် (သမာဓိ)ကလင်ယောက်ျား၊
(သတိ) နှင့် (ဝိရိယ)ကညှစ်အား
(အသိ) ကား ဝမ်းဗိုက်အတွင်းမှ မွေးဖွားလာသည့် သတို့သားဟူ၍ နားလည်ရာ၏။ (ညှစ်အားနှစ်ခု၊ ဖွားမှု တစ်ခု ဤသုံးခုသာလျှင် အရေးကြီးဆုံးဖြစ်၏။)

http://www.dhammadownload.com



(အာနာပါန) ကမ္မဋ္ဌာန်း အားထုတ်၍ ကြာလာသော် (လှုပ်သိ) (အေးသိ)၊ (နွေးသိ) စသည်တို့သည် ဖြစ်လာ၏။

ထိုလှုပ်သိ၊ အေးသိ၊ နွေးသိစသော သိသိနေသော (အသိ)များသည် ငရုပ်သီးစားကြည့်သော ကမ္မဋ္ဌာန်းသမား၏ ငရုပ်သီး၏ စပ်မှန်း (သိ) (သာမာန်သိ)မှု၊ စပ်နေပုံအချင်းအရာ (အသိ)ထိ(သိ) ရှိလာသော် ငရုပ်သီးစားရင်းကထိုင်သော (ကမ္မဋ္ဌာန်း) ကိစ္စပြီးစီးရသကဲ့သို့ ဝင်မှန်း (သိ)ထွက်မှန်း (သိ) (ပရမတ်) (အသိ) များတိုးပွား၍ လာတော့၏။

အားယူစကမ္မဋ္ဌာန်းသမား၏ တစ်ချက်(သိ)သည် (တစ်ကျပ်) တန်ငွေသားကောက်ရသည့်ပမာရှိ၏။ (သတိ)ကောင်းလာ၍ လှုပ်သိ၊ အေးသိ၊ နွေးသိစသော (အသိ)များရလာ၍ (သမာဓိ) ဘက်သို့ တက်မိလာသော သူ၏ (အသိ) တစ်ချက် သည် (တစ်ဆယ်) တန်မျှတန်ဘိုးရှိ၏။

(မဂ်)သို့ကျပြီးသူ၏ (အသိ)တစ်ချက်ကားတစ်ရာမျှပင် တန်ကြေးထိုက်၏။ တစ်ကျပ်တန်၊ ဆယ်ကြိမ်ကောက်ရက ၀၂စ် ဆယ်အလိုလိုဖြစ်၏။ တစ်ဆယ်တန်ဆယ်ကြိမ်ကောက်ယူမိပါက တစ်ရာ အလိုလို ဖြစ်လာသကဲ့သို့သာတည်း။

http://www.dhammadownload.com



## (အာနာပါန) တရားရုံး

အာနာပါနရှုပွားပုံကို ဝနဝါသီဥဿယျမမွသာမိထေရ် ဆရာတော်ဘုရားကြီးက ဆက်လက်၍ ဥပမာပေးရာတွင်

| | | |
|---|---|---|
| **အာနာပါန** | = | ကား (တရားရုံး)နှင့်တူ၏။ |
| **သတိ** | = | ကား (တရားသူကြီး)အရာတည်း |
| **ထိ၊ သိ** | = | ကားတရားလို၊ တရားပြိုင်တည်း |
| **ဝင်လေထွက်လေ စသည့်အာရုံများ** | = | ကား(သက်သေ)များသာတည်း |

တရားရုံးတော်၌ အမှုစစ်တရားသူကြီးကား ဘက်မလိုက်မိရန် ခေါင်းအေးအေးထားပြီး ကြားနာစစ်ဆေးရာ၏။ သက်သေများဖြစ်သောဝင်လေ ထွက်လေ၏။ သက်သေအစစ်ခံချက်များကို အဝင် ဘယ်လို၊ အထွက်ဘယ်ပုံ၊ ဝင်သဘော၊ ထွက်သဘောကို (သတိ) တရားသူကြီးသည် ကြားနာခြင်းဖြစ်သော ရှုပွားခြင်း (အသိ) ကပ်ပေးခြင်းကို ပြုရာ၏။

တရားလို၊ တရားပြိုင်တို့ဖြစ်သော (ထိ၊ သိ) နှစ်ပါးတို့၏ အမှုမှန်ပေါ်အောင် ကြားနာစစ်ဆေးခြင်းတည်းဟူသော ရှုပွားခြင်း (အသိ) ကပ်ပေးခြင်းဖြင့် (ထိ၊သိ)နှစ်ပါးကို ထိ = ကဘယ်လို၊ သိ = ကဘယ်လိုဟူ၍ ကွဲပြားအောင် ရှုနေခြင်းသည် (ရုပ်နာမ်) နှစ်ပါးကို ပိုင်းခြားရှုနေခြင်းပင် ဖြစ်တော့၏၊

http://www.dhammadownload.com



## (အာနာပါန)မှလိုရာ (ဝိပဿနာ)သို့

(အာနာပါန)သည် အသက်ရှူမှုကို ကိုင်၍ လှုပ်ခါကြည့်ရသောနည်းဖြစ်ခြင်းကြောင့် (ဇီဝပယောဂ) ကမ္မဋ္ဌာန်းဟူ၍လည်း သမုတ်ကြ၏၊ (အာနာပါန)ကား အမြဲလည်းရှိ၏၊ ထင်ရှားလည်းရှိ၏၊ မြတ်စွာဘုရားပင်လျှင် လက်မလွှတ်သော (အာနာပါန)ဖြစ်၏၊

(အာနာပါန)ဖြင့် ခဏိက သမာဓိ၊ ဥပစာသမာဓိ၊ အပ္ပနာသမာဓိထူထောင်ပြီးမှ၊ အချို့ဉာဏ်ထက်မြက်သူ ပါရမီရှင်များ (ဈာန်)အဆင့်ဆင့်ရပြီးမှ (ဝိပဿနာ)ဘက်သို့ ကူးကြ၏၊

အာနာပါနဖြင့် သမာဓိထူထောင်ပြီးလျှင် ကာယ၊ စိတ္တာ၊ ဝေဒနာဓမ္မာနုပဿနာဘက်သို့ ကူးနိုင်သလို ဤစာအုပ်၏စာမျက်နှာ(၁၆၉)၌ ဖော်ပြခဲ့သော နိဗ္ဗာန်ရောက်ကြောင်း (၅)မျိုးမှ၊ မိမိစရိုက်နှင့် ကိုက်ညီခဲ့သည့်လိုရာ တစ်မျိုးမျိုးဘက်သို့ ကူးနိုင်၏၊

## (ကာယနုပဿနာ)ကျင့်စဉ်

(အာနာပါန)သည် အားလုံးသော ကမ္မဋ္ဌာန်း၏ထိပ်ခေါင်ဖြစ်သလို (ကာယနုပဿနာ)၏ ထိပ်ခေါင်လည်းဖြစ်၏၊ (အာနာပါန)မှ (သတိပဋ္ဌာန်)တရားလေးပါးရှိ (ကာယနုပဿနာ)ဖြင့် အားထုတ်လိုသူများသည် (ဝိရိယ)စိုက်၍ (အာနာပါန) ရှူကွက်အတွင်းသို့ (သတိ)အမြဲသွင်းထားပြီး ပြဆိုခဲ့ပြီးသည့်အတိုင်း (လှုပ်သိ၊ အေးသိ၊ နွေးသိ)သည်အထိ အားထုတ်ရာ၏။

http://www.dhammadownload.com



လေကလေးတိုးဝင်သွားလို့၊ တိုးထွက်သွားလို့ လှုပ်ရ၏၊ ထိုလှုပ်မှု၊ တိုးမှုမှာပင် (ထိ)မှုဆိုသည်ရှိ၏၊ တိုးမှု၊ လှုပ်မှုကိုပင် အာရုံပြု၍ ကြည့်နေသော်၊ ထိုလှုပ်မှုသည် လေကလေးပွတ်ပြီး (ထိ)သွားသည့်အတွက် ထိ၍ လှုပ်သွားခြင်းဖြစ်၏၊

(တိုး)နေသည့်သဘော (လှုပ်)နေသည့် သဘောမှ (ထိ)မှု သဘောကို (သိ)အောင် အားထုတ်ရာ၏။ (ထိ၊ သိ) နှစ်ပါးတွင် ထိမှုကို နာနာဖိရှုရာ၏၊ တစ်ချက်ထိလျှင် တစ်ချက်သိ၊ နှစ်ချက် ထိလျှင် နှစ်ချက်သိ၊ ဆယ်ချက်ထိလျှင် ဆယ်ချက်သိအောင် ရှု ကြည့်ရာ၏၊

တစ်ချက်ထိလျှင် တစ်ချက်သိနှုန်းဖြင့် (ကာယနုပဿနာ) အားထုတ်ကြမည့် (ကမ္မဋ္ဌာန်း) သမားများသည် (ထိ)သည့် (ရုပ်) ကို ဖိရှုကြည့်ခြင်းဖြင့် (နာမ်) သိမှုလည်း မိလာ၏၊

ရှုရှိုက်စေလိုသော (နာမ်)ကြောင့် ရှုရှိုက်လိုက်ရာ၊ ရှု ရှိုက်မှုကို တစ်ဖန်ပြန် (သိ)နေ၏၊ ဤသို့ဖြစ်က (အသိ)ဦးဆောင် (အထိ)နောက်လိုက်ဖြစ်၏။

(ထိ)မှု လှုပ်ရှားသွားသဖြင့် (သိ)မှုပေါ်ခြင်းအားဖြင့် လည်း (ထိ)မှု ဦးဆောင် (သိ)မှု နောက်လိုက်အားဖြင့် (ထိ၊သိ)နှစ် ခုကို ကွဲပြားအောင် ရှုနေခြင်း၊ (ထိ)မှုဘက်က စရှုလိုက်၊ (သိ) မှုဘက်က စရှုလိုက်နှင့် (ထိမှု၊ သိမှု) ကို တစ်ပြန်စီ သိနေအောင် ရှုကြည့်ရာ၏။

http://www.dhammadownload.com



ဤသို့ (ထိ)မှု (သိ)မှုကို တစ်ပြန်စီ အပြန်ပြန်အလှန်လှန် သိမြင်လာသော်၊ ထိမှုက(ရုပ်)၊ သိမှုက(နာမ်)၊ (ရုပ်နာမ်)နှစ်ပါးကို ပိုင်းခြားသိသော (အသိ)ဖြစ်ချေ၏၊ (ရုပ်၊နာမ်)နှစ်ပါးကို သိလာသော (အသိ)ရလာ၏၊

(ရုပ်၊နာမ်)တို့၏ အပြန်အလှန် ကျေးဇူးပြုမှု မှ တစ်ဆင့် အကြောင်းအကျိုးဆက်၊ အကျိုးဖက်က အကြောင်းပေါ် အားဖြင့်၊ အကြောင်းကြောင့် အကျိုးပေါ်လာသည့် (ရုပ်၊နာမ်)နှစ်ပါး၏ အကြောင်းအကျိုးကို တွေ့နိုင်ရာ၊ ဤ (အသိ)သည် ဇာတ်ကောင် သိလျှက်က ဇာတ်လမ်းကွဲသွားသော ရုပ်ရှင်ကြည့်သမားကဲ့သို့ ခန္ဓာ၏ အကြားမှ ခွဲထွက်လာသော ကိုယ်ပိုင်ဉာဏ်ဖြင့် သဲကွဲစွာ သိခြင်းမျိုး ဖြစ်ပေတော့၏၊

ဤ (ရုပ်နာမ်)သိသော (အသိ)သည် (သတိ၊သမာဓိ) ကောင်း၍ ပေါ်ထွက်လာ၏၊ (ရုပ်နာမ်)အသိနှင့် (ရုပ်နာမ်ဖြစ်ကြောင်း) (အသိ)သည် ဝိပဿနာအခြေခံ ဖြစ်လာတော့၏၊

တလှုပ်လှုပ်၊ တရွရွ ဖြစ်နေသော (အနိစ္စ)၊ တပျက်ထဲ ပျက်ပြီး အပျက်ခြင်းဆက်နေသော(ဒုက္ခ)၊ အဖြစ်နဲ့ အပျက်နှစ်ပါး စုံဖက်သော (အနတ္တ)ဖြစ်သော (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ဟူသော လက္ခဏာရေး သုံးပါး မပေါ်သေး၍ (ဝိပဿနာ) အခြေပြုမျှ ရှိသေး၏၊ ဆက်လက်ပြီး (ဝိပဿနာဉာဏ်)ခေါ်သည့် (ရုပ်) သဘော၊ (ရုပ်နာမ်) တို့၏သဘော ဖြစ်ပေါ်လာပြီးပျက်သွားသည့် (အနိစ္စ) သဘောလက္ခဏာ၊ (ဒုက္ခ)၊ လက္ခဏာ၊ (အနတ္တ) လက္ခဏာတစ်ပါးပါး ပေါ်အောင်ရှုကြည့်ခြင်းသည် (ဝိပဿနာ)

http://www.dhammadownload.com



မည်၏ (အထူးရှုကြည့်ရ ခြင်း)မည်၏။

## ဝိပဿနာအဆင့်

(ဝိပဿနာ) မှ (မဂ်) ကူးပုံတွင် (ဝိပဿနာ) အဆင့် ရောက်အောင်(အဖြစ်နှင့်အပျက်) ကြည့်စဉ်တုံးက(သတိ)သာ ဖြစ်၏။ (ဝိပဿနာ)အဆင့်ရောက်သော်(သတိ)ထက် (သိ)အား (ဝါ) ဘာဝနာမယ (ပွားအား)ကိုသာ ဦးစားပေးရာ၏။ (ပွားများ)မှု ဖြင့် ပြီးစီးနိုင်သောကြောင့် (သတိ)ကို (ဉာဏ်)ဟူ၍ ခွဲခြား သုံးနှုန်း လာ၏။ ပွားများမှုအရှိန် ရလေလေ (အသိဉာဏ်) ရလေလေ ဖြစ်၏။

(ဖြစ်ပျက်) လက္ခဏာရေး သုံးပါးမှ တစ်ပါးပါးကို လက် ကိုင်ပြု၍ (မဂ်)သို့ ဝင်ရောက်ရ၏။ (ဖြစ်ပျက်)သည် အလွန် မြန်ဆန်လှသဖြင့် တိုတောင်းသော ကာလအတွင်း မမှတ်မိနိုင် လောက်အောင်များပြားချေ၏။ ထိုအခါ မှီသလောက်သာ သိနေ ခြင်း၊ ရှုကွက်အတွင်း၌သာ စိတ်စိုက်ထားခြင်းကို ပြုရာ၏။ ဤသို့ ဖြစ်ပျက် (အသိ)များလာသော် (မဂ်ဉာဏ်)ကား (သုံညတ) ဖြစ် ပျက်မရှိရာ(အသိ)ဖြစ်၏။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်းပြီး၊ ဖြစ်ပျက်ဆုံးရာ (သုံညတ) (မဖြစ်ရာမပျက်ရာ) ဉာဏ်ဝင်လာလျှင် (မဂ်ဉာဏ်)ကြီး ဆိုက်ပေတော့၏။

http://www.dhammadownload.com



# (စိတ္တာနုပဿနာ)ကျင့်စဉ်

(အာနာပါန) ကမ္မဋ္ဌာန်းအလုပ်သည် (ဉာဏ်) လုပ်ငန်း (စိတ်)လုပ်ငန်းဟု ဆိုရိုးရှိပေသည်။

**ဉာဏ်** = ပါမှအရာဝင် } (သတိ) ပါသော (အသိ)သည် (ဉာဏ်) မည်၏။

**စိတ်** = ပါမှအသိဝင် } (ဉာဏ်)နှင့် သိ သော (အသိ)သည် (ပရမတ်) (ပညာ) သို့ ဦးဆောင်၏။

အသက်ရှူရှိုက်လေသမျှ (စိတ်)အထိုင်ကျမှုရစေရန် ဝင်လေ(ထိ)သမျှအစအဆုံး(သိ)အောင်ထွက်လေ(ထိ)သမျှအစအဆုံး(သိ)အောင်အားထုတ်နေစဉ်အတွင်း (အတွေးအကြံ)ဟူသမျှ လုံးဝမပါရအောင် ဂရုပြုပြီး (ပစ္စုပ္ပန်)တည့်တည့် (ပရမတ်)တည့်တည့်ဖြစ်သော တိုးတိုက်မှု၊ အေးမှု၊ နွေးမှု အာရုံများကို စိတ်ဝင်စားစွာ ရှုကြည့်ရာ၏။

လေတိုးသွား၍ (ထိ) သမျှ သိသိ နေရန်ဖြစ်၏။ တစ်ချက်(ထိ)၊ တစ်ချက်(သိ)မှစ၍ (ထိ)တိုင်း (သိ)မှုဖြစ်ရ၏။ (ထိ)သမျှသိ သိနေခြင်းသည် (အနုပဿနာ) အဖန်ဖန် အထပ်ထပ် ရှုမှတ်နေခြင်း ဟုဆိုရ၏။ (သတိ)နှင့် (အသိ)ထပ်မိမှုမှာ အဓိကအကျဆုံး ဖြစ်၏။

(သတိ)နှင့်(အသိ)ထပ်မိလျှင် (ထိ)မှုကိုလည်း ရှုကြည့်လို့ရ၏။ (သိ)မှုကိုလည်း ရှုကြည့်လို့ရ၏။ (ထိမှု)နှင့် (သိမှု)တို့ကို

http://www.dhammadownload.com



တစ်လှည့်စီ အပြန်ပြန်အလှန်လှန် ရှုကြည့်လို့ရ၏။

**(အာနာပါန)ရှုနည်းကား ဝင်သက်၊ ထွက်သက်ဖြစ်၍ (ခန္ဓာ)၏ အသက်ဖြစ်နေ၏။ (ခန္ဓာ)၏ အချက်အခြာလည်း ကျသဖြင့် ဤအချက်အခြာ၌ (ထိ)မှုနှင့်(သိ)မှုတို့ကို နိုင်နင်းပါလျှင် ကိုယ်ခန္ဓာတစ်ခုလုံး မည်သည့်နေရာမဆို မခဲယဉ်းတော့ပေ။ ဤ (အာနာပါန)မှ မရေရာသော်အခြားတို့အပေါ်၌ ခဲယဉ်း၏။ အဘယ်ကြောင့်ဆိုသော် (အနုပဿနာ)၏ သော့ချက်သည် ဤ (အာနာပါန)မှ စတင်ရခြင်းကြောင့် ဖြစ်၏။**

ဤ (အာနာပါန)ကို ဝင်ခလုတ်၊ ထွက်ခလုတ်ပမာ၊ နှာသီးဝ၌ ပွတ်ချီဖြင့် (စိတ်)ကို (အာနာပါန) အာရုံမှာထားပြီး အား ထုတ်မှုကြာလာသော် (စိတ်)က အပြင်မထွက်တော့ပဲ သည် (အာရုံ)မှာပဲ စွဲမြဲလာသည့်အခါ၌ (စိတ်)သည် (သတိ၊ သမာဓိ) ကောင်းလာ၍သိမ်မွေ့လာပြီး အေးမှု၊ နွေးမှုကို သိနေသော် တဖြည်းဖြည်းဖြင့် (ထိ)မှုနှင့်(သိ)မှုတို့ကို အပြန်ပြန်အလှန်လှန် သိလာပါလျှင် (ခန္ဓာအရှိကို ဉာဏ်အသိ)နှင့်ကိုက်ညီလာပြီး ခန္ဓာ၏ (ဖြစ်ပျက်) ဆီသို့ ဦးတည်နိုင်တော့မည်ဖြစ်ချေသည်။

(အာနာပါန)ကို အကျဉ်းချုံးရလျှင် -

## "သတိထား၊ ထိရာကြည့်၊ ကြည့်ရာသိ" ဖြစ်ရ၏။

သတိထားပြီး၊ ထိရာကြည့်၊ ကြည့်ရာသိရအောင် (သတိ သမာဓိ) ကောင်းကောင်းဖြင့် အားထုတ်နေမည်ဆိုပါလျှင် ဝင်လာ

http://www.dhammadownload.com



**သည့် လေသည် နည်းနည်း(အေး)သည်၊ ထွက်သွားသည့် လေသည် နည်းနည်း(နွေး)သည်ကအစ သိမ်မွေ့တာလေးများကို (သိ)နေမည်ဆိုလျှင် အရှိကို အရှိအတိုင်း သိလာ၍ အမှန်မြင်လာလျှင် (ဝိပဿနာသမ္မာဒိဋ္ဌိ) ပညာဉာဏ် ရလာတော့၏။**

ထိုအမှန်မြင်အာရုံ၏ လှုပ်မှု၊ အေးမှု၊ နွေးမှု၊ ထိမှု၊ သိမှုလေးတွေကို ပိုမြင်အောင် မျက်ခြေမပြတ် (အသိ) ကပ်ပေးခြင်းသည်(သမ္မာသင်္ကပ္ပ)ပညာမဂ္ဂင်ဖြင့် မှန်စွာကြံပေးခြင်း ဖြစ်ချေ၏။

**မြင်သည်ကို (အသိ)မမြဲလျှင် မတိုးတက်၊ (အသိ)မြဲသည်အမှန်မမြင်လျှင်လည်း မသဲကွဲပေ။ ထို(ပညာမဂ္ဂင်)နှစ်ပါးပေါင်းမှကွဲပြားစွာမြင်သိရသည့် (အမှန်မြင်မှု) တိုးတက်လာပါသည်။**

(သမ္မာဒိဋ္ဌိ)အမှန်မြင်မှုရအောင် (သမ္မာသင်္ကပ္ပ) မျက်ခြေမပြတ်အသိ ကပ်ပေးနိုင်အောင် (အာနာပါန) ဝင်လေသိ၊ ထွက်လေသိကို နှာသီးဝအာရုံမှာ စိတ်ဝင်စားမည်ဆိုလျှင် (စိတ်)သည်ထားသည့် (အာရုံ)မှာပဲ နေတော့၏။ (စိတ်)တို့မည်သည့် စိတ်ဝင်စားစရာတွေမှ (ငြိမ်)ကတ်သောအမျိုးဖြစ်သောကြောင့်တည်း။

(စိတ်)သည်ထားသည့်(အာရုံ)၌နေလျှင် (သတိ)မြဲလာသဖြင့် (အသိ)စွဲလာခြင်းကြောင့် ပညာ(မဂ္ဂင်)သို့ အလိုလို ကူးပြောင်းလာတော့သည်။ ဤကဲ့သို့သိနေသော (အသိ)ရှင်သည် မိမိ၏အကြောင်းခံအမှန်ကိုလည်း (သိ)ခွင့်ရပြီး ငြိမ်သက်အေးချမ်းမှုကိုလည်း ဖြစ်ပေါ်စေ၍ ကိစ္စအားလုံးပြီးစီးစေနိုင်၏။

http://www.dhammadownload.com



နှာသီးဝ၌ လေဝင်တာသိ၊ ထွက်တာသိ (စိတ်)သည် ပဉ္စဒွါရဝဇ္ဇန်း(ဝိညာဏ်သိ) ရိုးရိုးသိစိတ်သာ ဖြစ်သေး၍ (သတိ၊ သမာဓိ) ကောင်းလာသော် လေကလေး တိုးမှု၊ တိုက်မှု၊ လှုပ်မှု၊ အေးမှု၊ နွေးမှု အာရုံကို(သိ)သော စိတ်သည် (မနောဝိညာဏ်သိ) (သတိ)နှင့်ယှဉ်သော (မနောဒွါရဝဇ္ဇာန်းစိတ်) ဖြစ်ရာ ထိုစိတ်သည် နူးညံ၏။ သိမ်မွေ့၏။ ထိုသိမ်မွေ့စိတ်သည် ခေါင်းအေးခြင်း၊ စိတ်ငြိမ်ခြင်း၊ သတိမြဲခြင်းတို့မှ ရရှိသော စိတ်ဖြစ်ရာ ထိုသိမ်မွေ့စိတ်သည် (သတိသမာဓိ) ပို၍ပို၍ကောင်း သော်(ထိ)တာကိုလည်းသိ၏။ (သိ)တာကိုလည်း ပြန်သိ၏။

(လှုပ်)မှုကို(သိ)သော၊ အေးမှု၊ နွေးမှု စသော နူးညံ့သော (အာရုံ)ကိုသိသော (စိတ်)သည် တဖြည်းဖြည်းခြင်းဖြင့် သိမ်မွေ့သော (ထိ)မှုနှင့် (သိ)မှုကို တလှည့်စီ ကွဲကွဲပြားပြား သိမြင်လာလျှင်(သိ)မှုကို သေသေချာချာ သိမြင်လာလျှင် (စိတ်)ကိုလည်း (သိ)၏၊ (သိ)သောစိတ်ကိုလည်း ပြန်သိ၍ ရလာ၏။

(သိ)မှု စိတ်ကို ပြန်သိလာသည့်အခါ အခြားသိသော (စိတ်) ဖြစ်တိုင်းကိုလည်း ပြန်သိ၍ရလာသောကြောင့် (စိတ္တာနုပဿနာ)ဖြင့် (စိတ်)ကိုရှုလိုသော (ကမ္မဋ္ဌာန်း)သမားသည် ဖြစ်ပေါ်သည့်သိမှု (စိတ်)ကို အစဉ်တစိုက် ကြည့်ရှု၍ အားထုတ်သွားခြင်းဖြင့် သိမ်မွေ့သည်ထက် သိမ်မွေ့သော စိတ်(ဖြစ်မှုပျက်မှု)ကို သိနိုင်ပါတော့သည်။

အာရုံနှင့် စိတ်သည် အတူတူဖြစ်ပြီးအတူတူပျက်သွားကြ

http://www.dhammadownload.com



၏။ (သိ)မှုသဘောဖြစ်သော (စိတ်)ကိုသိအောင် ရှုနေသူအဖို့ (သတိ၊ သမာဓိ)ကောင်းလာ၍ (စိတ်)ငြိမ်နေသည့်အခါ ထင်ရှားသော (အာရုံ)တခုခုပေါ်လာသည်ဖြစ်စေ၊ သဘာဝလက္ခဏာ တခုခုပေါ်လာသည်ဖြစ်စေ၊ ပေါ်ပေါ်ခြင်းသိ၏။ သိသိခြင်းမရှိတော့သည်ကိုသိ၏။ တဖြည်းဖြည်းနှင့် (စိတ်)ကို (သတိ)ထားကြည့်လာသည့်အခါ (သိမ်မွေ့)သော စိတ်အာရုံများပင်သိလာ၍ သိသိခြင်းမရှိတော့သည့် (ဖြစ်ခြင်း၊ ပျက်ခြင်း)ကို သိနိုင်သည့်အဆင့်သို့ ရောက်လာချေ၏။

စိတ္တာနုပဿနာ(စိတ်)ကို ရှုလိုသော အားထုတ်လိုသော ကမ္မဋ္ဌာန်းသမားသည် ပထမဦးစွာ (အာနာပါန)ဖြင့် လှုပ်မှု၊ အေးမှု၊ နွေးမှု၊ ထိမှု၊ သိမှုတို့ကို (သိ)သည့် အဆင့်တိုင်အောင် အားထုတ်နိုင်ပါမှ (သတိ၊ သမာဓိ) ကောင်းကို ရရှိနိုင်ပေမည်။

(သတိ၊ သမာဓိ) ကောင်းလာသော ကမ္မဋ္ဌာန်းသမားသည် လှုပ်မှု၊ အေးမှု၊ နွေးမှု၊ ထိမှု၊ သိမှု စသော မတူသော (အာရုံ) များကို သိရုံမျှမကတော့ပဲ (သိမ်မွေ့)သော (အာရုံ)လေးများကိုပင် သိလာရပေမည်။

သိမ်မွေ့သော (အာရုံ)လေးများကို သိလာသည့်အခါ (အာရုံ) နှင့် (စိတ်)သည်တန်းနေ၍ (စိတ်)ကလည်း (သိမ်မွေ့)သော (အာရုံ)ကိုပါ သိနိုင်စွမ်းရှိလာပါသည်။

သိမ်မွေ့သောအာရုံကို (သိ)လေလေ စိတ်သည် ထင်ရှားလေလေဖြစ်၍ (အာရုံ)ထင်ရှားမှုကြောင့် (စိတ်)သည်လည်း

http://www.dhammadownload.com



ထင်ရှားလာလေတော့၏။ (အာရုံ)ကို သိလေလေ (စိတ်)ကိုလည်း သိလေလေ ဖြစ်လာသည့်အတွက် (ခန္ဓာအရှိကို ဉာဏ်အသိနှင့် ကိုက်) နေတော့၏။

ပေါ်လာသည့် (စိတ်)ကို သိသိလာသည့်အခါ၊ (စိတ်)ကို အခုသိပြီး အခုမရှိတော့သည့်စိတ် (ဖြစ်ပျက်)ကို ပါသိလာပါတော့သည် ဒီလိုသိလာသည့်အခါ (ဝိပဿနာ) ဖြစ်လာပြီး (ဝိပဿနာဉာဏ်) ရလာသောကြောင့် စူဠသောတာပန် အဆင့်ကို ပင် တက်လှမ်းမိပေတော့သည်။

(စိတ်၊ ဖြစ်ပျက်) မြင်လာသောအခါ (ဉာဏ်) ကိုပဲ မပျောက်ပျက်အောင် ဆက်လက်၍အပျက် (အနိစ္စ) လက္ခဏာကို ကြည့်ခြင်းအားဖြင့် (ဒုက္ခ) လက္ခဏာကိုပါသိလာနိုင်သောကြောင့် (ဝိပဿနာ) ခေါ်သည့် မြင်သည့်လက္ခဏာကို မြင်သည့်အတိုင်း (အထူး) ရှုခြင်းဖြင့် ဆက်လက်၍ ကိလေသာ ကြားမခိုအောင် ရှုနိုင်ပါလျှင် (ဖြစ်ပျက်) မုန်းလာသော ဉာဏ်ရလာပြီး ထိုမှတဆင့် ဖြစ် ပျက်မုန်းရာမှ မဖြစ်ရာမပျက်ရာ ဆီသို့ ဦးတည်ပြီး (ဖြစ်ပျက် ဆုံး) (နိဗ္ဗာန်) သို့ မျက်မှောက်ပြုနိုင်တော့မည် ဖြစ်ပါသည်။

## ခန္ဓာမရှိတာကိုသိရမယ်

မိုးကုတ်ဆရာတော်ဘုရားကြီးက ဟောကြားပြသ ပေးသည်မှာ (သင်္ခါရဒုက္ခ) ဆိုတာ (ဖြစ်ဒုက္ခ)၊ (ဝိပရိနာမဒုက္ခ) ဆိုတာ (ပျက်ဒုက္ခ)၊ ဒီ (ဖြစ်ဒုက္ခ) နဲ့ (ပျက်ဒုက္ခ) ဟာ အင်မတန် သိမ်မွေ့

http://www.dhammadownload.com



ပါတယ်၊ ဒီလို (သိမ်မွေ့) တဲ့ (ဖြစ်ပျက်ဒုက္ခ) ကို မြင်မှ သိမှ (ဒုက္ခသစ္စာ) ကို နားလည်မယ်။

ဖြစ်မှုသဘောတွေဟာ ကောင်းတာ ဘာမျှမရှိ၊ နှစ်သက်စရာမရှိ၊ (ဖြစ်) လာပြီး (ပျက်) သွားတာဟာ (အန္တရာယ်) တွေ (ဒုက္ခ) တွေပါလားလို့ ဒီလိုသိလာရင် ဒါတွေဟာ (ငါ) လည်းမဟုတ်၊ အကြောင်းအကျိုးဆောင်နေတဲ့ (ဒုက္ခ) တွေဖြစ်လို့ (ဒုက္ခသစ္စာ) လို့ ခေါ်ရတယ် (ခန္ဓာ)မှာ အမှန်ဖြစ်နေတဲ့ (ဖြစ်ပျက်) ဒုက္ခတွေ့မှ (ဒုက္ခသစ္စာ)တွေ၊ ဒုက္ခအမှန်တွေပါလား ဒီလို တွေ့တော့မှ (ဒုက္ခ) ဝန်ထုပ်ကြီးကို မလိုချင်တော့ဘူး။ လွတ်ချင်လာတယ်၊ ဒီလိုသိမှ (ဒုက္ခသစ္စာ)ကို တကယ်သိလာတယ်။

(ရုပ်)ကလေးတွေ (စိတ်)ကလေးတွေ ဖြစ်လိုက် ပျက်လိုက်နေတာ (ခန္ဓာ) ရနေတာပဲ၊ (ခန္ဓာ)ရနေသမျှ (နိဗ္ဗာန်) နဲ့ ဝေးသေးတယ်၊ (ခန္ဓာ) က (ဒုက္ခသစ္စာ)၊ (နိဗ္ဗာန်)က (ခန္ဓာမရှိ)တဲ့ ချုပ်ငြိမ်းတဲ့ (နိရောဓသစ္စာ) ဒါ့ကြောင့်ခန္ဓာချုပ်တဲ့ (နိဗ္ဗာန်)ကို ရချင်ရင် ရောက်ချင်ရင် (ခန္ဓာမရှိ) တာကိုသိအောင်လုပ်ရမယ်၊ ဒီအကျင့်ကို ကြိုးစားယူရမယ်။

(ဖြစ်ပျက်)ကို မြင်ချင်ရင် (ရုပ်)သဘော (စိတ်)သဘောလေးတွေရဲ့ (အဖြစ်)မြင်ရုံနဲ့ မဖြစ်သေးဘူး၊ (အဖြစ်) မြင်ရုံနဲ့ဆိုရင် (ဝိပဿနာ) အပါးမဝသေးဘူး၊ ဘယ်(ရုပ်)ခန္ဓာလာလာ ဘယ်(စိတ်)ခန္ဓာလာလာ(မရှိ)တာကိုပဲသိရမယ်၊ ဒီလိုသိတဲ့(အသိ)ဟာ တန်ဘိုးမဖြတ်နိုင်ဘူး၊ ဒီအသိမျိုးရအောင်၊ ရရင်လည်း တိုး

http://www.dhammadownload.com



တက်အောင် ကြိုးစားကြရမယ်၊ ဒီအသိမျိုး တာရှည် သိနေရင် (နိဗ္ဗာန်)နား ကပ်နေပြီလို့ မှတ်ကြ။

နူးညံ့သိမ်မွေ့တဲ့ (ရုပ်)ခန္ဓာ ဖြစ်ဖြစ်(စိတ်) ခန္ဓာဖြစ်ဖြစ် (ဉာဏ်)နဲ့ ကြည့်ကြ၊ (မရှိ)တာကိုတွေ့ရင် (ဖြစ်)တာကို (သိ) စရာ မလိုတော့ဘူး (မရှိ)တာကိုပဲ (သိ)ရတော့မယ်။ (မရှိ)တော့တဲ့ (အသိ)မျိုး တာရှည်သိရင် (နိဗ္ဗာန်)နားကပ်နေပြီလို့ အဓိပ္ပါယ် ရပါတယ်၊ ဒီလိုမြင်တတ်မှုဟာ အရေးအကြီးဆုံးပဲ။

**(ဝိပဿနာဉာဏ်) က(ခန္ဓာ)ကိုမြင်ရမယ်။ (မဂ်ဉာဏ်) က (ခန္ဓာ)မရှိတဲ့ (နိဗ္ဗာန်) ကိုမြင်မယ်။ ဒီတော့ (ဖြစ်ပျက်) မြင်ပြီးရင် (ဝိပဿနာဉာဏ်) ရင့်မှုရောက်ချင်ရင် ပေါ်လာတဲ့ (ရုပ်) သဘောကလေးတွေ (စိတ်) သဘောကလေးတွေရဲ့ (မရှိ) တာချည်းကိုပဲ (ဉာဏ်) နဲ့ကြည့်ရမယ်။**

## ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်ကူးပုံ

မိုးကုတ်ဆရာတော်ဘုရားကြီးက ဆက်လက်ဟောကြား ပြသပေးသည်မှာ (ဖြစ်ပျက်) တွေ မြင်ဖန် များလာတော့ (ဉာဏ်) တွေ ရင့်လာမယ် အဲ့ဒါဆက်ရှုတော့ (ဉာဏ်) တွေက (ဖြစ်ပျက်) တွေကို စွန့်ခွာလိမ့်မယ်၊ အဲဒီ(ဉာဏ်)ဟာ **"ပက္ခန္ဒတိသစ်တေ"** တဲ့ (ဖြစ်ပျက်)တွေမရှိတဲ့ နယ်ထဲသို့ ပြေးဝင် သွားလိမ့်မယ်။

(ဖြစ်ပျက်) မရှိတဲ့နယ်ဆိုတာ နိရောဓသစ္စာ(နိဗ္ဗာန်)ကို ပြောတာ၊ အဲ့ဒီ (နိရောဓသစ္စာ)နယ်ထဲသို့ (ဉာဏ်)က ပြေးဝင်သွား

http://www.dhammadownload.com



တယ် (နိဗ္ဗာန်)နဲ့ (ဉာဏ်)နဲ့ သွားတည့်တာပဲ၊ အဲ့ဒါဟာ (ဝိပဿနာ ဉာဏ်)က (မဂ်ဉာဏ်)သို့ ကူးပြောင်းသွားခြင်းပဲ (မှန်ပါ့ဘုရား)

## (ဉာဏ်)က (နိဗ္ဗာန်)ဘက်လှည့်တယ်

မိုးကုတ်ဆရာတော်ဘုရားကြီးက ဆက်လက်ဟောကြား ပြသပေးသည်မှာ ပထမဦးဆုံး (ဖြစ်ပျက်)ကို (မြင်အောင်)ရှု၊ ပြီးတော့ (မုန်းအောင်)ရှု၊ ဒီဖြစ်ပျက်တွေက (ဒုက္ခသစ္စာ)တွေ၊ ဒါကြောင့် မလိုချင်တော့ဘူး။ (မှန်ပါ့)၊ မလိုချင်တော့ "ဖျတ်" ခနဲ ဒီ (ဖြစ်ပျက်)တွေ ချုပ်ကုန်တယ် (မှန်ပါ)။

မလိုချင်တဲ့ ကိုယ့်(ဉာဏ်)ကလေးက (နိဗ္ဗာန်)ဘက်ကို လှည့်တော့တယ်။ (ခန္ဓာ)ဘက်ကိုမလှည့်တော့ဘူး (မှန်ပါ့ ဘုရား)

(ဒုက္ခသစ္စာ)တွေကို ကြည့်ရင်းကြည့်ရင်းနဲ့ "ဖျတ်"ဆို ချုပ်ကုန်ကြမယ်၊ ပျောက်ကုန်ကြမယ် (မှန်ပါ့) ပျောက်သွားတဲ့ အခါကျတော့ ဘာနဲ့နေရစ်တုံးဆိုရင် ခုနက ရှုတဲ့ (ဉာဏ်) ကလေး နဲ့ နေရစ်တယ် (မှန်ပါ့ဘုရား)

အဲ့ဒီ(ဉာဏ်) ကလေးနဲ့(ဒုက္ခ)ပျောက်တဲ့နေရာကလေးနဲ့ တည့်နေတယ် (မှန်ပါ့ဘုရား)၊ (ဒုက္ခ)ပျောက်တဲ့နေရာက (နိဗ္ဗာန်) (မှန်ပါ့) ဒီ(ဉာဏ်)ကလေးက (မဂ်ဉာဏ်)ပဲ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



# (ဒုက္ခနိရောဓ)ကို ရုပ်ရှင်ကြည့်သလိုမှတ်ပါ

မိုးကုတ်ဆရာတော်ဘုရားကြီးက ဆက်လက်ဟောကြားပြသပေးသည်မှာ (နိဗ္ဗာန်)ဟာ (ဒုက္ခသစ္စာ)ရဲ့ အဆုံးမှာရှိတယ် (မှန်ပါ့) (ဒုက္ခသစ္စာ) ဖြစ်တဲ့ (ဖြစ်ပျက်)တွေရဲ့ အဆုံးမှာ (နိဗ္ဗာန်)ရှိတယ် (မှန်ပါ့ဘုရား)

"ဒုက္ခဿန္တံ ကရိဿတိ" ဆိုတာပဲ (မှန်ပါ့) ဒုက္ခဿန္တ = ဒုက္ခရဲ့အဆုံး (ဖြစ်ပျက်)တွေရဲ့ အဆုံးဖြစ်တဲ့ (နိဗ္ဗာန်)ကို ကရိဿတိ (သစ္ဆိကရိဿတိ) မျက်မှောက်ပြုရလတ္တံ့ ဆိုတာ ဒါပါပဲ (မှန်ပါ့ဘုရား)။

ရုပ်ရှင်ကြည့်တဲ့အခါ မျက်လုံးနဲ့ နောက်ခံပိတ်ဖြူကားပေါ်မှာကြည့်ရတာမဟုတ်လား (မှန်ပါ့) ရုပ်ရှင်ပြီးသွားတော့လည်း မျက်လုံးကနောက်ခံပိတ်ဖြူကားပေါ်ကို ရောက်တာပဲ မဟုတ်လား (ဟုတ်ပါတယ်ဘုရား)။

အေး. . . ရုပ်ရှင်ပြနေတုန်းက ပိတ်ကားပေါ်မှာ အရုပ်တွေဟာ သွားလာလှုပ်ရှားနေကြတာ (ဒုက္ခသစ္စာ) တွေနဲ့တူတယ် (မှန်ပါ့) ရုပ်ရှင်ပြီးသွားတဲ့အခါ ပိတ်ကားပေါ်မှာ အဖြူထည်ကိုပဲ တွေ့ရတာက (နိရောဓသစ္စာ)မြင်ရတာနဲ့ တူတယ် (မှန်ပါ့ဘုရား)

(ရှင်းလင်းချက်)-ပိတ်ကားပေါ်မှ အရုပ်တွေသည် ပုထုဇဉ် လူများ၏ သဘာဝအတိုင်း လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ဣဿာ၊ မိစ္ဆာရိယ၊ ကုက္ကုစ)တို့ ပါဝင်သော လူတို့၏ အကုသိုလ်

(သတိပဋ္ဌာန်)၏ သဘာဝတွင် ဣရိယာပထ သမ္ပဇာည တို့ဖြင့် အချိန်ပို အချိန်အားမရှိအောင် (သတိ) တစ်လုံးကို အမွေရ ပတ္တမြားတစ်လုံးကဲ့သို့အမြဲတန်း (သတိ)တရဖြင့် အမြဲ (သတိ)ပြုနေရာ၏။

**"(သတိပဋ္ဌာန်)တရားသည် (သတိ)ကို တတိ၊ တတိဖြင့် ဖိပေးပြီး (ကိလေသာ) ကိုချုပ်ပြီး တုတ်နှောင်ပြီး ဖြစ်ပါမှ အသေ ကိုင်သောနည်းဟု ခေါ်နိုင်ကြောင်း ဝနဝါသီဥေယျမ္မသာမိထေရ် ဆရာတော်ဘုရားကြီးက ဟောကြားပြသပေးပါသည်။"**

## ဣရိယာပထကျင့်စဉ်

(သတိပဋ္ဌာန်) တရားစဉ်နှင့် လုပ်ငန်းစဉ်တွင် (အာနာ ပါန) ထိုင်သော နည်းဖြင့် တွဲဖက်၍ ဣရိယာပထ ကျင့်စဉ်နည်း ဖြင့်လည်း အားထုတ်ရ၏။ (သတိ)အရှိန်မပျက်ရေးအတွက် (အာ နာပါန) အားထုတ်နည်းဖြစ်သော ထိုင်၍ အားထုတ်ခြင်းသည် တစ်နေ့လုံးထိုင်နေ၍လည်း မကောင်းပေ။ ကြာကြာထိုင် လျှင် အမြဲထိုင်နေလျှင် တင်ပါး၌ ထိုင်နာစွဲမည်သာ ဖြစ်နိုင်သဖြင့် ဣရိယာပုတ်ပြောင်းလဲ အားထုတ်ရန် မြတ်စွာဘုရား ဟောကြား ထားသည့်အတိုင်း အထိုင်နှင့် အထ အကြား၊ အထနှင့် အရပ် အကြား၊ အရပ်နှင့် အသွား အကြား၊ အသွားနှင့် အနား အကြား စသည့်(ဣရိယာပုတ်လေးပါး)၌ အကြားအလပ် မရှိရအောင် ကိလေသာ ကြားမခိုအောင်၊ အဝိဇ္ဇာ(မောဟ)မဝင်ရအာင်(သတိ) ကလေးနှင့်(ဉာဏ်)ကလေးနှင့် (သိ)ပြီးနေပါမှ ကိစ္စပြီးစီးနိုင်ရာ၏။

http://www.dhammadownload.com



(အာနာပါန)ကို ထိုင်၍ အားထုတ်ပြီးနောက် (အထိုင်)မှ (အထ)သို့ ဣရိယာပုတ်ပြောင်းလဲလိုသော် ဦးစွာထိုင်ရာမှ ထချင်သည့် ပြင်ဆင်လို(စိတ်)က စတင်လှုံ့ဆော်ရာ၏။ ပြင်လိုသည့် (စိတ်)ကရှေ့ကနေပြီး သူခိုင်းလိုရာ ကိုယ်၊ ခြေ၊ လက်၊ အင်္ဂါတို့ကို တို့ကာ၊ တို့ကာနှိုးဆော်ပေးတိုင်း (ကိုယ်)ကလည်း (စိတ်)ကလေးလှုံ့ဆော်ရာအပိုင်းတိုင်းမှနေ၍ အသက်ဝင်လာကာ တင်ပလ္လင်ခွေ ရုတ်သိမ်းခြင်း၊ ဘုရားကန်တော့ခြင်း ထိုင်ရာမှ တဖြည်းဖြည်းကြွ၍ ခြေထောက်ခြင်း၊ လက်ထောက်ခြင်း၊ ခြေအားယူခြင်း၊ လက်အားယူခြင်းစသည့်ဖြင့် တဖြည်းဖြည်းချင်းဖြင့် (စိတ်)စေခိုင်းရာ (ရုပ်)လိုက်လာသည့် (ထ)နေသည့်ပုံရိပ်မြင်မှု သဘောကို (သိ)အောင်ကြည့်ရာ၏။

(အထ)နှင့် (အရပ်)အကြားမှာ ထရာမှရပ်ခြင်းကိုလည်း ထနေရာမှ ရပ်သည့်အထိ လှုပ်ရှားမှုပုံရိပ်ကို ထင်မြင်အောင်ရှုရာ၏။ ရပ်ရာမှ စင်္ကြံသွားလိုစိတ် ဖြစ်ချင်း အထိ (စိတ်)က တစ်ခုပြီးမှ တစ်ခု ဖြစ်နေပုံ၊ (ရုပ်)တို့ကလည်း တစ်ခုပြီးမှ တစ်ခုကျဖြင့် လိုက်ပါ လှုပ်ရှားနေရပုံတို့ကို စေ့စေ့စုံစုံ အကုန်သိမြင်ရအောင် အားထုတ်ရာ၏။ **ထိုသို့ အားထုတ်ရာ၌ အရင်စလို မပြုလုပ်ရာ၏ (စိတ်) နှိုးဆော်မှုကို (သိ)မှ (ရုပ်)လိုက်ပါပုံကို သိရသည့်အတိုင်း သူ့ သဘာဝလှုပ်ရှားမှုအတိုင်းသာ ဖြစ်ရာ၏။**

**"သွားခြင်း စင်္ကြံကမ္မဋ္ဌာန်း"** သည်ကား (ဖဝါး)မှာသာ (သတိ)နေရာချထားပြီး စေ့စေ့စပ်စပ်(သတိ)ကပ်လျှက် (ခြေဖဝါး)၏ အကြွ၊ အလှမ်း၊ အချ၊ အထိ ထိုလေးမျိုးတို့၏ လှုပ်ရှားရာ

http://www.dhammadownload.com



အချိန်ကာလများအတွင်း၀ယ် ခန္ဓာ၏ လှုပ်ရှားဖြစ်ပျက်ပုံ တစ်ခုနှင့် တစ်ခုကွာခြားနေကြသည်ကို တွေ့မြင်လာသည့်အခါ ဩော် ဒီလိုကိုး (ရုပ်) သဘောကားဒီလိုပါလားဟု သိမြင်လာအောင် ငရုပ်သီးစပ်သည့် သဘောကို သိနေသလို ဣရိယာ ပထကျင့်နည်း၌လည်း (ရုပ်)သဘောကိုလည်း သိနေအောင် အားထုတ်ရာ၏။ **အားထုတ်ရာတွင် အရေးကြီးသည်မှာ အလေသုံးဆယ် (ဝါ) အရေးကြီးသုတ်ပြာ မပြုလုပ်မိအောင် ဆင်ခြင်ရာ၏။**

စင်္ကြံကမ္မဋ္ဌာန်းသည် ခန္ဓာအတွင်းရှိဓာတ်တို့ကို သွက်စေ၊ ထက်စေသောနည်းဖြစ်၏။ အလှုပ်ကမ္မန်းလည်းဖြစ်၏။ အလှုပ်မှ ရသော (သတိသမာဓိ) သည် အငြိမ်ကမ္မဋ္ဌာန်းမှရသည်ထက်ပိုမိုခိုင်မာ စေသည့်အတွက် ဤစင်္ကြံကမ္မဋ္ဌာန်းကို လေးစားရာ၏။

**(သတိ)ကို အမြဲကပ်ထား၍ (စိတ်)ကို ငြိမ်ငြိမ်ထားပြီး (စိတ်)ကလှုံ့ဆော်မှုပေးနေ၍ (ရုပ်)ကလိုက်ပါရပုံကို ငရုပ်သီးစပ်သည့်သဘောအသွင် (စိတ်)နှင့် (ရုပ်)တို့ (ဝါ) (ရုပ်နာမ်)နှစ်ခု တို့ (ဖြစ်ပျက်)နေပုံကို (သတိ)ထား၍ (ဝရိယာ)စိုက်၍ အသိ(ပညာ) ဖြင့် ရှုရာ၌ အတ္တဘောခန္ဓာ၏ အခြေအနေကိုဆုံးအောင် (သိ) အောင်အားထုတ်ရာ၏။**

## သမ္မဇဉ်ကျင့်စဉ်

ဝနဝါသီဥေယျဓမ္မသာမိထေရ် ဆရာတော်ဘုရားကြီးက (သမ္ပဇည)သည် မှန်ကန် တည့်မတ်သော (အသိ)ဉာဏ် ဟူ၍ ဆိုလို့ ရ၏။ ပဟာသတ်ပဋ္ဌာန်နည်း၌ (သမ္ပဇည)ကာယပိုင်းခေါ်

http://www.dhammadownload.com



လှုပ်ရှားပိရာတိုင်း၌ ပုန်ကန်တည့်ပတ်စွာ (သတိဉာဏ်)ဖြင့် (သိ) စေရသောနည်းကို ပြတ်စွာဘုရား ဟောကြားထားပါသည်။

နံနက်အိပ်ရာမှ နိုးလာပြီး တဖန် ညအိပ်ရာ ဝင်သည့် အချိန်အထိ တနေ့လုံး ဣရိယပထ၏ အထိ၊ အထိုင်၊ အထ၊ အသွား (စကြ်ာ)တို့မှ လွဲ၍ လွတ်ထွက်နေသော လှုပ်ရှားမှုကိစ္စ မှန် သမျှကိုလည်း ပိုက်စိပ်တိုက်လျှက် (သိ)ပေးနေရသော နည်းပင် ဖြစ်ပေသည်။ (သမ္ပဇည) ကို (ကြားထိုးကမ္မဋ္ဌာန်း) ဆိုကလည်း မပှားနိုင်ချေ။

တနေ့တာ မလုပ်မဖြစ်သော စားသောက်ရာမှာလည်း (သတိ)ဖြင့် (သိ)ရခြင်း၊ သာမာန်သွားလျှင်လည်း (သတိ)ဖြင့် သိရခြင်း၊ အိပ်လျှင်၊ နိုးလျှင်၊ စကားပြောဆိုရာတွင် ကိုယ်လက် သန့်စင်မှုမှအစ တစ်နေ့တာမည်သည့်လှုပ်ရှားမှုပဲလုပ်လုပ် အပေ့ါ အလေးသွားရာ၌ပင် (သတိ)မလွတ် (အသိ)မလွတ်ရအောင် အားထုတ်ရသော ကျင့်နည်းပင်ဖြစ်ပေသည်။

ဆရာတော်ကြီးက လူဖြစ်စေ၊ သတ္တဝါဖြစ်စေ၊ မိမိက စတင် ကျူးလွန်သော အမှုမှန်သမျှ (စိတ်)ကပင် စတင်၏။ ပြီးမှ သာ (စိတ်)ကမဆန့် နိုင် တော့မှဆိုင်ရာ (ကိုယ်နှုတ်) သို့ ရောက်ရ စမြဲဖြစ်၏။

တစ်ဖက်က ထိပါးကျူးကျော်လာသော အမှုကိစ္စ မျိုးတို့ ဆိုလျှင် (ရုပ်)ကသာ အလျှင်လက်ခံထားရပြီး (စိတ်)က နောက်မှ နေ၍ အရေးယူခြင်းသည် ဖြစ်မြဲတည်း။

http://www.dhammadownload.com



မြင်မှု၊ ကြားမှု၊ ကြံစည်မှု၊ ပြောဆိုမှု တို့အားဖြင့်လည်းကောင်း၊ ကြိုက်စေါ်ကား၊ မကြိုက်ပြစ်မှား စသည့်အားဖြင့်လည်းကောင်း၊ တစ်နေ့တာ(ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု)တို့၌ ဖြစ်ပွားနေသော အမှုပေါင်းစုံ မှန်သမျှ၊ သင့်ကိုယ်နှင့် သင့်စိတ်တို့ အပြန်အလှန် မျက်စပြစ်ကာ လွန်ကျူးမြဲဖြစ်ချေရာ၊ စိတ်နှင့်ကိုယ်ကို မည်သူက (တစ်)တရားခံ၊ မည်သူက (နှစ်)တရားခံဆိုသည်ကို (သတိ)ဟူသော တရားသူကြီးက (ကမ္မဋ္ဌာန်း) ဟူသော (တရားရုံး)မှာ စစ်ဆေးမှသာ (ရုပ်နာမ်)အမှုမှန်ပေါ်ပြီး (အမှု) သံသရာမှ လွတ်မြောက် ချေတော့မည်။

ထို့ကြောင့် "ဟဲ့ . . . စိတ်ယုတ်မာလေး၊ နင်ဘယ်ပြေးမလဲ ၊ နင်ဘယ်ပြေးပြေး၊ နင်ပြေးလေရာ နင့်နံဘေးက ဒို့အမြဲ (သိ) နေတယ်" ဟူသောသဘောသည်ကား (သတိပဋ္ဌာန်)၏ သဘောဟူ၍ မှတ်ပါလေ။

ဦးပုစ်ဆရာတော်ဘုရားကြီးကလည်း ရဟန်းရှင်လူအများ ပြည်သူနားလည်လွယ်အောင် (မဟာသတိပဋ္ဌာနသုတ်နိဿယ)ကို ပြန်လည်ရေးပြရာတွင်(သမ္ပဇည)ကြားထိုး ကမ္မဋ္ဌာန်းအားထုတ်နည်းကို ပြသရာ၌ -

| | | |
|---|---|---|
| သုတ္တေ | = | အိပ်သည်ရှိသော်၊ |
| ဇာဂရိတေ | = | နိုးသည်ရှိသော် |
| ဘာသိတေ | = | စကားပြောသည်ရှိသော်၊ |
| တုံဏှိဘာဝေ | = | ဆိတ်ဆိတ်နေသည်ရှိသော် |
| အဘိက္ကန္တေ | = | ရှေ့သို့တက်သည်ရှိသော်၊ |

http://www.dhammadownload.com



| | | |
|---|---|---|
| ပဋိက္ကန္တေ | = | နောက်သို့ဆုတ်သည်ရှိသော် |
| အာလောကိတေ | = | တည့်တည့်ကြည့်သည်ရှိသော်၊ |
| ဝိလောကိတေ | = | စောင်းငဲ့ကြည့်သည်ရှိသော် |
| သမိဉ္စိတေ | = | ဆန့်သောလက်ကို ကွေးသည်ရှိသော် |
| ပသာရိတေ | = | ကွေးသောလက်ကိုဆန့်သည်ရှိသော် |
| ဂတေ | = | သွားသည်ရှိသော် |
| ဌိတေ | = | ရပ်သည်ရှိသော် |
| နိသိန္နေ | = | ထိုင်သည်ရှိသော် |
| အသိတေ | = | စားသည်ရှိသော် |
| ပီတေ | = | သောက်သည်ရှိသော် |
| ခါယိတေ | = | ဝါးသည်ရှိသော် |
| သာယိတေ | = | လျက်သည်ရှိသော် |
| သင်္ဃာဋိပတ္တ စီဝရဓာရဏေ | = | သင်္ကန်း, ဒုကုဋ်အဝတ်တို့ကို ဆောင်လေ၊ လဲလေသော် |
| ဥစ္စာရပဿာဝကမ္မေ | = | ကျင်ကြီးကျင်ငယ်စွန့်သည် ရှိသော် |
| သမ္ပဇာန ကာရီဟောတိ | = | (သတိ)လေးဖြင် (ဉာဏ်)ကလေးဖြင့် (သိ)ပြီးပြုရာ၏။ |
| သမ္ပဇာနကာရီ | = | (သတိ)သမ္ပဇဉ်နှင့် (သိ)ပြီးပြုလုပ်လျှင် ထိုသို့ပြုလုပ်တတ်သော အလေ့အကျင့်ရှိလျှင်၊ ထိုအလေ့အကျင့်နှင့်ပြည့်စုံသော ယောဂီသည် သမ္ပဇာနကာရီမည်သည်။ ဟောတိ = ဖြစ်၏။ |

http://www.dhammadownload.com



အထက်ဖော်ပြပါ တနေ့တာ ပြုရသည့် လှုပ်ရှားရသည့် ကိစ္စကြီးငယ်ဟူသ၍ကို (သမ္ပဇည)နည်းဖြစ်သော (သတိ)ကလေးဖြင့် (ဉာဏ်)ကလေးဖြင့် (သိ)ပြီးပြုပါဟူသော (သမ္ပဇည) ကာယပိုင်းကိုလည်း ဟောကြားထားပါသည်။

## နိုးနိုးခြင်းအားထုတ်ပါ

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော (မဟာသတိပဋ္ဌာန်)တရားတော်၊ သမ္ပဇညအပိုင်း၌ "ဇာဂရိတေသမ္ပဇာနကာရီဟောတိ" ဇာဂရိတေ = မနက်နိုးနိုးခြင်း၊ သမ္ပဇာနကာရီဟောတိ = (သတိ) သမ္ပဇဉ်လေးဖြင့် (သိ)ပေးပါဟု ဟောကြားတော်မူသည့်အတွက် (သတိ)နှင့် (အသိ) ကလေးကိုအပြင် (ဗဟိဒ္ဓ) အာရုံကိုသိဖို့မဟုတ်ပဲ (ကိုယ်)မှာ (စိတ်)မှာ ဖြစ်နေသည်ကို (သိ)ပေးဖို့ဟောကြားပါသည်။

နိုးနိုးခြင်း (ကိုယ်)မှာ (စိတ်)မှာ ဖြစ်နေသည်ကို (သိ)ပေးဖို့ဆိုလိုသည့်အတွက် နိုးနိုးခြင်း မျက်စေ့မဖွင့်မီ (ကိုယ်)၌ ဖြစ်လာမှုမှာ ကြားမည်၊ နံမည်၊ ထိတွေ့မည်၊ (စိတ်)မှာ ဖြစ်လာနိုင်မှုမှာ အရင်က ဖြစ်ခဲ့သော (တွေးတော)စိတ်ဝင်မည် ဒီနေ့ဘာလုပ်ဘို့ရှိနေပါလားဆိုသော (ကြံတွေး) စိတ်တွေဝင်နိုင်ပါသည်။

ထို့ကြောင့် မြတ်စွာဘုရားက (ဇာဂရိတေသမ္ပဇာနကာရီဟောတိ) ဟုဟောကြားတော်မူရာမှာ နိုးနိုးခြင်း (ကိုယ်)မှာ (စိတ်)မှာ ဖြစ်ပေါ်လာသော ကြားမှု၊ နံမှု၊ ထိတွေ့မှု၊ တွေးတောမှု၊ ကြံ

http://www.dhammadownload.com



တွေးမှု တစ်ခုခုကြားမယ်၊ နံမယ်ဆိုလျှင်(သတိ)ကလေးနဲ့(ဉာဏ်) ကလေးနဲ့ ကြည့်ပြီး(သိ)ပေးပါ ဒီလိုသိမှ(သမ္ပဇာနကာရီဟောတိ) ဖြစ်လာကြောင်း ဟောကြားပါသည်။

သဘောမှာ မိမိစိတ်အာရုံက နားမှ(ကား)သံကြားရင် (သိ)လိုက်ပါ။ (အသိ)ကပ်ပေးပါ။ ညော်နံ့နံမယ်ဆိုရင်လည်း (သိ) လိုက်ပါ၊ စိတ်အာရုံက ပြောင်းပြီးခေါင်းထဲမှာ အတွေးတစ်ခုခု ဝင်လာရင်လည်း (သိ)လိုက်ပါ။ သိရုံသာ (အသိ)ကပ်ပေးရုံသာ ဖြစ်ပါသည်။ သိပြီးသည်နှင့် မိမိ(ဉာဏ်)က (အတွေး)ကို သိလိုက် ရုံထက်ပိုမနေရအောင် ထိုအာရုံကို ကြာကြာလက်မခံပဲ အာရုံကို လွှဲပေးပါ။ (အာရုံ)ကို လွှဲပေးရာ၌ ပေါ်လာသည့်အာရုံကို (သိ)ရုံ ထက်ပိုပြီး ကြာကြာလက်မခံပဲ မိမိ၏ (စိတ်) အာရုံကို နှာသီးဝမှာ ပြောင်းတင်ပေးပြီး ဝင်လေသိ၊ ထွက်လေသိ (အာနာပါန) အာရုံ ပဲ ဖြစ်အောင် (အာရုံ)ပြောင်းပေးခြင်းဖြစ်ရာ၏။

စောင်းလျှက် နိုးလည်း စောင်းလျှက်၊ ပက်လက်နိုးလည်း ပက်လက်နှင့်ပင် နိုးလျှက်နဲ့ မထသေးပဲ မျက်စေ့မဖွင့်သေးပဲ နိုး လာသည့်(အသိ)ဝင်လာပြီး ဒီနိုးလျှက်နဲ့ပဲ (သိ)သောကြားသိမှု၊ နံသိမှု၊ ထိသိမှု၊ တွေးသိမှု၊ ကြံသိမှုတစ်ခု မဟုတ် တခုဝင်လာလျှင် (သိ)ပေးပါ။ နိုးနိုးခြင်းကြားသံလည်းမရှိ နံတာလည်းမရှိဘူး ဆိုလျှင် (အတွေး)အာရုံကို လက်မခံပါနှင့် ပင်လေ၊ ထွက်လေက ရှိနေတော့ (ဝင်လေသိ၊ ထွက်လေသိ) လုပ်ပေးပါ။ ဒီလို(အသိ) ကပ်နေရင်း၊ ဒီနေ့အရေးကြီးဘာလုပ်ရမယ် စသည်ဖြင့် အကြံဖြစ် စေ၊ (သတိ) က ပေးလာတဲ့ အရေးကြီးတဲ့ အကြံတစ်ခုဖြစ်စေ၊

http://www.dhammadownload.com



ဝင်လာလျှင် ခေါင်းထဲ၌ပင်မှတ်ထားလိုက်ပါ။ ပြီးလျှင်ဒီအာရုံကို ကြာကြာလက်မခံပဲ ဒီအာရုံကနေ (အာနာပါန) ဝင်လေသိ၊ ထွက်လေသိ (အာရုံ)ကို ပြောင်းပေးပါ၊ (အာနာပါန)ကိုပဲ ဆက်လုပ်နေပါ။ ဒီလို(သိ)ပါမှ **"သမ္ပဇာနကာရီဟောတိ"** (သတိ) သမ္ပဇဉ် ပညာနှင့် သိတတ်သော ထို အလေ့အကျင့်ရှိသော၊ ထိုအလေ့ အကျင့်နှင့် ပြည့်စုံသော ရဟန်း(ဝါ)ယောဂီဖြစ်လာနိုင်ပါမည်။

မြတ်စွာဘုရားက သမ္ပဇညပဗ္ဗ ပိုင်းမှာ နံနက်နိုးသည်မှ ညအိပ်သည်အထိ(အဝိဇ္ဇာ) မသိမှု၊ (မောဟ) မသိမှုများ ဝင်လာမှာစိုး၍၊ (မောဟ) မဝင်ရအောင်၊ ဘာမဆို (အသိ) လိုက်ပေးဖို့ **(သမ္ပဇညကာရီ)** ဖြစ်ဖို့ ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ ထို့အပြင် **(သဗ္ဗဘိက္ခုဝေအဘိညေယျံ)** နံနက် နိုးသည်မှ ညအိပ်သည်အထိ အလုံးစုံကို သိပေးပါဟုလည်း ဟောကြားပါသည်။ **(အဝိဇ္ဇာဝုစ္စတိအညာဏံ)** အညာဏံ=မသိတာကို (အဝိဇ္ဇာ) ဟူ ၍ ဝုစ္စတိ=ဆိုအပ်၏ ဟုမြတ်စွာဘုရား ဟောကြားထားသည့် အ တွက် (အဝိဇ္ဇာ) မောဟဝင်လျှင် ပဋိစ္စသမုပ္ပါဒ် သံသရာလည် တော့မည်ဖြစ်၍ သံသရာ မလည်အောင် သံသရာဖြတ်မှု အနေဖြင့် (သမ္ပဇာနကာရီဟောတိ) (အဝိဇ္ဇာ) ချုပ်အောင် မြတ်စွာ ဘုရားပေးသော ကျင့်စဉ် ဖြစ်သည့် (သတိ)ကလေး နှင့် (ဉာဏ်) ကလေးနှင့် (သိ) နေရခြင်းမျိုး ဖြစ်၏။

(အဝိဇ္ဇာ) ဖြစ်လျှင် (မသိမှု) နဲ့ နေလျှင် (သင်္ခါရ) က စိတ် ညစ်ညမ်းမှုများ ဖြစ်သော (ကိလေသာ) အာရုံ လောကီ ကာမဂုဏ်(အာရုံ)တွေကိုဖန်တီးတော့မည်။ သံသရာလည်အောင်

http://www.dhammadownload.com



ဖန်တီးတော့မည် ဖြစ်၍ (သင်္ခါရ) ကနေ ရှေ့သို့ မဆက်အောင် မတား နိုင်တော့ပါ၊ (သင်္ခါရ) ကို မဆက်အောင် တားနိုင်တာက (ဝိဇ္ဇာ) (သိမှု)သာ ဖြစ်သောကြောင့်၊ အဝိဇ္ဇာ (မသိမှု) နဲ့ နေရင် (အဝိဇ္ဇာ)မှ (သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဉပါဒါန်၊ ကံ) စသည့် ပဋိစ္စသမုပ္ပါဒ် တန်းသွား ပြီး ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ သိ (ငါ) သိတွေ ဝင်ပြီး (လောဘ၊ ဒေါသ၊ မောဟ) တွေနှင့် တိရစ္ဆာန်ထက် နည်းနည်းသာ တဲ့ (အသိ)နဲ့ပဲ သံသရာလည် ရမဲ့ဘဝကို ရောက်ရတော့မည် ဖြစ်၍ (အဝိဇ္ဇာ) မသိမှု မဝင်နိုင်အောင် (အသိ) လိုက်ပေးရခြင်း ဖြစ်ပါသည်။

တနေ့တာ (အဝိဇ္ဇာ) မဝင်နိုင်အောင် (သဗ္ဗံဘိက္ခဝေ အဘိညေယျံ) ဖြစ်အောင် မြတ်စွာဘုရားက နိုးနိုးခြင်း တရား အားထုတ်စေလိုခြင်း ဖြစ်ပါသည်။ တရားအားထုတ်ခြင်း ဆိုသည် မှာ (အဝိဇ္ဇာ၊ မောဟ) ဆိုသော (မသိမှု) မဝင်အောင် တားခိုင်း ခြင်းသာ ဖြစ်ပါသည်။ ဘယ်မှာ တားခိုင်းတာလဲ? ခန္ဓာမှာပါ၊ ဘာကိုလဲ? ခန္ဓာမှာ ဖြစ်နေတာကိုပါ၊ ဘယ်လိုတားရမှာလဲ? ခန္ဓာမှာ ဖြစ်နေသော (ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု) တို့ဖြစ်တိုင်းမှာ (မသိမှု) မဝင်ရလေအောင် (သိ) မှုနှင့် တားရသည့်အတွက် (သိ) နေပါလို့ ဆိုလိုပါသည်။ ဘာအထောက်အထားနဲ့လဲ? သဗ္ဗံဘိက္ခ ဝေ အဘိညေယျံ အထောက်အထား၊ သမ္ပဇာနပဗ္ဗ အထောက် အထား၊ နေရာတိုင်းမှာ သမ္ပဇာနကာရီဟောတိ ဟု ဟောကြားခဲ့ သော မဟာသတိပဋ္ဌာနသုတ်တော်ကြီး အထောက်အထားပင် ဖြစ်ပါသည်။

http://www.dhammadownload.com



ဒါကြောင့်နံနက်မိုးလင်းလို့ အိပ်ယာမှ နိုးနိုးခြင်း ခန္ဓာမှာ ဖြစ်နေတာ၊ (စိတ်) မှာ ဖြစ်နေတာ၊ (ကိုယ်) မှာ ဖြစ်နေတဲ့(သိ) စရာတွေကို (အသိ) လိုက်ပေးပါ၊ ဘာမှ သိစရာ မရှိရင် ဘုရား ရဟန္တာတို့ ဘယ်တော့မှ လက်မလွှတ်သော (အာနာပါန) ဝင်လေသိ၊ ထွက်လေသိ မှာ (အသိ) ကပ်ပေးပါ။

နိုးနိုးခြင်း (အသိ) ကပ်ပေးနေတာ ကြာသွားပြီ၊ ထချိန် တန်ပြီလို့ စိတ်က အကြံဖြစ်လာပါလျှင် ဖြစ်လာသည့် (စိတ်) ကို သိလိုက်ပါ၊ သိပြီးတော့မှ ထမည်ဆိုလျှင် (ဣရိယာပထ) နည်းထဲ က ခြေလက်တို့ရဲ့ လှုပ်ရှားပုံမှ အစ (သိ) ပြီး ထပါ၊ ဖဝါးနဲ့ ကြမ်းနဲ့ ထိတာကိုလည်း သိပါ၊ မျက်နှာသစ်ဖို့ ကိုယ်လက်သုတ်သင်ဖို့ စင်္ကြံ သွားရာမှာလည်း (ဣရိယာပထ) နှင့် စင်္ကြံသွားနည်းအတိုင်း (အသိ) ကပ်၍ သွားပါ။ (သိ)ပေးပါ၊ မျက်နှာကအစ ကိုယ်လက် သုတ်သင်ရာတွင်လည်း (သိ)ပြီးပြုပါ၊ နံနက်ဘုရားဝတ်ပြုရန် ဘုရားခန်းသွားရာမှာ၊ ထိုင်ရာမှ၊ ဘုရားဝတ်ပြုရာမှာ (သိ) ပြီးမှ ပြုပါ၊ ပြီးလျှင် (အာနာပါန) အားထုတ်နည်း ကျင့်စဉ်ကို အား ထုတ်ပါ။

မျက်နှာသစ်ရာမှာ၊ ကိုယ်လက်သုတ်သင်ရာမှာ အပေါ့ အလေးစွန့်ရာမှာလည်း (ကိလေသာ) ကြားမခိုအောင် (အသိ) ကလေးနဲ့ ဉာဏ်ကလေးနဲ့ (သိ)ပြီး ပြုပေးသကဲ့သို့ ထိုနည်းတူ စားသောက်ရာမှာ၊ စကားပြောရာမှာ အစရှိသည့် အထူးသဖြင့် မြတ်စွာဘုရားညွှန်ပြထားသည့် အထက်က ဖော်ပြခဲ့သည့်နေရာ တိုင်းမှာ (သိ)ပြီး ပြုပါ။

http://www.dhammadownload.com



လှုပ်ရှားမှု (ရုပ်) ကို ဖြစ်စေ၊ ပေါ်လာသည့် (စိတ်)ကို ဖြစ်စေ (အသိ) လိုက်ပေးပါ။ ဖြစ်နေတာလေးကို ဖြစ်စေ၊ ဖြစ်ပေါ် လာသည့် (စိတ်)ကို ဖြစ်စေ (သတိ) ကလေးနဲ့ (ဉာဏ်) ကလေးနဲ့ (သိ) ပြီး ပြုရသော အားထုတ်နည်းကိုလည်း (သမ္ပဇဉ) ကြားထိုး ကမ္မဋ္ဌာန်းအနေဖြင့် အားထုတ်ပါလေ။

[အားထုတ်ပုံ အသေးစိတ်ကို စာရေးသူ ပူဇော်ခဲ့ပြီး ဖြစ်ပါ၍ (သတိပဋ္ဌာန်) တရားအားထုတ်နည်း အသေးစိတ်ကို သိလိုပါလျှင် စာရေးသူ ပြုစုပူဇော်ထားသော (သတိပဋ္ဌာန်တရား နှင့် ဝိပဿနာတရားအားထုတ်နည်း) စာအုပ်မှာ အသေးစိတ်ဖတ် ရှုပါလေ။]

## (ဝိပဿနာ)ကျင့်စဉ်

ဝိပဿနာဟူသည် (ခန္ဓာဖြစ်စဉ်) ကို အသေးစိတ်မြင် အောင် ဘာဝေတဗ္ဗ ပွားယူရသော အကျင့်ဖြစ်ပါသည်။ (ဝိပဿ နာ)သည် (အာနာပါန)မှ စရသည်ချည်း ပင်ဖြစ်၏။ (အာနာပါန) သည်(သတိပဋ္ဌာန်)ဖြစ်၍ (ဝိပဿနာ)သည်လည်း သတိပဋ္ဌာန် နှင့်မကင်းကွာရပေ၊ (သတိပဋ္ဌာန်)သည် (သတိ)ကို အမွေရ ပစ္စတ္တမြား တစ်လုံးပမာ အမြဲသတိတရနှင့် တန်ဖိုးထားကာ (သတိ) မြဲလာအောင် အားထုတ်ရခြင်းဖြစ်၏။

(သတိ) မြဲလာသည့်အခါ (အသိ) စွဲလာသောကြောင့် (ရုပ်နာမ်) အသိကို ရလေ၏။ (ရုပ်နာမ်) အသိသည်ကား (ဝိပဿ နာဉာဏ်) အခြေခံမျှသာ ဖြစ်သေး၏။

http://www.dhammadownload.com



ထို့ကြောင့် (သတိပဋ္ဌာန်) တရားဖြင့် (ရုပ်နာမ်) သိလာလျှင် (ဝိပဿနာ) အခြေသို့ ဆိုက်ရောက်လာသည်ဟု ခေါ်ဆိုနိုင်၏။

မိမိ ရထားသော (ရုပ်နာမ်) အသိမှ (ရုပ်) သဘော (အသိ) ကို ဖြစ်စေ၊ (နာမ်) ဖြစ်သော (စိတ်) သဘော (အသိ) ကို ဖြစ်စေ (သိလုံး) ကလေးများကို များများသိလာအောင် (ရုပ်) အသိကို ဖြစ်စေ၊ (စိတ်) အသိကို ဖြစ်စေ အဖြစ်နှင့်အပျက်ကိုပါ မြင်လာအောင်(ခန္ဓာဖြစ်စဉ်)အသေးစိတ်ကို လက်တွေ့ မြင်လာအောင် ဘာဝေတဗ္ဗ (အသိ)များ ပွားများရခြင်း၊ (ပညာ) ဖြစ်သော (အသိ) ကိုပဲ အထူးသဖြင့် ဆက်လက် ရှုနေခြင်းကို ဝိ=အထူး၊ ပဿ=ရှုခြင်းသည် (ဝိပဿနာ) ဟု ခေါ်ဆိုလာရခြင်း ဖြစ်ပေသည်။

ထိုသို့ (ရုပ်နာမ်) အသိ မှ (ရုပ်နာမ် ဖြစ်ပျက်)ကို ဆက်လက်ရှုနေခြင်းအပိုင်းကို (သတိပဋ္ဌာနဘာဝနာ) (ဝါ) (ဝိပဿနာ) ရှုသည်ဟု ခေါ်ဆိုရပေသည်။ (သတိပဋ္ဌာန်)မှ သတိပဋ္ဌာန ဘာဝနာ (ဝိပဿနာ) အခြေသို့ ရောက်လာသည်ဟု ဆိုရပေသည်။

ရုပ်နာမ် (အသိ)များကို ရှုပွားနေခြင်းဖြင့် ဓမ္မ(သဘော) လေးများသည် သူ့သဘောသူ ဆောင်ခြင်းဖြင့် မိမိသိနေသော (ရုပ်) သဘော (စိတ်) သဘောကလေးများသည် ဖြစ်ရာမှ ပျက်ရာသို့ သူ့သဘောသူ ဆောင်ပြနေသော (ဖြစ်ပျက်) ကို သိမြင်လာလျှင် (ဖြစ်ပျက်) မြင်သော(ဉာဏ်) ရပါလျှင် (ဝိပဿနာဉာဏ်)

http://www.dhammadownload.com



ရသည်ဟု ခေါ်ရပါသည်။ ထိုသို့ (ဖြစ်ပျက်) ဒုက္ခသစ္စာ မြင်လာသော (ဉာဏ်) ရောက်လာပါမှ သတိပဋ္ဌာနဘာဝနာ (ဝါ) ဝိပဿနာ ဟုခေါ်ဆိုလို့ရပါသည်။

(ဖြစ်ပျက်) မြင်လျှင် လက္ခဏာရေး သုံးပါးမြင်လာသော (ဝိပဿနာ) ဖြစ်လာ၍ (ဝိပဿနာ) (ဉာဏ်) ရလာပြီ ဖြစ်သောကြောင့် မိုးကုတ် ဆရာတော်ဘုရားကြီးက ဒကာ၊ ဒကာမတို့ "ဖြစ်ပျက်မြင်အောင် ကြည့်၊ ဖြစ်ပျက်မုန်း အောင်ကြည့်၊ ဖြစ်ပျက်ဆုံးအောင်ကြည့်" ကြပါဟု (ဝိပဿနာ ဉာဏ်) သုံးဉာဏ် ဟောကြားခဲ့ပါသည်။

မိမိတို့ရှုရမည့် (ဝိပဿနာ) မှာ (ဖြစ်ပျက်) မြင်လာသည့်အခါ (မုန်း) အောင်ဆက်ရှုရုံသာရှိပါသည်။ (ဖြစ်ပျက်) များအမြင်များ၍ မုန်းလာသည်ရှိသော် မဖြစ်ရာ မပျက်ရာသို့ ဓမ္မ (သဘော) ကလေးကား အလိုလို ကူးဝင်သွားပြီး (ဖြစ်ပျက်) ဆုံး (နိဗ္ဗာန်) ကို ရမည်ဟု ဟောကြားတော်မူခဲ့ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက (သတိပဋ္ဌာန်) ကို အရင်အားထုတ်ပါ၊ သတိပဋ္ဌာန်၊ သတိပဋ္ဌာနဘာဝနာ၊ သတိပဋ္ဌာန် လမ်းဆုံးဆိုတာ သုံးမျိုးရှိတယ် ဟူ၍ မိုးကုတ်ဝိပဿနာ၊ အမှတ်စဉ် (၁၈) စာမျက်နှာ (၂၅၆) တွင် ဟောကြားထားပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက ရှေးဦးစွာ ဒကာ၊ ဒကာမတို့ (သတိပဋ္ဌာန်)ကို လုပ်ပါ၊ ပြီးတော့မှ (သတိပဋ္ဌာနဘာဝနာ)ကိုလုပ်ပါ။ ပြီးတော့မှ (သတိပဋ္ဌာန်တို့၏လမ်းဆုံး)ကို

http://www.dhammadownload.com



ရပါလိမ့်မည်ဟု ဘုရားရှင်ကိုယ်တော်မြတ်ကြီး (သံယုဂ်) ပါဠိတော်မှာ ဟောပါတယ်၊ (အင်္ဂုတ္တိုရ်) ပါဠိတော်က ဝိပဿနာ (သတိပဋ္ဌာနဘာဝနာ)က စပြေပါတယ်၊ (စိတ်) ကလေးတွေ ပေါ်တိုင်း ပေါ်တိုင်း သိကြမယ်ဆိုရင် (သတိပဋ္ဌာန်)ပဲ ရှိသေးတယ်၊ ပေါ်လာတဲ့ (စိတ်)ကလေးတွေ ပေါ်လာပြီး ပျက်သွားတဲ့ အဖြစ်ရော၊ အပျက်ပါ မြင်လာပြီဆိုရင် (ဝိပဿနာ)လို့ခေါ်သည့် (သတိပဋ္ဌာန ဘာဝနာ) ဖြစ်လာပြီဟု ဟောကြားခဲ့ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဝိပဿနာ (ပညာ) အရာ၌ အထူးသိမြင်တော်မူပါပေသည်။

ဝနဝါသီဥဇ္ဇယျဓမ္မသာမိထေရ် အရှင်သူမြတ်ကြီးက ဆရာတော်ကြီးများ၏ ပါရမီထူးချွန်ပုံကို ပြဆိုရာ၌

**(ဝိရိယ) မှာ ညောင်လွန့်၊ စွန်းလွန်း၊ ဝေဘူဆရာတော်ဘုရားကြီး**
**(သတိ) မှာ ဇေတဝန်၊ မဟာစည်ဆရာတော်ဘုရားကြီး**
**(ပညာ) မှာ မိုးကုတ်ဆရာတော်ဘုရားကြီး ပေတည်း** ဟု ပြဆိုခဲ့ပါသည်။

## ဝိပဿနာဉာဏ်စဉ်များ

ဉာဏ်စဉ်နှင့်ဆိုင်ရာများကို စာ အရှို၌ ကြည့်လျှင် -

(၁) ပဋိသမ္ဘိဒါမဂ်၌ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက (ဝိပဿနာဉာဏ်) ကို (တစ်ဆယ့်ခြောက်ဉာဏ်)

http://www.dhammadownload.com



ဟောထားသည်လည်းရှိ၏။

(၂) မြတ်စွာဘုရားသည် လူအမျိုးမျိုး၊ ပုဂ္ဂိုလ်အမျိုးမျိုးကို လိုက်၍ ဝိပဿနာဉာဏ်ကို (ဆယ်)ဉာဏ် ဟောကြား ခြင်းလည်းရှိ၏။

(၃) မာလုကျပုတ္တသုတ်၌ (ဒိဋ္ဌေဒိဋ္ဌမတ္တံ)ဟူ၍ တစ်မျိုး တည်း ဟောရသည်လည်းရှိ၏။

(၄) မြတ်စွာဘုရားသည် သုသိမပရိဗိုဇ်အား ဟောကြားရာ၌ (နှစ်)ဉာဏ်သာ ဟောကြားသည်လည်းရှိ၏။

(၅) မြတ်စွာဘုရားသည် အများနှင့် သက်ဆိုင်သော (ဓမ္မ စကြာ) တရားတော်ကို ဟောကြားရာ၌ (သုံး)ဉာဏ်သာ ဟောကြားခဲ့ပါသည်။

(၆) အနတ္တလက္ခဏသုတ်၌လည်း (သုံး) ဉာဏ်သာ ဟော တော်မူပါသည်။

(မဂ်ဉာဏ်)တည်းဟူသောပန်းတိုင် မရောက်မီ (ဉာဏ် စဉ်)များကား ကြားမှတ်တိုင်များပေတည်း အလုပ်သဘောသည် ဉာဏ်စဉ်မဟုတ်ပေ။ (ရှုကွက်)သာဖြစ်၏။ (ရှုကွက်) မလွတ်ရန် သာ (သတိ)ထား (ဝရိယ)စိုက်၍ (အသိ) ပညာ နှင့် ရှုရုံသာ ဖြစ်၏။

http://www.dhammadownload.com



## ဝိပဿနာဉာဏ် (၁၀) ပါး အတိုချုံးပုံ

| ဝိပဿနာဉာဏ်(၁၀)ပါး | ဉာဏ်(၃)ပါး | ဉာဏ်(၂)ပါး |
|---|---|---|
| ၁။ သမ္မသနဉာဏ် | ၁။ ယထာဘူတဉာဏ် (ဖြစ်ပျက်မြင်) | ဝိပဿနာ ဉာဏ် |
| ၂။ ဥဒယဗ္ဗယဉာဏ် | | |
| ၃။ ဘင်ဉာဏ် | | |
| ၄။ ဘယဉာဏ် | ၂။ နိဗ္ဗိန္ဒဉာဏ် (ဖြစ်ပျက်မုန်း) | |
| ၅။ အာဒီနဝဉာဏ် | | |
| ၆။ နိဗ္ဗိန္ဒဉာဏ် | | |
| ၇။ မုစ္စိတုကမျတာဉာဏ် | ၃။ မဂ်ဉာဏ် (ဖြစ်ပျက်ဆုံး) | မဂ်ဉာဏ် |
| ၈။ ပဋိသင်္ခါရဉာဏ် | | |
| ၉။ သင်္ခါရုပေက္ခာဉာဏ် | | |
| ၁၀။ အနုလောမဉာဏ် | | |

ဝနဝါသီဥယျာဉ် ဓမ္မသာမိထေရ် ဆရာတော်ဘုရားကြီးက (ဉာဏ်စဉ်) ရေးပြခြင်းကား စာပါ အရှိအတိုင်းသာ ဖြစ်၏။ (ဉာဏ်စဉ်) သို့ အာရုံမလှည့်ပဲ၊ (ရှုကွက်)၏ ရုပ်နာမ်(ဖြစ်ပျက်) သို့သာ (သတိ) ဦးလှည့်ဖို့သာ (အဓိက) တည်း၊ **(သတိ)သည် တာဝန်ဖြစ်၍ (အသိ)သည် ရပိုင်ခွင့်ဟူ၍ ခွဲခြားနားလည်ရာ၏ ဟု ဟောကြားတော်မူပါသည်။**

မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း (ဉာဏ်စဉ်)သို့ အာရုံမလှည့်စေပဲ အများနားလည်အောင် (ဝိပဿနာ) (ရှုကွက်) တွင်း၌ ဖြစ်ပျက်မြင်အောင်၊ ဖြစ်ပျက်မုန်းအောင်၊ ဖြစ်ပျက်ဆုံး အောင် ကြည့်ဖို့သာ ဟောကြားတော်မူပါသည်။

http://www.dhammadownload.com



စွန်းလွန်းဆရာတော်ဘုရားကြီးကလည်း ဖက်ပင်အိုင်ဆရာတော်ကို (ဉာဏ်စဉ်)ရှင်းပြရာ၌၊ ဉာဏ်စဉ်(၁၀)ပါးကို တစ်ခုစီ ပွားရခြင်း မဟုတ်ကြောင်း၊ သုံးသပ်ရုံဖြင့် ဖြစ်ခြင်း၊ ပျက်ခြင်း၊ ကြောက်ခြင်း၊ ရွံမုန်းခြင်းကိုသာ ကြည့်ဖို့ ဟောကြားပါသည်။

(နိဗ္ဗာန်) ရောက်ကြောင်းကျင့်စဉ်ဟူသည် ကိုယ့် (သတိ) နှင့် ကိုယ့် (အရှိ)ကို ကြည့်၍ (သိ) ရသော (အကျင့်) ဖြစ်သောကြောင့်၊ ဤကျင့်စဉ်အတိုင်း အားထုတ်ပါလျှင် ကိုယ့် (အရှိ) က (ဖြစ်ပျက်) ကိုသာ ပြပေတော့မည်။

(အကျင့်) ပေါ်က (အရှိ) ကို (သိ) (သိ) လာလျှင် (နိဗ္ဗာန်) လမ်းပေါ်ရောက်ပါပြီ၊ **"နိဗ္ဗာန်ရောက်ကြောင်း တရားကို အားထုတ်ကြမည့် ယောဂီတို့သည် ကိုယ့်ကိုကိုယ်ကြည့်၊ ကိုယ့်အကြောင်း ကိုယ်သိအောင် (စိတ်၊ စေတသိက်၊ ရုပ်) တို့ အလုပ်လုပ်နေပုံတို့ကို သိအောင် (ဖြစ်ပျက်) ကို သိအောင် အားထုတ်ကြရမည် ဖြစ်ပါသည်။"** တရားကို ဇောက်ချ အားမထုတ်မီ၊ အောက်ပါ လေ့ကျင့်ခန်း (၃)မျိုးကို ဦးစွာလေ့ကျင့် ထားကြပါလေ။

## လေ့ကျင့်ခန်း (၃) မျိုး

(၁) **ဘာမှမတွေးပါနှင့်**= အတွေးထဲမှာ အတိတ် အနာဂတ်ကို လုံးဝမတွေးပါနှင့် (အတိတ်) ဆိုလျှင် မနေ့က ကိစ္စတောင် ယောင်လို့မှ မတွေးပါနှင့်၊ (အနာဂတ်)ဆိုလျှင် မနက်ဖြန်ဆိုတာတောင် မရှိသင့်၊ မဖြစ်ခင်ကပင် တွေး

http://www.dhammadownload.com



မပူနှင့် ကိုယ် (စိတ်) ကလေးကို မျက်မြင် ကိုယ်တွေ့ (အတွေ့) မှာပဲ အမြဲရှိနေရအောင် ပထမ လေ့ကျင့်ပါ။

(၂) **ကိုယ့်ဘဝကိုယ်မေ့မေ့ပျောက်ပျောက်နေပါ** = ကိုယ့်ဘဝ ဖြစ်ခဲ့သမျှ ပြည်ဖုံးကားချသလို မေ့မေ့ပျောက်ပျောက် နေနိုင်အောင် ဒုတိယ လေ့ကျင့်ပါ။

(၃) **ချစ်ခြင်း၊ မုန်းခြင်းမရှိအောင်နေပါ** = ကိုယ့်ရှေ့မှာ ကြိုက်စရာ ရောက်လာရင် ဒါ ဘုရားပေးတာ၊ ကိုယ့်ရှေ့မှာ မုန်းစရာတွေ့နေရင် သူသေနေ့စေ့လို့ ကိုယ့်ရှေ့မှာ လာသေတာလို့ပဲ မှတ်ယူပါ။

လေ့ကျင့်ပြီးနောက် ဆိတ်ငြိမ်ခြင်း (သုံး) မျိုးလည်း ရှိရာ၏။ (နိဗ္ဗာန်)သည် (ဝိဝေက) ဆိတ်ငြိမ်ခြင်းမျိုး ရှိမှ (နိဗ္ဗာန်) ကို အာရုံပြုနိုင်၏။

## (ဝိဝေက) ဆိတ်ငြိမ်ခြင်း သုံးမျိုး

(၁) **ကာယဝိဝေက** = အပြင်အာရုံမှ ဆိတ်ငြိမ်ခြင်း၊ မျက်စေ့ စသော ဣန္ဒြေတို့ကို စောင့်ထိန်းခြင်းဖြင့် (ကိုယ်၊ နှုတ်) ဆိတ်ငြိမ်ခြင်းကို ခေါ်၏။ (ဝင်လေ၊ ထွက်လေ) ကို သိသိနေလျှင်ပြည့်စုံပါသည်။ သီလလည်းစင်ကြယ်နေခြင်း ဖြစ်၏။

(၂) **စိတ္တဝိဝေက** = အတွင်း (အာရုံ) မှ ဆိတ်ငြိမ်ခြင်း (ဝါ) စိတ်၏ ဆိတ်ငြိမ်ခြင်းကို ခေါ်၏။ ကိုယ်နှုတ်နှစ်ပါးကို (သီလ) ဖြင့် စောင့်ရှောက်ထားပြီး ကိုယ့် (အရှိ) ကို

http://www.dhammadownload.com



ကိုယ့် (အသိ) ဖြင့် သိနေလျှင် စိတ်၏ ဆိတ်ငြိမ်ခြင်း ဖြစ်နေ၏။ စိတ်စင်ကြယ်နေ၏။

(၃) **ဥပဓိဝိဝေက** = (ရုပ်) ခါတ် (နာမ်) ဓါတ်များမှ ဆိတ်ငြိမ်ခြင်း၊ (ဝါ) ကာယဝိဝေက၊ စိတ္တဝိဝေက နှစ်ပါးတို့၏ တွန်းပို့မှုဖြင့် (နိဗ္ဗာန်) သို့ အာရုံပြုနိုင်တော့၏။

**ရိုးရိုးသီလကား** = ကာယဝိဝေက (ကိုယ်၊နှုတ်) မလွန်ကျူးခြင်း ဖြစ်၏။

**အဓိသီလကား** = ကိုယ်နှုတ် လွန်ကျူးမှု တားရုံနှင့်မပြီး၊ ကိလေသာ၏ အပိုင်စီးခြင်းကို ခံနေရသော မိမိ (စိတ်)ကို ဘာဝနာ တစ်ခုခု ပွားများသော ကယ်တင်မှုဖြင့် စိတ္တဝိဝေက (အဓိသီလ) သမ္မာသမာဓိကို ရ၏။

# (ပလိဗောဓ)ကို ဖြတ်တောက်ပါ

တရားကို တကယ်အားထုတ်တော့မည်ကြံလျှင် (သတိ) ထက်မြက်မှုဖြင့် (စိတ်) ငြိမ်သက်မှု (ဝိဝေက) ကို ရအောင် ကြိုးစားပါ။ စိတ်ငြိမ်သက်မှု (ဝိဝေက) ကို နှောက်ယှက်လေ့ရှိသော အောက်ပါ (ပလိဗောဓ) ကြီးငယ်ဟူသရွေ့ကို ဖြတ်တောက် ပါလေ။

(၁) မနေသင့်သောအရပ်ကို ရှောင်ကြဉ်ရခြင်း၊

(၂) ပြင်ပအမျိုးဆွေများကို ဖြတ်တောက်ရခြင်း၊

(၃) အတူနေအမျိုးအဆွေများကိုလည်း ဖြတ်တောက်ရခြင်း၊

(၄) လာဒ်သပ်ပကာ ပေါ်များ ရှုပ်ထွေးမှုများကိုလည်း ဖြတ်

http://www.dhammadownload.com



တောက်ရခြင်း၊

(၅) အပေါင်းအသင်းများမှ အလွတ်သီးခြားနေ၍ (ဂဏာဝိမုတ်) ခံယူရခြင်း၊

(၆) အမှုကြီးငယ်ကိစ္စများကို မျက်နှာလွှဲထားရခြင်း၊

(၇) အနာအဖျား ကင်းရှင်းအောင် ဂရုစိုက်ရခြင်း၊

(၈) စာပေပို့ချမှု၊ သင်ကြားမှု တွေးတောမှုများကို ပါယ်ထားရခြင်း၊

(၉) ဘုန်းတန်ခိုး ကြီးမားမှုကို မသာယာရခြင်း၊

## တရားအားထုတ်ချိန်

တရားကို တကယ် အားထုတ်မည်ဆိုလျှင် ဘုရားရှင်လက်ထက်တော်က ပုထုဇဉ် ရဟန်းများကဲ့သို့ အားထုတ်လျှင် အချိန် တိုတိုနှင့် တရားကိစ္စ ပြီးစီးနိုင်၏။

(၁) **လိုင်ချိန်** = သတိ၊ သမာဓိ မရင့်သန်သေးသော အားယူစ ကမ္မဋ္ဌာန်းသမားတို့၏ (သတိ) မွေးရာအခြေစခန်းဟု မှတ်ယူရာ၏။ ထိုင်၍ အားထုတ်မှုကို အနည်းဆုံး တစ်နာရီ အားထုတ်ရာ၏၊ ထိုထက်ပိုလေ ကောင်းလေဖြစ်၏။

(၂) စင်္ကြံအချိန် = ထိုင်ချိန်နှစ်ခုအကြား ဖြစ်ရာ၏။

(၃) အထွေထွေအချိန် = မပြုမဖြစ်သည့် စားသောက်မှုနှင့် ကိုယ်လက်သန့်စင်ခြင်း အပေါ့အလေး စွန့်ခြင်းဖြစ်၏။

http://www.dhammadownload.com



(၄) နားချိန် = သည် အိပ်စက်ချိန်တည်း၊ ဘုရားလက်ထက်တော်က ပုထုဇဉ် ရဟန်းတို့၏ အိပ်စက်ချိန်ကို ည (၁၁) နာရီမှ နံနက် (၃) နာရီမျှသာ ဖြစ်သဖြင့် အားယူစ ကမ္မဋ္ဌာန်းသမားများအတွက် သတိ၊ သမာဓိ အင်အားရရှိကာ အိပ်ရေးလည်းဝ၏။

နားချိန် (အိပ်စက်) ချိန် ၄ နာရီမှ လွဲ၍ အထွေထွေအချိန်ပါမကျန်၊ နာရီ ၂၀လုံးလုံး အချိန်များ၌ ထိုင်၊ ရပ်၊ သွား ဣရိယာ ပုတ်သာ ပြောင်းစေပြီး (သတိ)ကို လက်မလွှတ် အောင်အားထုတ်ခြင်းသည် (သတိပဋ္ဌာန်) တရားအားထုတ်ခြင်း ဖြစ်၏။

ဣရိယာပထ၊ သံမ္ပဇည စသော အလှုပ်မှ ရသော (သတိ၊ သမာဓိ) သည် အငြိမ်မှ ရသော (သတိ၊သမာဓိ) ထက် တန်ဘိုးကြီးသည်ကို သိကြပါလေ၊ အလှုပ်မှ ရသော (သတိ၊သမာဓိ) ကားငြိမ်သော် ပျက်ဖို့ မရှိ၊ တက်ဖို့သာ ရှိသောကြောင့် စင်္ကြန်တစ်လှည့် ထိုင်တလှည့် အထွေထွေအချိန်မှ (သမ္ပဇည) ကိုလည်း (သတိ) အမြဲကပ်၍ အားထုတ်ရာ၏။

၂၄ နာရီထဲမှ အိပ်ချိန်နှုတ်၍ နာရီ ၂၀ လုံးကို အာနာပါန၊ အထိုင်၊ အထ၊ စင်္ကြန်၊ သမ္ပဇည စသော (သတိပဋ္ဌာန်) တရားတော်အတိုင်း မိရာအချက်ကို (သတိ) ကပ်နိုင်သော သူသည် (ဖြစ်ပျက်) မြင်သော ဉာဏ်ကို ရရှိနိုင်ပေမည်။

http://www.dhammadownload.com



**ထို (ဖြစ်ပျက်)မြင် (သတိ) မျိုးကား အိပ်ချင်စိတ်ပင် မရှိ၊ မအိပ်ပဲနှင့် အိပ်မှုကိစ္စ ပြီးစီးနေသော သာသနာ့ရည်ချွန် သူတော်မွန် တို့၏ အရာသာ ဖြစ်ချေ၏။**

ထိုသို့ အနုပဿနာ (၄) ချက်၌ မိရာအချက်ကို ကိုင်၍ အိပ်ချိန်မှ လွဲ၍ (သတိ) ကပ်ထားနိုင်ပြီး (ဖြစ်ပျက်) မြင်သော သူသည် (၇) ရက်နှင့်ပင် ကိစ္စအားလုံး ပြီးစီးနိုင်သည်ဟု (မဟာသတိပဋ္ဌာနသုတ်) ၏ နိဂုံး၌ ဘုရားရှင် ဝန်ခံတော်မူချက်၊ အဋ္ဌကထာ ဆရာမြတ်တို့၏ ဖွင့်ပြချက်အတိုင်းပင် ဖြစ်၏။

## သတိနှင့်အသိအား

နှာသီးဝကို မြင်အောင် (ဉာဏ်)နဲ့ ကြည့်၊ နှာသီးဝကို (ဉာဏ်) ရောက်လျှင် ရှူရှိုက်နေသော ဝင်လေ၊ ထွက်လေကို သိလာပါလိမ့်မည်၊ ဝင်လေ၊ ထွက်လေ ဝင်ထွက်နေကြောင်း သိလာလျှင် နှာသီးဝကို (သတိ) လေးကပ်ထားပြီး ဝင်လေတိုးသွားမှု အစအဆုံး၊ ထွက်လေ တိုးသွားမှု အစအဆုံးကို သိသိပေးပါ။

တိုးမှုလေးကို (သတိ) ကပ်ထားနိုင်ခြင်းသည် စောင့်ထိန်းမှု (သီလ) ဖြစ်၏ (သတိ) စောင့်ထိန်းမှု (သီလ) ကြောင့် ပျံ့လွင့်နေသော (အာရုံ) တို့သည် မပျံ့လွင့်တော့ပဲ တစ်ခုတည်းသော (အာရုံ) ပေါ်မှာ တည်ငြိမ်သော (အသိ) ဖြစ်လာမည်။

- **(သတိ)ဆိုသော စောင့်ထိန်းမှုကို (သီလ)လို့ခေါ်နိုင်သည်။**
- **(အသိ)သိနေသောတည်ငြိမ်မှုကို (သမာဓိ)ဟု ခေါ်၍ရ၏။**

http://www.dhammadownload.com



နှာသီးဝရှိ တိုးမှု၊ လှုပ်မှု နေရာလေးကို မြင်အောင် ကြည့် (သတိ) ကပ်ထားနိုင်လျှင် (အသိ) ကား မပြေးသာပြီ၊ (အကြည့်) မှားနေမည်၊ (သတိ) မထားဘူးဆိုလျှင် (အသိ) က ပြေးမည်သာ ဖြစ်၏။

အကြည့်ကလည်းတိုးမှု၊ လှုပ်မှုတို့မှာ (ဉာဏ်) နဲ့ကြည့် မည်၊ (သတိ) အားကလည်း တိုးမှု၊ လှုပ်မှုတို့အပေါ်မှာ ကပ်ထားမည်၊ (အသိ) အားကလည်း တိုးမှု၊ လှုပ်မှုတို့အပေါ်၌ သိသိပေးမည်ဟူသော အားထုတ်နည်းကို စွဲစွဲမြဲမြဲ မှတ်ထား ပါလေ။

ထိုနည်းကို အကျဉ်းချုပ်သော် -

"သတိထား၊ ထိရာကြည့်၊ ကြည့်ရာသိ" ပါလေ။

တိုးမှု၊ လှုပ်မှု၊ ထိမှုတို့အပေါ် (သတိ) ကလေးနှင့် (ဉာဏ်) ကလေးနှင့် အသာလေးကြည့်ပြီး (သိ) နေပါဟူ၍ ဆိုရချေမည်။ ထိုသို့ ကျင့်နိုင်သော သူသည် (ရုပ်နာမ်) ကွဲပြီး (သတိ)မြဲမှုကြောင့် (အသိ) စွဲလာပြီး (ဖြစ်ပျက်) အသိသို့ ဦးတည် လေတော့သည်။

## ဗိုလ်ငါးပါးနှင့်ပြည့်စုံခြင်း

ဤကဲ့သို့ တိုးမှု၊ လှုပ်မှု၊ ထိမှု၊ သိမှု၊ အေးမှု၊ နွေးမှုကို (သတိ) ကလေးနှင့် (ဉာဏ်) ကလေးနှင့် (အသိ) ကပ်ပြီး (ကြည့်) ပြီး (သိ) နေနိုင်သူသည် ဗိုလ် (၅)ပါးနှင့် ပြည့်စုံနေတော့၏။

http://www.dhammadownload.com



(၁)**သဒ္ဓါ** = လည်းဖြစ်နေ၏။ (သဒ္ဓါ)ဟူသည် ဆရာပြော၍ ကျမ်းကြည့်၍ သိသော၊ ပေါ်သော သဒ္ဓါကား အငှား(သဒ္ဓါ)သာ ဖြစ်နေ၍ အမြဲမနေ တတ်ချေ၊ မိမိ ခန္ဓာမှ ပြော၍၊ ပြ၍ သိသော (အသိ)မှ ပေါ်သော (သဒ္ဓါ)ကား ကိုယ်ပိုင် ဖြစ်၍ ပြန်သွားတော့ မည် မဟုတ်ပြီ။

(၂)**ဝိရိယ** = ပရမတ်စစ်စစ်ကိုတွေ့မြင်နေရသော(ဝိရိယ) သည်လည်း အားအပြည့် ရှိနေ၏။

(၃)**သတိ** = သတိကား သမ္မာသတိ ဖြစ်နေ၏။

(၄)**သမာဓိ** = သမာဓိကား သမ္မာသမာဓိ ဖြစ်နေ၍

(၅)**ပညာ** = (ဖြစ်ပျက်) မြင်လာသည့် (ပညာ) သည် (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) လက္ခဏာရေးသုံးပါး ဆီသို့သာ ဦးတည်နေတော့မည် ဖြစ်၏။

ဗိုလ် (ငါး)ပါးနှင့် ပြည့်စုံသော် (သတိ) အားနှင့် (အသိ) အား ပြည့်၍ အချိန်စေ့လာသောအခါ (သဒ္ဓါ) ယုံကြည်မှု အားသည်လည်း တက်ကြွလာ၏။ အသိ (ဉာဏ်) သည်လည်း တက်လာ၏။ သွက်လာ၏။

**အယုံပါမှ (ဉာဏ်)သွက်လက်၏၊ သဲကွဲအောင်ကြည့်တတ်မှလည်း အမြင်လှ၏၊ အမြင့်လှအား (ပညာ)ဆင်ခြင်အားဖြင့်လည်း (ရုပ်နာမ်)တို့၏ (ဖြစ်ပျက်)အစုံအစေ့ကွဲပြားသိတော့၏။**

http://www.dhammadownload.com



# (သတိ)မြဲပြီး (အသိ)စွဲမှ ဖြစ်ပျက်မြင်နိုင်ပုံ

(သတိ)ကားမြဲ၏ (အသိ)မစွဲသောသူသည် (ဖြစ်ပျက်) ကို မမြင်နိုင်ပေ။

- အာနာပါနၱ ဖြစ်စေ။
- ဣရိယာပုတ်တစ်ခုခြင်း၌ ဖြစ်စေ။ တခုနှင့်တခု ပြောင်း အလှည့်တို့၌ ဖြစ်စေ။
- စားရင်း၊ သောက်ရင်း၊ လုပ်ရင်း၊ ကိုင်ရင်းတို့၌ ဖြစ်စေ၊ (သတိ)ကားမြဲ၏။ (အသိ) ကားခပ်မွဲမွဲ ဖြစ်နေသော် မှုံဝါးဝါးဖြင့် အချိန်ကုန်တတ်၏။

သို့သော်(သတိ)များစွာစုဆောင်းမိလာသောရလာဒ် ကြောင့်(သတိ)၏ တွန်းကန်အားကြောင့် (အသိ) သည်မသိမှုန်ဝါးဝါးကြားမှ ဘွားကနဲပေါက်ဖွား လာ မည်သာတည်း။

**“(သတိ) မစုဆောင်းမိသူ၏ (သတိ)သည်ထားတုန်းသာ မြဲ၏။ မထားသော် လွဲသွားချေသည်”**

**“(အသိ)သည်ကား (သတိ) အားသန်တုန်း သဲကွဲ၏။ (သတိ) အားမသန်သော် (အသိ)မွဲချေ၏။”**

ထို့ကြောင့်(သတိ)မြဲမှ (အသိ)စွဲပြီး (ရုပ်နာမ်)ပေါ်ရာ (ဖြစ်ပျက်) မြင်နိုင်ပါတော့သည်၊ (ရုပ်နာမ်)တို့၏ (ဖြစ်မှုပျက်မှု)

http://www.dhammadownload.com



ကား အသက်ရှင်သမျှ ကာလပါတ်လုံးပေါ်နေသည့်အပြင် သေသော်မှ မလွတ်သာပြီဟု ဝနဝါသီဥယျာ ဓမ္မသာမိထေရ် ဆရာတော်ကြီးက ရေးပြထားပါသည်။

## တရားအားထုတ်ခြင်းဟူသည်

ဆရာတော်ကြီးက ဆက်လက်၍ တရားအားထုတ်ခြင်း ဟူသည် ထိုင်၍အားထုတ်ရာ၌ ထိုင်မှုသည် လိုရင်းမဟုတ်၊ (ရုပ်) ကား ထိုင်လိုထိုင်၊ ထလိုထ၊ အမိကမကျ၊ တရားအားထုတ်တတ် လျှင် စားရင်း သောက်ရင်း၊ သွားရင်း လာရင်းနဲ့လည်း အားထုတ် ၍ ရလာနိုင်သည်။

## သတိပဋ္ဌာန်တရား၏ အကျိုးကျေးဇူး

သတိပဋ္ဌာန်၏ အကျိုးကျေးဇူးလက္ခဏာကို ဆရာတော် ဘုရားကြီးက ရေးပြရာတွင် -

(၁) မိမိ စိတ်နေစိတ်ထား ကြီးမားတိုးတက်လာခဲ့ပြီး သန့်ပြန့် စင်ကြယ်စွာဖြင့် တစ်ခုတည်းသော (အာရုံ)ထဲ၌သာ ငြိမ်သက် အေးဆေးစွာနေနိုင်လာခြင်း။

(၂) ကိုယ့်စိတ်ကိုယ်ပိုင်၍ ကိုယ်ပြီး ကိုယ်ပိုင်ဘဝသို့ ရောက် နေခြင်းသည် (သတိပဋ္ဌာန်) တရားအားထုတ်သူတို့ ရအပ်သော အကျိုးတရား ပေတည်း။

http://www.dhammadownload.com



သင့်စိတ်ထိုသို့မဖြစ်သေးသမျှ (ကျင့်စဉ်)မအောင်သေး သည်ကို သိနိုင်သည်ဟု ပြသပေးတော်မူပါသည်။

## အပျော်ဆုံးဘဝ

ဆရာတော်ကြီးကဆက်လက်၍

- **အပျော်ဆုံးဘဝကို ပြပါဆိုလျှင်၊ ကိုယ်ပြီး ကိုယ်ပိုင် ဘဝကိုသာပြရချေမည်။**
- **ကိုယ်ပြီးကိုယ်ပိုင်ဘဝကို ပြပါဆိုလျှင် ကိုယ့် (စိတ်) ကိုယ်ပိုင်သော ဘဝကိုသာပြရမည်။**
- **ကိုယ့်(စိတ်)ကိုယ်ပိုင်သော ဘဝကိုပြပါဆိုလျှင် နှောင်ကြိုးလွတ်သော (စိတ်)ကိုသာ လက်ညှိုးထိုး ပြရမည် ဖြစ်ချေ၏။**
- **နှောင်ကြိုးလွတ်သော(စိတ်)၏ ပျော်ရွှင်မှုကား လေ ဝဲငှက်ပမာတည်း။**

## ပင်ကိုယ်စိတ်၏ သဘာဝ

ဝနဝါသီဥေယျမေဓာဝီ ဆရာတော်ဘုရားကြီးက ပင်ကိုယ်စိတ်သည် သူ့ချည်းသက်သက်အားဖြင့် ဖြူစင်ခြင်း၊ တောက်ပခြင်းရှိ၏ တစ်ခါမြင်တစ်ခါသိ၊ တစ်ခါပျောက်နှုန်းသာရှိ၏။ တစ်ခါမြင် အခါခါသိမျိုးမဟုတ်။

http://www.dhammadownload.com



**"ကမ္မဇဒ္ဓိ"** = ဖြစ်သောနတ်တို့၏ အလင်းရောင်သည် (ကံ)မှ ဖြစ်၏။
**"ဈာနဇဒ္ဓိ"** = ဖြစ်သောဗြဟ္မာတို့၏ အလင်းရောင်သည် (ဈာန်)မှ ဖြစ်၏။
**"ဉာနဇဒ္ဓိ"** = ဖြစ်သော (အရိယာ) ၏ အလင်းရောင်သည် (ဉာဏ်)မှ ဖြစ်၏။

ထိုအလင်းရောင်များသည် (စိတ်)၏ ပင်ကိုယ်သတ္တိမှ ထွက်ကျလာသော စိတ်တန်ခိုးများ၊ စိတ်သတ္တိ၏ အလင်းရောင်များချည်းပင်ဖြစ်၏။

ဘုရားရှင်၏ ခပ်မဆိတ်ရောင်ခြည်တော်သည် ထိုကံ၊ ထိုဈာန်၊ ထိုဉာဏ်များတွင်ပါရမီတော်၏ အဟုန်သတ္တိများလည်း ပါဝင်နေ၍ (စိတ်)တော်သည်အများထက်စင်ကြယ်လွန်းလှသဖြင့် အများထက် ကြည်လင်တောက်ပနေခြင်း ဖြစ်၏။

လူတို့၏ ပင်ကိုယ်စိတ်သည် သူ့ချည်းသက်သက်အားဖြင့် ဖြူစင်ခြင်း၊ တောက်ပခြင်းရှိ၏။ ကြည်လင်တောက်ပနေသော စိတ်တလင်းပြင်ဝယ်၊ တစ်ခါမြင်၊ တစ်ခါသိ၊ တစ်ခါပျောက်နှုန်းရှိ၏။ ဤ(အရှိတရား)ကို ဖုံးအုပ်ထားပြီး၊ လူတို့သည် စွဲစိတ်များဖြင့် တစ်ခါမြင်၊ တစ်သက်မမေ့ပဲ စွဲပြီးထင်ကျန်ရစ်ခဲ့သူအဖြစ်သို့ ရောက်ရှိလာသူအဖို့မှာကား၊ ပင်ကိုယ်စိတ်ပျောက်ကွယ်သွားခဲ့ပြီး ထိုပင်ကိုယ်စိတ်နှင့်အတူ၊ စိတ်တန်ခိုး၊ စိတ်သတ္တိ၏ အလင်းရောင်များသည်လည်း မြုပ်ကွယ်သွားကြလေပြီ။

http://www.dhammadownload.com



- အဆင်းကိုမြင်သည်၊ ပင်ကိုယ်(အသိ)ကား အဆင်းကိုသာသိပေးရသည်။
- အဖြူရောင်မြင်သည်၊ ပင်ကိုယ်(အသိ)ကား အဖြူရောင်အသိကိုသာ သိပေးရသည်။
- အဆင်းကိုမြင်သည် "မ" ဘယ်သူပဲဆိုလျှင် ပင်ကိုယ်စိတ်ပျောက်သွားပြီ။
- အဖြူကိုမြင်သည် "ကို" ဘယ်ဝါပဲဆိုလျှင် ပင်ကိုယ်အသိမြုပ်လေသည်။
- ထို "မ" ဘယ်သူ၊ "ကို" ဘယ်ဝါဟူသော စိတ်ပေါ်လာလျှင်

သူ့အာရုံ၏ ဆွဲအားတိုက်အားများကြောင့် ကြိုက်စိတ်၊ ကြိုက်စေးများပန်းထွက်လာပြီး ကြိုက်စွဲနှင့် ကြိုက်ငြိများပေါ်လာချေတော့၏။ ထိုအခါ ရွှံ့စေးပေါ်သို့ ကျသွားသော စိန်ကျောက်ကဲ့သို့ တောက်ရာမှ ပျောက်ရာသို့ရောက်ရချေသည်။

ထို့အတူ မကြိုက်စိတ်၊ မသိစိတ် စသည်တို့သည်လည်း ဖြူစိတ်ကို မဲစိတ်ဖြစ်အောင် အရောင်ပြောင်းပေးတတ်သော (စိတ်)များပေါ်လာသမျှ ပင်ကိုယ်စိတ်အရောင်မှိန်ကျသွားကာ နောက်ဆုံးစိတ်မဲတူ၊ ကိုယ်မဲတူဘဝဖြင့် ကြိုက်ရာလုပ်၍ မကြိုက်ရာဘဝကို ရောက်ရချေတော့သည်။

အဆင်းကိုမြင်သည် ထို့အဆင်းကား(အဝါ)ဖြစ်၏။ ထိုအဝါရောင်၏သဘောအတိုင်းသာ မြင်တတ်သူ၌ ပင်ကိုယ်စိတ်မပျောက်ချေ၊ ပင်ကိုယ်မြင်အတိုင်းသိနေတော့သဖြင့် ဖောက်ပြန်

http://www.dhammadownload.com



သိမဝင်သာ သောကြောင့်ဖြစ်ချေ၏။

အကယ်၍ထိုပင်ကိုယ်သတ္တိ (အဝါ)မှ လွှဲဖယ်၍ပန်းဝါ၊ ပိတောက်ဝါ၊ ရွှေဝါ စသည်အားဖြင့် တလွဲသိများ ထိုးဖောက်ဝင်ရောက်လာချေသော် ကောင်းသည်၊ ကြိုက်သည်၊ နောက်ထပ်တွေ့ချင်သေးသည် စသော အမျှင်တန်းများသည် မီးခိုးမဆုံး မိုးမဆုံး တဖွဲဖွဲကျရောက်လာချေ၏။

ထိုသူ၏ စိတ်သည်တိမ်ဖုံးသောလကဲ့သို့ ဘာကိုမျှ မမြင်သာအောင် မဲညစ်သော ဘဝသို့ လှလှကြီးရောက်ရချေတော့၏။

**အရောင်ရှိမှ အရိပ်ပေါ်မည်။**
**အရောင်ကင်း စိတ်လင်းမရပြီ။**

လောက၌ နေရောင်ရှိက၊ လရောင်ရှိက၊ မီးရောင်ရှိက၊ တရောင်ရောင်ရှိသော် တစ်ဖက်၏ သဘာဝကို အတပ်မြင်သာနိုင်ချေ၏။ မဲတင်းလေလေအရောင်ကင်းလေလေသာ ဖြစ်ရတော့၏။

- ကောင်းမှုပြုလုပ်လျှင် မကောင်းမှုက မစင်သဖြင့် ကောင်းကျိုးဖြစ်မလာ။
- မကောင်းမှုပြုလုပ်လျှင်ကား မကောင်းမှုက ပိုဝင်သဖြင့် မကောင်းကျိုးသာဖြစ်လာ၏။

http://www.dhammadownload.com



ဘာကိုပဲလုပ်လုပ် မဲပုပ်သော စိတ်ထားဖြင့် လုပ်သော် အခံမကောင်းသော အိုးကိုဆွဲထားသော ထန်းပင်ကဲ့သို့ အချို ထွက်လည်းအခါး၊ အခါးထွက်လည်း အခါးချည်းသာ ဖြစ်ရချေ တော့၏။

ထိုအခါ ပြုသမျှကောင်းမှုတို့သည် သူခိုးငတက်ပြား ဘုရားတည်နည်းသို့ ဆိုက်ကြချေ တော့၏။ တဖက်မှာညစ်ခဲ့၍ တဖက်၌ ကောင်းမှုပြုလုပ်သော (ကုသိုလ်မရသော) (ကုသိုလ်တု) သို့သာ ဆိုက်စေတော့၏။ ငါစွဲလည်းမကင်း၊ ဝတ္ထုစွဲလည်းမကင်း။ ပုဂ္ဂိုလ်စွဲလည်းမကင်းပြီ။

ထို့ကြောင့် မျှော်သလောက် အကျိုးပေးသန်မလာ၊ သန် ပါသော်လည်း သန့်သန့်စင်စင် ခံစားခွင့်မရ။ ကုသိုလ်၌ကား တစ်ခါလုပ် ဆိုးကျိုးဆယ်ခုမျှမက စုပြုံ၍ အကျိုးပေးသန်လာ တတ်ကြ၏။

သင့်ပင်ကိုယ် မူရင်းကို မြင်ပြီး၊ ကုသိုလ်ပြုလျှင် အကျိုး ပေးလည်း မူရင်းသတ္တိ ဖြစ်လာရမည်မှာ သဘာဝဓမ္မတာပင် ဖြစ် ပါချေ၏။

ဤမျှလောက်ဆိုလျှင် (နိဗ္ဗာန်) ပို့မည့် (အမှန်တရား)များ ကို (သိ) ရှိကြပြီးဖြစ်၍ တရားသိသည်မှ တရားရှိသည့်ဘဝ ရောက်အောင်သာ အားထုတ်ကြပါလေ။

တရားရှိအောင် ဗဟိဒ္ဓပြင်ပအာရုံများသို့ ဦးမလှည့်ကြ

http://www.dhammadownload.com



ပါနှင့်တော့၊ မိမိတို့၏ အတွင်း (ခန္ဓာ) ကိုသာ ဦးလှည့်ပြီး **"ကိုယ့်ကိုယ်ကို ကြည့်၊ ကိုယ့်အကြောင်းကိုယ်သိ"** ဖြစ်အောင် (ကိုယ်၊ နှုတ်၊စိတ်) အမူအရာတို့ကိုသာ (သိ) ပြီး နေပါလေ။

သွားရင်း လာရင်း၊ နေရင်း ထိုင်ရင်း မြင်တွေ့နေကြရသည့် ပြင်ပအာရုံများကို တစ်ခါမြင်၊ တစ်ခါသိ၊ တစ်ခါ ပျောက်နှုန်းအတိုင်း အုတ်နံရံ၊ ဓါတ်မီးတိုင်၊ သစ်ပင်နှင့် မြေကြီးတို့ကို မြင်ကြ သကဲ့သို့ သဘောထားပြီး သိမြင်ကြပါလေ။

မိမိတို့၏ အတွင်းခန္ဓာ (ရုပ်နာမ်) ဖြစ်သော (စိတ်၊ စေတသိက်၊ ရုပ်) ကိုသာ သဲကွဲအောင် (သိ) နေပါက (ဒိဋ္ဌိ) ကွာ၍ (အဝိဇ္ဇာ)ပျောက်ပြီး (ဝိဇ္ဇာသိ) ဖြစ်လာပြီး (အဝိဇ္ဇာ နိရောဓါအာသဝနိရောဓေါနိဗ္ဗာန်) ဆိုသည့်အတိုင်း (ကိလေသာ) များ တတိ၊ တတိနှင့် ကွာကျပြီး ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ တဖြည်းဖြည်း ကူးပြောင်းသွားသည့် တရား ရသော ယောဂီ ဖြစ်လာတော့မည် ဖြစ်ပါကြောင်းကို (ရဟန္တာနှင့် ပုဂ္ဂိုလ်ထူး)များ၏ ဟောပြချက်၊ ရေးပြချက်များမှ ထုတ်နှုတ်၍ ကောက်နှုတ်ချက် (**Extraction**) အတိုင်း စုစည်း ပူဇော်လိုက်ရပါတော့သည်။

**နိဗ္ဗာန်ပို့မည့် ကျင့်စဉ်တရားများပြီး၏။**

http://www.dhammadownload.com



# ကျမ်းကိုးစာရင်း

၁။ စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် တရားတော်များ၊

၂။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ မိုးကုတ်ဝိပဿနာ အမှတ်စဉ် (၂)၊ (၁၅)၊ (၁၈)၊

၃။ တောင်ပုလု တောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ၊

၄။ အရှင်ဇနကာ ဘိဝံသ၏ ကိုယ်ကျင့်အဘိဓမ္မာ၊ အနာဂတ် သာသနာရေး၊ နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ၊ အခြေပြုသင်္ဂြိုလ်၊ သင်္ဂြိုလ်ဘာသာ ဋီကာ၊

၅။ ညောင်ကန်ဆရာတော် ဦးဗုဓ်၏ မဟာသတိပဋ္ဌာနသုတ် နိဿယ၊

၆။ သံလျှင်တောရဆရာတော် ဦးဓမ္မဝါဒီ၏ အရိယာ ဘုံသွား ဉာဏ်လှေကား၊ ဝိပဿနာ ဘုံဘွား ဉာဏ်လှေကား၊

၇။ ရွှေကျောင်းကုန်း၊ ပကောဟောဓိမြိုင်ဆရာတော် ဝနဝါသီဥေယျ ဓမ္မသာမိထေရ် ဆရာတော်ဘုရားကြီး စီရင်ရေးသားတော်မူ သော မဂ္ဂပဋိသံယုတ္တ ကထာ၊ နယသင်္ခေပကထာ၊ အနုပုဗ္ဗိ ကထာ၊ ပါရမီပရိဓယကထာ၊ ပဋ္ဌိပက္ခဥဒ္ဒေသကထာ၊

http://www.dhammadownload.com



# "မသိသူကျော်သွား သိသူဖော်စား"

(နိဗ္ဗာန်) ရောက်ကြောင်းတရား အားထုတ်တယ်ဆိုတာ ကိုယ့်အကြောင်း ကိုယ်သိဖို့ လုပ်တာပါ။ (ကိုယ်)မှာ ဖြစ်နေတာ၊ (စိတ်)မှာ ဖြစ်နေတာကို (သိ)နေဖို့ လုပ်နေတာပါ။

ကိုယ့်(စိတ်) ကိုယ်(သိ)ဖို့ အရေးကြီးပါတယ်၊ (သက္ကာယဒိဋ္ဌိ) သဘောဟာ (စိတ်)မှာသာ ဖြစ်တဲ့အတွက်၊ ကိုယ့်(စိတ်) ကိုယ်(သိ) နေရင် (ဒိဋ္ဌိ)ကိုပါယ်တဲ့ (သောတာပန်) အမှန်တည်ပါတယ်။

ကိုယ့်(စိတ်)ကိုယ် မသိရင်၊ နှာသီးဝက ဝင်စိတ် ထွက်စိတ် နှင့် အခြား(စိတ်)ဖြစ်ပေါ်မှုတွေကို မသိရင်၊ (မသိ)ပဲနေရင် (အဝိဇ္ဇာ)ဖြစ်နေပါတယ်၊ (အဝိဇ္ဇာ)ဖြစ်နေရင် "**အဝိဇ္ဇာပစ္စယာ သင်္ခါရာ**" အဝိဇ္ဇာကြောင့် ဖြစ်ပေါ်မှု (သင်္ခါရ)တွေ ဖြစ်နေမယ်။

(သင်္ခါရ)က ဘာဖြစ်ပေါ်မှုတွေ ဖြစ်နေမလဲ? "**သင်္ခါရပစ္စယာဝိညာဏံ**" သင်္ခါရကြောင့် ပဝတ္တိ(ဝိညာဏ်)ခေါ်တဲ့ ပစ္စုပ္ပန် ဝိညာဏ် သိ(စိတ်) နာမ်တွေ ဖြစ်နေမယ်။

နာမ်(စိတ်) ဝိညာဏ်တွေ ဖြစ်နေရင် ဘာဖြစ်မလဲ? နာမ်(စိတ်)ဆိုတဲ့ ဝိညာဏ်(သိ)စိတ်ဟာ အရင်ဆုံး (ကိုယ်)မှာရှိတဲ့ မာမှု၊ ပျော့မှု၊ ပူမှု၊ အေးမှု၊ တွန်းကန်မှု စတဲ့ (ရုပ်)ကိုသိမယ်၊ ဝိညာဏ်သိ(စိတ်)ကြောင့် သိမှု(နာမ်)နဲ့ (ရုပ်)ရမယ်၊ ဒါကို "ဝိညာ

http://www.dhammadownload.com



**ဏပစ္စယာနာမရူပံ**" လို့ခေါ်တယ်၊ ဝိညာဏ်သိ(စိတ်) ကြောင့် (နာမ်၊ ရုပ်)၊ (စိတ်) နာမ်နဲ့ (ရုပ်)ကို သိလာပါပြီ။

ဒီတော့ ဘာဖြစ်သလဲ?၊ ဝိညာဏ် သိ(စိတ်)ဟာ (ရုပ်) ကို (သိ)ရုံမျှမကတော့ဘူး၊ (နာမ်၊ ရုပ်) နှစ်ပါးရဲ့ (သိ)မှုလေးဟာ ကျယ်ပြန့်လာပါပြီ၊ (နာမ်၊ ရုပ်) ဖြစ်လာမှုကြောင့် (ဝိညာဏ်) သိမှုဟာ (သဠာယတန)လို့ ခေါ်တဲ့ အတွင်းအာယတနဖြစ်တဲ့ ဒွါရ(၆)ပါးနဲ့၊ အပြင်အာယတနဖြစ်တဲ့ ပြင်ပအာရုံ (၆)ပါးတို့ကို လည်း (သိ)လာမှုဖြစ်ရပါပြီ။ ဒါကို "**နာမရူပပစ္စယာသဠာယတန**" လို့ခေါ်ပါတယ်။

ဘယ်သူက(သိ)လာမှုဖြစ်အောင်လုပ်ပေးသလဲ?၊ (ဖဿ) က တွေ့ထိုက်မှုနဲ့ (သိ)အောင်လုပ်ပေးပါတယ်၊ ဘာကြောင့်လုပ်ပေးရသလဲ? အတွင်းအပြင်အာယတနလို့ခေါ်တဲ့ (သဠာယတန)ကြောင့်ပါပဲ၊ ဒါကို "**သဠာယတနပစ္စယာဖဿ**" လို့ခေါ်တယ်၊ အတွင်း၊ အပြင်အာယတနတွေ (ဝါ) သဠာယတနတွေရှိလို့ (ဖဿ)ပေါ်ရပါတယ်၊

ဒီတော့ဘာဖြစ်သလဲ?၊ မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိတွေ့သိ၊ ကြံတွေးသိစတဲ့ (ဝိညာဏ်သိ) တွေကိုလည်း (သိ)လာပါပြီ၊ ဒီတော့ ဘာဖြစ်သေးသလဲ?၊ (ဖဿ)က တွေ့တိုက်ပေးမှုကြောင့်အကောင်းအဆိုးကို (သိ)တဲ့ခံစားမှု (ဝေဒနာ)ရလာတာကိုလည်း (သိ)လာရပါတော့တယ်၊ ဒါကို "**ဖဿပစ္စယာဝေဒနာ**" လို့ ခေါ်ပါတယ်။

http://www.dhammadownload.com



(ရုပ်)ရူပက္ခန္ဓာနဲ့ (စိတ်)နာမ် (ဝိညာဏက္ခန္ဓာ) ရှိရင် (စိတ်)ကိုမှီတွယ်ပြီးချယ်လှယ်နေတဲ့ (စေတသိက်) နာမ်(သင်္ခါရ)က ဆက်တိုက် ဖန်တီးလာတယ်၊ (စေတသိက်) ဖြစ်တဲ့ (သင်္ခါရက္ခန္ဓာ)လို့ခေါ်တဲ့ (ဖဿ)က တွေ့တိုက်ပေးမှုကြောင့် စေတသိက်ဖြစ်တဲ့ မှတ်သားမှု (သညာက္ခန္ဓာ)နဲ့ ခံစားမှု (ဝေဒနာက္ခန္ဓာ)နဲ့ပါ (သိ)လာရတဲ့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်၊ ကြံတွေးစိတ်တွေ ဖြစ်ပေါ်လာရာမှာ (ခန္ဓာငါးပါး)လုံး ရသွားပါပြီ၊ (ဥပမာ)မျက်လုံးနှင့်အဆင်း (ရုပ်)က **"အကြောင်း"** နာမက္ခန္ဓာ (၄)ပါးက **"အကျိုး"**၊ ဖြစ်လို့ **"အကြောင်းအကျိုး"** ဖြစ်တဲ့ (ခန္ဓာငါးပါး)တွေ တစ်ပေါင်းတည်း ဖြစ်လာပါပြီ ရလာပါပြီ၊ မူလ (နာမ်ရုပ်) ဖြစ်တဲ့ စိတ် (နာမ်)နဲ့ (ရုပ်)ကို စေတသိက် (နာမ်)သင်္ခါရကချယ်လှယ်လို့(ခန္ဓာငါးပါး)ရုပ်နာမ်ပေါ်လာပါပြီ။

(အဝိဇ္ဇာ၊ သင်္ခါရ) ကြောင့် (ဝိညာဏ်)ပေါ်တယ်၊ (နာမ်၊ ရုပ်)ပေါ်တယ်၊ ဒီ(နာမ်၊ ရုပ်)ကြောင့် အာရုံနဲ့ ဒွါရတိုက်တော့ အာရုံ(စိတ်)တွေဖြစ်နေတာဟာ ပစ္စုပ္ပန်(ခန္ဓာငါးပါး) တစ်ပေါင်းတည်းရနေတာပါပဲ၊ (ဒုက္ခသစ္စာ)ကြီးကိုရနေတာပါပဲ၊ ဒီကနေ (ဝေဒနာပစ္စယာတဏှာ)၊ (တဏှာပစ္စယာဥပါဒါန်)၊ (ဥပါဒါနပစ္စယာကမ္မဘဝေါ) တွေ ကူးဆက်လာရင် ယခုပစ္စုပ္ပန်မှာပဲ ဒုက္ခတွေဆက်ဖြစ်ကြောင်း (သမုဒယသစ္စာ)တွေရနေလို့ (ပဋိစ္စသမုပ္ပါဒ်) သံသရာလည်မှုတွေ ရနေပြီလို့မှတ်ပါ။

ခန္ဓာငါးပါး (ဒုက္ခ)တွေမရအောင်၊ သံသရာပြတ်အောင် (သင်္ခါရပစ္စယာဝိညာဏံ)၊ (သင်္ခါရ)ကြောင့် ဖြစ်ပေါ်လာတဲ့

http://www.dhammadownload.com



(ဝိညာဏ်သိ) စိတ်ကလေးကို (ဖဿ၊ ဝေဒနာ၊ သညာ) စေတသိက်တို့ ပါဝင်လာလို့ (ခန္ဓာငါးပါးလုံး)ပါဝင် (သိ)တဲ့ (ဒုက္ခခန္ဓာ) စိတ်ထိရောက်မသွားအောင်၊ ခန္ဓာငါးပါး (ဒုက္ခ)မရအောင်၊ (သိ)တဲ့ ဝိညာဏ်(စိတ်) နေရာမှာပဲ ရပ်သွားအောင်၊ ပဋိစ္စသမုပ္ပါဒ်မဆက်အောင် (သိ)တဲ့ (စိတ်)ဖြစ်တိုင်း၊ ပျက်တိုင်း (သိ)နေပါ၊ (ဝိညာဏ်)သိ လောက်မှာပဲ (သတိ)သိ မဂ္ဂင်သိနဲ့ (သိ)နေပါ၊ (သိ) ရုံပဲသိပါ၊ အတိတ်က မှတ်သားထားတဲ့ (သညာ) သိနဲ့ မသိပါနဲ့အမိပ္ပါယ်ဖော်ပြီး ကောင်းတယ်၊ ဆိုးတယ်၊ ဘာဖြစ်တယ်၊ ဘယ်သူဘယ်ဝါလို့လည်းမသိပါနဲ့၊ (ဝိညာဏ်သိ) (စိတ်)ဖြစ်တိုင်း၊ ပျက်တိုင်း (သတိ)သိနဲ့ (သိ)နေရင် ခန္ဓာငါးပါး (ခန္ဓာဒုက္ခ)မရတော့ဘူး၊ (သင်္ခါရ)လည်းချုပ် (အဝိဇ္ဇာ)လည်းချုပ်တော့ (ဒုက္ခ)ဖြစ်တဲ့ (အဝိဇ္ဇာ၊ သင်္ခါရ)တွေ ချုပ်တဲ့ (ဒုက္ခ)ချုပ်တဲ့ (တဏှာ၊ ဥပါဒါန်၊ ကံ) ဆိုတဲ့ ဒုက္ခဖြစ်ကြောင်း (သမုဒယသစ္စာ)တွေ ချုပ်တဲ့ (သံသရာ) ပြတ်တဲ့ အလုပ်ကို လုပ်နေတာပဲလို့ မှတ်ပါ။

ဝိညာဏ် (စိတ်) ခေါ် (ဝိညာဏ်သိ) စိတ်ကိုပဲ (သတိ)သိနဲ့ သိနေရင်၊ (သတိ) သိကနေ (သမာဓိသိ) ရလာရင် ပဋိစ္စသမုပ္ပါဒ် (ခန္ဓာဖြစ်စဉ်) (ဓမ္မ)သဘောအတိုင်း (ဝိညာဏပစ္စယာနာမရူပံ) ဝိညာဏ်သိကနေ (ရုပ်၊ နာမ်)ကိုလည်း သိတဲ့ (နာမရူပပရိစ္ဆေဒဉာဏ်)ကိုရမယ်၊ ပြီးတော့ (ဥဒယဗ္ဗယဉာဏ်) ဆိုတဲ့ (စိတ်)ဖြစ်ပျက်ကို သိမြင်တဲ့ဉာဏ်ဖြစ်တဲ့ (ဝိပဿနာ)လို့ ခေါ်တဲ့ (ခန္ဓာဖြစ်စဉ်) ပဋိစ္စသမုပ္ပါဒ်ကို လက်တွေ့မြင်တဲ့ (ဝိပဿနာဉာဏ်)ကို ရပြီး ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးတဲ့ (မဂ်ဉာဏ်)ကြီးကို ရမယ်။

http://www.dhammadownload.com



ဒါကြောင့် ကိုယ့် ဝိညာဏ်သိ (စိတ်)ကို ကိုယ့်(သတိသိ)နဲ့ သိ နေရင် (တဏှာ၊ ဥပါဒါန်၊ ကံ) ဆိုတဲ့ ဒုက္ခဖြစ်ကြောင်း (သမုဒယသစ္စာ) တွေချုပ်ငြိမ်းမယ်၊ (အဝိဇ္ဇာ၊ သင်္ခါရ)ကြောင့် (ခန္ဓာငါး ပါး)ရမှု (ဒုက္ခသစ္စာ)တွေလည်း ချုပ်ငြိမ်းပြီး (သိ) နေတဲ့ (ဉာဏ်) ဖြစ်တဲ့ (လောကီမဂ်)က (ဒုက္ခသစ္စာ)နဲ့ (သမုဒယသစ္စာ) ပဋိစ္စ သမုပ္ပါဒ်ကို ဖြတ်နေတဲ့အတွက် ဒီ(သိ)နေတဲ့ (မဂ်)ကရင့်လာပြီး (သမာဓိသိ)ရလာရင် (မဂ္ဂသစ္စာ) ဖြစ်နေတဲ့အတွက် (သင်္ခါရ) ကုန်ပျောက် (နိဗ္ဗာန်)ရောက် ဆိုသလို၊ လောကုတ္တရာ၊ (မဂ် ဉာဏ်)ကြီးရပြီး ဒုက္ခချုပ်ငြိမ်းရာ (နိရောစသစ္စာ) နိဗ္ဗာန်ကို မျက် မှောက်ပြုဖို့ပဲရှိပါတော့တယ်။

နောက်ထွက်မည့် တရားစာအုပ်၌ ဆက်ကြည့်ပါရန်

(ဦးကံညွန့်)

## ကျွန်ုပ်မျှော်မှန်းထားသော ချမ်းသာခြင်း (သုခ)

ဤတရားစာအုပ်သည် (နိဗ္ဗာန်)ရောက်ကြောင်း အတွက် အထူးပူဇော်ထားခြင်း ဖြစ်ပါသောကြောင့် ဤတရားစာအုပ်ပါ (အသိ)တရားများဖြင့် တကယ် အားထုတ်ပြီး တစ်မဂ်၊ တစ်ဖိုလ် ရရှိသွားကြပါလျှင် ကျွန်ုပ်ကား သာသနာပြုရကျိုးနပ်ပြီး အလွန်ဝမ်း မြောက်သော (ပီတိ) ချမ်းသာခြင်း (သုခ)ကြီးကို ရရှိ နေမည်သာ ဖြစ်ပါသည်။

ဦးကံညွန့်